ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၉)၊ အမှတ်(၂၆) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ကြာသပတေး၊ (စက်တင်ဘာ ၁၆ ၊ ၂၀၁၀)

# မဲပေးချိန်နှင့် မဲရေတွက်ချိန်များတွင် သက်ဆိုင်ရာ ကိုယ်စားလှယ်လောင်းများကို စောင့်ကြည့်ခွင့်ပေးမည်ဟု ဆို



လွှတ်တော်တစ်ရပ်စီအတွက် လွှတ်တော်ကိုယ်စားလှယ် ဆန္ဒမဲပုံးများကို ပလတ်စတစ်ပုံးများဖြင့် ပြုလုပ်ထားပြီး ရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ထားသည့် မဲပုံးများအား တွေ့ရစဉ်။ ဓာတ်ပုံ - ကျော်သီဟ

**ကျော်သီဟ**

**ရန်ကုန်၊ စက်တင်ဘာ - ၁၀**

ဆန္ဒမဲပေးချိန်နှင့် မဲရေတွက်ချိန်တွင် မဲဆန္ဒနယ်အလိုက် သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ပါဝင်ယှဉ်ပြိုင်သူ၏ကိုယ်စားလှယ်များကို မဲရုံအသီးသီးတွင် စောင့်ကြည့်ခွင့်ရရှိမည်ဖြစ်ကြောင်း မဲရုံမှူးတစ်ဦးက ပြောကြားသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲခိုးမှု၊ မဲလိမ်မှု၊ မသမာမှုများမရှိစေနိုင်ရေး ကြိုတင်ကာကွယ်တားဆီးထားခြင်းဖြစ်ကာ ရွေးကောက်ပွဲတွင် ဆန္ဒပြုမဲများကို မဲပေးချိန်နှင့် မဲရေတွက်ချိန်များ၌ သက်ဆိုင်ရာပါတီများမှ အငြင်းပွားပြောဆိုမှုနှင့် သံသယမဖြစ်ပွားစေရန်အတွက် မဲဆန္ဒနယ်အလိုက် ပါဝင်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအနေဖြင့် မဲရုံအသီးသီး၏ ပရဝုဏ်အတွင်း၌စောင့်ကြည့်ခွင့် ရရှိမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ မဲရုံအသီးသီးတွင် ကော်မရှင်အဖွဲ့ခွဲအသီးသီးက တာဝန်ပေးမည့်မဲရုံဝန်ထမ်းများတွင် လုံခြုံရေးဝန်ထမ်းများပါဝင်မည်ဖြစ်ပြီး၊ မဲပုံး၊ မဲလက်မှတ်များ ဖျက်ဆီးနှောင့်ယှက်ဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် မဲလက်မှတ်များလည်း လုံလောက်စွာဖြန့်ဝေပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ အတည်ပြုပြောကြားသည်။

"တကယ်လို့ ဆန္ဒမဲပေးချိန်နဲ့ မဲရေတွက်ချိန်မှာ မဲဆန္ဒနယ်အလိုက် ပါဝင်ယှဉ်ပြိုင်သူရဲ့ကိုယ်စားလှယ်များက မဲရုံအသီးသီးမှာ စောင့်ကြည့်ခွင့်ရှိတယ်။ မဲရေတွက်စဉ်မှာဖြစ်စေ၊ မဲဆန္ဒပေးနေချိန်မှာဖြစ်စေ မသမာမှုတစ်စုံတစ်ရာရှိခဲ့ရင် ချက်ချင်းတိုင်ကြားနိုင်တယ်"ဟု အထက်ပါတာဝန်ရှိသူကပြောကြားသည်။

၂၀၁၀၊ နိုဝင်ဘာ ၇ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းကို မြေပြင်လူဦးရေစာရင်း ကောက်ယူစစ်ဆေးမှုဖြင့် ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ကာလရောက်ရှိလာပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာကော်မရှင်ရုံးများတွင် အများပြည်သူများသိရှိသွားအောင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

မဲစာရင်း၌ မဲဆန္ဒရှင်တစ်ဦး၏အမည်သည် သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွင်သာ ပါရှိမည်ဖြစ်သောကြောင့် မဲစာရင်းများတွင် မဲဆန္ဒရှင်အမည်များ ထပ်နေခြင်း၊ အကြိမ်ကြိမ်ပါနေခြင်း လုံးဝမရှိနိုင်ကြောင်းသိရှိရသည်။

အခွန် လိုင်စင်မဲ့ကား

## လိုင်စင်မဲ့ကားများ လိုင်စင်ပေးခြင်းကို နယ်စပ်မြို့များတွင် ရပ်ဆိုင်း

**သိမ့်သိမ့်စိုး**

ရန်ကုန်၊ စက်တင်ဘာ-၈

လိုင်စင်မဲ့ကားများကို အခွန်ပေးဆောင်၍ တရားဝင်လိုင်စင်များ ထုတ်ယူမှုကို နယ်စပ်မြို့များတွင် ယခုလဆန်းပိုင်းမှ စ၍ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သက်ဆိုင်ဌာနမှသတင်းရရှိသည်။

ထို့အပြင် နယ်မြို့အချို့၌လည်း ကားလိုင်စင်များ ပြုလုပ်၍ ရနိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

စာ(၁၂)သို့




## မြန်မာနိုင်ငံ၏ အင်တာနက် သတင်းအချက်အလက် စီးဆင်းမှုပမာဏ သုံးဆနီးပါးတိုးမြှင့်

**အားမာန်**

ရန်ကုန်၊ စက်တင်ဘာ - ၉

မြန်မာနိုင်ငံအတွက် အဓိကအင်တာနက်ချိတ်ဆက်မှုကျောရိုးဖြစ်သော ဟံသာဝတီနေရှင်နယ်ဂိတ်ဝေး၏ အင်တာနက်သတင်းအချက်အလက်စီးဆင်းမှုပမာဏကို ယခင်ကထက် သုံးဆနီးပါးတိုးမြှင့်လိုက်ပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၀ မတ်လအထိ နေရှင်နယ်ဂိတ်ဝေး (Hanth-arwaddy National Gateway)၏ စုစုပေါင်း သတင်းအချက်အလက်စီးဆင်းမှုပမာဏ(Total Ba-ndwidth)မှာ တစ်စက္ကန့်လျှင် ၁ ဒသမ ၂၈၅ ဂစ်ဂါဘိုက်(Giga Byte)သာရှိရာမှ စက်တင်ဘာလဆန်းရောက်သောအခါ သုံးဆနီးပါးဖြစ်သော တစ်စက္ကန့်လျှင် ၃ ဒသမ ၁၄၅ ဂစ်ဂါဘိုက်ရှိလာကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနမှ အင်ဂျင်နီယာချုပ် ဦးဇော်မင်းဦးက ပြောသည်။ စက်တင်ဘာ ၆ ရက်တွင်ပြုလုပ်ခဲ့သော ရတနာပုံနေရှင်နယ်ဝက်ဘ်ပေါ်တယ်မှ တာဝန်ရှိသူများနှင့် Content Providers များ တွေ့ဆုံခြင်းအခမ်းအနားတွင် အင်ဂျင်နီယာချုပ်က အထက်ပါအတိုင်း ရှင်းပြခဲ့ခြင်းဖြစ်သည်။

စာ(၁၂)သို့




ဆောင်းပါး - စာမျက်နှာ(၂၆)သို့

လားရှိုးမြို့မှ ၁၀မိုင်ခန့်အကွာ ဟွေးမူဆည်အနီး တောင်ပေါ်ဒေသများ၌ တောင်ယာလုပ်ကိုင်ရင်း တစ်နေ့တာဝမ်းရေးအတွက် ရှမ်းတောင်တန်းများကြားထဲတွင် ဘဝကိုမြုပ်နှံနေသည့် ဒေသခံတောင်သူအမျိုးသမီးတစ်ဦး။ ဓာတ်ပုံ-ငြိမ်းငြိမ်းနိုင်



7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

**ဒို့တာဝန်အရေးသုံးပါး**
- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**
- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**
- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**
- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ပို့ကုန်ရငွေတန်ဖိုး ပြန်တက်လာရန် အချိန်ယူရမည်ဟု ကျွမ်းကျင်သူများခန့်မှန်း

**ပို့ကုန်ရငွေ၊ ဒေါ်လာ၊ အက်ဖ်အီးစီနှင့်ဆက်စပ်လုပ်ကိုင်နေသူအားလုံးမှာ ရက်ပိုင်း အတွင်းတန်ဖိုး အသီးသီးပြုတ်ကျကုန်၍ ဆုံးရှုံးမှုများနေ**


**အားမာန်**

**ရန်ကုန်၊ စက်တင်ဘာ – ၉**

ဈေးပြုတ်ကျသွားသော ပို့ကုန်ရငွေတန်ဖိုးများမှာ လာမည့်ရက်များတွင်လည်း လက်ရှိကျဈေးမှာပင် ကာလအတန်ကြာ ရှိနေနိုင်ပြီး ဈေးပြန်တက်လာရန် အချိန်ယူရမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များနှင့် လုပ်ငန်းရှင်များက ပြောကြားသည်။

“ရေတိုမှာတော့ သိပ်အပြောင်းအလဲမရှိနိုင်ဘူး။ Before election ရော၊ After election ရောပဲ”ဟု စီးပွားရေးပညာရှင်တစ်ဦးဖြစ်သော ဦးခင်မောင်ညို (ဘောဂဗေဒ)က ပို့ကုန်ရငွေတန်ဖိုးနှင့်ပတ်သက်၍ သူ၏အမြင်ကို ပြောသည်။

ပို့ကုန်၊သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကလည်း ပို့ကုန်ရငွေ၏ ရှေ့အလားအလာနှင့်ပတ်သက်၍ “ဒီအတိုင်းပဲ ငြိမ်နေမယ်ထင်တယ်။ သိပ်မတက်နိုင်ဘူး”ဟုခန့်မှန်းသည်။ ထိုသို့ ပို့ကုန်ရငွေတန်ဖိုး ယခင်ကဲ့သို့ ပြန်တက်လာရန် အချိန်ယူရမည်ဆိုခြင်းမှာ သွင်းကုန်လုပ်ငန်းများ နှေးကွေးနေခြင်း၊ လာမည့်အောက်တိုဘာလတွင် နိုင်ငံတကာကျောက်မျက်အရောင်းပြပွဲပြုလုပ်ပါက ပို့ကုန်ရငွေများစွာ ရရှိဦးမည်ဖြစ်၍ဖြစ်ကြောင်း ၎င်းတို့က ရှင်းပြသည်။




■ ပို့ကုန်ရငွေ၊ ကန်ဒေါ်လာ၊ FECတန်ဖိုးအတက်အကျပြဇယား။

လက်ရှိအခြေအနေတွင် ပို့ကုန်ရငွေ အပါအဝင်အမေရိကန်ဒေါ်လာ၊ အက်ဖ်အီးစီ (နိုင်ငံခြားငွေလွှဲလက်မှတ်) တန်ဖိုးများမှာ ရက်ပိုင်းအတွင်း ပြုတ်ကျနေ၍ အဆိုပါငွေများနှင့် ဆက်နွယ်လုပ်ကိုင်နေသူအားလုံး စီးပွားရေးအရ ဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

“အကုန်ထိတယ်” ဟုပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ကြီးတစ်ဦးကပို့ကုန်ရငွေတန်ဖိုး ပြုတ်ကျသွား၍ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအရှုံးပေါ်နေပုံကို စက်တင်ဘာ ၉ ရက်တွင်ပြောသည်။ နိုင်ငံတော်သို့ တရားဝင်အခွန် ဆယ်ရာခိုင်နှုန်းဆောင်ပြီး ငွေဖြစ်သော ပို့ကုန်ရငွေမှာ ဩဂုတ်လ ၂၆ ရက်တွင်တစ်ယူနစ်လျှင် ၁,၀၀၀ ကျပ်ကျော်ရှိခဲ့ရာမှ စက်တင်ဘာ ၃ ရက်တွင် ၉၇၀ ကျပ်သို့လည်းကောင်း၊ ထိုမှ စက်တင်ဘာ ၈ ရက်ရောက်သောအခါ တစ်ယူနစ်လျှင် ၈၉၀ ကျပ်အထိ စံချိန်တင်ကျဆင်းခဲ့သည်။ စက်တင်ဘာ ၈ ရက်တွင် အမေရိကန်ဒေါ်လာ တစ်ယူနစ်လျှင် ၉၀၀ - ၉၁၀ ကျပ်ဈေးရှိ၍ ပို့ကုန်ရငွေမှာ ဒေါ်လာတန်ဖိုးအောက်သို့ပင် ရောက်ရှိသွားခြင်း ဖြစ်သည်။ ထိုအခြေအနေမှာ ယခင်ကလည်း ဖြစ်ပေါ်ခဲ့ဖူးသော်လည်း အလွန်ရှားပါးကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက သူ၏ အတွေ့အကြုံကိုပြောသည်။

“အရင်က ရှိခဲ့ဖူးတယ်ဆိုပေမယ့် ဒီတစ်ကြိမ်က ပိုဆိုးတယ်။ နောက်ဒီတစ်ခါ ဈေးကျတာက ဒီတိုင်းကြာကြာ သွားဦးမယ်ထင်တယ်” ဟုစီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကလည်း ခန့်မှန်းပြောကြားသည်။ ၂၀၀၁ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင်လည်း ပို့ကုန်ရငွေတန်ဖိုးကျဆင်းခဲ့ဖူးသည်။

ထိုသို့ ပို့ကုန်ရငွေတန်ဖိုးများကျဆင်းနေခြင်းမှာ ကျောက်မျက်လုပ်ငန်းရှင်များက ၎င်းတို့တွင် ရှိသောပို့ကုန်ရငွေများကို ရောင်းချ၍အိမ်ခြံမြေ လုပ်ငန်းများတွင် အများအပြား ရင်းနှီးမြှုပ်နှံနေခြင်း၊

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# ရနောင်းမြို့တွင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း စက်တင်ဘာလကုန် ရပ်နားမည်

အားမာန်

ရန်ကုန်၊ စက်တင်ဘာ - ၁၁

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးနေသော ရနောင်းမြို့ရှိရုံးမှ အဆိုပါလက်မှတ်ထုတ်ပေးခြင်းကို ထပ်မံသက်တမ်းတိုးမြှင့်ရန်မရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ထိုင်းနိုင်ငံ ရနောင်းမြို့ရှိ ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ငါးဖမ်းစက်လှေများ

နှစ်နိုင်ငံ တာဝန်ရှိသူများ ဆွေးနွေး၍ ထိုင်းနိုင်ငံရှိ ရနောင်းမြို့တွင် မြန်မာအလုပ်သမားများကို ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းအား ၂၀၁၀ ဇွန်လ ၃၀မှစတင်၍ စက်တင်ဘာလ ၃၀အထိ သုံးလကြာ အဆိုပါ လုပ်ငန်းများဆောင်ရွက်ရန် ရုံးဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ထိုအစီအစဉ်အရ ရနောင်းမြို့တွင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းမှာ လာမည့်စက်တင်ဘာလကုန်တွင် ပြီးဆုံးမည်ဖြစ်ပြီး၊ ဆက်လက်ဆောင်ရွက်ရန် စက်တင်ဘာလ ဒုတိယပတ်အထိရရှိသော သတင်းများအရ အစီအစဉ် မရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ထို့ကြောင့် ရနောင်းရှိ ရုံးမှ မြန်မာအလုပ်သမားများကို ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းမှာ စက်တင်ဘာလကုန်တွင် ရပ်ဆိုင်းတော့မည်ဖြစ်သည်။ ထိုမြို့ရှိ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် ဇွန်လကုန်မှ စက်တင်ဘာလ ၁၀ရက်အထိ မြန်မာ အလုပ်သမား ၃၄,၆၄၂ဦးကို ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း စာရင်းဇယားများအရသတင်းရရှိသည်။ရနောင်းမြို့ရှိရုံးမှ ဩဂုတ်လအကုန်အ ထိ အဆိုပါ လက်မှတ်ထုတ်ပေးပြီးသူ ၂၆,၈၄၄ဦးရှိရာမှ ၁၀ ရက်အတွင်း ၇,၈၀၀ဦး နီးပါးတိုးလာခြင်းဖြစ်သည်။

ထိုသို့ ရနောင်းရှိ ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတွင် အဆိုပါလက်မှတ် လာရောက်လုပ်ကိုင်သူများ စက်တင်ဘာလဆန်းပိုင်း၌ တိုးလာခြင်းမှာ အဆိုပါရုံးမှ ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းအား ယခုလကုန်တွင်ရပ်နားရန်ရှိခြင်း၊ ထိုင်းနိုင်ငံအတွင်းရှိသော ထိုရုံးတွင်အဆိုပါ လက်မှတ်များထုတ်ပေးနေသည်ကိုသိသူများလာပြီး ခရီးစရိတ်သက်သာ၍ လာရောက်လုပ်ကိုင်သူများခြင်း၊ အခြားလက်မှတ်ထုတ်ပေးသော ရုံးများဖြစ်သော မြဝတီနှင့် ကော့သောင်းမြို့ရှိ ရုံးများမှာ လုပ်ငန်းများခေတ္တ ရပ်နားထားခြင်းအချက်တို့ကြောင့် ဖြစ်ကြောင်းသတင်းရရှိသည်။

ထို့ကြောင့် မြန်မာ-ထိုင်းနယ်စပ်လေးမြို့တွင် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးသောရုံးလေးရုံးရှိရာတွင် ယခုအခါ တာချီလိတ်နှင့် ရနောင်းရုံး နှစ်ရုံးသာ လက်မှတ်များ ပုံမှန်ထုတ်ပေးနေပြီး၊ မြဝတီနှင့် ကော့သောင်းရုံးတို့မှာ ခေတ္တရပ်နားနေခြင်းဖြစ်သည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ တရားဝင်အလုပ်သမားအခွင့်အရေးများ ရရှိရန် မြန်မာ-ထိုင်းအစိုးရ တာဝန်ရှိသူများ ညှိနှိုင်း၍ ထိုင်းတစ်နိုင်ငံအတွင်းသာ အသုံးပြု၍ရသော ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို ၂၀၀၉ခုနှစ် ဇူလိုင် ၁၀ရက်မှစတင်ခဲ့သည်။ ၂၀၁၀ စက်တင်ဘာ၁၀ရက်ရောက်သောအခါ မြန်မာအလုပ်သမားစုစုပေါင်း ၁၆၆,၂၉၈ဦးကို ယာယီနိုင်ငံကူးလက်မှတ်များထုတ်ပေးပြီးဖြစ်ကြောင်း သတင်းတပ်ဖွဲ့မှ ရရှိသော စာရင်းဇယားများအရသိရသည်။

## ဟိုတယ်နှင့် အင်န်ဂျီအိုအချို့ ဝန်ထမ်းလစာများအား မြန်မာကျပ်ဖြင့်ပြောင်းပေးရန်စီစဉ်

အောင်သူရ၊ ပြည်သိမ်း

ရန်ကုန်၊ စက်တင်ဘာ - ၁၁

အက်ဖ်အီးစီတစ်ယူနစ်၏ တန်ဖိုး ကျပ်၈၀၀ အထိကျဆင်းသွားခြင်းကြောင့် အချို့သောဟိုတယ်နှင့် အင်န်ဂျီအိုများသည် ၎င်းတို့ဝန်ထမ်းများ၏လစာအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲပေးရန်စီစဉ်နေကြကြောင်း စုံစမ်းသိရှိရသည်။

"ကျွန်တော်တို့အဖွဲ့က အက်ဖ်အီးစီတစ်ယူနစ်ကို ၉၅၀ကျပ်သတ်မှတ်ပြီးမြန်မာငွေနဲ့ပေးတယ်"ဟု ရန်ကုန်မြို့ရှိ အိုင်အင်န်ဂျီအိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့တွင်ရှိသော အိုင်အင်န်ဂျီအိုများထဲတွင် အချို့မှာ အက်ဖ်အီးစီတစ်ယူနစ်လျှင် ကျပ်၁၀၀၀ ဖြင့် တွက်ပေးသလို၊ တချို့မှာလည်း ၉၅၀ ကျပ်ဖြင့်သာ တွက်ပေးကြောင်းသိရသည်။

ထိုကဲ့သို့ ဝန်ထမ်းများ၏ လစာအား မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတစ်ခုသတ်မှတ်ပေးသော အိုင်အင်န်ဂျီအိုအဖွဲ့ခြောက်ဖွဲ့ခန့်ရှိကြောင်း အိုင်အင်န်ဂျီအိုအသိုင်းအဝိုင်းမှသိရသည်။

ထို့အပြင် ဧရာဝတီတိုင်း၊ ဒေးဒရဲမြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော အိုင်အင်န်ဂျီအိုတစ်ခုမှ ဝန်ထမ်းများအား ယခုလကုန်မှစ၍ ယင်းတို့၏လစာအား မြန်မာကျပ်ငွေဖြင့် တွက်ချက်ပေးတော့မည်ဖြစ်ကြောင်း 7Day News သို့ပြောသည်။

ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်ကလည်း ဟိုတယ်ပိုင်ရှင်များသို့ လစာကိစ္စနှင့်ပတ်သက်၍ တင်ပြထားကြောင်း အဆိုပါဟိုတယ်မှတာဝန်ရှိသူက ပြောသည်။

အချို့သော အဆင့်မြင့်ဟိုတယ်ကြီးများမှာ အက်ဖ်အီးစီတစ်ယူနစ်လျှင် မြန်မာကျပ်ငွေ ၁၀၀၀ ဖြင့် ပြီးခဲ့သည့်လမှစ၍ တွက်ချက်ပေးခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်လေးလခန့်က အက်ဖ်အီးစီတစ်ယူနစ်လျှင် ၁၀၀၀ ကျပ်ခန့်ရှိခဲ့ရာမှ ယခုလတွင် ကျပ်၈၀၀ ဝန်းကျင်သာရှိတော့ကြောင်း ဈေးကွက်မှသိရှိရသည်။



7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

Crime Corner

## လိုက်ထရပ်ယာဉ်က ခြံစည်းရိုးအုတ်တံတိုင်း ဝင်တိုက်မိ၍ ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရ



သားကျော်

ရန်ကုန်၊ စက်တင်ဘာ - ၁၀

မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းပေါ်တွင် စက်တင်ဘာ ၂ရက် ညနေ ၆နာရီအချိန်ခန့်က လိုက်ထရပ်ယာဉ်တစ်စီး ခြံစည်းရိုး အုတ်တံတိုင်းအား ဝင်တိုက်မှုဖြစ်ပွားခြင်းကြောင့် ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိသွားကြောင်း သတင်းရရှိသည်။

ကမ္ဘာအေးဘုရားလမ်းအတိုင်း အနောက်မှ အရှေ့သို့ မောင်းနှင်လာသော ၈ဂ/၇၄၁၂ လိုက်ထရပ်အဖြူရောင် ကိုယ်ပိုင်ယာဉ်သည် နဝဒေးလမ်းသွယ် ၁ထိပ်အရောက်တောင်ဘက်လမ်းစပ်ရှိ ခြံအမှတ်-၁ ခြံစည်းရိုးအုတ်တံတိုင်းအား ဝင်တိုက်မိသွားကြောင်းသိရသည်။

အဆိုပါယာဉ်တိုက်မှုကြောင့်ယာဉ်နှင့် ခြံစည်းရိုးအုတ်တံတိုင်း ပျက်စီးသွားခဲ့သည့်အပြင် ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါသူများ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ အသီးသီးရရှိသွား၍ ရန်ကုန်ဆေးရုံကြီးတွင် အတွင်း/အပြင် လူနာများအဖြစ် ကုသလျက်ရှိကြောင်းသိရှိရသည်။ယာဉ်တိုက်မှုကို ယာဉ်မှုစစ်ရဲစခန်းက (ပ)၅၁၃/၁၀၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၃၈/၂၇၉အရ ယာဉ်မောင်းကြီးမြင့်ကို အမှုဖွင့်အရေးယူဆောင်ရွက်နေကြောင်းသိရသည်။

## ဟိုင်းလပ်ယာဉ် နောက်ပြန်လိမ့်၍ တိုက်မိရာမှ နှစ်ဦးဒဏ်ရာရ

သားကျော်

ရန်ကုန်၊ စက်တင်ဘာ - ၁၀

စက်တင်ဘာ ၁ ရက် ညပိုင်းက ကြည့်မြင်တိုင်မြို့နယ်၊ သီရိမင်္ဂလာဈေးအတွင်း ခရီးသည်တင် ဟိုင်းလပ်ယာဉ်တစ်စီးနောက်ပြန်လိမ့်ကာ တိုက်မိသောကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာများရရှိသွားကြောင်း သတင်းရရှိသည်။

ဈေးအတွင်း တက်လမ်းအတိုင်း အရှေ့မှအနောက်သို့ မောင်းနှင်လာသော မြောက်ပိုင်းခရိုင် အမှတ် ၁၃၂လိုင်းမှ ခရီးသည်တင်ဟိုင်းလပ်ယာဉ်သည် အတွင်းအတက်လမ်း အလယ်အရောက်နောက်ပြန်လိမ့်သွားကာ လမ်းစပ်တွင်ရှိသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတို့ကို တိုက်မိသွားခြင်းဖြစ်သည်။

ယာဉ်နောက်ပြန်လိမ့်၍ တိုက်မိမှုကြောင့် အတိုက်ခံရသော အမျိုးသားနှင့် အမျိုးသမီးတို့မှာ ထိခိုက်ပွန်းပဲ့ဒဏ်ရာများ အသီးသီး ရရှိသွားကြ၍ ရန်ကုန် ဆေးရုံကြီးတွင် အတွင်းလူနာများအဖြစ် တင်ပို့ကုသနေရကြောင်းသတင်းရရှိသည်။

အဆိုပါယာဉ်နောက်ပြန်လိမ့်ကာ တိုက်မိခြင်းကြောင့် ယာဉ်မှုစစ်ရဲစခန်းက ယာဉ်မောင်းသန်းစိုးအား (ပ)၅၁၁/၁၀၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၃၈အရ အရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။

## ရန်ကုန်-ပဲခူးလမ်းမပေါ်တွင် ယာဉ်တိုက်မှုဖြစ်

သိမ့်သိမ့်စိုး

ရန်ကုန်၊ စက်တင်ဘာ - ၈

ရန်ကုန်-ပဲခူးလမ်းမပေါ်တွင် စက်တင်ဘာ ၆ရက်ည ၉ နာရီအချိန်က ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါ ယာဉ်တိုက်မှုမှာ မင်္ဂလာဒုံမြို့နယ်ရှိ ဇီနမာန်အောင်ဘုရားကြီးရိပ်သာရှေ့တွင် လမ်းဖြတ်ကူးသူကို လိုက်ထရပ်ကားယာယီ ၀၁၃/၁၀အဝါရောင်က ဝင်တိုက်ခဲ့ခြင်းကြောင့် ဒဏ်ရာရရှိသဖြင့်ရန်ကုန်ဆေးရုံကြီးအတွင်းလူ နာဆောင်တွင် တင်ခဲ့ရကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးက ပြောသည်။

ထို့ကြောင့် ယာဉ်မောင်းကိုဇော(ခေါ်)ရဲမင်းထက် မောင်းနှင်လာသောကားကို ပ(၅၂၀)ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# ဟိုတယ်ကြီးအချို့ ကန်ဒေါ်လာကိုသာ ပြောင်းလဲသုံးစွဲတော့မည်

**ဆယ်စုနှစ်တစ်ခုအတွင်းကန်ဒေါ်လာဈေးအနိမ့်ဆုံးရောက်ရှိကာအက်ဖ်အီးစီတန်ဖိုးလည်း ကျဆင်းနေသည့်အတွက်နိုင်ငံခြားငွေအသုံးပြုသည့် ခရီးသွားကုမ္ပဏီများငွေသုံးစွဲမှုအကျပ်ရိုက်လျက်ရှိ**

အောင်သူရ

ရန်ကုန်၊

စက်တင်ဘာ - ၈



ဓာတ်ပုံ - ဝေယံ

ရန်ကုန်၊ မန္တလေးနှင့် ပုဂံဒေသရှိ ဟိုတယ်အချို့သည် အောက်တိုဘာ ၁ ရက်မှစ၍ ဟိုတယ်အခန်းခနှင့် အသုံးစရိတ်များအား အမေရိကန်ဒေါ်လာဖြင့်သာ ပေးချေပေးရန် ခရီးသွားကုမ္ပဏီများသို့ အကြောင်းကြားလာကြောင်း ယင်းကုမ္ပဏီများကပြောသည်။

အကယ်၍ အက်ဖ်အီးစီ ဖြင့် ပေးချေမည်ဆိုပါက ဒေါ်လာဈေးနှင့် ကွာခြားချက်အား အလိုက်ပေးကာ ပေးချေရမည်ဟု သတ်မှတ်ထားကြောင်း သိရသည်။

အက်ဖ်အီးစီ တစ်ယူနစ်တန်ဖိုးမှာ စက်တင်ဘာ၈ရက်တွင် ကျပ်၈၀၀ခန့်ဈေးရှိချိန်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ်၉၄၀ ဈေးရှိရာမှ ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီများကြား အဆင်မပြေမှုများဖြစ်လာခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့က ဧည့်သည်တွေဆီက အက်ဖ်အီးစီနဲ့ရော ဒေါ်လာရော ဘယ်ဟာပဲပေးပေး ဈေးနှုန်းအတူတူပဲလက်ခံရတာပဲ" ဟု ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူအချို့ကပြောသည်။

အခန်းခပေးချေရာတွင် နိုင်ငံခြားသားများထဲတွင် ကမ္ဘာလှည့်ခရီးသွားများကသာ အမေရိကန်ဒေါ်လာသို့မဟုတ် ယူရိုငွေဖြင့် ပေးချေလေ့ရှိသော်လည်း မြန်မာနိုင်ငံတွင်နေထိုင်၍အလုပ်လုပ်နေသော နိုင်ငံခြားသားများကမူ အက်ဖ်အီးစီဖြင့် ပေးချေမှုများကြောင်းသိရသည်။

"အေးဂျင့်တွေက အက်ဖ်အီးစီဈေးကျရင် အက်ဖ်အီးစီပေးတယ်။ ဒေါ်လာဈေးကျရင် ဒေါ်လာပေးတယ်"ဟု ငွေဆောင်ကမ်းခြေရှိ ဟိုတယ်မှ ဈေးကွက်မန်နေဂျာတစ်ဦးက ဆိုသည်။

ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီများကြား အခန်းခပေးချေမှုနှင့်ပတ်သက်၍ စာချုပ်ချုပ်ဆိုစဉ်က အမေရိကန်ဒေါ်လာဖြင့်သာ ဈေးနှုန်းများ သတ်မှတ်ထားသဖြင့် အမေရိကန်ဒေါ်လာဖြင့်သာ ပေးချေပေးရန်တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့သူ ခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပုံမှန်အားဖြင့် ပြင်ပပေါက်ဈေးတွင် အက်ဖ်အီးစီနှင့် အမေရိကန်ဒေါ်လာတို့အား မြန်မာကျပ်ငွေဖြင့် ပြန်လည်လဲလှယ်ရာတွင် ဈေးနှုန်းကွာဟချက် သိပ်မရှိလှသော်လည်း ဩဂုတ်လဆန်းမှစ၍ အက်ဖ်အီးစီနှင့် အမေရိကန်ဒေါ်လာကြား တစ်ယူနစ်လျှင် ကျပ်တစ်ရာနီးပါး စတင်ကွာဟလာခဲ့သည်။

ထို့အပြင် အက်ဖ်အီးစီနှင့် အမေရိကန်ဒေါ်လာတို့၏ ပြင်ပပေါက်ဈေးများ နေ့စဉ်ဈေးကျလျက် ရှိပြီး၊ စက်တင်ဘာ ၈ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၉၀၀ ဝန်းကျင်ရှိ၍ အက်ဖ်အီးစီတစ်ယူနစ်လျှင် ၇၈၀ ကျပ်သာဈေးရှိကြောင်းသိရသည်။

## မိုင်ရှစ်ရာကျော်ရှိမည့် မီးရထားလမ်းစီမံကိန်းအသစ် လေးခုဖောက်လုပ်မည်

အိဖြူမွန်

မင်းဘူး၊ စက်တင်ဘာ - ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက မီးရထားလမ်း မိုင် ၈၈၀ရှိမည့် စီမံကိန်းအသစ် လေးခုဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

ယင်းလမ်းပိုင်းများမှာ နေ ပြည်တော်-တပ်ကုန်း-ပင်လောင်း ခရီးမိုင်၁၂၀၊ မြစ်ကြီးနား-ဗန်းမော်-သီပေါ-နမ့်စန် ခရီးမိုင် ၄၇၅ မိုင်၊ ကလေး-ကလေးဝ-ယာကြီး- မုံရွာခရီးမိုင် ၁၃၅ မိုင်၊ တောင်ငူ- ယာဒို-လွိုင်ကော်ခရီးမိုင် ၁၅၀တို့ဖြစ်သည်။

နေပြည်တော်-တပ်ကုန်း-ပင်လောင်း ရထားလမ်းကို မေလ၁၃ရက်တွင် စတင်ဖောက်လုပ်နေပြီး မြစ်ကြီးနား-ဗန်းမော်လမ်းပိုင်းကို စက်တင်ဘာ ၁၁ရက်တွင် စတင်ဖောက်လုပ်မည်ဖြစ်သည်။ သီပေါ-နမ့်ခန်မီးရထားလမ်းကို စက်တင်ဘာ၂၅ ရက်တွင်စတင် ဖောက်လုပ်မည်ဖြစ်သည်။ကလေး-ကလေးဝ-ယာကြီ-မုံရွာနှင့် တောင်ငူ-ယာဒို-လွိုင်ကော်လမ်းပိုင်းများကို လမ်းတိုင်းတာမှုများ ပြုလုပ်နေကြောင်း မြန်မာ့မီးရထားမှသိရသည်။

ယင်းရထားလမ်းပိုင်းများသည် နေပြည်တော်ကို ဗဟိုထား၍ ဖောက်လုပ်သော ရထားလမ်းများဖြစ်သည်။ ယင်းလမ်းပိုင်းများပြီးစီးပါက ရန်ကုန်မှ မန္တလေး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း၊ ကယားပြည်နယ်များကို ချိတ်ဆက်၍ သွားလာနိုင်မည်ဖြစ်သည်။

## မလေးရှားနှင့် စင်ကာပူတို့တွင် အဓမ္မစေခိုင်းမှုများ ပိုများလာ

သဇင်ထွေး

ရန်ကုန်၊ စက်တင်ဘာ - ၈

**ယခုနှစ်ပိုင်းတွင် လူကုန်ကူးမှုဦးတည်သည့်နိုင်ငံများသည်မလေးရှားနှင့်စင်ကာပူနိုင်ငံတို့ဖြစ်လာကာအဓမ္မစေခိုင်းခံရမှုများလည်းပိုများလာကြောင်း လူကုန်ကူးမှု တိုက်ဖျက်ရေး နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။**

လူကုန်ကူးသူများမှာ ယခင်က တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့သာ ဦးတည်ခဲ့ကြသော်လည်း အဆိုပါ နိုင်ငံများနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို ပူးပေါင်းလုပ်ကိုင်လာသည့်အတွက် လမ်းကြောင်းသစ်များကို ပြောင်းလဲလုပ်ကိုင်လာကြောင်း သိရသည်။

"တစ်နိုင်ငံကနေ တစ်နိုင်ငံ လူကုန်ကူးခံရတယ်ဆိုတာက ရွှေ့ပြောင်းလုပ်သားတွေကြောင့်လည်း ပါတယ်။ မလေးရှားနဲ့ စင်ကာပူလူကုန်ကူးမှုတွေက နယ်စပ်က တစ်ဆင့် ဖြစ်ပွားတာတွေများတယ်။ လူကုန်ကူးတဲ့သူတွေကလည်း နည်းလမ်းမျိုးစုံသုံးတယ်။ လူကုန်ကူးမှု အများဆုံးဖြစ်တဲ့ တရုတ်၊ ထိုင်းနိုင်ငံတို့နဲ့ တိုက်ဖျက်ရေးလုပ်ငန်းတွေကို အင်တိုက် အားတိုက်လုပ်တဲ့ အတွက် ဒီလမ်းကြောင်းတွေကို ရှောင်ပြီး နယ်စပ်က နိုင်ငံပြောင်းလုပ်ကိုင်ချင်တဲ့သူတွေကို ဦးတည်ပြီး လုပ်လာကြတယ်။ ဒါတွေကို တိုက်ဖျက်မယ်၊ တားဆီးမယ်။ သူတို့သုံးတဲ့ လမ်းကြောင်း၊ နည်းလမ်းမှန်သမျှကို ရှာဖွေဖမ်းဆီးသွားမှာပါ" ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်က 7 Day News သို့ပြောသည်။

မလေးရှားနိုင်ငံသို့ လူကုန်ကူးခံရမှုများမှာ ထိုင်းနိုင်ငံနယ်စပ်မှတဆင့် မလေးရှားရှိပွဲစားထံလွှဲပြောင်းခံရခြင်း၊ မလေးရှားနိုင်ငံတွင် ပြန်လည်လူကုန်ကူးခံရခြင်း၊ မလေးရှားရှိ မြန်မာများမှာလည်း စင်ကာပူသို့ ပြန်လည်လူကုန်ကူးခံရခြင်းများဖြစ်ကြောင်း သိရသည်။

"မလေးရှားနဲ့ လူကုန်ကူးမှုတွေကထိုင်းနဲ့မလေးရှားနယ်စပ်မှာ ဖြစ်သလို မလေးရှားလေဆိပ်မှာလည်းဖြစ်တယ်။ စင်ကာပူနဲ့ ဖြစ်တာတွေကတော့ မလေးရှားက ပို့တာနည်းတယ်။ စင်ကာပူကို သူနာပြုအနေနဲ့ထွက်ပြီး မသေချာတဲ့ အေးဂျင့်တွေကြောင့် ဟိုရောက်တော့ လူကုန်ကူးခံရတယ်။ မလေးရှားနိုင်ငံက လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ ပူးပေါင်းပါဝင်လာရင် နယ်စပ်ကထွက်တဲ့ လူကုန်ကူးမှုတွေ၊ နိုင်ငံတွင်းထဲက လူကုန်ကူးမှုတွေကို ပိုပြီးတားဆီးလာနိုင်မယ်။ ပြည်ပနိုင်ငံမှာ အလုပ်သွားလုပ်တဲ့သူတွေအနေနဲ့လည်း ကြိုတင်ကာကွယ်မှုအနေနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတွေရဲ့ ဖုန်းနံပါတ်တွေကိုလည်း ယူသွားသင့်တယ်"ဟုအဖွဲ့ခေါင်းဆောင်က ဆက်လက်ပြောကြားသည်။

မလေးရှားနိုင်ငံတွင် လူကုန်ကူးခံရမှုများမှာ အဓမ္မတောင်းစားခိုင်းစေခြင်းနှင့် စင်ကာပူတွင် အိမ်ဖော်အဖြစ် အဓမ္မခိုင်းစေခြင်းများဖြစ်ကြောင်း သိရသည်။


TRI
LIVES BRILLIANTLY


i-MAX
COLLECTION
Men's & Ladies' Wears
my style // my dream

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# မုတ်သုံတစ်လနီးပါး စောဆုတ်ခွာမည်ဖြစ်၍ စိုက်ပျိုးရေး အခက်အခဲရှိနိုင်

**အိဖြူလွင်၊ ဝတ်ရည်**

**ရန်ကုန်၊ စက်တင်ဘာ – ၁၁**


ဓာတ်ပုံ - ငြိမ်းငြိမ်းနိုင်

အနောက်တောင် မုတ်သုံလေသည် ပုံမှန်ထက် ရက်သတ္တပတ် အနည်းငယ်စော၍ ဆုတ်ခွာမည်ဖြစ်သော်လည်း၊ မိုးလွန်ကာလများတွင် မုန်တိုင်းမိုးများ ရွာသွန်းနိုင်ပြီး မိုးလွန်ချိန် မုန်တိုင်းမိုးများမှာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဆုံးရှုံးမှုများ ဖြစ်စေနိုင်၍ အဆိုပါမိုးများကို သတိပြုရန်လိုကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်ကပြောသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ၂၀၁၀ ခုနှစ် စက်တင်ဘာလ ပထမပတ်အတွက် ခန့်မှန်းချက်တွင် အနောက်တောင်မုတ်သုံလေသည် ပထမ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှလည်းကောင်း၊ ဒုတိယပတ်အတွင်း အလယ်ပိုင်းဒေသများ၊ တတိယပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ လကုန်ခန့်တွင် တောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိကြောင်း ဖော်ပြထားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းများအတွက် မိုးနှောင်းပိုင်း ရွာသွန်းသော မိုးရေများကို ရနိုင်သမျှ စုဆောင်းရန်နှင့် အခြားလုပ်ဆောင်ရမည့် လုပ်ငန်းရပ်များကို ဆောင်ရွက်ရန် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

"မုတ်သုံ ဆုတ်တာကတော့ ပုံမှန်ထက်နည်းနည်းစောတယ်။ နောက်ပိုင်းမှာ မုန်တိုင်းမိုးရွာဖို့ ရှိပေမယ့် အဲဒီအချိန်က ရိတ်သိမ်းပြီးချိန်ဖြစ်တဲ့အတွက် သီးနှံအပျက်အစီးရှိနိုင်တယ်"ဟု စက်တင်ဘာလဆန်းတွင် ဦးထွန်းလွင်က ပြောကြားသည်။

အနောက်တောင်မုတ်သုံလေ စော၍ ဆုတ်ခွာသည့်အတွက် မိုးရာသီစော၍ကုန်ဆုံးသော်လည်း မိုးနှောင်းကာလတွင် လာနီညာနှစ်သာဖြစ်ခဲ့ပါက သဘာဝဘေးအန္တရာယ်များလည်း ဖြစ်ပေါ်နိုင်သည်ဟုသိရသည်။

အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အပါအဝင် အခြားမြစ်များတွင် စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ရေကြီးနိုင်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် မြေပြိုကျမှုအန္တရာယ်ရှိနိုင်ခြင်းနှင့် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီးတို့တွင် ရုတ်တရက်ရေကြီးမှုများ ရှိနိုင်ကြောင်း အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် မုန်တိုင်းအန္တရာယ် သတိပြုရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းတွင် ပြုလုပ်ခဲ့သည့် ဟောပြောပွဲတွင် ဦးထွန်းလွင်က ပြောကြားသည်။

မိုးစတင်ရွာသွန်းခဲ့သည့် အချိန်မှစ၍ ယခုအချိန်ထိ ကာလကြာမြင့်စွာ မိုးရွာသွန်းမှု ပြတ်တောက်ခြင်းသည် နိုင်ငံဒေသအတော်များများတွင် မဖြစ်ပေါ်သေးသဖြင့် သီးနှံဖြစ်ထွန်းမှုမှာ ပုံမှန်အတိုင်းသာ ရှိနေသေးသော်လည်း ရိတ်သိမ်းချိန်တွင် ဖြစ်ပေါ်မည့် သဘာဝဘေးအန္တရာယ်များအတွက် တောင်သူများက ကြိုတင်၍ စိတ်ပူနေကြကြောင်းသိရသည်။ ယခုနှစ်မိုးရာသီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့၌ မိုးကြိုကာလ ပျောက်သွားခဲ့ပြီး ဇူလိုင်လအထိ မိုးလုံလောက်စွာမရွာသွန်းခဲ့သဖြင့် ယင်းဒေသများတွင် စပါးစိုက်ပျိုးရန် ရေတင်၍စိုက်ပျိုးခဲ့ရသည်။ ရေတင်ရသည့်စရိတ်အတွက် အပိုကုန်ကျခြင်းများရှိခဲ့ပြီး ရိတ်သိမ်းချိန်တွင်လည်း မိုးမိပါက သီးနှံပျက်စီးဆုံးရှုံးမည်ကို လယ်သမားများက စိတ်ပူနေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အထက်ပိုင်းတွင်မူ မိုးရွာသွန်းမှုနှင့် သီးနှံဖြစ်ထွန်းမှုမှာ ပုံမှန်အတိုင်းသာ ရှိနေသေးကြောင်းသိရသည်။

# WCDMA နှင့် ဂျီအက်စ်အမ်ဖုန်းများတွင် အင်တာနက် သုံးနိုင်တော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ – ၁၁**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် WCDMA (Wide band code division multiple access)ဖုန်းများနှင့် ဂျီအက်စ်အမ်ဖုန်းများတွင် အင်တာနက်အသုံးပြုနိုင်ရန်အတွက် စမ်းသပ်မှုများ ပြုလုပ်နေပြီဖြစ်ပြီး ထိုစနစ်အား ယခုနှစ်ကုန်ပိုင်းတွင် ဝန်ဆောင်မှုပေးသွားရန် ဆောင်ရွက်နေကြောင်း ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုကဲ့သို့ WCDMA နှင့် ဂျီအက်စ်အမ်ဖုန်းများတွင် အင်တာနက်အသုံးပြုနိုင်သည့်စနစ်ကို 3G Network ရှိသော WCDMA 2100 MHz Frequency ဖုန်းများနှင့် GSM 900 MHz ဖုန်းများတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလတ်တလောမှာတော့ နည်းပညာပိုင်း စမ်းသပ်မှုတွေ လုပ်နေပါတယ်။ ဒဗလျူစီဒီအမ်အေနဲ့ ဂျီအက်စ်အမ်ဖုန်းတွေမှာ အင်တာနက်သုံးလို့ရမယ့် ဒီစနစ်ကို ဒီနှစ်မကုန်ခင် ဒါမှမဟုတ် နောက်နှစ်ဆန်းပိုင်းလောက်ပေးဖို့ လုပ်နေပါတယ်။ သရီးဂျီနက်ဝ့ါခ်ရတဲ့ဖုန်းတွေမှာ အသုံးပြုနိုင်မယ့်စနစ်ပါ" ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။

မိုဘိုင်းဖုန်း ဆင်းမ်ကတ်(Sim card)ပေါ်တွင် အင်တာနက်အသုံးပြု၍ရနိုင်သည့် ဒေတာများတင်၍ အသုံးပြုနိုင်မည့်စနစ်အပါအဝင် အခြားသော နည်းစနစ်များဖြင့် စမ်းသပ်မှုများ ပြုလုပ်နေသည်ဟု သိရှိရပြီး အဆိုပါ စမ်းသပ်မှုများ အောင်မြင်သည်နှင့် အများပြည်သူသို့ အမြန်ဆုံးဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စမ်းသပ်မှု ပြုလုပ်နေသည့် ဒဗလျူစီဒီအမ်အေနှင့် ဂျီအက်စ်အမ်ဖုန်းများတွင် အင်တာနက်အသုံးပြုနိုင်တော့မည့် အဆိုပါဝန်ဆောင်မှုနှင့်ပတ်သက်၍ လူကြီးမင်းမိုဘိုင်းဖုန်းအရောင်းဆိုင်နှင့် ဝန်ဆောင်မှုစင်တာမှ လက်ထောက်မန်နေဂျာကိုလင်းလင်းက

"ဒဗလျူစီဒီအမ်အေနဲ့ ဂျီအက်စ်အမ်ဖုန်းတွေမှာ ဒီနှစ်ကုန်ကစပြီး အင်တာနက်သုံးနိုင်တော့မယ်လို့ ကျွန်တော်တို့လည်း သိထားရပါတယ်။ ဒီစနစ်သုံးလို့ရမယ့် ဖုန်းတွေက ဒဗလျူစီဒီအမ်အေမှာဆို သရီးဂျီနက်ဝ့ါခ်နှစ်ထောင့်တစ်ရာမဂ္ဂါဟတ်ဇ်နဲ့ ဂျီအက်စ်အမ်မှာဆို ကိုးရာမဂ္ဂဟတ်ဇ်တွေပါ။ ဒီစနစ်ကို တကယ်အသုံးပြုနိုင်မယ်ဆို ပြည်တွင်းဆက်သွယ်ရေးကဏ္ဍအတွက် အရမ်းကိုကောင်းလာမှာပါ" ဟုဆိုသည်။

WCDMA နှင့် ဂျီအက်စ်အမ်ဖုန်းများတွင် အင်တာနက်အသုံးပြုနိုင်မည်ဆိုပါက ပြည်တွင်းထုတ်မြန်မာစာ Application များစွာနှင့် မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်မည့် ဝက်ဘ်ဆိုက်များကိုပါ ထည့်သွင်းအသုံးပြုလာနိုင်ရန် သက်ဆိုင်ရာနယ်ပယ် အသီးသီးမှ တာဝန်ရှိသူများက ကြိုးစားဆောင်ရွက်လာမည်ဖြစ်ကြောင်း ပြည်တွင်းကွန်ပျူတာပညာရှင်အချို့က သုံးသပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ဝိုင်စီဒီအမ်နှင့် ဂျီအက်စ်အမ်ဖုန်းများအဖြစ် မကြာသေးမီကမှ စတင်အသုံးပြု၍ရနိုင်ခဲ့သော ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်းများတွင်ပါ အင်တာနက် အသုံးပြုနိုင်သည့်စနစ်ကို စမ်းသပ်မှုများ ပြုလုပ်နေကြောင်း သိရသည်။

အထက်ပါဖုန်းများတွင် အင်တာနက်အသုံးပြု၍ ရနိုင်လာမည်ဆိုပါက ပြည်တွင်းမိုဘိုင်းဖုန်း ဈေးကွက်အနေအထားမှာလည်း ပိုမိုကောင်းမွန်လာနိုင်ဖွယ်ရှိကြောင်း ရန်ကုန်မြို့ရှိ မိုဘိုင်းဖုန်းအရောင်းဈေးကွက်မှ စုံစမ်းသိရှိရသည်။

# အဝေးသင်စာမေးပွဲများပုံမှန်အတိုင်းကျင်းပမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ – ၉**

ရန်ကုန်နှင့်မန္တလေးရှိ အဝေးသင် တက္ကသိုလ်စာမေးပွဲများ စောဖြေရမည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း စာမေးပွဲရက်များကို ပုံမှန်အတိုင်းကျင်းပသွားမည်ဖြစ်ကြောင်း အဝေးသင်တက္ကသိုလ်များမှ စုံစမ်းသိရသည်။

လာမည့်နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ နှစ်၂၀ကျော်အတွင်း ပထမဆုံးအဖြစ်ကျင်းပမည့် ရွေးကောက်ပွဲရှိနေခြင်းကြောင့် စာမေးပွဲရက်များစောမည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း အဝေးသင်တက္ကသိုလ်ကျောင်းသားများကပြောသည်။

"ဆရာမတွေက ကျောင်း စတက်ကတည်းက ဒီနှစ် စာမေးပွဲတွေ စောဖြေချင်ဖြေမှာ၊ စာကြိုကြည့်ထားဖို့မှာထားတယ်"ဟု အဝေးသင်တက္ကသိုလ်တတိယနှစ်ဥပဒေဘာသာရပ်တက်ရောက်နေသောကျောင်းသားတစ်ဦးကပြောသည်။

စာမေးပွဲများကို သုံးသုတ်ခွဲ၍ ဖြေဆိုရမည်ဖြစ်ပြီး၊ ပထမအသုတ် သိပ္ပံအထူးပြုအားလုံးမှာ အောက်တိုဘာ ၄ရက်မှ ၁၁ ရက်အထိ ဖြေဆိုရမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။ ဒုတိယအသုတ်ဖြေဆိုမည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာနှင့် ဥပဒေပညာဘာသာရပ်များမှာ အောက်တိုဘာ၂၈ရက်မှ နိုဝင်ဘာ၄ရက်အထိဖြေဆိုရမည်ဖြစ်၍အနီးကပ်သင်တန်းကို အောက်တိုဘာ၁၄ရက်မှ ၂၄ရက်အထိ တက်ရောက်ရမည်ဖြစ်သည်။ တတိယအသုတ်ဖြေဆိုမည့် မြန်မာစာ၊ မြန်မာမှုရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံဘာသာရပ်များမှာ နိုဝင်ဘာ ၂၂ရက်မှ၂၉ရက်အထိ ဖြေဆိုရမည်ဖြစ်၍ အနီးကပ်သင်တန်းကို နိုဝင်ဘာ၁၀ရက်မှ ၁၉ရက်အထိ တက်ရောက်ရမည်ဖြစ်ကြောင်းသိရသည်။

# ပို့ကုန်ရငွေတန်ဖိုးကျဆင်းနေခြင်းကြောင့် ပဲဈေးများ ကျဆင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ – ၁၀**

ပို့ကုန်ရငွေ(Export Earning) တန်ဖိုးကျဆင်းခြင်းကြောင့် ပဲဈေးနှုန်းများမှာလည်း ကျဆင်းနေကြောင်း ပဲအရောင်းအဝယ်ပြုလုပ်နေသောကုန်သည်များကပြောသည်။

ပဲဈေးနှုန်းသည် အမျိုးအစားအလိုက် ယခုလဆန်းပိုင်းမှစ၍ တစ်တန်လျှင် ကျပ် ၆၀,၀၀၀ ကျော်ထိ ဈေးနှုန်းများကျဆင်းလာခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ ပဲကုန်သည်တစ်ဦးကပြောသည်။

စက်တင်ဘာလဆန်းတွင် မတ်ပဲ Raw မှာ အချိန် ၆၀ ဝင် တစ်အိတ်လျှင် ၈၃,၇၀၀ ကျပ်၊ မတ်ပဲ RC တစ်တန်လျှင် ၈၄၅,၀၀၀ ကျပ်၊ မတ်ပဲ SQRC မှာ တစ်တန်လျှင် ၉၇၀,၀၀၀ ကျပ်၊ ပဲစင်းငုံ RC တစ်တန်လျှင် ၆၇၀,၀၀၀ ကျပ်နှင့် ပဲတီစိမ်းမှာ အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၁၀၀,၂၀၀ ကျပ်ရှိခဲ့ကြောင်းသိရသည်။

ယခု စက်တင်ဘာ ၉ ရက်၌ မတ်ပဲRaw အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၂၈,၀၀၀ ကျပ်၊ မတ်ပဲ RC တစ်တန်လျှင် ၇၈၅,၀၀၀ကျပ်၊ SQRC တစ်တန်လျှင် ၉၀၅,၀၀၀ ကျပ်၊ ပဲစင်းငုံ RC တစ်တန်လျှင် ၆၂၀,၀၀၀ ကျပ်နှင့် ပဲတီစိမ်း အချိန် ၆၀ ဝင်တစ်အိတ်လျှင် ၇၈,၀၀၀ ကျပ်ထိ ဈေးနှုန်းများကျဆင်းလာခဲ့သည်။

"ပဲဈေးတွေက ဒီလဆန်းပိုင်းကစပြီး တဖြည်းဖြည်းနဲ့ တောက်လျှောက်ကျလာတာ၊ အဓိကကတော့ ပို့ကုန်ရငွေဈေးကျလို့ ကျလာတာပဲ"ဟု ပဲ ကုန်သည်တစ်ဦးကပြောသည်။

ယခင်က ယခုကဲ့သို့ ပဲဈေးနှုန်းများကျဆင်းနေပါက ပဲဈေးကွက်၌ အရောင်းအဝယ်ပြုလုပ်သည့်ပမာဏများ ကျဆင်းလေ့ရှိသော်လည်း ယခုတစ်ကြိမ်၌ နေ့စဉ်ပုံမှန် အရောင်းအဝယ် ဖြစ်နေကြောင်းသိရသည်။

"ဈေးကျပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်ဖြစ်နေတာပဲ။ တချို့ရက်တွေဆို ရောင်းအားပိုများတဲ့ ရက်တွေတောင်ရှိတယ်" ဟု ကုန်စည်ဒိုင်သို့ နေ့စဉ်သွားနေသော လုပ်ငန်းရှင်တစ်ဦးကပြောသည်။ပို့ကုန်ရငွေဈေးနှုန်းများမှာလည်း တစ်ယူနစ်လျှင် ကျပ်၁၀၀၀ ဝန်းကျင်ရှိနေရာမှ အနိမ့်ဆုံး ၈၆၀ကျပ်အထိကျဆင်းခဲ့ကြောင်း သိရသည်။

သို့သော် စက်တင်ဘာ ၁၀ ရက်တွင် ပို့ကုန်ရငွေဈေးနှုန်းမှာ မြင့်တက်လာသကဲ့သို့ အဓိက အရောင်းအဝယ်ပြုလုပ်သော မတ်ပဲ RC နှင့် SQRC မှာ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့သည်။ ယင်းနေ့တွင် မတ်ပဲ RC မှာ တစ်တန်လျှင် ၈၁,၇၀၀ ကျပ်နှင့် SQRC မှာ တစ်တန်လျှင် ၉၅၀,၀၀၀ ကျပ်အထိ မြင့်တက်ခဲ့သည်။

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010



## နိုင်ငံတကာယာဉ်မောင်းလိုင်စင်ကို နေပြည်တော်တွင်သာ ပြုလုပ်ပေးမည်

**မေဝင်းမွန်**

**ရန်ကုန်၊ စက်တင်ဘာ – ၈**

နိုင်ငံတကာတွင် အသုံးပြုနိုင်သည့် ယာဉ်မောင်းနှင်ခွင့်လိုင်စင်များအား မြင်သာရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ပြုလုပ်ပေးနေရာမှ ပြီးခဲ့သည့်နှစ်လခန့်မှစ၍ နေပြည်တော်တွင်သာ ပြုလုပ်ပေးတော့ကြောင်း ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် International Driving Permit (IDP) နှင့် အာဆီယံယာဉ်မောင်း လိုင်စင် (ASEAN Driving License)ဟူ၍ နိုင်ငံတကာတွင် အသုံးပြုနိုင်သည့် လိုင်စင်နှစ်မျိုးရှိသည်။

IDP နှင့် အာဆီယံယာဉ်မောင်းလိုင်စင်များကို ယခင်က နေပြည်တော်နှင့်ရန်ကုန်မြို့ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးချုပ်များတွင် လျှောက်ထားနိုင်သော်လည်း ယခုအခါတွင်တစ်နိုင်ငံလုံးမှလိုင်စင်လျှောက်ထားသူများမှာ နေပြည်တော်ရှိရုံးချုပ်တွင်သာ ပြုလုပ်ရတော့မည်ဖြစ်သည်။

နေပြည်တော်တွင် ပြောင်းရွှေ့ပြုလုပ်ပေးသော်လည်း ရန်ကုန်တွင်ပြုလုပ်ပေးသည့် လုပ်ငန်းစဉ်အတိုင်းသာ ဆောင်ရွက်ပေးကာ နေ့ချင်းပြီးရရှိနိုင်သည်ဟုသိရသည်။

နိုင်ငံတကာတွင် အသုံးပြုနိုင်သည့် ယာဉ်မောင်းလိုင်စင်လျှောက်ထားသူများသည် မြန်မာနိုင်ငံတွင် သက်တမ်းရှိလိုင်စင်ကိုင်ဆောင်သူ ဖြစ်ရမည်ဖြစ်ပြီး သက်တမ်းရှိနိုင်ငံ ကူးလက်မှတ်မူရင်း၊ မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မူရင်း၊ မိတ္တူ၊ ဓာတ်ပုံ ၃ပုံနှင့် အက်ဖ်အီးစီ ၂၀တို့ဖြင့်လုပ်ဆောင်နိုင်ကာ လိုင်စင်သက်တမ်း ၁ နှစ်အသုံးပြုနိုင်မည်ဖြစ်သည်။

IDP မှာ နိုင်ငံတကာတွင် အကျုံးဝင်ပြီး အာဆီယံယာဉ်မောင်းလိုင်စင်မှာမူ အာဆီယံနိုင်ငံများတွင်သာ မောင်းနှင်နိုင်သဖြင့် IDP ကိုလျှောက်ထားသူများပြားသည်ဟုသိရသည်။ IDP ကို ၁၉၈၃ခုနှစ်က စတင်ထုတ်ပေးခဲ့ပြီး အာဆီယံယာဉ်မောင်းလိုင်စင်ကို ၁၉၉၈ ခုနှစ်ကတည်းက ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

## ကားနံပါတ်အတုဖြင့် မောင်းနှင်နေသူများကို မော်တော်ယာဉ်ဥပဒေဖြင့်ထိရောက်စွာအရေးယူမည်

**သဇင်ထွေး**

**ရန်ကုန်၊ စက်တင်ဘာ – ၈**

ပုံစံတူကားနံပါတ်အတုများ တပ်ဆင်မောင်းနှင်လျက်ရှိသော ကားများကို မော်တော်ယာဉ်ဥပဒေများဖြင့် ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက 7 Day News သို့ ပြောသည်။

တရားမဝင်လိုင်စင်မဲ့ ကားများကို တရားဝင်ပြုလုပ်ပေးသော အခွန်ရုံးပတ်ဝန်းကျင်တွင် ယာဉ်အမျိုးအစားတူ ကားနံပါတ်များ တပ်ဆင်၍ သွားလာလျက်ရှိသည်ကို တွေ့ရှိရသောကြောင့် ထပ်မံကြေညာချက် ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

“လိုင်စင်မဝင်ရသေးတဲ့ ကားတွေက ကားနံပါတ်ပြားတွေ အတုတပ်တာ အရင်ကတည်းက ရှိပါတယ်။ အခုထပ်ပြီး လုပ်လာတဲ့အတွက် ကြေညာတာပါ။ အခွန်ရုံးနားမှာ ကားအမျိုးတူပြီး မူလလာ လျှောက်တဲ့ နံပါတ်ပြား ပုံစံမျိုးနဲ့ သွားလာနေတာတွေ့ရတယ်။ ဒီလိုကားတွေကို သတိပေးတဲ့သဘောနဲ့ ဖမ်းမှာပါ”ဟုအထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။ ကိုယ်ပိုင်ကားနံပါတ်ပြားမဟုတ်ဘဲ နံပါတ်ပြားပုံစံတူ ပြောင်းလဲတပ်ဆင်ထားသော ကားများကိုတွေ့ရှိပါက ကားနံပါတ်ပြောင်းဒဏ်ကြေးအပြင် အခြားပြစ်ဒဏ်များပါရှာဖွေ၍ စုပေါင်းပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

“နံပါတ်ပြားပြောင်းရုံနဲ့ ဒဏ်ကြေးက နည်းတယ်။ ထိရောက်မှာမဟုတ်ဘူး။ ဒါကြောင့် ဒီကားမှာ စတေကာကပ်ထားသလား၊ဘာပြစ်ချက်တွေရှိလဲ၊ ရှိတာတွေကိုရှာပြီး ဒဏ်ကြေးငွေဆောင်ခိုင်းမယ်။ မော်တော်ယာဉ် ဥပဒေအရ အရေးယူသွားမယ်လို့ပြောတာပါ” ဟု တာဝန်ရှိသူကပြောကြားသည်။

ကိုယ်ပိုင်ကားနံပါတ်များမဟုတ်ဘဲ ပုံစံတူကားနံပါတ်တပ်ဆင်၍ မောင်းနှင်မှုများကြောင့် ၂၀၀၈ ခုနှစ်တွင် စီမံချက်ဖြင့် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်းလည်းသိရသည်။

ယခုနှစ်တွင်လည်း အဆိုပါနံပါတ်ပြောင်းလဲတပ်ဆင်သွားလာနေမှုကြောင့် ဩဂုတ်လက စတင် ဖမ်းဆီးခဲ့ရာ မော်တော်ယာဉ်၁၅စီး ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

## ကျောက်မျက်လေလံပွဲအပြီးတန်ဖိုးမြင့်အိမ်ခြံမြေဈေးကွက်အရောင်းအဝယ်ပြန်အေး

**ပြည့်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ – ၈**

**ကျပ်သိန်းပေါင်းသောင်းဂဏန်း တန်ဖိုးရှိ အိမ်ခြံမြေများ အရောင်းအဝယ်ဖြစ်ခဲ့သော ရန်ကုန်အိမ်ခြံမြေဈေးကွက်သည် စက်တင်ဘာလဆန်းပိုင်းမှစတင်၍ အရောင်းအဝယ်ပြန်အေးလာကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ စုံစမ်းသိရှိရသည်။**

ယင်းကဲ့သို့ အရောင်းအဝယ် ပြန်အေးသွားခြင်းသည် ကျောက်မျက်လေလံပွဲများဝေးကွာသွားခြင်း၊ အခွန်သက်တမ်းတစ်နှစ်တိုးလိုက်ခြင်းလည်း ပါဝင်သည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူအချို့ကလည်း နိုဝင်ဘာရွေးကောက်ပွဲကိုချိန်ဆပြီး လုပ်ငန်းများလုပ်ကိုင်ခြင်းထက်ပိုမိုခိုင်မာသည့်ရွှေကို ဝယ်ယူစုဆောင်းနေကြသည်။ အချို့လုပ်ငန်းရှင်များကလည်း ရင်းနှီးမြှုပ်နှံထက်ငွေကြေးကိုသာ ကိုင်ထားကြသဖြင့် အခြားစီးပွားရေးများကဲ့သို့ပင် အိမ်ခြံမြေမှာ အရောင်းအဝယ်အေးလာခြင်းဖြစ်ကြောင်း မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးသန်းဦးကရှင်းပြသည်။

“ရင်းနှီးမြှုပ်နှံသူအချို့က ရွေးကောက်ပွဲပြီးရင် အိမ်ခြံမြေ ချက်ချင်းဈေးမတက်နိုင်ဘူးလို့မျှော်လင့်နေကြတယ်။ လက်ရှိအခြေအနေက စောင့်ကြည့်နေတဲ့အခြေအနေကို ပြန်ရောက်လာတယ်”ဟု ယူနတီအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာဦးဇော်ဇော်ကပြောသည်။

ကျောက်မျက်လေလံပွဲများကြောင့်ကျပ်သိန်းပေါင်းများစွာအရောင်းအဝယ်ဖြစ်ခဲ့သည့်လုပ်ငန်းရှင်များသည် အိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ကြသဖြင့် ဇွန်၊ဇူလိုင်လတွင် အရောင်းအဝယ်ကောင်းခဲ့သည်။

စက်တင်ဘာ လဆန်းပိုင်းမှစ၍ အရောင်းအဝယ်အေးပြီး ကျပ်သိန်း ၂,၀၀၀မှ ၃,၀၀၀ကြား မြေကွက်အချို့နှင့်ကျပ်သိန်း ၁၀၀၊၂၀၀တန်တိုက်ခန်းအချို့သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းဈေးကွက်မှစုံစမ်းသိရသည်။

လက်ရှိအချိန်တွင် အိမ်ခြံ မြေဈေးကွက်တွင် အမှန်တကယ်ထိုက်တန်သည့်တန်ဖိုးထက် မြင့်မားသည့်ဈေးကိုခေါ်ယူ၍ ရောင်းချလိုကြသည်။ ဝယ်လိုသူ၊ ရင်းနှီးမြှုပ်နှံလိုသူများမှာ ယင်းအခြေအနေကြောင့် စောင့်ကြည့်နေသည့်ကာလတစ်ခုဖြစ်သည်။



Life
7DAY NEWS JOURNAL
Vol.9, No.26 • SEPTEMBER 16, 2010

# မေတ္တာရေစီးကြောင်းပေါ်က စည်းလုံးညီညွတ်ရေး

## (ကရင်တိုင်းရင်းသားတို့၏ လက်ဖွဲ့ချည်မင်္ဂလာ)

သီဟ


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"လယ်ယာလုပ်ငန်းခွင်မှာ ကျန်ခဲ့တဲ့
ငါတို့ရဲ့ လိပ်ပြာလေးတွေ ငါတို့ဆီ ပြန်လာကြ၊
လိပ်ပြာလေးတွေ သချိုင်းကုန်းမှာ မနေခဲ့ကြနဲ့၊ မကောင်းတဲ့နေရာမှာ
မနေကြနဲ့ လူလိမ်လူကောက် နောက်မလိုက်ကြနဲ့ ပြန်လာကြ၊
ကိုယ့်မိသားစုဆီပြန်လာကြ၊ ကိုယ့်တိုင်းရင်းသားလူမျိုးတွေဆီပြန်လာကြ၊
ကိုယ့်ရိုးရာကိုယ်ထိန်းသိမ်းကြ၊ ပြန်လာတဲ့နေရာမှာ
ရွှေတွေငွေတွေ ပြန်ယူလာပါ မကောင်းတာတွေယူမလာပါနဲ့၊
မကောင်းတာတွေကို မကောင်းတဲ့ နေရာမှာပဲထားခဲ့ပါ၊ ကိုယ့်မိသားစုကို
တိုးတက်အောင်လုပ်ကြပါ"

ဟု အဓိပ္ပါယ်ရသည့် စကားစုများအား ကရင်အမျိုးသားကြီးတစ်ဦးမှ ကရင်ဘာသာဖြင့် ရွတ်ဆိုနေချိန်တွင် စင်မြင့်ထက်၌ ငယ်လင်ငယ်မယား သက်ကြီးဝါကြီး စုံတွဲခုနှစ်တွဲနှင့် အပျိုလူပျို ခုနှစ်စုံတို့သည် မျက်နှာချင်းဆိုင် ထိုင်နေကြလျက်တစ်စုံတစ်ရာကို အာရုံပြုနေကြသည်။

မျက်နှာချင်းဆိုင်ထိုင်နေကြသူများ၏ အလယ်တွင် စကောတစ်ချပ်ကို ခုံပုလေးပေါ်တွင် တင်ထားကြသည်။စကောထဲတွင် မတော့ ချည်ဖြူလုံးတစ်လုံး ငှက်ပျောတစ်ဖီး၊ ထမင်းစုပ်လေးများ၊ အုန်းသီးစိတ်လေးများနှင့် အခြားပစ္စည်းများ စုံလင်စွာထည့်ထားသည်။

ထို့အပြင် အမယ်ကြီးများကလည်း လက်အတွင်း၌လည်း ဝါးဆစ်ယောက်မလေးများ ကိုင်ကာစကောဘောင်အား ခပ်ဖွဖွလေးရိုက်လျက်ရှိနေကြသည်။

ရွတ်ဖတ်သံပြီးဆုံးသွားသည်နှင့် အဘိုးကြီးများက ကောင်မလေးများကိုလည်းကောင်း၊ အမယ်ကြီးများက ကောင်လေးများကိုလည်းကောင်း စကောထဲတွင်ရှိသည့် ချည်လုံးမှချည်စများဖြင့် လက်ကောက် ဝတ်များတွင်ချည်နှောင်ပေးကြသည်။

အထက်ပါမြင်ကွင်းမှာ ကရင်ရိုးရာ လက်ချည်ဖွဲ့မင်္ဂလာဖွင့်ပွဲကျင်းပရာ မြင်ကွင်းပင်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးတိုင်းတွင် မိမိတို့နှင့်သက်ဆိုင်သည့် ရိုးရာဓလေ့များ အသီးသီးရှိကြရာ ကရင်တိုင်းရင်းသားများတွင်လည်း အဓိကရိုးရာပွဲနှစ်ပွဲရှိကြောင်း သိရပြီး ယခုကျင်းပသည့်ချည်ဖြူဖွဲ့မင်္ဂလာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်ဟုသိရသည်။

ယင်းအခန်းအနားအား မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆိပ်ဖူးတောင် ပရဟိတဂေဟာတွင် ကျင်းပနေခြင်းဖြစ်သည်။

ထိုပွဲအား ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ရွှေကျင် စသည့် မြို့နယ်များရှိ ကရင်တိုင်းရင်းသားကျေးရွာများမှ ကရင်တိုင်းရင်းသားပေါင်းစုံတက်ရောက်ကြကြောင်း ပွဲတော်အား ဦးဆောင်ကျင်းပသူ ဆိပ်ဖူးတောင် ပရဟိတဂေဟာမှ ပဓာန နာယက ဆရာတော် ဦးဇောတိက ကမိန့်သည်။

အဆိုပါကရင်ရိုးရာ လက်ချည်ဖွဲ့ မင်္ဂလာပွဲသည် ကျိုက်ထိုမြို့တွင် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး အခြားကရင်ပြည်နယ်၏မြို့နယ်များဖြစ်သည့် ဘားအံ၊မြဝတီ၊ မြိုင်ကြီးငူ စသည့်ဒေသများတွင် ကျင်းပခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ကရင်နဲ့ပတ်သတ်တဲ့ ရိုးရာတွေက သံလွင်အရှေ့ဘက်ခြမ်းမှာတော့မပျောက်သေးဘူး၊ အနောက်ဘက်ခြမ်းမှာတော့ ပျောက်လုနီးပါးဖြစ်နေပြီ။ ဒါကြောင့် မြိုင်ကြီးငူမှာ စာပေပွဲသွားခဲ့ရင်းက လုပ်မယ်လို့အကြံရခဲ့တာပါ" ဟု ဆိပ်ဖူးတောင်ဆရာတော် ဦးဇောတိကကမိန့်သည်။

လက်ချည်ဖွဲ့မင်္ဂလာသည် ကရင်တိုင်းရင်းသားများ ရှေးပဝေသဏီကပင် ယုံကြည်မြတ်နိုးစွာ ပြုလုပ်ခဲ့ကြသည့် ရိုးရာဓလေ့တစ်ခုဖြစ်ပြီး အစဉ်အဆက်ထိန်းသိမ်းထားခဲ့ကြကြောင်း မြဝတီမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောဘတိုးက ပြောသည်။

မိုးတစ်ဖြောက်ဖြောက်ရွာလျက်ရှိသော်လည်း လက်ချည်ပွဲသို့ လာကြသူများဖြင့် ကျောင်းဝင်းအတွင်း စည်ကားလျက်ရှိသည်။ ကရင်အမျိုးသမီး ငယ်လေးများသည်ကရင်အမျိုးသား ငယ်လေးများ အားချည်ဖြူ လက်ဖွဲ့ လေးများစီးနှောင်ပေးနေကြပြီး အားလုံး၏မျက်နှာတွင် ပြုံးပျော်နေကြသည်။

ပွဲကျင်းပရာနေရာဆီမှ ဖွင့်လျက်ရှိသည့် ကရင်သီချင်းသံသည် မြူးကြွစွာ ထွက်ပေါ်နေလျက်ရှိသည်။ ဟိုမှဒီမှ လှုပ်ရှားသွားလာလျက်ရှိကြသူများနှင့် ပွဲခင်းသည် သက်ဝင်လှုပ်ရှားလျက်ရှိသည်။

"ဒီပွဲက ပိုးကရင်၊ စကောကရင်မခွဲခြားပါဘူး ကရင်လူမျိုးအားလုံးပါဝင်ဆင်နွဲလို့ရပါတယ်၊ ကရင်တင်မကပါဘူး လူမျိုးတိုင်းပါဝင်ဆင်နွဲလို့ရပါတယ် လူမျိုး၊ ဘာသာ၊ အယူအဆမရွေးပါဝင်ဆင်နွဲလို့ရတဲ့ပွဲတစ်ပွဲပါ"ဟု ဦးစောဘတိုးကပြောသည်။

ချည်ဖြူဖွဲ့မင်္ဂလာပွဲကျင်းပခဲ့သည်မှာ နှစ်ပေါင်း နှစ်ထောင့်ရှစ်ရာကျော်ခဲ့ပြီဖြစ်သည်ဟု သိရသည်။

ရှေးပဝေဏီကာလက ကရင်တိုင်းရင်းသားတို့သည် ရေကြည်ရာ မြက်နုရာ နယ်မြေသစ်များကို ရှာဖွေရန်အတွက် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့လာခဲ့ကြရာမှ ဂိုဘီသဲကန္တာရကို ဖြတ်သန်းသွားချိန်တွင် ကန္တာရ၏ ဆိုးဝါးသောရာသီဥတုများကြောင့် အစာရေစာ ပြတ်လတ်လပ်ခြင်း၊ ရောဂါဘယများဖိစီးကာ လူပေါင်းမြောက်များစွာ သေကျေပျက်စီးခဲ့ကြရသည်ဟု သိရသည်။

ထိုသို့ဖြစ်ခြင်းသည် မကောင်းဆိုးဝါး နတ်မိစ္ဆာများ၏ နှောင့်ယှက်ဖျက်စီးမှုနှင့် လူယောင်ဖန်ဆင်းဖြားယောင်းသွေးဆောင်မှုဟု ယုံကြည်လာကြကာ ကရင်အမျိုးသားတို့သည် နတ်မိစ္ဆာနှင့် လူကိုခွဲခြားနိုင်ရန်အတွက် လက်ကောက်ဝတ်တွင် ချည်ဖြူများဖြင့် ဖွဲ့နှောင်ရစ်ပတ် အမှတ်အသားပြုကြရာမှ ဆင်းသက်လာကြသည်ဟု ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာစာတမ်းတွင် ဖော်ပြထားသည်။

"ဒီအလေ့အထက တော်တော်များများနေရာတွေမှာ ကွယ်ပျောက်ကုန်ကြပြီ ဧရာဝတီတိုင်းက ကရင်တွေမှာဆိုရင် ဒါမျိုးလုပ်တယ်လို့မကြားမိတော့ဘူး၊ ကရင်တွေမှာ အဓိကပွဲက နှစ်သစ်ကူးပွဲတော်နဲ့ ဒီပွဲနှစ်ခုပဲရှိတယ်"ဟု မြဝတီမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးမန်းကျော်ဝင်းကပြောသည်။

ယခုပွဲသည် တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးအတွက်လည်းရလဒ်ကောင်းများ ရရှိစေနိုင်ပြီးမေတ္တာရေစီးကြောင်းပေါ်က စည်းလုံးညီညွတ်ရေး ပြယုဂ်တစ်ခုပင်ဖြစ်သည်ဟု ဆရာတော် ဦးဇောတိကကမိန့်ကြားသည်။

ကရင်အမျိုးသားများသည် အဆိုပါ ချည်ဖြူလေးများဖြင့် လက်ကိုချည်နှောင်ပြီးပါက မိမိတို့တွင်ရှိသည့် အမှောင့်ပယောဂများ ကင်းဝေးသွားပြီး ကျန်းမာရေးကောင်းစေသည်ဟု အခိုင်အမာယုံကြည်ထားသူများရှိသကဲ့သို့

စာ(၁၁)သို့

ဈေးဝယ်ထွက်မယ်

# ကလေးစီးဖိနပ်မျိုးစုံနဲ့ အသုံးအဆောင်တွေရှိတဲ့နေရာ

ယုဇန

မွေးကင်းစအရွယ်ကနေ အသက်တစ်ဆယ့်တစ်နှစ် ဝန်းကျင်အထိ ကလေးငယ်တွေအတွက် ဖိနပ်လှလှလေးတွေရှိတဲ့နေရာကို ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ်ကဏ္ဍမှာ ဖော်ပြလိုက်ပါတယ်။

စင်ကာပူနိုင်ငံကနေ တင်သွင်းလာတဲ့ ကလေးငယ်တွေအတွက် ချစ်စရာကောင်းတဲ့ ဖိနပ်လေးတွေရဲ့ အမှတ်တံဆိပ်က Colettee ဖြစ်ပြီး ရွှေဂုံတိုင်လမ်းမကြီးပေါ်က Ovo ဆိုတဲ့ဆိုင်လေးမှာ ရရှိနိုင်မှာဖြစ်ပါတယ်။

ဒီဆိုင်လေးမှာ ရောင်းချတဲ့ ကလေးစီးဖိနပ်တွေအားလုံးဟာ ပေ့ါပါးလွန်းတဲ့အတွက် ကလေးတွေအနေနဲ့ စီးထားမှန်းမသိအောင်ကို သက်သောင့်သက်သာဖြစ်စေမှာပါ။ ယောက်ျားလေးများအတွက် ရှူးဖိနပ်ဒီဇိုင်းလှလှလေးတွေရရှိနိုင်မှာဖြစ်ပြီး မိန်းကလေးများအတွက်ကတော့ ကွင်းထိုး၊ ကြိုးသိုင်းနဲ့ နောက်ဆုံးပေါ်ဒီဇိုင်းဆန်းဆန်းလေးတွေကို စိတ်ကြိုက်ရွေးချယ်နိုင်မှာပါ။








ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စင်ကာပူနိုင်ငံထုတ်ဖိနပ်တွေဖြစ်တဲ့အတွက် ဈေးနှုန်းတွေကတော့ ဖိနပ်တစ်ရံကိုအနည်းဆုံးကျပ်တစ်သောင်းကနေ သုံးသောင်းကျပ်ဝန်းကျင်အထိရှိမှာဖြစ်ပါတယ်။

ကလေးငယ်တွေအတွက် သီးသန့်ရောင်းချပေးတဲ့ Ovo ဆိုတဲ့ဒီဆိုင်လေးမှာ စင်ကာပူကနေ တင်သွင်းလာတဲ့ Colettee ဆိုတဲ့ဖိနပ်လေးတွေအပြင် ယိုးဒယားနိုင်ငံကနေ တင်သွင်းလာတဲ့ Ovo အမှတ်တံဆိပ်(မွေးကင်းစမှ အသက်တစ်ဆယ့်တစ်နှစ်အထိ အရွယ်အထိ) အနှီး၊ ဦးထုပ်၊ အင်္ကျီ၊ ဘောင်းဘီ၊ ခြေအိတ်၊ ခါးပတ်၊ နက်ကတိုင်တို့အပြင် ဖန်စီကလစ်၊ ကျောပိုးအိတ်၊ လွယ်အိတ်အစရှိတဲ့ ကလေးအသုံးအဆောင်လေးတွေကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။

ဆိုင်ရဲ့လိပ်စာကတော့ အမှတ်(၁၃၃) ရွှေဂုံတိုင်လမ်းမကြီး၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်ဖြစ်ပါတယ်။

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# မသန်စွမ်းများနှင့် ပတ်သက်သောဇာတ်ဝင်ခန်းများ ရိုက်ကူးပါကမသန်စွမ်းများနှင့်တိုင်ပင်သင့်ဟုဆို

မြတ်စုမွန်

ရန်ကုန်၊ ဩဂုတ်-၂၆

မသန်စွမ်းသူများနှင့် ပတ်သက်သော ဇာတ်ဝင်ခန်းများ ရိုက်ကူးမည်ဆိုပါက မသန်စွမ်းသူများ၏ အမူအကျင့်များကို သိရှိနိုင်ရန်အတွက် အမှန်တကယ်မသန်စွမ်းသူများနှင့် ဆွေးနွေးတိုင်ပင်သင့်ကြောင်း မသန်စွမ်းသူများက ဒါရိုက်တာနှင့်ဇာတ်ညွှန်းရေးဆရာများသို့ အကြံပြုပြောကြားသည်။



အချို့ ဇာတ်ဝင်ခန်းများတွင် ထည့်သွင်းရိုက်ကူးလျက်ရှိသော မသန်စွမ်းသူများ၏ အမူအကျင့်များမှာ တကယ့်ဖြစ်ရပ်နှင့် ဆန့်ကျင်မှုများရှိနေပြီး မသန်စွမ်းသူများအား နှိမ့်ချခွဲခြားဆက်ဆံ မှုများရှိနေကြောင်း မွေးရာပါမျက်မမြင်သူတစ်ဦးက ပြောသည်။

"ဇာတ်ဝင်ခန်းတစ်ခုမှာ မျက်မမြင်တွေဟာ အိပ်မက်မရှိဘူးလို့ သုံးထားတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကို ခဏခဏမေးလို့ အဲဒါကိုပဲ အမြဲရှင်းပြနေရတယ်။ ပရိသတ်ကိုပေးတဲ့ အင်ဖော်မေးရှင်းက အမှားတွေဖြစ်နေတယ်။ အဲဒီဇာတ်ဝင်ခန်းမှာပဲ မွေးရာပါမျက်မမြင်တွေဟာ သိမ်ငယ်တတ်တယ်တဲ့။ ဒါက ပြောင်းပြန်ပဲ။ မွေး ရာပါ မျက်မမြင်တွေအတွက်တော့ ထူးခြားပြီး ဘာမှမဖြစ်ဘူး။ ပြီးတော့ ကျွန်တော်တို့မှာ အိပ်မက်ရှိတယ်။ အိပ်မက်ထဲမှာ လူကိုမက်တယ်ဆိုရင် ကျွန်တော်တို့စိတ်ထဲမှာ လူလို့သတ်မှတ်ထားတဲ့ ပုံစံလေးတွေရှိတယ်။ ခွေးဆိုရင်လည်း ကိုင်ကြည့်ဖူးတော့ ဒီလိုပဲ"ဟု ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ဆရာဦးဇော်ထွေးဦးကပြောသည်။

ကိုယ်အင်္ဂါမသန်စွမ်းသူများအား ခွဲခြားနှိမ်ချဆက်ဆံသည့် ဇာတ်ဝင်ခန်းများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက သက်ဆိုင်ရာ ဆင်ဆာဌာနသို့ မေတ္တာရပ်ခံစာများ တင်ပြသွားရန်အစီအစဉ်များရှိကြောင်း အသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဇာတ်ဝင်ခန်းတွေမှာ မသန်စွမ်းတွေကို ဒုက္ခိတ၊ မစွမ်းမသန်၊ အိုနာကျိုး၊ အကုသိုလ်ကောင်စသဖြင့် တော်တော်များများ သုံးခဲ့ကြတယ်။ ခုထက်ထိခေါ်တုန်းပဲ။ ကျွန်တော်တို့ကို နှိမ်တယ်လို့ ခံစားရတယ်။ တစ်ချိန်ကသုံးခဲ့တဲ့ အမြင်ဟောင်းတွေ နေရာမှာအမြင်သစ်တွေ အစားထိုးသင့်နေပြီ။ မသန်စွမ်းနဲ့ သာမန်လူဆိုပြီး ပြောင်းသုံးဖို့ လိုတယ်။ လူကောင်းလို့ မခေါ်ဘူး။ သာမန်လူလို့ ခေါ်တယ်။ ဆင်ဆာအဖွဲ့တွေမှာ ဒါတွေကိုသိတဲ့ လူမှုဝန်ထမ်းက ဝန်ထမ်းတွေ ထားပေးနိုင်ရင်တော့ ကောင်းမယ်" ဟု မြန်မာနိုင်ငံကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းမှ အတွင်းရေးမှူးဦးအေးကိုကိုက ပြောသည်။

မသန်စွမ်းသူများအား ထိုသို့ ခွဲခြားနှိမ့်ချဆက်ဆံသည့် ဇာတ်ဝင်ခန်းများသည် မသန်စွမ်းသူများ၏ အရည်အသွေးကို ဂရုမစိုက်ရာရောက်ကြောင်း မွေးရာပါ မျက်မမြင်သည့် အိုင်တီပညာရှင် ကိုအောင်လွင်ဦးကပြောသည်။

"မျက်မမြင်ဒုက္ခိတလို့ သုံးထားတာက တော်တော်ရင်နာဖို့ကောင်းတယ်။ ဇာတ်ဝင်ခန်းတစ်ခုထဲမှာ မွေးရာပါတွေဟာ နေ့နဲ့ညကို မသိဘူးလို့ဆိုတယ်။ ကျွန်တော်လေ့လာသလောက်ပြောရရင် မွေးရာပါ မျက်မမြင်တွေက အလင်းအမှောင်ကိုသိတယ်။ မမြင်ရပေမယ့် ကျွန်တော်တို့မှာ အတွေးအခေါ်ရှိတဲ့အတွက် နေ့နဲ့ညရှိတာကိုသိတယ်။ မျက်မမြင်တစ်ယောက်ဖြစ်ရင် ဘာမှမလုပ်နိုင်တော့ဘူးလို့ ရိုက်ပြတာ တွေရှိနေတယ်။ ကျွန်တော်တို့ အကြံပေးချင်တာ ကျွန်တော်တို့အကြောင်းကိုရိုက်ချင်ရင် ကျွန်တော်တို့နဲ့လာတွေ့စေချင်တယ်။ မသန်စွမ်းတွေအကြောင်း ရိုက်မယ်ဆိုရင် သက်ဆိုင်တဲ့ နယ်ပယ်ကို ရောက်အောင်သွားပြီးမှ လုပ်ရင် ပိုကောင်းမယ်"ဟု လူမှုပညာဒီပလိုမာတွဲ့ရ ကိုမျိုးအောင်က ပြောသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူဦးရေ ၁၃ သိန်းကျော်ရှိပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက မသန်စွမ်းသူများနှင့်ပတ်သက်သော ကိစ္စရပ်များကို အမျိုးသားအဆင့် စီမံချက်များရေးဆွဲကာ အစိုးရဌာနများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဆက်စပ်ပတ်သက်သူများ၊ မသန်စွမ်းသူများ ကိုယ်တိုင်ပါဝင်သည့်အဖွဲ့အစည်းများနှင့် အခြားလူမှုရေးအဖွဲ့အစည်းများ အားလုံးကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။









7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

**စာ-၉၊မေတ္တာရေစီးကြောင်းပေါ်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မှ**

အချို့သောသူများသည်လည်း ခေတ်၏ပြောင်းလဲမှုအရ ယုံကြည်မှု လျော့နည်းလာကြကြောင်းသိရသည်။

"ဒီပွဲကိုဖိတ်ရင် ရွာထဲက ကရင်တွေကိုပဲဖိတ်တော့တယ်။မြို့ပေါ်က ကရင်တွေကဖိတ်ရင်တောင်မလာကြတော့ဘူး"ဟု ဆရာတော်ဦးဇောတိကကမိန့်သည်။ ယခင်က နတ်ကိုးကွယ်ယုံကြည်မှုမှတစ်ဆင့်ဆင်းသက်လာသည့် ယခုယဉ်ကျေးမှုဓလေ့အား ဆရာတော်က ပုံမှန်ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုသဖွယ် အသွင်ပြောင်းကျင်းပသွားရန် စိတ်ကူးရှိကြောင်း သိရသည်။ "ဒါလေးချည်ပြီးတော့ ပေါ့ပါးသွားတာပဲ။ ရောဂါတွေအားလုံးလည်း ကင်းသွားသလိုခံစားရတယ်"ဟု ပွဲတော်သို့ လာရောက်သည့် အသက်ခြောက်ဆယ်ဝန်းကျင်ရှိ ကရင်အမျိုးသားကြီးတစ်ဦးကပြောသည်။

လူမျိုးတိုင်းတွင် ကိုယ်ပိုင်ရိုးရာယုံကြည်မှုနှင့်ကိုယ်ပိုင်ဓလေ့များ ရှိကြပြီး တစ်ဦး၏ရိုးရာဓလေ့အား တစ်ဦးကရိုသေလေးစားစွာလိုက်နာကြပါက ဆရာတော်မိန့်သကဲ့သို့ မေတ္တာရေစီးကြောင်းပေါ်က စည်းလုံးညီညွတ်ရေးဟူသော ဩဝါဒသည် မလွဲဧကန်ဖြစ်ပေါ်လာမည်မှာ အသေအချာပင်ဖြစ်ပါသည်။



**ဓမ္မ**

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ငြိမ်းချမ်းသောသုခကိုရှာဖွေခြင်း ● ● ●

ဒီဘဝကို ကျွန်ုပ်တို့ဘာကြောင့် ရောက်လာကြတာလဲ။ ရထားတဲ့ဘဝမှာ ဘာကြောင့်ချမ်းချမ်းသာသာပျော်ပျော်ရွှင်ရွှင် မနေနိုင်ကြတာလဲ။ ဒုက္ခဆင်းရဲခြင်းတွေရဲ့အကြောင်းတရားကဘာလဲ။ ဒီဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန်ကို ဘယ်နည်းနဲ့ သိရပြီး ထာဝရငြိမ်းချမ်းခြင်းသုခကို ဘယ်ပုံဘယ်နည်းခံစားရမလဲ။

မြတ်ဗုဒ္ဓဟောကြားတော်မူသော သစ္စာတရားများကို သိနားလည်ရေးသည် မိမိရဲ့ဘဝဖြစ်တည်ခြင်း၏သဘောကို ထိုးထွင်းသိမြင်နားလည်ရေးဖြစ်တယ်။ အဲဒီအခါဖြစ်တည်ခြင်းသဘောရှိသောရုပ်နာမ်အားလုံးသည် သင်္ခါရသဘော ရှိကြောင်း၊ ခုဖြစ်ခုပျက်သဘောရှိကြောင်းနဲ့ ဘာအနှစ်အဆန်အမာခံဒြပ်သဘောမျှမရှိဘဲ ပကတိအနတ္တသဘော မျှသာဖြစ်ကြောင်း သိမြင်နားလည်လာလိမ့်မယ်။ ဒါ့အပြင် ခိုင်မြဲသောအမှန်တကယ်ချမ်းသာအစစ်ကို ရုပ်ဝတ္ထုပစ္စည်း ဥစ္စာပိုင်ဆိုင်ခြင်းအားဖြင့်လည်းကောင်း၊ လောကီရေးရာအောင်မြင်မှုများ စွမ်းဆောင်နိုင်ခြင်းအားဖြင့်လည်းကောင်း ရှာဖွေမတွေ့နိုင်ကြောင်း သိလာလိမ့်မယ်။ အဲဒီအခါ မိမိစိတ်ကို စင်ကြယ်အောင် လုပ်ခြင်းအားဖြင့်လည်းကောင်း၊ အသိဉာဏ်ဖွံ့ဖြိုးအောင်လုပ်ခြင်းအားဖြင့်လည်းကောင်း အလုပ်ဖြင့်သာရှာဖွေတွေ့ရှိနိုင်ပါလားဆိုသောအချက်ကို သိနားလည်လာပါလိမ့်မယ်။

ရည်ညွှန်း-ဆန်းလွင်(ရှင်အာဒိစ္စရံသီ) 'ဗုဒ္ဓဘာသာဝင်တွေယုံကြည်ကြတာက'

# အဝေးပြေးယာဉ်လိုင်းအချို့ဖြင့် ပါဆယ်ပို့ရာတွင် ပစ္စည်းနှင့်ငွေ ပျောက်ဆုံးမှုများရှိနေ

**ဇာဇာနီ**

**ရန်ကုန်၊ စက်တင်ဘာ-၈**

အဝေးပြေးယာဉ်လိုင်းအချို့တွင် ပါဆယ်ပို့ရာ၌ ငွေပျောက်ဆုံးမှုများ ဖြစ်ပွားနေပြီး ပါဆယ်ပို့သူက ယာဉ်လိုင်းတာဝန်ရှိသူထံ အသိပေးပြောပြသော်လည်း ထိုကိစ္စကို ယာဉ်လိုင်းမှ တာဝန်ယူခြင်းမရှိကြောင်း ကိုယ်တိုင်ကြုံတွေ့သူ အသက် ၂၈နှစ်အရွယ် ကိုဇော်ရှိန်ဆိုသူကပြောသည်။




အောင်မင်္ဂလာအဝေးပြေးကားဝင်း။
ဓာတ်ပုံ-ငြိမ်းငြိမ်းနိုင်

"ပြင်ဦးလွင်ကနေ ရန်ကုန်ကို ပြေးဆွဲတဲ့ အိတ်စပရက်စ်ကားနဲ့ ဒီလတစ်ရက်နေ့က ပစ္စည်းနဲ့ ငွေကျပ်ခြောက်သောင်းကိုပြေစာဖြတ်ပြီး ပို့လိုက်တာ၊ ပစ္စည်းပဲပြန်ရတယ်။ ငွေခြောက်သောင်းမရဘူး။ ဒါနဲ့ရန်ကုန်က ယာဉ်လိုင်းတာဝန်ခံကိုပြောတော့ ရန်ကုန်ဂိတ်နဲ့ မဆိုင်ဘူး။ ပြင်ဦးလွင်ဂိတ်မှူးကို ပြောပါဆိုလို့ ပြန်ပြောတော့၊ အဲဒီဂိတ်မှူးက ဖြေရှင်းမပေးနိုင်ဘူး။ တာဝန်မယူဘူး၊ ကြိုက်တဲ့နေရာ သွားတိုင်ဆိုပြီး တာဝန်မဲ့စကားပြောတယ်" ဟု ကိုယ်တိုင် တွေ့ကြုံလာသူက 7Day News သို့ပြောသည်။

ပါဆယ်ပို့ရာတွင် ပို့ဆောင်ခအဖြစ်ပို့သည့်ငွေကျပ်ခြောက်သောင်းအတွက် ကျပ်သုံးထောင်နှင့် ပါဆယ်ပစ္စည်းအတွက် ငွေကျပ်ငါးရာကို ပြင်ဦးလွင်ဂိတ်၌ ပေးဆောင်ပြီး ယာဉ်လိုင်းမှ တရားဝင်ပြေစာဖြတ်ပေးထားသည်ဟုလည်း ယင်းက ထပ်မံပြောသည်။

"သူတို့က ပါဆယ်ပျောက်ရင် တန်ဆာခရဲ့ ဆယ်ဆကို ပေးလျော်ပါမယ်လို့လည်း ပြေစာမှာရေးထားတယ်။ တကယ်တမ်းသွားပြောတော့ တာဝန်ယူဖြေရှင်းမပေးဘဲ အမှုဖွင့်ဆိုတော့၊ အမှုဖွင့်ဖို့အတွက် ကုန်မယ့်ငွေနဲ့ အချိန်ကရှိသေးတယ်။ ကျွန်တော်တို့က ဘယ်လိုတိုင်မလဲ၊ သူတို့ယာဉ်လိုင်းနာမည်ကို ဒီငွေပမာဏနဲ့ ဖြတ်ရုံပဲရှိတာပေါ့။ ကျွန်တော်ကတော့ နောက်ခရီးသည်တွေ ဒါမျိုးမဖြစ်စေချင်လို့ပါ" ဟု ကိုဇော်ရှိန်ကဆက်လက်ပြောသည်။

ပါဆယ်ပစ္စည်းဖောက်ပြီး ငွေ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ရန်ကုန်မှ ပြည်မြို့သို့ ပြေးဆွဲနေသော ကနောင်မင်းသား ယာဉ်လိုင်းမှတာဝန်ရှိသူက "ကျွန်တော်တို့ ယာဉ်လိုင်းမှာတော့ တစ်ခါမှ ဒါမျိုးမဖြစ်ဖူးဘူး။ တကယ်ဖြစ်လာရင်လည်း ယာဉ်လိုင်းက လျော်ပေးပြီး တာဝန်ယူသင့်ပါတယ်။ ဒါမှကိုယ့်ခရီးသည်ရဲ့ ယုံကြည်မှုနဲ့ ယာဉ်လိုင်းနာမည်ရမှာပါ" ဟု 7 Day News သို့ပြောသည်။

ယာဉ်လိုင်းများ၏ မသမာမှုကိစ္စများကို အဓိကဖြေရှင်းပေးနေသော မထသအဝေးပြေးမှ တာဝန်ရှိသူက "ကျွန်တော်တို့ မထသအနေနဲ့ကတော့ ဒါမျိုးဖြစ်လာရင် ခရီးသည်နဲ့ယာဉ်လိုင်းကို ထိပ်တိုက်တွေ့ပေးပြီး ပြေလည်အောင်ညှိပေးတယ်။ ဒါကိုမှ ယာဉ်လိုင်းဘက်က ငြင်းဆိုလာရင် ကာယကံရှင် ကိုယ်တိုင်ရဲစခန်းမှာ အမှုဖွင့် တိုင်ကြားနိုင်ပါတယ်။ ကျွန်တော်တို့ကတော့အရေးယူပေးလို့မရပါဘူး"ဟု ပြောကြားသည်။

# နွမ်းပါးကလေးများအား ပံ့ပိုးမည့်အစီအစဉ်တစ်ခု လူငယ်အဖွဲ့တစ်ဖွဲ့ကဆောင်ရွက်မည်

**နေလင်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ-၇**

ရန်ကုန်မြို့ရှိ ဆင်းရဲနွမ်းပါးသည့် မိသားစုဝင်များမှ ကလေးငယ်များအား ပြည်တွင်းရှိ လူငယ်များစုစည်းကာပံ့ပိုးမည့်အစီအစဉ် တစ်ခု ဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

အဓိကအားဖြင့် ဆင်းရဲနွမ်းပါးသည့် ဆင်ခြေဖုံးမြို့နယ်များ မှ ကလေးငယ်များ၊ မိဘမဲ့ကျောင်းများ၊ ဆေးရုံဆေးခန်းများမှ နွမ်းပါးဝေဒနာရှင် ကလေးငယ်များအတွက် ကစားစရာနှင့် ကလေးအသုံးအဆောင်များ၊ ကလေးအဝတ်အထည်များ စသည့် ပံ့ပိုးမှုများပြုလုပ်သွားရန်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ဝန်ဆောင်များမှုပေးနေသည့် လုပ်ငန်းရှင်တစ်ဦးဦးစီး၍ လုပ်ကိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီအလုပ်က ရှင်းရှင်းလေးပါပဲ။ ကျွန်တော်တို့ အဖွဲ့လေးကနေ ချမ်းသာတဲ့လူတွေ အိမ်က အသုံးမလိုတဲ့ ကလေးကစားစရာတွေ၊ မသုံးဘဲပစ်ထားတဲ့ ပစ္စည်းတွေ၊အဝတ်အထည်တွေ လိုက်အလှူခံပြီးရင် နွမ်းပါးတဲ့ကလေးတွေ၊ ဝေဒနာရှင်ကလေးတွေကို လှူမယ်။ ကစားစရာ အစုတ်အပြတ်တွေကအစပေါ့" ဟု ယင်းအစီအစဉ်နှင့်ပတ်သက်၍ အထက်ပါလုပ်ငန်းရှင်ဦးအောင်မျိုးလွင်က 7 Day News သို့ပြောသည်။

ယင်းအစီအစဉ်အတွက် ပရဟိတဝါသနာပါသည့် လူငယ်များ လိုအပ်နေပြီး ပါဝင်လိုသူများကို ပူးပေါင်းလုပ်ကိုင်စေကာ အဖြူရောင်မေတ္တာအမည်ဖြင့် အဖွဲ့ဖွဲ့စည်း၍ ယင်းအဖွဲ့ကပစ္စည်းအလှူခံစုဆောင်းခြင်း၊ ပစ္စည်းအဟောင်းများ ပြင်ဆင်ခြင်း၊ ဈေးဝယ်စင်တာများ၊ ရန်ကုန်မြို့တွင်း လူစည်ကားရာ ဆိုင်ကြီးများတွင် အလှူခံခြင်းများ ပြုလုပ်၍ ပြန်လည်ပေးဝေမှုများ ပြုလုပ်မည်ဖြစ်သည်။

နေအိမ်များရှိ အသုံးမလိုသည့်ကလေးအသုံးအဆောင်၊ ပိုလျှံပစ္စည်း၊ ကစားစရာများလှူဒါန်းလိုသူများအနေဖြင့် အဖြူရောင်မေတ္တာအဖွဲ့ဖုန်း- ၃၈၂၂၇၅ သို့ ဆက်သွယ်နိုင်ပြီး၊ လုပ်အားပေးလိုသူများလည်း ဆက်သွယ်ပါဝင်နိုင်ကြောင်း သိရသည်။

**စာ-၈၊ တရားဝင် ဓားပြတိုက်ခြင်း မှ**

ထိုင်းရဲများနှင့် တွေ့ကြုံရတိုင်း ရဲများက ပိုက်ဆံတောင်းလေ့ရှိကြသည်။ တစ်ခါကလည်း လူသုံးယောက်ရောက်လာပြီး ၎င်း၏ သူငယ်ချင်းတစ်ဦးကို လာရှာသည်ဟုမေးမြန်းခြင်းခံရသည်။ မသိဘူးဟုပြောသည့်အခါ ထိုလူသုံးဦးမှ ၎င်းအားရိုက်နှက်ကာ တောင်ကုန်းတစ်ခုပေါ်သို့ ခေါ်သွားသည်။ သူ့အနေနှင့် အသတ်ခံရမည်ဟုထင်ခဲ့သည်။ ၎င်း၏ သူငယ်ချင်းနေရာပြောမပြနိုင်သည့်နောက်ဆုံး ရနောင်းမြို့ Soi 3 ရှိ ကာရာအိုကေဘားတစ်ခုမှ စားပွဲတစ်လုံးတွင် လက်ထိပ်ခတ်ထားခြင်းခံရသည်။ သို့သော်လည်း ၎င်းတို့ လက်ထိပ်က မကောင်းသည့်အတွက် ထိုလူ သုံးဦးထံမှ ထွက်ပြေးလွတ်မြောက်လာခဲ့ရသည်။ ချက်ချင်းပင်အခန်းပြန်ပြီး အဝတ်အစားများ သိမ်းကာ သူငယ်ချင်းများရှိရာ နေရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

နေ့ဘက်တွင် ပြဿနာ သိပ်မရှိတတ်သော်လည်း ညဘက်တွင် အန္တရာယ်အလွန်ကြီးမားသည်။ မြန်မာအလုပ်သမားများတွေ့တိုင်း ထိုင်းရဲမှ ငွေတောင်းနေတော့သည်။ တရားဝင်အထောက်အထားစာရွက်စာတမ်းပါသည့်တိုင် သူတို့တောင်းသည့် ပိုက်ဆံမပေးက မူးယစ်ဆေးဝါးအမှုဖြင့် ထောင်ချောက်ဆင်ဖမ်းဆီးလေ့ရှိသည်။



သတင်းအရင်းအမြစ်တစ်ခု၏ အဆိုအရ နှစ်ပေါင်းများစွာ ကတည်းကပင် ရနောင်းတွင် လူကုန်ကူးခံနေရမှုများရှိခဲ့ကြောင်း ထိုကဲ့သို့ မြန်မာနိုင်ငံသားများ အဖမ်းခံလိုက်ရ၊ လူကုန်ကူးခံလိုက်ရဖြစ်နေသည်မှာ နှစ်စဉ်ထောင်ပေါင်းများစွာရှိနေသည်ဟုသိရသည်။ ရနောင်းဧရိယာသည် ထိုင်းနိုင်ငံတောင်ပိုင်း ၁၄ပြည်နယ်များ၏ ဖမ်းဆီးခံ အလုပ် မားများကို ပြန်ပို့သည့်အချက်အချာနေရာဖြစ်သည့်အပြင် အားလပ်ရက်တွင် နိုင်ငံတကာမှလာရောက်သူများအပန်းဖြေနေရာ ဖူးခတ်ကမ်းခြေလည်းရှိသည်။

ထိုဒေသတွင် ၂၀၀၈ခုနှစ် ဧပြီလအတွင်းက မြန်မာအလုပ်သမား ၁၀၀ ကျော်သည် ကွန်တင်နာကားဖြင့် လူမှောင်ခိုလုပ်သူများ၏ အစီအစဉ်ဖြင့် ဖူးခတ်သို့အသွားမှာ အသက်ရှူမွန်းကျပ်ပြီး မြန်မာအလုပ်သမား ၅၄ဦးသေဆုံးခဲ့သည့်ဖြစ်ရပ်ဖြစ်ခဲ့ဖူးသည်။

ထိုင်းအာဏာပိုင်များ၏ အဂတိလိုက်စားမှုနှင့် လူကုန်ကူးမှုအားပေးနေမှုဖြစ်ရပ်များကို မြန်မာအမျိုးသမီးနှစ်ဦးကသတင်းဌာနများသို့ ပြောပြနေချိန်၊ တရားမဝင်လာရောက်အလုပ်လုပ်ကြသော ရွှေ့ပြောင်းအလုပ်သမားများကို ရနောင်းနယ်ရှိ အရာရှိများက လိင်ပိုင်းဆိုင်ရာမတော်မတရားပြုကျင့်နေမှုများနှင့် လူမှောင်ခိုလုပ်နေသူလှေများပေါ်သို့ ရောင်းစားမှုများရှိနေသည်ဟု စွပ်စွဲပြောဆိုလာချိန်သည် လာမည့် နိုဝင်ဘာလအတွင်းဘန်ကောက်မြို့တွင် ပြုလုပ်မည့် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးညီလာခံကျင်းပမည့်အချိန်နှင့် တိုက်ဆိုင်နေသည့်အပြင် ထိုင်းနိုင်ငံသည် လက်ရှိကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ကို ၂၀၁၀ခုနှစ် ဇွန်လ ၁၉ရက်မှစတင်တာဝန်ထမ်းဆောင်နေသည့်ကာလနှင့်လည်း တိုက်ဆိုင်နေပေတော့သည်။

Source: Burmese Accuse Thai Officials of People Trafficking (Phuetwan)

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# အက်ဖ်အီးစီဖြင့် အရောင်းအဝယ်လုပ်သော လုပ်ငန်းရှင်များ လေးလအတွင်း နှစ်ဆယ့်ငါးရာနှုန်းခန့် အရှုံးပေါ်

အောင်သူရ၊ ပြည်သိမ်း

ရန်ကုန်၊ စက်တင်ဘာ - ၉

**တဖြည်းဖြည်းကျဆင်းလာသောအက်ဖ်အီးစီတန်ဖိုးကြောင့်ယင်းငွေကြေးဖြင့်အရောင်းအဝယ်လုပ်ကြသော လုပ်ငန်းရှင်များသည် လေးလအတွင်း ၂၅ရာခိုင်နှုန်း အရှုံး ပေါ်သွားပြီဖြစ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။**

"မေလတုန်းက အက်ဖ်အီးစီတစ်ယူနစ်ကို တစ်ထောင်ကျပ်ရှိတယ်။အခုခုနစ်ရာ့ငါးဆယ်ကျပ်ပဲရှိတော့တယ်" ဟု လေယာဉ်လက်မှတ်ရောင်းချသည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လုပ်ငန်းရှင်အနေဖြင့် လေယာဉ်လက်မှတ်ရောင်းချရန် မေလဆန်းမှ အက်ဖ်အီးစီ ၅၀၀၀ ရင်းနှီးမြှုပ်နှံခဲ့ပြီး ယခုရက်ပိုင်းတွင် နေ့စဉ်ဈေးကျနေသဖြင့် နေ့စဉ်အရှုံးပေါ်လာကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

ထို့ကြောင့် စက်တင်ဘာ ၇ ရက်နောက်ပိုင်းမှစ၍ လေယာဉ်လက်မှတ်များအား ကြိုတင်ထုတ်ယူခြင်း မပြုတော့ကြောင်းနှင့် တစ်နေ့တာအတွက်သာ ဝယ်ယူရောင်းချတော့ကြောင်း အဆိုပါတာဝန်ရှိသူက ဆိုသည်။

ထို့အပြင် တယ်လီဖုန်းဟန်းဆက်များ ရောင်းချသူဆိုင်ရှင်တစ်ဦးမှာလည်း ဒေါ်လာဈေးကျသဖြင့် ပစ္စည်းဈေးများ ကျဆင်းလာရာ ဝယ်ယူထားသော ပစ္စည်းများ အရှုံးပေါ်နေပြီဖြစ်ကြောင်း 7 Day News သို့ပြောသည်။

"ငါးသိန်း၊ ဆယ်သိန်းလောက်တော့ ရှုံးသွားပါပြီ"ဟု ဖုန်းနှင့်ဆက်စပ်သောပစ္စည်းများ ရောင်းချသူဆိုင်ရှင်တစ်ဦးကပြောသည်။

အက်ဖ်အီးစီဈေးနှုန်း နည်းတူ ကန်ဒေါ်လာဈေးမှာလည်း တဖြည်းဖြည်းကျဆင်းလာခဲ့ပြီး မေလက အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် တစ်ထောင်ကျော်ဈေးရှိခဲ့သော်လည်း စက်တင်ဘာ ၉ ရက်တွင်ကျပ်ကိုးရာသာရှိတော့ကြောင်း ဈေးကွက်မှ စုံစမ်းသိရှိရသည်။

ထိုကဲ့သို့ အက်ဖ်အီးစီနှင့် ဒေါ်လာဈေးတို့ ဆက်တိုက်ကျဆင်းရခြင်းမှာ ပို့ကုန်ရငွေ တန်ဖိုးကျဆင်းရခြင်းသည့် အကြောင်းအရာတစ်ခုဖြစ်ကြောင်း ကျွမ်းကျင်သူများက ဆိုသည်။

ဩဂုတ်လလယ်အထိ ကျပ် ၁,၀၀၀ နှင့်အထက် ရှိခဲ့သော ပို့ကုန်ရငွေတန်ဖိုးမှာ စက်တင်ဘာ ၈ရက်တွင် ၈၉၅ ကျပ်သာရှိတော့ကြောင်း သိရသည်။

ပို့ကုန်ရငွေတန်ဖိုး ကျဆင်းလာရခြင်းမှာ သွင်းကုန်လိုင်စင်လျှောက်ထားသည့်အခါ လိုင်စင်ကြန့်ကြာနေသဖြင့် ဘဏ်ထဲ၌ ငွေများ ပိတ်မိနေခြင်းတို့ကြောင့်ဟု ယေဘုယျသုံးသပ်နိုင်ကြောင်းဟု စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးက ပြောသည်။

လက်ရှိလိုင်စင်စနစ်သည် ပုံမှန်ရကြောင်းမှ ပစ္စည်း တင်သွင်းမည်ဆိုပါက နှစ်လခန့် ကြာမြင့်လေ့ရှိကြောင်းသိရသည်။

သွင်းကုန်လိုင်စင်ချထားမှုကြန့်ကြာနေရခြင်းမှာ ပို့ကုန်၊သွင်းကုန် ညီမျှမှုမရှိခြင်းကြောင့် ဖြစ်ကြောင်း အဆိုပါ စက်မှုဇုန်ဥက္ကဋ္ဌက ပြောသည်။

"အရင်လက သွင်းကုန်တင်သွင်းမှုက ပို့ကုန်ထက် ကျပ်ငွေတစ်ဘီလီယံလောက်ပိုသွားတယ်" ဟု စက်မှုဇုန်ဥက္ကဋ္ဌက သုံးသပ်သည်။

"အဲဒီလို ပို့ကုန်တန်ဖိုးကျဆင်းရခြင်းက ပို့ကုန်သွင်းကုန် မမျှလို့ပဲ"ဟု ဆန်တင်ပို့သူလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ပြည်ပဆန်ဈေးကွက်တွင် ဆန်ဈေးတက်လာသော်လည်း ပို့ကုန်ရငွေတန်ဖိုးကျဆင်းနေသဖြင့် ပို့ကုန်သမားများ မလှုပ်သာကြောင်းနှင့် ထိုကဲ့သို့သော အခြေအနေကြောင့် ယှဉ်ပြိုင်မှုကျသွားနိုင်ကြောင်း အဆိုပါဆန်ပို့ကုန်လုပ်ငန်းရှင်က သုံးသပ်သည်။

ထို့အပြင် ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းကလည်း မြန်မာကျပ်ငွေကို ပိုမိုခိုင်မာလာစေသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပြည်တွင်းသို့ဝင်ရောက်လာပါက နိုင်ငံခြားငွေများကို ကျပ်ငွေဖြင့် လဲလှယ်ကြသည်။ ယင်းကြောင့် မြန်မာကျပ်ငွေများ မူလရှိသည့်ပမာဏထက် လျော့ကျသွားခြင်းဖြစ်သည်။

"တရုတ်နိုင်ငံက မိုင်းလုပ်ငန်းကို နှစ်ဘီလီယံလောက် ရင်းနှီးမြှုပ်နှံတာကလည်း မြန်မာ ကျပ်ငွေခိုင်မာလာဖို့ အကြောင်းတစ်ခုမှာပါတယ်"ဟု UMFCCI မှ လုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။

ပြည်ပမှ တင်သွင်းသော ပို့ကုန်လုပ်ငန်းရှင်များထဲမှ လျှပ်စစ်ပစ္စည်းတင်သွင်းသူများမှာ တင်သွင်းပြီးသား ပစ္စည်းများကို ရောင်းချနေကြပြီး ထပ်မံတင်သွင်းမှု မလုပ်တော့ကြောင်း 7 Day News သို့ပြောသည်။

"ပို့ကုန်ရငွေတန်ဖိုး ဈေးကျရင် သွင်းကုန်က ကောင်းပေမယ့် ပြည်တွင်းဈေးကွက်ကို ကြည့်ရသေးတယ်။ ဒီထက်ဈေးကျမှာကို စိုးရိမ်ရတယ်။ ဈေးတက်ရင်သာ လိုက်သွင်းကြပေမယ့် ဈေးကျတော့မသွင်းကြဘူး"ဟု ပြည်ပမှ လျှပ်စစ်ပစ္စည်းတင်သွင်းသူ တစ်ဦးကဆိုသည်။

ထို့ကြောင့် လက်ရှိအခြေအနေတွင် အက်ဖ်အီးစီဖြင့် အရောင်းအဝယ်လုပ်ကြသော လေယာဉ်လက်မှတ်ရောင်းချသည့် လုပ်ငန်းရှင်များ အရှုံးပေါ်နေပြီး ပို့ကုန်ရငွေ တန်ဖိုးကျဆင်းနေသဖြင့် ပို့ကုန်လုပ်ငန်းများ တွက်ခြေမကိုက်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။ ပြည်ပပို့ကုန်ရငွေတန်ဖိုး ကျဆင်းမှုသည် ၂၀၀၁ ခုနှစ်ကလည်း ကြုံတွေ့ခဲ့ဖူးပြီး၊ ယင်းအချိန်က အဆိုပါငွေသည် ကျပ်ငွေဖြင့် ဆိုလျှင် ၉၀၀ ကျပ်မှ ၇၀၀ ကျပ်သို့ ကျဆင်းခဲ့သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးတွင်လည်း အက်ဖ်အီးစီတန်ဖိုးသည် တစ်ယူနစ်လျှင် ကျပ် ၁၀၀ ခန့်ကျဆင်းခဲ့သည်။ ယင်းအချိန်ကလည်း ပြည်ပမှ အိုင်အင်န်ဂျီအိုများ၏ အကူအညီများ ဝင်လာသည့်ကာလ ဖြစ်သောကြောင့်ဖြစ်သည်။

## စာ-၂။ ပို့ကုန်ရငွေတန်ဖိုး ပြန်တက်လာရန် အချိန်ယူရမည်ဟု ကျွမ်းကျင်သူများ ခန့်မှန်းနေ မှ

လူလတ်တန်းစားများ၏ ဝယ်ယူနိုင်စွမ်းလျော့ကျ၍ သွင်းကုန်လုပ်ငန်းများ ပြည်ပမှကုန်တင်သွင်းမှု လျော့နည်းသွားခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအများအပြားမှ နိုင်ငံခြားငွေများ ပြည်တွင်းသို့ စီးဝင်ခြင်းစသောအကြောင်းများမှာ အဓိကအချက်များဖြစ်ကြောင်းလည်း စီးပွားရေးကျွမ်းကျင်သူများကသုံးသပ်သည်။

"ဈေးကျတာကတော့ ရောင်းချင်တဲ့သူ များနေလို့ပေါ့။ နောက် Trading သိပ်မဖြစ်တဲ့ သဘောပဲပေါ့။ အရောင်းအဝယ်မကောင်းဘဲ ပြည်တွင်းစီးပွားရေးလုပ်ငန်း (အိမ်ခြံမြေ၊ ရွှေ၊ ကားစသော လုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံခြင်း)တွေကိုပဲ ပိုအာရုံစိုက်နေကြတဲ့ သဘောမှာရှိတယ်"ဟု ဦးခင်မောင်ညို(ဘောဂဗေဒ)ကလည်း ပို့ကုန်ရငွေ ဒေါ်လာ၊ အက်ဖ်အီးစီဈေးနှုန်းများ ကျဆင်းခြင်းအပေါ် သူ၏အမြင်ကိုပြောသည်။

"ဒီလိုကျတော့ အရှုံးများတယ်။ အရောင်းအဝယ်ကလည်း ကျပေမယ့် ပုံမှန်ပဲ။ လူတွေက ကျရင်စိတ်မဝင်စားဘူး။ တက်မှစိတ်ဝင်စားတာ" ဟု နိုင်ငံခြားငွေရောင်းဝယ်လုပ်ကိုင်သူတစ်ဦးကလည်း မြန်မာကျပ်ငွေတန်ဖိုး စံချိန်တင်မြင့်တက်ပြီး နိုင်ငံခြားငွေဈေးများကျဆင်းခြင်းကြောင့် နိုင်ငံခြားငွေ ကိုင်ထားသူများ အရှုံးများခြင်းအပေါ် သူ၏အတွေ့အကြုံကိုပြောသည်။

ပို့ကုန်ရငွေတန်ဖိုးကျဆင်းခြင်းနည်းတူ အမေရိကန်ဒေါ်လာတန်ဖိုးမှာလည်း ပြုတ်ကျနေပြီး ဩဂုတ်လကုန်ပိုင်းက တစ်ဒေါ်လာလျှင် ၉၉၅ကျပ်ရှိရာမှ စက်တင်ဘာ ၈ ရက်ရောက်သောအခါ ၉၀၀-၉၁၀ကျပ်သို့ပြုတ်ကျသွားသည်။ ထို့အပြင် အက်ဖ်အီးစီမှာလည်း ဩဂုတ်လက တစ်ယူနစ်လျှင် ၉၀၀ ကျပ်ကျော်ရှိခဲ့ရာမှ စက်တင်ဘာ ၈ရက်တွင် ၇၈၀ကျပ်အထိ ပြုတ်ကျခဲ့သည်။ ၁၉၉၃ ခုနှစ်မှစတင်၍ ထုတ်ဝေခဲ့ပြီး ထုတ်ဝေစဉ်က အကန့်အသတ်ဖြင့် ခွင့်ပြုခဲ့သည့် အက်ဖ်အီးစီကို ၂၀၁၀ ဧပြီ ၂ရက်မှစ၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အမေရိကန်ဒေါ်လာကဲ့သို့ သုံးစွဲခွင့်ပြုကြောင်း ကြေညာခဲ့သည်။ ထို့ကြောင့် လုပ်ငန်းရှင်အချို့က အက်ဖ်အီးစီမှာ ဒေါ်လာကဲ့သို့ အသုံးပြုနိုင်သည့်အတွက် တန်ဖိုးတက်လာနိုင်သည်ဟု မျှော်လင့်နေချိန်တွင် လက်တွေ့၌ ဈေးပြုတ်ကျနေခြင်းဖြစ်သည်။

ငွေသုံးမျိုးစလုံးမှာ စက်တင်ဘာလဆန်းမှစ၍ ဒုတိယပတ်ရောက်သည်အထိ နံနက်နှင့်ညနေဈေးပင် များစွာကွာခြားအောင် အတက်အကျကြမ်းနေ၍ ပို့ကုန်ရငွေ၊ ဒေါ်လာ၊ အက်ဖ်အီးစီ ရရှိသောလုပ်ငန်းများတွင် လုပ်ကိုင်နေသူအားလုံး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအားလုံးမှာ အခြေအနေကို စောင့်ကြည့်နေကြကြောင်း သတင်းရရှိသည်။

## မျက်နှာဖုံး-လိုင်စင်မဲ့ကားများ လိုင်စင်ပေးခြင်းကို နယ်စပ်မြို့များတွင် ရပ်ဆိုင်း မှ

နယ်စပ်မှ လိုင်စင်မဲ့ကားများကို တရားဝင်လိုင်စင်ပြုလုပ်ရန်အတွက် အဓိကဝင်ရောက်နေသော မြို့များဖြစ်သည့် မြဝတီ၊ မူဆယ်၊ တာချီလိတ်၊ ကျိုင်းတုံ၊ ကော့ကရိတ်မြို့များနှင့် နယ်မြို့များဖြစ်သော မော်လမြိုင်၊ ဘားအံမြို့တို့၌လည်း လုံးဝပြုလုပ်နိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

"အခု နယ်စပ်မြို့တွေကလွဲရင် ကျန်တဲ့မြို့တွေမှာ ပုံမှန်အတိုင်းပဲ လုပ်ပေးနေတယ်။ ဘာမှပြောင်းလဲမှုမရှိဘူး" ဟု သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ မြို့များတွင် လိုင်စင်မဲ့ကားများ တွေ့ရှိပါက လိုင်စင်ဝင်ရန် ဖမ်းဆီးမှုများပြုလုပ်မည်ဖြစ်ပြီး လိုင်စင်များကို နီးစပ်ရာမြို့များသို့သွားရောက် ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

"အခု ဒီနယ်စပ်မြို့တွေမှာ လုပ်လို့မရတော့ဘူးဆိုတော့ ကားသွင်းတဲ့သူအချို့က ကားသိမ်းမယ်ဆိုတဲ့ သတင်းကြောင့် စောင့်ကြည့်နေတယ်"ဟု ကားတင်သွင်းသည့် လုပ်ငန်းများ လုပ်ကိုင်နေသောသူများနှင့် နီးစပ်သူတစ်ဦးကပြောသည်။

ယင်းမြို့များထဲတွင် တာချီလိတ်မြို့မှာ ကားအစီးရေ ၁,၀၀၀ ကျော်တရားဝင်လိုင်စင်လုပ်ထားပြီး လိုင်စင်ပြုလုပ်မှုများသော မြို့လည်းဖြစ်ကြောင်း သိရသည်။

လက်ရှိကာလ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဝင်လိုင်စင်ပြုလုပ်ပြီးသွားသောကားအစီးရေ ၃၀၀ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

ကားများကို ယာဉ်တန်ဖိုး စိစစ်သတ်မှတ်ခြင်းနှင့် တန်ဖိုး၏ ၈၅ ရာခိုင်နှုန်း အခွန်ပေးဆောင်ရသည့် ပုံစံများမှာ နယ်စပ်မြို့များနှင့် ကျန်မြို့များ သတ်မှတ်ချက်များတူညီပြီး ပြောင်းလဲမှုမရှိကြောင်း စုံစမ်းသိရသည်။

## မျက်နှာဖုံး-မြန်မာနိုင်ငံ၏ အင်တာနက် သတင်းအချက်အလက်စီးဆင်းမှုပမာဏ သုံးဆနီးပါးတိုးမြှင့် မှ

ထိုသို့ သတင်းအချက်အလက်စီးဆင်းမှုပမာဏ များလာခြင်းမှာ ယခင်က နိုင်ငံတကာအင်တာနက်လိုင်းအဖြစ် Sea-MeWe(3) ဖြစ်သော ဥရောပ-အာရှ ရေအောက်ကေဘယ်လ် နိုင်ငံတကာ ထွက်ပေါက်မှလာသော အင်တာနက်လိုင်းမှ အဓိကချိတ်ဆက်ထားရာမှ ယခုနှစ်ပိုင်းအတွင်း အိန္ဒိယ၊ တရုတ်၊ ထိုင်းစသောနိုင်ငံများနှင့် ဖိုက်ဘာဆက်ကြောင်းများ ထပ်မံချိတ်ဆက်ပြီးသွား၍ဖြစ်ကြောင်း ယင်းက ဆက်လက်ပြောကြားသည်။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း အင်တာနက်လိုင်းထပ်မံချိတ်ဆက်ရန် စီစဉ်နေသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် တပ်ဆင်ပြီးသော ဖိုက်ဘာဆက်ကြောင်း စုစုပေါင်းအရှည်မှာ မိုင်ရှစ်ထောင်ကျော်(ကီလိုမီတာ တစ်သောင်းကျော်) ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သော ရန်ကုန်နှင့်မန္တလေးကို



Hantharwaddy National Gateway
( International Backbone Links )

| No | Description | Upstream | Bandwidth |
| --- | --- | --- | --- |
| 1 | Sea-Me-We (3) East | | [illegible] |
| 2 | Sea-Me-We (3) East | | 45 Mbps |
| 3 | Sea-Me-We (3) West | | 4x 155 Mbps |
| 4 | Cross-Border (China) | | 2x 155 Mbps |
| 5 | Cross-Border (India) | | 2x 155 Mbps |
| [illegible] | [illegible] | | [illegible] |
| [illegible] | Cross-Border (Thai) | | [illegible] |
| Total Bandwidth | | | 3.145 Gbps |

2010 March Total Bandwidth = 1.285 Gbps

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဖိုက်ဘာဆက်ကြောင်းအပြင် မီးရထားလမ်းအတိုင်း သီးခြားဖိုက်ဘာဆက်ကြောင်းပါဆွဲထား၍ ဥရောပ-အာရှရေအောက် ကေဘယ်လ်ပြတ်တောက်လျှင်ပင် ထိုမြို့များ၌ အင်တာနက်အသုံးပြု၍ ရတော့မည်ဟုဆိုသည်။

"Bandwidth (အင်တာနက်သတင်းအချက်အလက် စီးဆင်းမှုပမာဏ)က အရင် 1.285 Gbps (တစ်စက္ကန့်လျှင် ၁ ဒသမ ၂၈၅ဂစ်ဂါဘစ်)ရှိရာက 3.145Gbps ရှိလာတာ သုံးဆနီးပါးတိုးလာတာပဲ။ ဒါကြောင့်ထင်တယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက အင်တာနက်မြန်နှုန်း နည်းနည်းမြန်လာတာ"ဟု အိုင်တီစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သူ၏အမြင်ကိုပြောသည်။


သတင်းအချက်အလက်စီးဆင်းမှုပမာဏ တိုးလာသော်လည်း ပြည်တွင်းရှိ အင်တာနက်သုံးစွဲသူအများစုက အင်တာနက်အသုံးပြုမှုတွင် မြန်နှုန်းမှာ ထူး၍ကောင်းမလာဟုဆိုသည်။ ထိုသို့ အင်တာနက်မြန်နှုန်းတိုးမလာခြင်းမှာ အင်တာနက်အသုံးပြုသူများလာခြင်းကြောင့် ဖြစ်ကြောင်း နည်းပညာကျွမ်းကျင်သူတစ်ဦးကပြောသည်။

ထိုသို့ အင်တာနက်စီးဆင်းမှုပမာဏတိုးလာသော်လည်း အင်တာနက်မြန်နှုန်း သိသိသာသာတိုးမလာခြင်းမှာ အင်တာနက်ဝန်ဆောင်မှုပေးသောလုပ်ငန်းများ၏ နည်းပညာနှင့် ကျွမ်းကျင်ဝန်ထမ်း အခက်အခဲအချို့ကြောင့် အမှန်တကယ်ဝန်ဆောင်မှုပေးနိုင်သင့်သလောက်မပေးနိုင်ခြင်းနှင့် မြန်မာနိုင်ငံအတွက် အင်တာနက် အဓိကဝင်ပေါက် (National Gateway)မှ စိစစ်မှုများပြုလုပ်နေ၍ဖြစ်နိုင်ကြောင်း နည်းပညာကျွမ်းကျင်သူတစ်ဦးက သူ၏အမြင်ကိုပြောကြားသည်။

# Health

7DAY NEWS JOURNAL

Vol.9, No.26 · SEPTEMBER 16, 2010



လူ၏ အတွင်းကလီစာများတွင် နှလုံးသည် အရေးအပါဆုံးနှင့်အလုပ်လုပ်ရဆုံးသောအင်္ဂါတစ်ခု ဖြစ်သည်။ နှလုံးသည် လူတစ်ဦးမိခင်ဝမ်းအတွင်း၌သန္ဓေတည်စဉ်အချိန်မှစ၍သေဆုံးသည် အထိ စဉ်ဆက်မပြတ်အလုပ်လုပ်ရသော အင်္ဂါတစ်ခုလည်းဖြစ်သည်။

## အသက်အန္တရာယ်ခြိမ်းခြောက်လာသော

# နှလုံးသွေးကြောကျဉ်းရောဂါ

■ သီဟ



ထို့ကြောင့် နှလုံးနှင့်ပတ်သက်သောရောဂါအမျိုးမျိုးသည်လည်းလူအများတွင် ခံစားကြရလေ့ရှိကြသည်။ မွေးရာပါ နှလုံးရောဂါ၊ အဆစ်အမြစ်ရောင်နှင့်တွဲ၍ဖြစ်သော နှလုံးရောဂါစသည်ဖြင့်အမျိုးမျိုး ဖြစ်ပွားလေ့ရှိကြသည်။

နှလုံးအဆို့ရှင်များ ပျက်စီးရာမှဖြစ်ပွားသည့် အဆစ်အမြစ်ရောင်နှလုံးရောဂါသည် ယခင်က အဖြစ်များသည့် ရောဂါတစ်ခုဖြစ်ခဲ့သော်လည်းနောက်ပိုင်းတွင်ဖြစ်ပွားမှု လျော့နည်းသွားသည်ဟု သိရသည်။

သို့သော် နှလုံးသွေးကြောကျဉ်းရောဂါသည် လူတိုင်းလောက်နီးပါး တစ်နေ့နေ့တစ်ချိန်ချိန်တွင်ရင်ဆိုင်ရဖွယ်ရှိသည့်အတွက် လူသားအားလုံးနှင့်သက်ဆိုင်သော ရောဂါတစ်ခုအနေနှင့် သတိထားကာကွယ်ရမည့်ရောဂါတစ်ခု ဖြစ်လာလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၁၉၇၀ ပြည့်နှစ်များအချိန်က ဖွံ့ဖြိုးပြီးနိုင်ငံများတွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးသူ အများဆုံးဖြစ်ခဲ့ပြီး၊ နောက်ပိုင်းတွင် အဆိုပါနိုင်ငံများမှ နေထိုင်မှုပုံစံများကြီးစားပြောင်းလဲလာသည့် အတွက် သေဆုံးမှုလျော့ကျလာသည်။ အဆိုပါ ရောဂါကြောင့်သေဆုံးမှု အများဆုံးနိုင်ငံများနေရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများကနေရာယူလာခဲ့သည်။

နှလုံးသွေးကြောကျဉ်းရောဂါသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ကမ္ဘာ့အသေအပျောက်အများဆုံးရောဂါတစ်ခု ဖြစ်လာပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ စစ်တမ်းများအရ ၁၉၉၆ ခုနှစ်တွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် ကမ္ဘာပေါ်တွင် လူပေါင်း ၁၅သန်းသေဆုံးရာမှ ၂၀၂၀ ပြည့်နှစ်တွင်၂၅သန်း သေဆုံးမည်ဟု ခန့်မှန်းကြောင်း သိရသည်။

ခန္ဓာကိုယ်တစ်ခုလုံးရှိ ဆဲလ်များသည် အာဟာရ လိုအပ်သကဲ့သို့ နှလုံးသည်လည်း အာဟာရလိုအပ်ကြောင်းနှင့် နှလုံးသည်သူ၏အခန်းများအတွင်းမှ သွေးများအား ခန္ဓာကိုယ်အနှံ့ ထုတ်လွှတ်ပေးသကဲ့သို့ သူကိုယ်တိုင်လည်း သွေးလိုအပ်ကြောင်း Keen Cie Health Care Service မှမန်နေးဂျင်း ဒါရိုက်တာ ဒေါက်တာကျော်မင်းကပြောသည်။

နှလုံးသွေးကြောကျဉ်းရောဂါသည်နှလုံးအတွင်းသို့ သွေးပို့သည့် သွေးကြောများ ကျဉ်းမြောင်းသွားရာမှ နှလုံးသည် သွေးလုံလောက်စွာမရရှိတော့ဘဲ နှလုံးသွေးငတ်ရာမှ ဖြစ်ပွားသည့်ရောဂါဖြစ်ကြောင်း သိရသည်။

နှလုံးသို့သွားသည့် သွေးကြောများတွင် အဆီများစုပုံရာမှ သွေးသွားလမ်းကြောင်းများ ကျဉ်းမြောင်းသွားပြီး နောက်ဆုံးတွင် သွေးကြောပိတ်သွားသည်အထိ ဖြစ် ပွားနိုင်သည်။

အဆိုပါရောဂါရရှိပါက ရင်ဘက်အောင့်သည့် ဝေဒနာခံစားရလေ့ရှိပြီး ရင်ဘတ်အောင့်ချိန်တွင် ECG ရိုက်ကြည့်ပါက နှလုံးသွေးကြောကျဉ်းရောဂါ တွေ့ရှိရလျှင် ထိုသူ၏သွေးကြော ၈၀ ရာခိုင်နှုန်းသည် ကျဉ်းနေပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် မိမိတွင်နှလုံးသွေးကြောကျဉ်းရောဂါရှိသည်ဟု သိပါက အစစအရာရာ သတိထားနေထိုင်သင့်ပြီး အချိန်မရွေး တစ်ခုခုဖြစ်သွားနိုင်သည်ဟု ဒေါက်တာကျော်မင်းကပြောသည်။

နှလုံးသွေးကြောကျဉ်းရောဂါသည် နှလုံးသို့ သွေးဝင်သည့် သွေးကြောတစ်ခုခုကျဉ်းသည့်အတွက် ဖြစ်ပေါ်ခြင်းဖြစ်သကဲ့သို့ ထိုသို့ဖြစ်ပေါ်ပါကလည်း ခန္ဓာကိုယ်၏ တစ်နေရာရာရှိ သွေးကြောတစ်ခုသည်လည်း ထပ်မံကျဉ်းနေနိုင်သည်ဟု သိရသည်။

ထိုရောဂါကြောင့် နှလုံးပမ်းခြင်း Heart Attack ဖြစ်ပွားပါက ထိုသူ၏ ခန္ဓာကိုယ်တွင် အနည်းဆုံးနှစ်နေရာခန့် သွေးကြောကျဉ်းနေပြီဖြစ်သည်ဟု သိရသည်။

နှလုံးသွေးကြောကျဉ်းရောဂါသည်များသည် ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ လှုပ်လှုပ်ရှားရှားလုပ်ပါက အဆိုပါဝေဒနာများ ပိုမိုခံစားရခြင်း၊ အလေးအပင်မခြင်း၊ အမြင့်တက်ခြင်း၊ အားစိုက်ရသည့် အလုပ်များလုပ်ပါက ရောဂါဒဏ်ကို ပိုမိုခံစားရနိုင်သည်။

ထိုသို့ဖြစ်ရခြင်းမှာ ပင်ပင်ပမ်းပမ်း အလုပ်လုပ်ပါက နှလုံးမှ သွေးပိုလိုအပ်ပြီး နှလုံးသို့ သွေးလုံလောက်စွာ မပေးနိုင်သောကြောင့် အထက်ပါအတိုင်း ခံစားရခြင်းဖြစ်သည်ဟု သိရသည်။

အချို့သော သူများသည် နှလုံးသွေးကြောကျဉ်းရောဂါရှိသော်လည်း အထက်ပါအတိုင်း မခံစားရဘဲ အသက်ရှူမဝသကဲ့သို့ဖြစ်ခြင်း၊ မအီမသာဖြစ်ခြင်း၊ ကိုယ်လက်မသယ်ချင် မလှုပ်ချင်ဖြစ်ခြင်း၊ရင်ဘတ်ထဲတွင်မကောင်းဖြစ်ခြင်း စသည့်လက္ခဏာများလည်း ခံစားရနိုင်သည်။

အဆိုပါရောဂါသည် အမျိုးသားများတွင် အများဆုံးဖြစ်ပွားနိုင်ပြီး အမျိုးသမီးများသည် ယင်းတို့တွင်ရှိသည့် ဟိုမုန်းဓါတ်ကြောင့် ငယ်ရွယ်စဉ်အချိန်တွင် အမျိုးသားများထက်ဖြစ်ပွားရန် အခွင့်အလမ်းနည်းသော်လည်း အသက် ၅၀ကျော်ပါက အမျိုးသားများနည်းတူဖြစ်ပွားနိုင်ကြောင်း သိရသည်။

ထို့အပြင် အသက်ကြီးသူများ၊ ဆေးလိပ်သောက်သူများ၊ သွေးတိုးရောဂါရှိသူများ၊ မိသားစုအတွင်း၌ထိုရောဂါ ဖြစ်ပွားဖူးသည့် ရာဇဝင်ရှိသူများ၊သွေးတွင်းအဆီဓါတ်များသူများ၊

စာ(၁၄)သို့

# တောင်ပြိုးပွဲတွင် ကွန်ဒုံးနှစ်သောင်းကျော် ဖြန့်ဝေပေးခဲ့

မြတ်စုမွန်

ရန်ကုန်၊ စက်တင်ဘာ – ၃

**အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် လျော့ချရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရှင်သန်ကူညီရေးအသင်းက တောင်ပြိုးပွဲတော်ရက်အတွင်း ကွန်ဒုံးနှစ်သောင်းကျော်ဖြန့်ဝေပေးခဲ့ပြီး ကျန်းမာရေးအသိပညာပေးဟော ပြောပွဲများ ပြုလုပ်ခဲ့ရာ နှစ်တိုင်းထက်အောင်မြင်မှုရရှိခဲ့ကြောင်း အဆိုပါအသင်းမှ သိရသည်။**

၂၀၀၄ ခုနှစ်မှ စတင်ကာ တောင်ပြိုးပွဲတွင် ယခုကဲ့သို့ သွားရောက်ပြီး အိတ်ချ်အိုင်ဗီ၊ အေ့စ်ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျစေရန် ကာကွယ်တားဆီးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ရာ ယခုနှစ်သည် အောင်မြင်မှုအရရှိဆုံးနှစ်ဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီနှစ်မှာ တောင်ပြိုးမှာ ရှိတဲ့ နတ်နန်းပေါင်း ၁၀၀ ကျော်ကိုသွားပြီး အသိပညာပေးဟောပြောပွဲတွေ လုပ်နိုင်ခဲ့တယ်။ အဲဒီကိုသွားစတုန်းက နှစ်တွေမှာ တချို့က နားမလည်ကြဘူး။ ပြီးတော့ စိတ်ဝင်စားမှုနည်းတဲ့အတွက် လူစုရုံးရတာ ခက်တယ်။ အခုနောက်ပိုင်းမှာ အဲဒီမှာရှိတဲ့ နတ်ကတော်တွေ ကိုယ်တိုင်ကလည်း သူတို့နတ်နန်းတွေမှာ ဟောပြောပွဲတွေလာလုပ်ခွင့်ပေးတယ်။ လူစုပေးတယ်။ သူတို့တွေ ဝိုင်းကူညီကြတဲ့အတွက် ပိုအောင်မြင်လာတယ်။ ၂၀၀၄ ခုနှစ်သွားတုန်း က ကွန်ဒုံး တစ်ထောင်၊ နှစ်ထောင်လောက်ပဲ ဝေနိုင်ခဲ့တယ်" ဟု ကျန်းမာရှင်သန်ကူညီရေးအဖွဲ့မှ ဒေါက်တာမြင့်မော်က ပြောသည်။



တောင်ပြိုးပွဲတော်သို့လာရောက်ကြသူများ။ ဓာတ်ပုံ–ဝေယံ

တောင်ပြိုးပွဲတော်ရက်အတွင်း ကွန်ဒုံးများ ဖြန့်ဝေပေးခြင်း အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်နှင့်သက်ဆိုင်သော အသိပညာပေးလုပ်ငန်းများကို ရန်ကုန်ဦးဝင်းနိုင်နတ်နန်း၊ ပြင်ဦးလွင် ဦးတင်မောင်နတ်နန်း၊ ဘောင်းဆောင်းဦးမြင့်စိုးနတ်နန်း၊ မန္တလေးနိုနိုနတ်နန်း၊ ဘောင်းဆောင်းဦးငွေနတ်နန်း၊ မန္တလေးလုံးလုံးနတ်နန်း၊ လှည်းကူးမဝါနတ်နန်း၊ ဦးဇော်မြင့်နတ်နန်း စသည့်နေရာများတွင် အဓိကလုပ်ဆောင်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

"အဲဒီမှာ လာနားထောင်ပြီးတဲ့ သူတွေထဲကနေ ချက်ချင်းပဲ မိုဘိုင်းသွေးစစ်ဌာနမှာ သွေးသွားစစ်ကြတဲ့လူတွေရှိတယ်။ ဒီလိုလုပ်ပေးတဲ့အတွက် ကာကွယ်ရေးရော၊ ကုသရေးအပိုင်းမှာပါ ပိုထိရောက်လာတယ်။ သူတို့ကို သေချာချာ ပြောပြတာက ကွန်ဒုံးသုံးကြဖို့နဲ့ တစ်ရာကျပ်လောက်ပဲတန်ဖိုးရှိတာလေးမသုံးမိလို့ တစ်ဘဝလုံး ဆုံးနိုင်တယ်ဆိုတဲ့ စကားပဲ။ ပထမတုန်းကဆိုရင် ဒီလိုပြောတဲ့အတွက် ဒီကိစ္စကို အားပေးတာလို့ ထင်ကြတယ်။ ဒါကိုလည်း သေသေချာချာရှင်းပြရတယ်" ဟု အဆိုပါ အဖွဲ့မှ ဦးဇော်ဝင်းက ပြောသည်။

တောင်ပြိုးပွဲတော်ရက် အပြီးတွင်လည်း မန္တလေး၊ စစ်ကိုင်းနှင့် ပြင်ဦးလွင်မြို့များတွင် အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ကူးစက်ခံရမှုနှုန်း လျော့ကျစေနိုင်သည့် အကာအကွယ်ပစ္စည်းများဖြစ်သော ကွန်ဒုံးများကို ဖြန့်ဝေနိုင်ခဲ့သေးကြောင်း အဆိုပါ ကျန်းမာရှင်သန်ကူညီရေးအဖွဲ့မှ သိရသည်။ ထို့ပြင် တောင်ပြိုးပွဲတော်ရက် အတွင်း အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် လျှော့ချရေးလုပ်ငန်းများကို မြန်မာနိုင်ငံအထက်ပိုင်းရှိ လူမှုရေးအဖွဲ့အစည်းများ လာရောက်ဆောင်ရွက်ခဲ့ကြပြီး ကျန်းမာရေးဦးစီးဌာနမှလည်း ရွှေ့လျားသွေးစစ်ဓာတ်ခွဲခန်းလာရောက် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကျန်းမာရှင်သန်ကူညီရေးအဖွဲ့သည် အိတ်ချ်အိုင်ဗီ ကူးစက်ခံထားရသူ ၁၃၀ ဦးအား လစဉ်အာဟာရထောက်ပံ့ပေးခြင်း၊ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုလုပ်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသော ရပ်ရွာအခြေပြုလူမှုကူညီရေးအဖွဲ့တစ်ခုဖြစ်ပြီး အဆိုပါ အဖွဲ့ရုံးခန်းကို မာယာသာသနာပြုကျောင်းတိုက် (င) ရပ်ကွက်၊ သန္တာ ၅ လမ်း၊ မြောက်ဥက္ကလာပမြို့၊ ဖုန်း ၆၉၉၆၃၂ တွင် နေ့စဉ် တနင်္လာမှ သောကြာအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.9, No.24 SEPTEMBER 16, 2010

**လူ့ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုချင်းစီသည် ခန္ဓာကိုယ်လှုပ်ရှားသွားလာ အသက်ရှင်နိုင်ရန် အတွက် လုပ်ငန်းရပ်များကို စနစ်တကျတာဝန်ယူ ဆောင်ရွက်လျက်ရှိကြသည်။**




သက်လတ်ပိုင်းတွေအဖြစ်များတဲ့

# အူအတက်ရောင်ရောဂါ

ဝတ်ရည်

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် တချို့သော အစိတ်အပိုင်းများမှာ ဖယ်ထုတ်လိုက်လျှင် ခန္ဓာကိုယ်အတွင်း နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သကဲ့သို့ တချို့အစိတ်အပိုင်းများမှာ ခွဲထုတ်လိုက်သော်လည်း အန္တရာယ် မဖြစ်နိုင်သည့် အစိတ်အပိုင်းများလည်းရှိသည်။

အစာအိမ်နှင့် အူလမ်းကြောင်းရှိ အူအတက်သည် ယခင်က ခန္ဓာကိုယ်အတွက် မလိုအပ်သည့် အရာဟု လက်ခံထားကြသည်။ နောက်ပိုင်းတွင် ထိုအစိတ်အပိုင်းသည် ရောဂါဝင်ရောက်လာပါက ပြန်လည်တုံ့ပြန်စနစ်များပါရှိကြောင်း တွေ့ရှိရသော်လည်း အူအတက်အားခွဲစိတ်ထုတ်လိုက်ရပါကလည်း အစာအိမ်နှင့် အူလမ်းကြောင်းလုပ်ငန်းများအားထိ ခိုက်မှုမရှိကြောင်း ဆေးတက္ကသိုလ်(၂)ခွဲစိတ်ကုပညာဌာနမှ လက်ထောက်ကထိက ဒေါက်တာနိုင်လင်းကပြောသည်။

"အူအတက်ရောင်ရောဂါက အစာအိမ်နဲ့ အူလမ်းကြောင်းရောဂါတွေထဲမှာအဖြစ်အများဆုံးရောဂါဖြစ်ပါတယ်။ သက်လတ်ပိုင်းအရွယ်လူငယ်တွေအများဆုံးဖြစ်တတ်ပြီး အူအတက်ကို ခွဲထုတ်လိုက်ရင်လည်း ကြီးမားတဲ့ နောက်ဆက်တွဲ ပြောင်းလဲမှုမရှိတဲ့အတွက် သူ့ရဲ့ခန္ဓာကိုယ်အတွင်း လုပ်ငန်းတွေကို အခုထိသေသေချာချာ မပြောနိုင်သေးပါဘူး"ဟု ဒေါက်တာနိုင်လင်းက ပြောသည်။

သက်လတ်ပိုင်းအရွယ်များတွင် အဖြစ်များကြပြီး ဆယ်ကျော်သက်အရွယ်မှ အသက်၂၅နှစ်ခန့်အထိ ဖြစ်ပွားသည့် အူအတက်ရောင်ခြင်းတွင် ယောကျ်ားလေးများမှာ ၃ ပုံ ၂ပုံ အရေအတွက်ရှိပြီး အသက် ၂၅ နှစ်နောက်ပိုင်း ဖြစ်ပွားသူများတွင် ယောကျ်ားလေးမိန်းကလေးအရေအတွက် တူညီကြောင်း သိရသည်။

အူအတက်ရောင်ရောဂါဖြစ်ပွားစေနိုင်သော အကြောင်းအရင်းများအနက် ဝမ်းချုပ်သည့်သူများမှာ အဖြစ်အများဆုံးဖြစ်ကြောင်း အဆိုပါဆရာဝန်ကပြောသည်။

ဝမ်းပုံမှန်သွားစေသည့် အမျှင်ဓာတ်ပါသည့် အသီးအရွက်များအစား အသားအစားများသူများ၊ ဖြူဖွေးအောင် ကြိတ်ထားသည့် ဆန်စားသုံးသူများမှာ ဝမ်းချုပ်လေ့ရှိကြပြီး ဝမ်းချုပ်ခြင်းကြာမြင့်လာပါက အူမကြီးတွင် စမင်းအသေးစားလေးများဖြစ်ပေါ်လာပြီး ထိုစမင်းလေးများ အူအတက်၏ အပေါက်ကိုပိတ်သည့်အခါ အူအတက်ထဲတွင် ဘက်တီးရီးယားပိုးများပေါက်ဖွား၍ အူအတက်ရောင်ခြင်းဖြစ်ပွားလေ့ရှိကြောင်း ဒေါက်တာနိုင်လင်းကပြောသည်။

အစာချေဖျက် ရန်ခက်ခဲသည့်အစားအစာများ၊ မာကြောသည့် သစ်သီးစေ့များကြောင့်အူအပေါက်ပိတ်ခြင်းကြောင့်လည်းကောင်း၊ အူမကြီးကင်ဆာဖြစ်ဖူးသူများကင်ဆာအကျိတ်များ အပေါက်တွင် ပိတ်မိခြင်းမှတစ်ဆင့်လည်းကောင်း၊ သန်ကောင်များ ပိတ်မိနေခြင်းကြောင့်လည်းကောင်း အူအတက်ရောင်ခြင်း ဖြစ်ပွားနိုင်ကြောင်းသိရသည်။

"အဓိကကတော့ အူအတက်နဲ့ အူမကြီးစပ်နေတဲ့အပေါက်ပိတ်ရင် အထဲမှာပိုးတွေ ပေါက်ပြီး အူအတက်ရောင်ခြင်း ဖြစ်ပေါ်လေ့ရှိပါတယ်"ဟု ဒေါက်တာနိုင်လင်းက ဆက်ပြောပြသည်။

အူအတက်ရောင်သည့်အခါ ဝမ်းဗိုက်ညာဘက် အခြမ်းမှာ နာကျင်ခြင်း၊ ပထမ နာစတွင် အန်ပြီး နောက်ပိုင်းအစာစားချင်စိတ်မရှိ၍ အစာမစားသော်လည်း ပျို့နေခြင်း၊ အဖျားငွေ့ငွေ့ရှိခြင်းတို့မှာ အူအတက်ရောင်ရောဂါ၏ လက္ခဏာများဖြစ်ကြသည်။

"အူအတက်ရောင်တဲ့အခါ တွေ့ရတဲ့လက္ခဏာတွေက တခြားရောဂါတွေရဲ့ လက္ခဏာတွေနဲ့ ဆင်တူတဲ့အတွက် အရမ်းသတိထားရပါတယ်။ ပြီးတော့အူအတက်ရောင်ရောဂါကို သေချာသိစေနိုင်တဲ့နည်းလမ်းလည်း ရှားပါးတဲ့အတွက် လိုအပ်တဲ့ စစ်ဆေးမှုတွေလုပ်ပြီး တခြားဆင်တူလက္ခဏာတွေပြတဲ့ရောဂါတွေ မဟုတ်ဘဲ အူအတက်ရောင်ပဲ ဆိုတာကို အတည်ပြုစစ်ဆေးရပါတယ်" ဟု အဆိုပါဆရာဝန်ကပြောသည်။

အူအတက်ရောင်ခြင်းသည် အချိန်မီခွဲစိတ်မှုပြုလုပ်ရပြီး အသက်အရမ်းငယ်ရွယ်လွန်းသူများ၊ အသက်ကြီးသူများ၊ ဆီးချိုရောဂါရှိသူများ အကြောင်းကြောင်းကြောင့် ကိုယ်ခံအားနည်းနေသူများ၊ ယခင်က ဝမ်းဗိုက်ခွဲစိတ်မှုခံယူဖူးသူများတွင် ရောင်ရမ်းမှုမှတစ်ဆင့် အူအတက်ပုပ်သွားလေ့ရှိကြောင်း သိရသည်။

အူအတက်ရောင်နေခြင်းအား အချိန်မီခွဲစိတ်မှု မရှိပါက အူအတက်ပုပ်ပြီး ပေါက်သွားခဲ့လျှင် ခန္ဓာကိုယ်တွင် သွေးအဆိပ်တက်ပြီး အသက်အန္တရာယ် ထိခိုက်နိုင်ကြောင်း ဒေါက်တာနိုင်လင်းကပြောသည်။

"သွေးအဆိပ်တက်တာက ဘယ်အချိန်မှာ ဖြစ်မလဲ ဆိုတာ သေသေချာချာမပြောနိုင်တဲ့ အတွက် ရှေ့မှာပြတဲ့လက္ခဏာ တွေပြရင် လက်လှမ်းမီတဲ့ ဆေးမီးတိုတွေနဲ့ ကုသတာမျိုး မလုပ်ဘဲ တတ်ကျွမ်းတဲ့ ဆရာဝန်တွေနဲ့ ပြသသင့်ပါတယ်" ဟု အဆိုပါဆရာဝန်ကပြောသည်။

အူအတက်ရောင်၍ ခွဲစိတ်ပြီးပါကလည်း အစားအသောက် အနေအထိုင် အထူးဆင်ခြင်ရန် မလိုဘဲ ပုံမှန်အတိုင်းနေနိုင်ပြီး ကြီးမားသော နောက်ဆက်တွဲဆိုးကျိုးများ မရှိနိုင်ကြောင်း သိရသည်။

နိုင်ငံတကာတွင်လည်း အူအတက်ရောင်ရောဂါသည် ဖြစ်ပွားမှုများပြားသည့် ရောဂါတစ်ခုဖြစ်ပြီး စာတမ်းများအရအစာအိမ်နှင့် အူလမ်းကြောင်းရောဂါများအနက် ၁၆ရာခိုင်နှုန်းခန့်မှာ အူအတက်ရောင်ရောဂါသည်များဖြစ်ကြောင်း ဒေါက်တာနိုင်လင်းက ပြောသည်။

# အနောက်တိုင်းဆေးရောထားသည့် တိုင်းရင်းဆေးများတွင် အကိုက်အခဲပျောက်ဆေးများ အများဆုံးဖြစ်

**ဝတ်ရည်**

ရန်ကုန်၊ စက်တင်ဘာ – ၁၁

ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်သည့် အနောက်တိုင်းဆေးရောနှောထားသည့် တိုင်းရင်းဆေးဝါးများတွင် အကိုက်အခဲပျောက်ဆေးဝါးများ အများဆုံးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ထားချက်အရသိရသည်။

ယခုလ ၁၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည့် အနောက်တိုင်းဆေးရောနှောထားသော ဆေး၅မျိုးအနက်၄မျိုးမှာ အကိုက်အခဲပျောက်ဆေးဝါးများဖြစ်သည်။

အကိုက်အခဲပျောက်ဆေးများထဲတွင် အများအားဖြင့် အနာဂျက်ဆင်ဆေးဝါးများထည့်သွင်းဖော်စပ်လေ့ရှိကြောင်း တိုင်းရင်းဆေးဆရာမတစ်ဦးနှင့် အထွေထွေရောဂါကုဆရာဝန်တစ်ဦးက ပြောသည်။

"အကိုက်အခဲပျောက်ဆေးများထဲတွင် များသောအားဖြင့် လုပ်ကြတာက အနာဂျက်ဆင်ဆေးတွေထောင်းထည့်ဖော်ကြတယ်။ သောက်လိုက်ရင် ချက်ချင်းချွေးတွေထွက်လာပြီး အဖျားကျသွားတယ်လေ။ တချို့ဆိုသက်တမ်းလွန်တဲ့ အနာဂျက်ဆင်တွေသုံးကြတဲ့အပြင် ဆေးအချိုးစားလည်းသတ်သတ်မှတ်မှတ်မရှိတဲ့အတွက် အန္တရာယ်များပါတယ်"ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာ ထွန်းသိန်းက ပြောသည်။

ယခုလ ၂ ရက်ကကြေညာထားသည့် အနောက်တိုင်းဆေးရောနှောသည့် ဆေးဝါးများတွင်လည်း အကိုက်အခဲပျောက်ဆေးများ၊ လေးဘက်နာပျောက်ဆေး၊ ပန်းနာရင်ကျပ်ပျောက် ဆေးဝါးများပါဝင်သည့်အပြင် ယခုကြေညာချက်သည် ယခုလအတွင်း ဒုတိယမြောက် ကြေညာချက်ဖြစ်သည်။

ယခင်ကမှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးဝါးများသာ ကြေညာလေ့ရှိရာမှ ယခုနောက်ပိုင်း အနောက်တိုင်းဆေးဝါးများ ရောနှောနေသည့် တိုင်းရင်းဆေးဝါးများကိုပါ ထည့်သွင်းကြေညာလာကြောင်းသိရသည်။

ယခုကြေညာသည့် ဆေးဝါးများတွင် မှတ်ပုံတင်ထားခြင်းမရှိသည့်ဆေး ၅ မျိုးနှင့် အနောက်တိုင်းဆေး ရောနှောထားသည့် နိုင်ငံကျော်ရွှေဂဲတံဆိပ် ကလေးအပူကျဆေး၊ အဲဗားဝဲလ်(သ်)စိန်သော့တံဆိပ် အကိုက်အခဲ ပျောက်ဆေးမှုန့်၊ ပိ(စ်)ပွဲဆေးရည်မွှေး၊ စိန်ကြည်လက်တွေ့အပူကျ ဖျားနာအကိုက်အခဲပျောက်ဆေး၊ ရွှေသော့အဲဗားဟက်သ် ဇေယျာသုခ အကိုက်အခဲပျောက်ဆေး တို့ဖြစ်ကြောင်းနိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

***စာ-၁၃၊ အသက်အန္တရာယ်ခြိမ်းခြောက်လာသော နှလုံးသွေးကြောကျဉ်းရောဂါ မှ***

ဆီးချိုရောဂါရှိသူများနှင့် ရည်မှန်းချက်ကြီးကြီးဖြင့် အဆမတန်ကြိုးစားသူများ စိတ်ဖိစီးမှုများသူများတွင် ဖြစ်ပွားလေ့ရှိကြကြောင်း သိရသည်။ အဆိုပါရောဂါကို အဓိကဖန်တီးသည့်တရားခံမှာ မသင့်မတင့်သည့်အစားအစာများကို စားသုံးရာမှ ရရှိလာသည့် ကိုလက်စတရောဓါတ်များကြောင့်ဖြစ်သည့်ဟု ဒေါက်တာကျော်မင်းကပြောကြားသည်။

အဆိုပါရောဂါအတွက် သွေးကြောအားပြန်လည်ကျယ်လာစေမည့် ကုထုံးများ၊သွေးကြောဖြတ်ဆက်သည့် ကုထုံးများ စသည်ဖြင့် အမျိုးမျိုးရှိသော်လည်း ကုသခြင်းသည် ဖြစ်ပွားပြီးမှကုသခြင်းဖြစ်သဖြင့် ပြန်လည်ဖြစ်ပွားရန် အခွင့်အလမ်းများနှင့် ကုသနေစဉ်အခြားအန္တရာယ်ဖြစ်စေသည့် အခွင့်အလမ်းများ များစွာရှိတတ်ကြသည်။ ထို့ကြောင့် မဖြစ်ခင်ကပင် ကြိုတင်ကာကွယ်မှုများပြုလုပ်ခြင်းသည်ပင်လျှင် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်ဟု ဒေါက်တာကျော်မင်းကပြောသည်။

နီလာ
GIDA SHOW ROOM
(ကျွမ်း/စ) Marketing

# Regional

7DAY NEWS JOURNAL

Vol.9, No.26 • SEPTEMBER 16, 2010


## နေပြည်တော်တွင် အုတ်ဈေးမြောက်

**ထူးသန့်**

**နေပြည်တော်၊ စက်တင်ဘာ- ၉**

တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသော နေပြည်တော်တွင် ဈေးကွက်လိုအပ်ချက်ကြီးမားလာသည့်နည်းတူ အုတ်ဈေးလည်း သိသိသာသာ မြင့်တက်သွားခဲ့ကြောင်းဒေသခံအုတ်လုပ်ငန်းရှင်အချို့က ပြောဆိုကြသည်။

မိုးရာသီအုတ်ထုတ်လုပ်မှုလျော့ချနေရသည့် အချိန်တွင် ဈေးကွက်မှလိုအပ်ချက် မြင့်မားနေသည့်အတွက် လှောင်အုတ်များထုတ်ရောင်းလျက်ရှိကာ ဈေးနှုန်းလည်း နေ့စဉ်ပြောင်းလဲလျက်ရှိကြောင်း ယခုအခါ လှောင်အုတ်များအပြင် အသစ်ထုတ်လုပ်မည့် အုတ်ထုတ်လုပ်ရေး လုပ်ငန်းများအထိပါ ဝယ်လက်များ စုပြုံလာကြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့က တစ်ပတ်မှသုံးသောင်းလောက်ပဲ ထုတ်နိုင်တာ။ ဝယ်လိုအားက သိန်းဂဏန်းအထိရှိနေတယ်"ဟု တစ်ပိုင်တစ်နိုင်ထုတ်လုပ်သောအုတ်လုပ်ငန်းရှင်တစ်ဦးကပြောကြားခဲ့သည်။ဈေးနှုန်းကလည်း လွန်ခဲ့သည့်နှစ်ပတ်ကျော်ကကျပ်၃၀ကျော်သာ ရရှိခဲ့ရာမှယခုအချိန်တွင်၄၀ကျပ်ကျော်အထိ ရရှိနေကြောင်း သို့သော်လည်း ယမန်နှစ်က နှုန်းကို မမီသေးကြောင်း ၎င်း၏ပြောဆိုချက်အရသိရသည်။

နေပြည်တော်တွင် ယခုနှစ်အတွင်း ကျင်းပမည့် ကျောက်စိမ်းနှင့် ကျောက်မျက်ပွဲတော်အတွက် တည်ဆောက်ရေးလုပ်ငန်းများအမြန်တည်ဆောက်လျက်ရှိရာ အချိန်နီးကပ်လေ၊ အုတ်လိုအပ်ချက်ကြီးမားလာလေဖြစ်လာပြီး ဈေးနှုန်းလည်း လိုက်ပါပြောင်းလဲနိုင်ကြောင်း ကုမ္ပဏီကြီးများသို့ အုတ်တာဝန်ယူပေးသွင်းလျက်ရှိသော လုပ်ငန်းရှင်တစ်ဦးကလည်း ပြောသည်။

"အဆောက်အအုံတွေ အမြန်ပြီးအောင်လုပ်ရလေ၊ အုတ်လိုအပ်ချက်ကြီးမားလေပဲ။ဒါကြောင့် အခု ၄၅၊ ၄၆ ကျပ်ဈေးထက်ကို ထပ်တက်လိမ့်ဦးမယ်"ဟု ယင်းက ပြောကြားခဲ့ပြီး ယမန်နှစ်ကလည်း မန္တလေး ပုဂံညောင်ဦး၊ မြင်းခြံ၊ တောင်တွင်းကြီး စသည့်ဒေသများမှပါဝယ်ယူတင်သွင်းခဲ့ရပြီး အုတ်ဈေးမှာလည်း၆၀ ကျပ်ကျော်အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။



ဓာတ်ပုံ- အောင်အောင်

## မွန်ပြည်နယ်တွင် ကွန်ပျူတာ ပညာရပ်ဆိုင်ရာ ဟောပြောဆွေးနွေး

**ဦးဟေ့ညာဏ်**

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (မွန်ပြည်နယ်)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (မွန်ပြည်နယ်) တို့ ပူးပေါင်း၍ ပြည်နယ်အတွင်းရှိ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ လုပ်ငန်းခွင်အထောက်အကူဖြစ်စေရန်နှင့် ကွန်ပျူတာသုံးစွဲသူ လူငယ်များအသိပညာတိုးပွားစေရန်ရည်ရွယ်၍ ကွန်ပျူတာပညာဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာလ ၄ ရက်က မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီးရှိ ကာရင်းဘုရားကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကွန်ပျူတာလုပ်ငန်းရှင်အသင်း (မွန်ပြည်နယ်) ဥက္ကဋ္ဌဦးအောင်ကျော်ဦးကလည်းကောင်း "How to Create a System Backup and Bootable CD" (ကွန်ပျူတာတွင် Windows မတက်တော့သည့် အခါမိနစ်ပိုင်းအတွင်းပြန်ကောင်းသွားစေရန် အရေးပေါ်စီဒီဖန်တီးခြင်း ခေါင်းစဉ်ဖြင့် Deep Freeze, Acronis Image Program များဖြင့် Program Install လုပ်ခြင်း၊အသုံးပြုခြင်းများကိုလည်းကောင်း လက်တွေ့ပြသခဲ့သည်။၎င်းနောက် တက်ရောက်လာသူများမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

## နေ့ချင်းပြန်ပီဇာဖြင့် ဘင်္ဂလားဒေ့ရှ်သို့ဝင်ရောက်ဈေးရောင်းသူများအား တာကာ ၅၀ကောက်ခံ

**မောင်သန်းဝင်း** **တောင်ပြို၊ စက်တင်ဘာ-၈**

မြန်မာ-ဘင်္ဂလားဒေ့ရှ်မောင်တောနယ်စပ်နီး တောင်ပြို၊ ငါးခူရ၊ ကျောက်ချောင်းစသည့် ဒေသများသို့ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသများမှ ရက်ချင်းပြန် (တစ်ရက်)ပီဇာကြေးများဖြင့် ဝင်ရောက်ဈေးရောင်းချသူများအား ဈေးရောင်းချခွန်အဖြစ် ဈေးသည်တစ်ဦးလျှင် တာကာငွေ ၅၀ သာကောက်ခံလျက်ရှိကြောင်း အဆိုပါဒေသဈေးကောက်များထံမှ သိရသည်။

ဇွန်လလယ်ပိုင်းကမိုးဒဏ်ကြောင့် မောင်တောဒေသ၌ ဟင်းသီးဟင်းရွက်စိုက်ခင်းအများအပြား ပျက်စီးခဲ့ပြီးဒေသတွင်း စားသုံးသူများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝင်ရောက်လာသော ဟင်းသီးဟင်းရွက်များကိုသာ ဝယ်ယူစားသုံးနေကြရကြောင်းသိရသည်။

"ဘင်္ဂလားဒေ့ရှ်ကနေ နေ့ချင်းပြန် ပီဇာ(Passports)နဲ့နေ့စဉ်ဟင်းသီးဟင်းရွက် လာရောက်ရောင်းချသူ၅၀ ဦးနဲ့အထက်ရှိပြီး အဲဒီဈေးသည်တွေဆီက ဈေးရောင်းချခွင့်အဖြစ် လူတစ်ဦးကိုတာကာ၅၀ ထိသာကောက်ခံကြပါတယ်" ဟုတောင်ပြိုမြို့နယ်ခွဲမှူးမှဈေးခေါင်းတစ်ဦးကပြောသည်။ဘင်္ဂလားဒေ့ရှ်မှ ဘုံဘိုင်အာလူး၊ဂေါ်ဖီဖူး၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ခရမ်းချဉ်သီး၊ မြွေညှိသီးစသည့်ဟင်းသီးဟင်းရွက် ၁၀ မျိုးခန့် အများဆုံးဝင်ရောက်နေပြီး လက်ရှိဘုံဘိုင် အာလူးတစ်ပိဿာလျှင် ၈၀၀ ကျပ်ဈေးရှိကြောင်း သိရသည်။

## နို့လွတ်မြင်းသားပေါက်တစ်ကောင် ကျပ်ရှစ်သောင်းအထိဈေးကောင်းရ

**မောင်သန်းဝင်း**

**မြောက်ဦး၊ စက်တင်ဘာ- ၈**

မြင်းမွေးမြူရေးလုပ်ငန်းကို အများဆုံးလုပ်ကိုင်သော မြောက်ဦးမြို့နယ်အတွင်း၌ ယခုနှစ်တွင် နို့လွတ်သုံးနှစ်၊ လေးနှစ်သား မြင်းသားပေါက်တစ်ကောင်ကို ကျပ် ၈၀,၀၀၀ အထိ ဈေးကောင်းရလျက်ရှိကြောင်း ဒေသခံမြင်းမွေးမြူရေးလုပ်ငန်းရှင်များမှသိရသည်။ မြောက်ဦးမြို့မှာ ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီ၊ ယာဉ်ကျေးမှုအမွေအနှစ်များ ပေါများစွာတည်ရှိနေသည့်အလျောက် နှစ်စဉ်ဘုရားဖူးဧည့်သည် အများအပြားဝင်ရောက်လေ့ရှိရာမြို့တွင်းမြို့ပြင်ဘုရားဖူးကြိုပို့လုပ်ငန်းနှင့်ဒေသတွင်း ရှင်ပြုအလှူအတန်းလုပ်ငန်းများအတွက် မြင်းတိုးချဲ့မွေးမြူမှုများပြားလာကြောင်း သိရသည်။

"အရင်နှစ်တွေက မြင်းသားပေါက်(နို့လွတ်)တစ်ကောင်ကို အများဆုံးငါးသောင်းခွဲခြောက်သောင်းဝန်းကျင်လောက်ပဲရှိတယ်။ ဒီနှစ်မှာတော့တစ်ကောင်ကိုခုနစ်သောင်းခွဲရှစ်သောင်းထိဈေးကောင်းနေပြီး စစ်တွေ၊ ပုဏ္ဏားကျွန်း၊မင်းပြားဒေသတွေမှလည်း ဝယ်ယူမွေးမြူမှုများလာပါတယ်"ဟု မြို့ခံမြင်းမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးကပြောပြသည်။ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မင်းပြားမြို့နယ်များ၌မြင်းသားပေါက်များ ဝယ်ယူမွေးမြူကြသူများမှာ ရေရှည်အကျိုးစီးပွားကိုချိန်ရွယ်ပြီး ဒေသတွင်းရှင်ပြုအလှူအတန်းလုပ်ငန်းများသို့ ငှားရမ်းပေးရန် မွေးမြူထားရှိလာကြခြင်းဖြစ်ကြောင်း သိရသည်။

## ပခုက္ကူစက်မှုဇုန်ထုတ် ရိုးမရာဇာဆိုင်ကယ်အရောင်းဆိုင်များ မြို့ကြီး ၁၆ မြို့တွင် ဖွင့်လှစ်

**ရန်ကျော်** **မုံရွာ၊ စက်တင်ဘာ- ၈**

ပခုက္ကူစက်မှုဇုန်ထုတ် ရိုးမရာဇာဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံမှထုတ်လုပ်သော Stream (YMD-110) နှင့် Stream (YMS 125) ဆိုင်ကယ်များ အရောင်းပြခန်းနှင့် ပြုပြင်ရေးဌာနများကို နယ်မြို့ကြီး ၁၆ မြို့တွင် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းစက်မှုဇုန်ထုတ် ရိုးမရာဇာဆိုင်ကယ်အရောင်းပြခန်းနဲ့ ပြုပြင်ရေးဌာနတွေကို နယ်ဒေသမြို့ကြီး ၁၆ မြို့မှာ နယ်ကိုယ်စားလှယ်များထားရှိရောင်းချပေးပါတယ်။ ရိုးမရာဇာဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံကနေထုတ်လုပ်တဲ့ Stream (YMD 110) နဲ့ Stream (YMS 125) ဆိုင်ကယ်များကို အရည်အသွေးမြင့် ထုတ်လုပ်ထားပြီး လိုအပ်တဲ့ ဆိုင်ကယ်အပိုပစ္စည်းများ အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် နယ်မြို့တွေမှာ အရောင်းဆိုင်တွေ ဖွင့်လှစ်ပေးထားတာဖြစ်ပါတယ်။ ရိုးမရာဇာဆိုင်ကယ်ထုတ်လုပ်ရေးကို ပခုက္ကူစက်မှုဇုန်မှာ ထုတ်လုပ်ပြီး ရုံးချုပ်ကို ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားပါတယ်"ဟု စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ မုံရွာမြို့ မြို့တော်ခန်းမတွင် ကျင်းပသော အီလက်ထရွန်နစ်နှင့် လူသုံးကုန်ပစ္စည်းဈေးရောင်းပွဲတော်တွင် ပါဝင်ပြသခဲ့သည့် ရိုးမရာဇာဆိုင်ကယ်အရောင်းပြခန်းတာဝန်ရှိသူတစ်ဦးကပြောသည်။

ပခုက္ကူစက်မှုဇုန်ထုတ် ရိုးမရာဇာ ဆိုင်ကယ်များကို ယခင်နှစ်အတွင်းက "လ" (ဒရင်မှတ်) နံပါတ်များဖြင့် ထုတ်လုပ်ပြီး ယခုနှစ်မှစ၍ (၁၇/ယ)(၁၈/ယ) နံ ပါတ်များဖြင့် စစ်ကိုင်းတိုင်းအတွင်း ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။ ရိုးမရာဇာဆိုင်ကယ်ထုတ်လုပ်ရေးရုံးချုပ်ကို ရန်ကုန်မြို့တွင် အခြေစိုက်ပြီး နယ်အရောင်းကိုယ်စားလှယ်များအဖြစ် မန္တလေး၊ ဖျာပုံ၊ ဟင်္သာတ၊ မြောင်းမြ၊ ပုသိမ်၊ စစ်တွေ၊ ပြည်၊ မုံရွာ၊ ပခုက္ကူ မင်းဘူး၊ ပျဉ်းမနား၊ တောင်ကြီး၊ ချောက်၊ တောင်တွင်းကြီး၊ တောင်ငူမြို့သစ်စသော မြို့များတွင် အရောင်းဆိုင်နှင့် ပြုပြင်ရေးစင်တာများဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

Stream (YMD-110) ရိုးမရာဇာဆိုင်ကယ်သည် အင်ဂျင် Capacity (108.97 cc) တပ်ဆင်ထားပြီး ဓာတ်ဆီတစ်ဂါလန် မိုင် ၁၅၀ နှုန်းမောင်းနှင်နိုင်ကြောင်း သိရှိရသည်။ ဆိုင်ကယ်ကိုယ်ထည်များအား အခြားဆိုင်ကယ်များထက် (1mm) ပိုသော သံသားထူများတပ်ဆင်ထားကြောင်း သိ ရှိရသည်။ Stream (YMS-125)ရိုးမရာဇာဆိုင်ကယ်သည် (125cc) အင်ဂျင်တွင် Recirulation Gadget တပ်ဆင်ထား၍ လေထုညစ်ညမ်းမှု ကာကွယ်ရေးစနစ်တပ်ဆင်ထားပြီး ဓာတ်ဆီတစ်ဂါလန် မိုင် ၁၄၀ မောင်းနှင်နိုင်ကြောင်းသိရှိရသည်။ ရိုးမရာဇာဆိုင်ကယ်များအား ဝယ်ယူပြီး ၆ လအတွင်း အင်ဂျင်ပိုင်းဆိုင်ရာ ချို့ယွင်းမှုအတွက် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရှိရသည်။

"မုံရွာမြို့ပေါ်မှာ စူပါကတ်တွေစီးတာပိုများတယ်။ ဈေးသက်သာတာရော၊ ဆီစားသက်သာတာရောကြောင့် စူပါကတ် (90cc) ကိုပိုစီးကြတာ။ (125cc) နဲ့ (110cc) တွေက စီးလို့တော့ ကောင်းတယ်။ မုံရွာမြို့မှာထက် မကွေး၊ ပခုက္ကူဘက်မှာ စီးတဲ့သူတွေပိုများတယ်"ဟု မုံရွာမြို့ခံ ဆိုင်ကယ်ပွဲစားတစ်ဦးက ပြောသည်။

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ကျောင်းပြင်ပ ပညာရေးတွင် ၂ နှစ်သင်ယူပြီး ပဉ္စမတန်းသို့ တက်ရောက်သင်ကြားနိုင်တော့မည်

**မင်းကောင်းစံ**

**သိမ်ဇရပ်၊ စက်တင်ဘာ- ၈**

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပညာ မသင်ကြားနိုင်ခဲ့သည့် ကလေးငယ်များအတွက် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့(ယူနီဆက်)တို့ ပူးပေါင်း၍ ကျောင်းပြင်ပပညာရေးစီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိုစီမံကိန်းကြောင့် အသက်ဆယ်နှစ်မှ ဆယ့်လေးနှစ်အရွယ်ကလေးငယ်များသည့်ကျောင်းပြင်ပတွင် ၂နှစ်သင်ယူပြီးပါကပဉ္စမတန်းတက်ရောက်သင်ကြားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

NFPE အမည်ရှိကျောင်းပြင်ပပညာရေးစီမံကိန်းအား မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ **ဧရာဝတီတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီး**တို့တွင် အကောင်အထည်ဖော်လျက်ရှိပြီး မွန်ပြည်နယ်တွင် ကျိုက်ထိုမြို့နယ်အတွင်း နေရာငါးနေရာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "အရင်က ကျောင်းလုံးဝမတက်ခဲ့ဖူးတဲ့ ကလေးတွေကို Level 1 နဲ့ ရေးတတ်၊ ဖတ်တတ်နေတဲ့ ကလေးတွေကို Level 2 ဆို ပြီး အဆင့်နှစ်မျိုးခွဲ သင်ပေးတယ်။ Level 2 အောင်ပြီးသွားတဲ့သူဆို ပဉ္စမတန်းမှာ ပညာသင်ယူနေတဲ့ကလေးက ငါးဦးထိ ရှိနေပြီ။ ကျောင်းချိန်က ညနေလေးနာရီကနေ ညနေ ခြောက်နာရီအထိ တစ်ပတ်မှာ ခြောက်ရက်သင်ပေးတယ်။ ကျောင်းလာပြန်တက်တဲ့ကလေးငယ်ပေါင်းကအားလုံး နှစ်ဆယ့်နှစ်ဦးကိုပြဌာန်းထားတဲ့သင်ရိုးညွှန်းတန်းအသစ်တွေနဲ့ သင်တယ်။ ယူနီဆက်ကလည်း ကလေးတွေအတွက် လွယ်အိတ်၊ မိုးကာ၊ အကျီ၊ ဘောင်းဘီ၊စာအုပ်၊ ခဲတံ၊ ခဲဖျက်ကအစ ထောက်ပံ့ပေးတယ်" ဟု ကျောင်းပြင်ပပညာရေးစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်နေသော သိမ်ဇရပ်မြို့မူလွန်နဝရတ်ကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိခိုင်က ပြောသည်။



ကျောင်းချိန်ကိုကလေးငယ်များအတွက် အဆင်ပြေအောင် ဖွင့်လှစ်ထားပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ အထွေထွေဘာသာ(အခြေခံသိပ္ပံ၊ ပထဝီ၊ သမိုင်း၊ ဘဝတွက်တာ ကျွမ်းကျင်စရာ၊ စာရိတ္တနှင့် ပြည်သူ့နီတိ၊ ပြည်ထောင်စုစိတ်ဓာတ်၊ ကာယနှင့် အားကစားဘာသာရပ်များအား ကျောင်းစနစ် မူလတန်းပညာရေး သင်ရိုးညွှန်းတန်းနှင့် ကိုက်ညီအောင် ရေးဆွဲထားသောကျောင်းပြင်ပ မူလတန်းပညာရေးသင်ရိုးညွှန်းတမ်းစာအုပ်များနှင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။




Wedding Fair 2010

Visit our wedding fair and our attentive wedding planners will assist you in planning your big day, right down to the finer details.

Stars & Models Int'l ... Fashion Show ... Khin San Win | Yes I Do | Taw Win Thu | Chaw Su | Forever | Bio-Essence | Memory | Love | Win Myint ... Hair & Make up ... Khin San Win ... Attractive Lucky Draw ...

... PARKROYAL Yangon, Grand Ballroom
FREE ADMISSION

... wedding package ... *၁၀ % ...

*Terms & conditions apply

For registration to the wedding fair, please dial 250 388 ext 8103 or email banquet@parkroyalhotels.com.mm

Main Sponsor: Bio-essence

Co sponsors: Lily wellwoman GINVERA

PARKROYAL

33 Alan Pya Phaya Road, Dagon Township, Yangon, Myanmar. Tel: +95 1 250 388

parkroyalhotels.com

## မြန်မာ့ဆန်တွင်ပါဝင်သော အာဆင်းနစ်ပမာဏကို အခမဲ့စမ်းသပ်ခွင့်ပြုရန် ဂျပန်ကမ်းလှမ်း

**ထူးသန့်**

**နေပြည်တော်၊ စက်တင်ဘာ- ၉**

ဂျပန်နိုင်ငံစားသောက်ကုန်လုပ်ငန်းဓာတ်ခွဲခန်းသုတေသနအဖွဲ့တစ်ခုက မြန်မာနိုင်ငံ ဆန်စပါးများတွင် အာဆင်းနစ်(စိန်ဓာတ်) ပါဝင်မှုကို အခကြေးငွေမယူဘဲစမ်းသပ်ပေးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ မြန်မာနိုင်ငံလာရောက်စဉ်ပြည်တွင်း အဖွဲ့အစည်းတစ်ခုနှင့် တွေ့ဆုံရာ၌ပြောကြားသည်။

အဆိုပါ အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့နှင့် ပြီးခဲ့သည့်ဩဂုတ်လ ၁၉ရက်ကပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI ရုံးခန်းမတွင် တွေ့ဆုံဆွေးနွေးရာ၌ ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း လယ်ယာစီးပွားစာစောင်တွင် ဖော်ပြပါရှိသည်။

လူတို့စားသုံးသော ကုန်စည်များတွင် အာဆင်းနစ်ဓာတ်ပါဝင်မှု ပမာဏနှင့်ပတ်သက်ပြီး နိုင်ငံတကာ လက်ခံထားသော စံနှုန်းများအရ ရေတွင် 0.05ppm အစားအစာများတွင် 0.2 ppm ဟူ၍ သတ်မှတ်ထားသည်။ ထိုပမာဏ၏ အောက်တွင်ရှိသော ပမာဏအချိုးအစား၌သာ စားသုံးသင့်ပြီး ppm ဆိုသည်မှာ တစ်သန်းပုံတစ်ပုံကို ဆိုလိုကြောင်း စိုက်ပျိုးရေး ပညာရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဂျပန်နိုင်ငံမှ အဆိုပါ အဖွဲ့က ၎င်းတို့နိုင်ငံသို့ တင်ပို့သော မြန်မာ့တန်းမြင့်ဆန်တွင်အာဆင်းနစ်ပါဝင်မှုသတ်မှတ်ပမာဏထက် ပိုမိုပါဝင်နေ၍ မြန်မာနိုင်ငံသို့ ပြန်လည်ပို့ခဲ့ဖူးကြောင်း သတင်းရရှိသည်။

"အာဆင်းနစ်က ကြွက်သတ်ဆေး၊ ပေါင်းသတ်ဆေးနဲ့ မှိုရောဂါကိုနှိမ်နင်းတဲ့ဆေးတွေမှာလည်း ပါနေတတ်ပါတယ်။ ဧရာဝတီတိုင်း သာပေါင်းဘက်မှာဆိုရင်လည်း ရေထဲမှာကို ပါဝင်နေတတ်တယ်။ ဒါကြောင့် အဲဒီဒေသနဲ့ ဓာတုဆေး အသုံးများတဲ့ ဒေသထွက်စပါးတွေမှာ တွေ့နိုင်တာဖြစ်နိုင်တယ်"ဟု ၎င်းကပြောကြားခဲ့ခြင်းဖြစ်ပြီး သီးနှံများတွင် အာဆင်းနစ်ပါဝင်မှုများက ဦးနှောက်ကို တဖြည်းဖြည်း ဒုက္ခပေးနိုင်ကြောင်း ခန္ဓာကိုယ်ထုံကျင်ကိုက်ခဲမှုဖြစ်လာနိုင်ကြောင်း နှလုံးကို ထိခိုက်ပြီးလည်းသေဆုံးနိုင်ကြောင်း၊ ကင်ဆာရောဂါလည်း ဖြစ်နိုင်ကြောင်း လယ်ယာစီးပွားစာစောင်တွင်ဖော်ပြပါရှိသည်။

## မောင်တောနယ်စပ်ဒေသတွင် အင်တာနက် စတင်သုံးစွဲနိုင်

**မောင်ကံ**

**မောင်တော၊ စက်တင်ဘာ- ၈**

မောင်တောနယ်စပ်ဒေသပထမဆုံးအင်တာနက်ဝန်ဆောင်မှု အဖြစ်ကြေးနန်းရုံးတွင် ဩဂုတ်လ ၁၀ ရက်မှ စတင်ဖွင့်လှစ်ပေးထားကြောင်း သတင်းရရှိသည်။

"အင်တာနက်ဝန်ဆောင်မှုစပေးနေပြီဖြစ်တဲ့အတွက် အင်တာနက်သုံးစွဲလိုသူတွေအဖို့အဆင်ပြေသွားပေမယ့်ကွန်ပျူတာကတစ်လုံးတည်းဖြစ်နေတဲ့အတွက် အသုံးပြုရတာ အခက်အခဲရှိနေပါသေးတယ်"ဟု အင်တာနက်သုံးစွဲသူတစ်ဦးကပြောသည်။မောင်တောနယ်စပ်ဒေသတွင် ဆက်သွယ်ရေးလုပ်ငန်းများအဖြစ် ဖက်စ်၊ အင်တာနက်၊ အီးမေးလ်ဝန်ဆောင်မှုရရှိလာသည့်အတွက် ဒေသတစ်ခုနှင့်တစ်ခုဆက်သွယ်မှု လွယ်ကူလာသည်။ ယခင်က အိုင်ပီစတားတယ်လီဖုန်းဖြင့်အင်တာနက်ကြည့်ရှုခွင့်ရခဲ့သော်လည်း ယခုနောက်ပိုင်းအိုင်ပီစတားဖုန်းလုပ်ငန်းများ ပိတ်သိမ်းခြင်းနှင့်အတူအင်တာနက်ဝန်ဆောင်မှုမရှိတော့ကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# ပဲခူးရွှေမော်ဓောစေတီ ရွှေသင်္ကန်းကပ်လှူပွဲအတွက် ကျပ်သိန်း ၇,၀၀၀ ကျော် သုံးစွဲမည်


**မြတ်စုမွန်**

**ပဲခူး၊ စက်တင်ဘာ - ၇**

ငါးနှစ်တစ်ကြိမ်ကျင်းပသည့် ပဲခူးရွှေမော်ဓောစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲကို ယခုနှစ်အတွင်း ကျင်းပပြုလုပ်နိုင်ရန် စတင်စီစဉ်လျက်ရှိပြီး ကျပ်သိန်းပေါင်း ၇၀၀၀ ကျော် ကုန်ကျခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့မှ သိရှိရသည်။

ယခုနှစ်အတွင်း ကျင်းပပြုလုပ်သွားမည့် စတုတ္ထအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲသည်ယခင်နှစ်များကထက် သုံးစွဲသွားမည့်ငွေပမာဏအများဆုံးဖြစ်ကြောင်း ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ-၂က ပြောသည်။ ရွှေမော်ဓောစေတီတော် စတုတ္ထအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ရွှေဆိုင်းပေါင်း ၂၇,၁၄၇ ဆိုင်းကပ်လှူသွားမည်ဖြစ်ပြီး ထီးတော်၊ ငှက်ပျောဖူး၊ ကြာမှောက်ကြာလှန်၊ ဖောင်းရစ်၊ ခါးပတ်၊ ခေါင်းလောင်း၊ ခေါင်းလောင်း နှုတ်ခမ်း (ဂေါ်)၊ ကျည်းဝန်းငါးဝန်းအထိ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"အခု စက်တင်ဘာ ၁ရက်နေ့က စပြီးငြမ်းဆင်တယ်။ သိန်း ၁၇၀ ကုန်တယ်။ ရွှေသင်္ကန်းဝယ်မယ့်ပစ္စည်းတွေကတော့ တစ်ဝက်လောက်ဝယ်ပြီးပြီ။ ဘုရားကြီးမှာ ရွှေဟောင်းမိုက်ထုတ်ခြင်း



ဓာတ်ပုံ- မြတ်စုမွန်

လုပ်ငန်းကရွှေစင်လေးပိဿာရနိုင်တယ်။ အခုရွှေတင်ဒါခေါ်ထားတယ်။ ဇန်နဝါရီလကုန်ရင် အားလုံးအပြီးသတ်မယ်။ မတ်လမှာ ငြမ်းဖျက်မယ်။ ငြမ်းဖျက်ပြီးတာနဲ့ ဘုရားပွဲကြီးစမယ်"ဟု ပဲခူးရွှေမော်ဓောစေတီတော်ဂေါပကအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ-၂ဦးမောင်ကြည်ကပြောသည်။

ပဲခူးရွှေမော်ဓောစေတီတော်ကို ၁၉၈၈-၈၉ တွင် ပထမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်ခဲ့ရာ ကျပ်သိန်း၁၀၀ သုံးစွဲခဲ့သည်။ ၁၉၉၈-၉၉ တွင်ဒုတိယအကြိမ်ကပ်လှူခဲ့ရာကျပ်သိန်းပေါင်း ၁၁၂၀ နှင့် ၂၀၀၄-၀၅ ခုနှစ်တွင် တတိယအကြိမ်ကပ်လှူခဲ့ရာ ၈၉၈ ကျပ်သိန်းအသီးသီးကုန်ကျခဲ့ကြောင်းဂေါပကအဖွဲ့မှတ်တမ်းများရ သိရသည်။ ယခုနှစ်တွင် စေတီတော်အား ရွှေသင်္ကန်းကပ်လှူခြင်းအပြင် ရင်ပြင်တော်ဘက်စုံပြုပြင်မှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

# ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲထားသော စပါးသီးနှံစိုက်ခင်းပင်များစားမိရာမှ ကျွဲ၊ နွားများ သေဆုံး

**မောင်သန်းဝင်း** **မြောက်ဦး၊ စက်တင်ဘာ- ၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း ကျေးရွာအချို့၌ တောင်သူများမှ စပါးစိုက်ခင်းများအတွင်း စပါးဖျက်ပိုးမွှားအန္တရာယ်ကျရောက်မှုကာကွယ်နှိမ်နင်းကြရာတွင် အာနိသင်ပြင်းသော ဓာတုဆေးဝါးများကို အလွန်အကျွံသုံးစွဲလာကြပြီး ယင်းစပါးသီးနှံပင်များအား ကျွဲ၊ နွားများ စားသုံးရာမှ သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်တော့ မိုးဦးပိုင်းကဥတုဖောက်ပြန်လို့လားမသိဘူး။ အခုအချိန်မှာတော့ စပါးစိုက်ခင်းတွေမှာ စပါးဖျက်ပိုးမွှားတွေက တောင်သူတွေရဲ့ မိသားစုစားဝတ်နေရေးကို ထိခိုက်နိုင်ဖွယ်အနေအထားထိဖျက်ဆီးမှုများလာတယ်။ ဒါကြောင့်တောင်သူတွေက စိုးရိမ်ကြောင့်ကြပြီး အာနိသင်ပြင်းတဲ့ ဓာတုဆေးဝါးတွေကို အလွန်အကျွံအသုံးပြုဖျန်းလာကြတယ်။ အဲဒီစပါးသီးနှံပင်တွေကို ကျွဲ၊ နွားတွေစားမိရာမှ အစာအဆိပ်ဖြစ်ပြီးသေသွားတာပါ"ဟု မြောက်ဦးမြို့နယ် ကံစောက်ကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။ ထိုသို့ဆေးဝါးများ သုံးစွဲပက်ဖျန်းထားသော စပါးခင်းများအား ကျွဲ၊ နွားတိရစ္ဆာန်များစားမိခြင်းမှာ စားကျက်ကွက်၌ ထိန်းကျောင်းသူများ၏ ပေါ့ဆမှုကြောင့်ဖြစ်ကြောင်း၊ ယင်းကဲ့သို့စားမိရာမှ သေဆုံးမှုဖြစ်ပေါ်ခြင်းမှာဘီတီကဲ့သို့ အာနိသင်ပြင်းသော အင်ဖိုတက်ဆေးဝါးများကို သုံးစွဲမှုများရှိလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

# မောင်တောမြို့အတွက် ကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်း အလုံး ၉၀၀ ခန့် ချပေးမည်

**ဂျွန်ကိုလင်း** **မောင်တော၊စက်တင်ဘာ - ၄**

ရခိုင်ပြည်နယ် စစ်တွေ၊ ကျောက်တော်နှင့် မြေပုံမြို့များတွင်ချပေးထားပြီးဖြစ်သော ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများကို ယခုအခါ မောင်တောနယ်စပ်မြို့အတွက်ပါ ဖုန်းအလုံးရေ ၉၀၀ ခန့်ချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။ အဆိုပါ ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများချပေးရန်အတွက် လျှောက်လွှာများကို မောင်တောဆက်သွယ်ရေးရုံးမှ စတင်ခေါ်ယူနေပြီဖြစ်ပြီး ဒေသခံအများစုစိတ်ဝင်တစားလျှောက်ထားကြကြောင်းသိရသည်။ ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်း လျှောက်လွှာများခေါ်ယူနေစဉ် ယခင်ကစီဒီအမ်အေ ၄၅၀ မီဂါဟတ်ဟန်းဆက်ဖုန်းများကိုသုံးစွဲခွင့်ရထားသူများက ပြန်လည်ရောင်းချမှုများရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် ကျောက်တော်မြို့နယ်၌ ဖုန်းအလုံးရေ ၅၀၀၊ စစ်တွေမြို့နယ်၌ ဖုန်းအလုံးရေ ၁၀၀၀ ကိုချပေးထားပြီဖြစ်ပြီး မောင်တောနယ်စပ်တွင်ချပေးမည့် ငါးသိန်းတန်စီဒီအမ်အေဖုန်းများကို အော်တိုတယ်လီဖုန်း၊ စီဒီအမ်အေ ၄၅၀ မီဂါဟတ်များ ချပေးထားခြင်းမရှိသေးသည့် ဘူးသီးတောင်မြို့မှ ဒေသခံများလည်း လျှောက်ထားမှုများနေကြောင်း သိရသည်။

# မင်းဘူးရှိ ယာမြေများတွင် သီးနှံဖျက်ပိုးအချို့ ကျရောက်နေ

**အိဖြူမွန်**

**မင်းဘူး၊ စက်တင်ဘာ- ၇**

ရာသီဥတုပြောင်းလဲမှုများကြောင့် မင်းဘူးခရိုင်အတွင်းရှိ ယာမြေများတွင် မကြုံဖူးသော သီးနှံ ဖျက်ပိုးအချို့ ကျရောက်နေကြောင်း မင်းဘူးခရိုင်အတွင်းရှိ ကျေးရွာအချို့မှ သတင်းရရှိသည်။

သီးနှံဖျက်ပိုးတစ်ခုသည် ပွင့်ထွေးပိုး(ဒေသအခေါ်)နှမ်းစိုက်ရာသီ၌ ယာမြေအချို့တွင် ယင်းပိုးကျရောက်ခြင်းကြောင့် သီးနှံအထွက်လျော့ခဲ့ကြောင်း၊ ပိုးသတ်ဆေးဖျန်းနိုင်သည့်တောင်သူအချို့တွင် အမြတ်မကျန်သော်လည်း အရင်းကျန်ရှိကြောင်း ရွှေနတ်တောင်မြောက်ဘက်ရွာမှ တောင်သူလုပ်သက်သက်တမ်း ၁၅ နှစ်ရှိသူတစ်ဦးကပြောသည်။

ယင်းပိုးကို ဒေသအခေါ် ပွင့်ထွေးပိုးဟုခေါ်ပြီး ယင်းပိုးသည် နှမ်းများအပွင့်ထွက်ချိန်၌ အပွင့်များပေါ်တွင် ကျရောက်သောကြောင့်ပွင့်ထွေးပိုးဟုခေါ်ကြောင်း ယင်းတောင်သူက ထပ်မံရှင်းပြသည်။ တစ်ဧကလျှင် ပုံမှန်နှမ်းအတင်း ၇၀ နှင့် ၈၀ ကြားထွက်ရှိသောယာဧကများတွင် ယခုနှစ်၌ နှမ်း ၁၀တင်းသာထွက်ရှိကြောင်း၊ ၎င်းတို့ကျေးရွာတွင် နှမ်းအထွက်နည်း၍ ဈေးကောင်းရခဲ့ကြောင်း ပက်ပယ်ကျေးရွာမှ တောင်သူဦးတင်မောင်အေးကပြောသည်။

"ဒီအရင်နှစ်တွေက မိုးအဲဒီလောက်မခေါင်ဘူး။ ဒီတစ်ကြိမ်ပဲ တွေ့ဖူးတယ်။ နှမ်းဖူးတုန်း၊ ပွင့်တုန်းမိုးပြတ်သွားလို့ ဒီပိုးတွေကျတာထင်တယ်။ ခါတိုင်းနှစ်တွေက မိုးရေနဲ့ပါသွားလို့ ဒီပိုးတွေမတွေ့ရတာဖြစ်လိမ့်မယ်။ ဦးတို့ရွာမှာဆိုရင် နှမ်းမရတာက များတယ်။ မောင်းတစ်တိုးတစ်ပုံကိုတစ်တင်းပဲရတယ်။ အရင်က သုံးတင်းရကြတဲ့မောင်းတွေပေါ့" ဟု အထက်ပါတောင်သူက ထပ်မံပြောသည်။

ဒေသကိုလိုက်၍သီးနှံဖျက်ပိုးကျရောက်သော ပိုးများကွဲပြားသည်။ အများဆုံးကျရောက်သော ပိုးများမှာ ရွက်စိမ်းပိုး၊ပြပိုး၊ပွင့်ထွေးပိုး၊ရွက်လိပ်ပိုးတို့ဖြစ်ကြောင်း ကျေးရွာအချို့မှတောင်သူများကပြောသည်။ယင်းသို့ပိုးများကျရောက်ခြင်းသည် စိုက်ပျိုးရာသီ၌ မိုးခေါင်ခြင်းနှင့် ယင်းပိုးများကို သဘာဝအရ နှိမ်နင်းပေးသော ဇရက်နှင့် စ ာကလေးငှက်များရှားပါးလာခြင်းကြောင့်ဖြစ်နိုင်ကြောင်း ကျေးရွာဒေသခံများကၡင်းတို့အမြင်များကို ပြောပြသည်။

"ဒီရွာမှာတော့ ရွက်လိပ်ပိုးကျတာများတယ်။ ပိုးသတ်ဆေးဖျန်းနိုင်တဲ့သူလောက်သာ မျိုးရကြတာ။ အပင်တွေဆိုရင် မိုးခေါင်လို့ အဖျားတွေခြောက်ကုန်ကြရော၊ နှမ်းဆိုရင် တစ်ပတ်တစ်ခါပိုးသတ်ဆေးဖျန်းရတယ်။ ပဲတီစိမ်းတွေ ခြောက်ကုန်ကြရော။ ပဲတီစိမ်းဆိုရင် တစ်ပတ်နှစ်ခါလောက်ပိုးသတ်ဆေးဖြန်းရတယ်" ဟု ရေငံရွာမှ ကျေးရွာဥက္ကဋ္ဌကပြောသည်။

ယာစိုက်တောင်သူများအနေဖြင့် မိုးခေါင်မှုနှင့် လိုက်လျောညီထွေဖြစ်နိုင်ရန်အတွက် မိုးတွင်းကာလ၌မိုးရေများကို ထိန်းသိမ်းထားနိုင်သည့် ဆည်အငယ်စားများပြုလုပ်ရန် လျာထားကြောင်း ရေငံကျေးရွာမှဥက္ကဋ္ဌကပြောသည်။




# Education

7DAY NEWS JOURNAL

Vol.9, No.26 · SEPTEMBER 16, 2010

## ဩစတြေးလျ နိုင်ငံတကာကျောင်းသားကျန်းမာရေးအာမခံငွေပေးသွင်းရသည့် ပုံစံပြောင်းလဲ

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ - ၉**

ဩစတြေးလျနိုင်ငံတွင် သွားရောက်ပညာသင်ယူမည့် ကျောင်းသားများအတွက် နိုင်ငံတကာကျောင်းသားကျန်းမာရေး အာမခံငွေကြေးပေးသွင်းရသောပုံစံပြောင်းလဲသွားကြောင်း သိရသည်။

ယခင်က နိုင်ငံတကာကျောင်းသားအာမခံကြေးပေးသွင်းရာတွင် ကျောင်းမတက်မီ တစ်နှစ်စာအတွက် ပေးသွင်း၍ နောင်နှစ်များတွင် နှစ်စဉ်ပေးသွင်းကြရသည်။ ယခုအခါ ကျောင်းသားများ၏ ပညာသင်နှစ်အားလုံးအ တွက် ကြိုတင်ပေးသွင်းရမည် ဖြစ်ကြောင်း သိရသည်။

"အရင်က တစ်နှစ်စာအတွက်ပဲ ကြိုသွင်းရတယ်။ ဟိုရောက်မှ တစ်နှစ်ပြည့်ရင်ထပ်သွင်းပေါ့။ အခုတော့ ကိုယ်တက်မယ့် သင်တန်းကာလပေါ် မူတည်ပြီး အကုန်လုံးတစ်ခါတည်း သွင်းရတယ်။ ဇူလိုင်လထဲက စပြောင်းသွားတာပါ။ ပညာရေးအတွက် ပိုပြီး ရင်းနှီးမြှုပ်နှံရတော့မှာပေါ့" ဟု ပြည်တွင်းပညာရေးဝန်ဆောင်မှုတစ်ခု၏ တာဝန်ရှိသူကပြောသည်။

ဩစတြေးလျနိုင်ငံ၏ နိုင်ငံတကာကျောင်းသား ကျန်းမာရေး အာမခံကြေးသည် တစ်နှစ်လျှင် ဩစတြေးလျဒေါ်လာ ၄၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ အဆိုပါ နိုင်ငံတွင် သွားရောက်ပညာသင်ယူရန်အတွက် မြန်မာကျောင်းသားများသည် မိမိသင်ယူမည့်ဘာသာရပ်နှင့် သင်တန်းပေါ် မူတည်၍ ကျပ်သိန်း ၃၀၀ မှ ၅၀၀အထိ အနည်းဆုံးသုံးလ ဘဏ်ငွေစာရင်း ပြသရန်လိုအပ်သည်။

## "အရင်ကထက် ပိုခက်တယ် အစိုးရသစ်က လူဦးရေကို ကန့်သတ်ချင်နေတာပါ"



### ဩစတြေးလျနိုင်ငံတွင် ပညာသင်ယူနေသော မြန်မာကျောင်းသားတစ်ဦးနှင့် တွေ့ဆုံခြင်း

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ - ၅**

မြန်မာကျောင်းသားများ ပြည်ပနိုင်ငံများသို့ သွားရောက်ပညာသင်ယူကြရန် စိတ်ဝင်စားမှုမြင့်တက်လျက်ရှိရာ ဩစတြေးလျနိုင်ငံသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အစိုးရသစ်လက်ထက် ဩစတြေးလျနိုင်ငံသည် နိုင်ငံတကာ ကျောင်းသားများနှင့် ကျောင်းပြီးချိန်တွင်လည်း လုပ်ငန်းခွင်ဝင်မည့်သူများအတွက် အပြောင်းအလဲအချို့ ဖြစ်ပေါ်စေလျက်ရှိသည်။ ထိုကဲ့သို့အခြေအနေတွင် ယင်းနိုင်ငံရှိ ကာတင်းတက္ကသိုလ်တွင် သွားရောက်ပညာသင်ယူပြီး လုပ်ငန်းခွင်ဝင်ရန်ပြင်ဆင်နေသော အသက် ၂၂နှစ်အရွယ် မြန်မာကျောင်းသားကို ကောင်းထက်ဇော်နှင့် အွန်လိုင်းမှ တစ်ဆင့် တွေ့ဆုံမေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဩစတြေးလျနိုင်ငံကို ရောက်နေတာ ဘယ်လောက်ကြာပြီလဲ။ ဘယ်ဘာသာရပ်ကိုလေ့လာသင်ယူနေတာပါလဲ။**

ကျွန်တော် ဒီကိုရောက်နေတာ သုံးနှစ်လောက်ရှိပါပြီ။ ကျောင်းပြီးသွားပြီ၊ ဘွဲ့ယူဖို့စောင့်နေတာပါ။ စာရင်းကိုင် နဲ့ စီးပွားရေး ဥပဒေဘာသာရပ်နှစ်ခုပါ။

**မြန်မာနိုင်ငံကပညာရေးနောက်ခံကို သိချင်ပါတယ်။**

ဒဂုံ(၁)ကနေကျောင်းပြီးတော့ နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်)မှာ တစ်နှစ်လောက်တက်လိုက်တယ်။ YIUS မှာလည်း တက်လိုက်တယ်။

**အဲဒီမှာ ပညာသင်ယူနေတုန်း အတွေ့အကြုံကိုပြောပြပေးပါ။**

ကျောင်းတက်နေတုန်း အချိန်ပိုင်း အလုပ်ရရင်တော့ အခြေကျပါပြီ။ နေ့စဉ်ဘဝတချို့အကြောင်းကိစ္စတွေကို လှုပ်ရှားရုန်းကန်ရသလို၊ တခြားအခြေအနေတွေမှာလည်း ပျော်ရွှင်ရပါတယ်။ ဒီမှာနေတာကို နှစ်သက်တဲ့အဓိကအချက်က လွတ်လပ်အမှီအခိုကင်းတယ်။ ကိုယ့်ရဲ့စိတ်ခံစားမှုနဲ့ ငွေကြေးတတ်နိုင်မှုရှိနေသရွေ့ ကိုယ့်သဘောအတိုင်း လုပ်လို့ရတယ်။ စာသင်ကြားမှုစနစ်ကတော့ တော်တော်ကွာခြားပါတယ်။

**အချိန်ပိုင်းအလုပ်က နေ့စဉ်အသုံးစရိတ်ကို ကာမိပါသလား။**

တစ်ပတ်မှာ နာရီ ၂၀လုပ်ခွင့်ရတဲ့အတွက် နေ့စဉ်အသုံးစရိတ်ကာမိပါတယ်။ ကျောင်းစရိတ်အတွက်ကိုတော့ ရှာဖွေဖို့ ခက်ခဲပါတယ်။ ဒါပေမဲ့ တချို့ကျောင်းသားတွေ တရားဝင်အလုပ်ချိန်ထက်ပိုလုပ်ပြီး ရှာတာတွေရှိပါတယ်။ ရဲကရှာတွေ့တာတော့ ဖြစ်လေ့ဖြစ်ထမရှိပါဘူး။ ဒါပေမဲ့တွေ့သွားရင်တော့ နေထိုင်ခွင့်ရပ်ဆိုင်းပြီး ပြန်ပို့ခံရနိုင်ပါတယ်။

**အဲဒီမှာပညာသင်ဖို့ ငွေကြေး ဘယ်လောက်ရင်းနှီးမြှုပ်နှံခဲ့ပါသလဲ။**

သုံးနှစ်အတွက် ကျပ်သိန်း၆၀၀လောက်ရှိမယ်။ စာမေးပွဲမကျဘူးဆိုရင်ပေါ့။ ကျွန်တော်က ကျောင်းလခကို မိဘဆီကတောင်းတယ်။ သတ်မှတ်ချိန်နာရီ ၂၀ပဲအလုပ်လုပ်တယ်။ ကျောင်းပိတ်ရက်တွေဆိုရင်တော့ အလုပ်ပိုလုပ်ပြီး ကျောင်းလခတချို့အတွက် ပေးပါတယ်။

**အခု ကျောင်းပြီးတော့ အချိန်ပြည့် အလုပ်လုပ်မယ်ဆိုရင် တစ်လဘယ်လောက်ဝင်ငွေရှိနိုင်မယ်လို့ မျှော်လင့်ပါလဲ။**

ကျွန်တော် အခုလက်ရှိအလုပ်က ထွက်လိုက်တယ်။ စာရင်းကိုင်လုပ်ငန်းခွင်ထဲကိုဝင်ပါမယ်။ တစ်လကို ကျပ်သိန်း၄၀ လောက်ရနိုင်မယ်။ နေ့စဉ် အသုံးစရိတ်က တစ်ပတ်ကို ကျပ်တစ်သိန်းလောက်ရှိတယ်။ အိမ်ငှားတာက တစ်လကျပ်ငါးသိန်းရှိတယ်။

**အစိုးရသစ်လက်ထက် အမြဲတမ်း နေထိုင်ခွင့် (PR)နဲ့ ပတ်သက်ပြီး အပြောင်းအလဲရှိတယ်ကြားတယ်။**

ဟုတ်ပါတယ်။ (အရင်ကထက် ပိုခက်တယ်။ အထူးသဖြင့် အစိုးရသစ်က လူဦးရေကို ကန့်သတ်ချင်နေတာပါ) ကျွန်တော်လည်း အမြဲတမ်းနေထိုင်ခွင့်လျှောက်မှာပါ။

**အမြဲတမ်းနေထိုင်ခွင့်လျှောက်လို့ မရရင် ဘာလုပ်ဖို့စီစဉ်ထားလဲ။**

အဲဒါကျဖို့က တစ်လကနေ ၁၈ လ အထိကြာတယ်။ မရရင်တော့ မာစတာဘွဲ့ဆက်တက်ဖြစ်ကောင်းဖြစ်လိမ့်မယ်။ ဒီမှာကတော့ အမြဲတမ်းနေထိုင်ခွင့်မရရင် မာစတာ ဆက်တက်ကြပြီး တချို့ကတော့ ရန်ကုန်ပြန်တာပေါ့။ လူနည်းစုကတော့ တခြားနိုင်ငံတွေကိုသွားကြတယ်။

**မြန်မာနိုင်ငံပြန်လာဖို့စိတ်ကူးရှိသလား။**

တစ်နေ့နေ့တော့ ပြန်လာမှာပါ။ ဘယ်အချိန်လဲဆိုတာတော့ အခုမသေချာသေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ မိဘတွေကိုလည်း မမှီခိုချင်ဘူး။ နောက်တစ်ချက်က ကျွန်တော် ဒီမှာနေလာတာ သုံးနှစ်လောက်ရှိသွားပြီဆိုတော့ ဒီကစနစ်ကိုကြိုက်တယ်။

**ဩစတြေးလျနိုင်ငံမှာ ပညာလာ သင်ချင်တဲ့ ကျောင်းသားတွေအတွက်ဘယ်လိုအကြံဉာဏ်ပေးလိုပါသလဲ။**

မြန်မာလူမျိုးတစ်ယောက်ဖြစ်တဲ့အတွက်စိတ်အားငယ်စရာ၊ ရှက်ကြောက်စရာမလိုပါဘူး။ မြန်မာကျောင်းသားတွေပေးရတဲ့ ကျောင်းလခက သူတို့ဩစတြေးလျလူမျိုး အများစုတောင် မတတ်နိုင်ကြပါဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှ ကြောက်ရွံ့ပြီး ရှိန်နေစရာမလိုပါဘူး။

**- အခုလို ဖြေကြားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။**

## အနုပညာဘာသာရပ်များကို ပညာသင်ထောက်ပံ့ကြေး ပိုမိုပေးအပ်သွားမည်

**သီဟ**

**ရန်ကုန်၊စက်တင်ဘာ - ၁၀**

စင်ကာပူနိုင်ငံသည် လာမည့် ၂၀၁၁ ပညာသင်နှစ်တွင် အနုပညာဘာသာရပ်များကို လေ့လာလိုသူများအတွက်ပညာသင် ထောက်ပံ့ကြေးများ ပိုမိုပေးအပ်ရန် တရားဝင်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ ပညာသင်ထောက်ပံ့ကြေးပေးအပ် မည့်ကျောင်းများမှာ Nanyang Academy of Fine Arts နှင့် LASALLE College of the Arts တို့ဖြစ်ကြပြီး အဆိုပါကျောင်းများသည်လည်း နိုင်ငံတကာကျောင်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

"စင်ကာပူပညာရေး ဝန်ကြီးဌာနက ကျောင်းသား သုံးရာကနေ လေးရာလောက်အထိ ပညာသင်ထောက်ပံ့ကြေးပေးသွားဖို့ အစီအစဉ်ရှိပါတယ်။ ဒါဟာ မြန်မာနိုင်ငံက အနုပညာထူးချွန်တဲ့ ကျောင်းသားတွေအတွက် အခွင့်အရေးတစ်ရပ်လည်းဖြစ်ပါတယ်။ မနှစ်က ကျွန်တော်တို့ ကိုယ်စားလှယ်လုပ်ပေးလိုက်တဲ့ LASALLE မှာ ကျောင်းသားတွေရဲ့ ကိုးဆယ်ရာခိုင်နှုန်းအထိ ပညာသင်ထောက်ပံ့ကြေးရကြပါတယ်"ဟု Crown Education မှ ပြောကြားသည်။

ယခုကဲ့သို့ အနုပညာဘာသာရပ်များအား ပညာသင်ထောက်ပံ့ကြေးများ ပိုမိုပေးအပ်ရခြင်းမှာ စင်ကာပူတွင် အသစ်ဆောက်လုပ်လျက်ရှိသည့် National Art Gallery နှင့် Integrated Resort တို့တွင် အနုပညာကျောင်းသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် အတွက်လည်း ရည်ရွယ်လျက်ရှိကြောင်းသိရသည်။

Animated Presentation Video ဖန်တီးခြင်း သင်တန်း

အသစ်တည်ဆောက်တော့မည့် ဆောက်လုပ်ရေး လုပ်ငန်းကြီးများ၏

တည်ဆောက်မည့် မြေပြင်အခြေအနေ၊ တည်ဆောက်ရေး လုပ်ငန်းအဆင့်ဆင့်

သစ်ဝင်ပန်းမန်တို့ဖြင့် တည်ဆောက်ပြီးစီးမည့် ဒီဇိုင်းတို့ကို Video, Sound Effects

တို့ဖြင့် အထူးပြင်ဆင်ပြီး Projector, Web: တို့၌ အသက်ဝင်နေသည့်

Presentation Video အဖြစ် ဖန်တီး ပြသနိုင်ရန်.. နာရီ ၂၀တစ်ပတ် ၁ ရက်

"Workgroup" AutoCAD & 3ds Max Job Training Center

Rm- 403, Excel Tower Apartment , Yangon, Ph: 01 559377 Ext: 6413, 6403

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## ဂျပန်ကျောင်းသားအချို့ ဂျပန်ဘာသာစကား သင်တန်းများတွင် လာရောက်သင်ကြားပေးလာ

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ - ၇**

ဂျပန်တက္ကသိုလ်ကျောင်းသား လူငယ်အချို့သည် မြန်မာနိုင်ငံရှိ ဂျပန်ဘာသာစကားသင်တန်းကျောင်းအချို့တွင် အချိန်ပိုင်းလာရောက် သင်ကြားခြင်းများရှိလာကြောင်း ဂျပန်ဘာသာစကား သင်တန်းကျောင်းတစ်ခုမှ သိရသည်။

ပြည်တွင်း ခရီးသွားကုမ္ပဏီအချို့နှင့် ဆက်သွယ်၍ ဂျပန်ကျောင်းသားများ၊ စေတနာ့ဝန်ထမ်း လုပ်ငန်းအချို့လာရောက် လုပ်ကိုင်လျက်ရှိရာ ယင်းကဲ့သို့ ဂျပန်ဘာသာစကား သင်တန်းများတွင်လည်း စာသင်ကြားပြသလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကိုလာပြီး စာသင်ရတာ အံ့သြသွားတယ်။ ဂျပန်စာကို ဒီလောက်စိတ်ဝင်တစားသင်နေတဲ့ အရေအတွက်နဲ့ ဂျပန်စာအရည်အချင်းကိုလည်း အံ့သြမိပါတယ်။ ကျွန်တော်ဒီကို ခရီးသွားကုမ္ပဏီတစ်ခုနဲ့ ချိတ်ဆက်ပြီး ရောက်လာတာပါ။ ရွှေဂုံတိုင်က မိဘမဲ့ကလေးကျောင်းမှာလုပ်အားပေးတယ်။ ပြီးတော့ ဂျပန်သင်တန်းကျောင်းမှာ နှစ်ရက် စာသင်တယ်။ မြန်မာကျောင်းသားတွေနဲ့လည်း တစ်ရက်ခရီးသွားမယ်" ဟုအသက် ၂၁ နှစ်အရွယ် ဂျပန်တက္ကသိုလ်ကျောင်းသား မစ္စတာအိုနိုဟိဆရိုကပြောသည်။

အဆိုပါတက္ကသိုလ်ကျောင်းသားသည် နိုင်ငံတကာအတွေ့အကြုံရယူသည့် အနေဖြင့် စေတနာ့ဝန်ထမ်းက လာရောက်လုပ်ကိုင်ခြင်းဖြစ်ပြီး ယင်းနှင့်အတူ ဂျပန်တက္ကသိုလ်ကျောင်းသူတစ်ဦးလည်း လိုက်ပါလာကြောင်းသိရသည်။

ဂျပန်ကျောင်းသား အချို့ ဂျပန်ဘာသာစကား သင်ပြမှုနှင့်ပတ်သက်၍ သင်းမြန်မာ ဂျပန်ဘာသာစကားသင်တန်းကျောင်းမှတာဝန်ရှိသူက "ကျွန်မတို့ကျောင်းအနေနဲ့ ပထမဆုံးအကြိမ်ပါပဲ။ နောက်လည်း ဒီလိုအစီအစဉ်တွေ ရှိပါတယ်။ စေတနာ့ဝန်ထမ်းတွေအနေနဲ့ သင်ဖို့ကမ်းလှမ်းထားတာတွေလည်းရှိတယ်။ သူတို့ဝင်လာတဲ့အတွက် ကျွန်မတို့မ လုပ်ပေးနိုင်တဲ့ သင်ကြားမှုတွေကို သူတို့က လုပ်ပေးနိုင်တာပေါ့" ဟုဆိုသည်။

## PSB တွင် အားကစားနှင့်ကာယပညာဘာသာရပ် ဒီပလိုမာသင်ယူနိုင်

**သီဟ**

**ရန်ကုန်၊စက်တင်ဘာ - ၁၀**

အားကစားနှင့် ကာယပညာဘာသာရပ်များကို စိတ်ပါဝင်စားသူများသည် စင်ကာပူနိုင်ငံရှိ PSB Acacemy တွင်လာမည့် ၂၀၁၁ ပညာသင်နှစ်မှစ၍ အားကစားနှင့် လေ့ကျင့်ခန်းဆိုင်ရာ ဒီပလိုမာ ဘာသာရပ်အားတက်ရောက်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းတွင် Diploma in Sport & Exercise Science(Exercise & Fitness), Diploma in Sport & Exercise Science (Sport Coaching), Diploma in Sport & Leisure Management ဘာသာရပ်များသင်ကြားနိုင်မည်ဖြစ်ကြောင်းသိရသည်။

Diploma in Sport & Exercise (Exercise & Fitness)ဘာသာရပ်တွင် အားကစား၊ ကျန်းမာရေးတို့နှင့်ပတ်သက်သည့်အဟာရဗေဒနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများ၊ အဖွဲ့လိုက်လေ့ကျင့်မှုများ နည်းပညာညွှန်ကြားချက်များ စသည့်ဘာသာရပ်များ သင်ကြားကြရမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အခြားဘာသာရပ်နှစ်ခုတွင်လည်း အားကစားသင်ကြားလေ့ကျင့်ခြင်းဆိုင်ရာများ ခန္ဓာဗေဒဆိုင်ရာလေ့ကျင့်မှုများ၊ အား ကစားဆိုင်ရာ ဈေးကွက်ချဲ့ထွင်မှုများ စသည့်သင်ခန်းစာများအား ဘာသာရပ်အလိုက်သင်ကြားကြရမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဒီပလိုမာ သင်တန်း များအား PSB တွင်တစ်နှစ်သင်ကြားရမည်ဖြစ်ပြီး ကျောင်းလခမှာ စင်ကာပူဒေါ်လာ ရှစ်ထောင်ခန့် ကုန်ကျမည်ဖြစ်ကြောင်းသိရသည်။

## Casino Management ဖြင့် ဒီပလိုမာရပြီးသူများ အလုပ်အကိုင်ခက်ခဲနေဆဲဟုဆို

**သီဟ**

**ရန်ကုန်၊စက်တင်ဘာ - ၁၀**



စင်ကာပူနိုင်ငံတွင် Casino Management ဘာသာရပ်အား သင်ကြားပြီးမြောက်ခဲ့သော ကျောင်းသားများအနေဖြင့် ထိုနိုင်ငံတွင် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်း နည်းပါးနေသေးကြောင်း စင်ကာပူရောက် မြန်မာကျောင်းသားများထံမှ သိရသည်ဟု ပညာရေးအေဂျင်စီတစ်ခုဖြစ်သည့် MSI မှ မန်းနေးဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်ကပြောသည်။

အဆိုပါ အကြောင်းအရာနှင့်ပတ်သက်၍ ဒေါ်စုစုလှိုင်က ယင်းကျောင်းသားများအနေဖြင့် မြန်မာနိုင်ငံရှိ Hospitality နယ်ပယ်များဖြစ်သည့် Travel & Tour နှင့် Hotel လုပ်ငန်းဌါနတွေမှာ အရင်ဝင်ရောက် လုပ်ကိုင်ကာ အတွေ့အကြုံယူပြီးမှ ပြည်ပသို့အလုပ်အကိုင်ဝင်ရောက်ခြင်း သို့မဟုတ် စင်ကာပူနိုင်ငံရှိ တိကျမှန်ကန်သည့်အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့်ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေလုပ်ဆောင်စေလိုကြောင်း အကြံပေးထားသည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများသည် အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ကြည့်၍ အလုပ်အကိုင် ရှာဖွေစေလိုကြောင်းလည်း ဒေါ်စုစုလှိုင်က ဆက်လက်ပြောကြားထားသည်။

စင်ကာပူနိုင်ငံသည် နောက်ပိုင်းတွင် နိုင်ငံ၏ စီးပွားရေးအခြေအနေအား ယခုထက်ပို၍ကောင်းမွန်စေရန်မြှင့်တင်လျက် ရှိရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့အရည်အချင်းအား မြှင့်တင်ထားကြရန် လိုအပ်ကြောင်း သိရသည်။




## BAC အကယ်ဒမီကျောင်းဝင်ခွင့်စာမေးပွဲ အောက်တိုဘာတွင် ရန်ကုန်၌ကျင်းပမည်

**သီဟ**

**ရန်ကုန်၊ စက်တင်ဘာ - ၇**

စင်ကာပူနိုင်ငံ ဆောက်လုပ်ရေးအာဏာပိုင်အဖွဲ့ပိုင်ကျောင်းဖြစ်သည့် BAC Academy မှကျောင်းဝင်ခွင့် စာမေးပွဲအား လာမည့် အောက်တိုဘာ၁၀ရက်တွင်အဆိုပါကျောင်းမှရန်ကုန်မြို့သို့လာရောက်စစ်ဆေးပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုဝင်ခွင့် စာမေးပွဲအား မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ GCE 'o' level အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။အဆိုပါကျောင်းတွင် Construction Engineeting, Mechanical Engineering(Green Building Technology), Strategic Facilities Management, Electrical Engineering & Clean Energy, Building Information Engineering , Design စသည့် ဘာသာရပ် ခြောက်ခုအနက်မှ ကြိုက်နှစ်သက်ရာ ဘာသာရပ်ကို ရွေးချယ်တက်ရောက်နိုင်ကြောင်းသိရသည်။

ဒီဇိုင်းဘာသာရပ်ကို ရွေးချယ်လျှောက်ထားသူများသည် ဝင်ခွင့်စာမေးပွဲတွင် အင်္ဂလိပ်နှင့် ပုံဆွဲဘာသာရပ်ကို ဖြေဆိုကြရမည်ဖြစ်ပြီး ကျန်ဘာသာရပ် ၅ ခုကို တက်ရောက်လိုသူများသည် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်။

ကျောင်းဝင်ခွင့်စာမေးပွဲနှင့်ပတ်သက်၍ Info-Talk အား Future Way Education & service တွင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**2011 April Intake Poly Application Available at AMS Education Centre**

[illegible]
(1) Nanyang Polytechnic (NYP)
(2) Temasek Polytechnic (TP)
(3) Singapore Polytechnic (SP)

***[illegible]***

AMS [illegible] Nanyang Polytechnic [illegible] Test Centre [illegible] Short List [illegible] Written & Oral Test [illegible]
[illegible]
No.524, 1st Floor, Lower Kyeemyindine Road, Kyeemyindine Township, Yangon.
Ph: 214461, 216479 Email: amsmedia524@gmail.com

Vol.9, No.26 • SEPTEMBER 16, 2010

## စီဒီအမ်အေ 450 MHz ဖုန်းအိမ်အချို့ ဓာတ်ခဲအားမခံသည့်ပြဿနာများကြုံတွေ့နေရ

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ – ၁၀**

ပုံမှန်ပေါက်ဈေးထက် ဈေးလျှော့ ရောင်းချသော CDMA 450 MHz ဖုန်းအိမ်(Hand Set)များတွင် ဓာတ်ခဲအားမခံသည့်ပြဿနာများ ကြုံတွေ့ခဲ့ရကြောင်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများက 7Day News သို့ပြောသည်။

"ပရိုမိုးရှင်းလုပ်တုန်းက ဝယ်လာတဲ့ဖုန်းဆယ်လုံးကို ပြန်ရောင်းတော့ သုံးလုံးက ဘက်ထရီမခံလို့ပြန်လဲပေးရတယ်။ အဲဒီအခါမှစစ်ကြည့်တော့ ဆယ်လုံးစလုံးရဲ့ဘက်ထရီက အတုတွေဖြစ်နေတယ်"ဟု ပုသိမ်မြို့ ဟဲလိုဖုန်းဆိုင်မှ ကိုဟာဆန်ကပြောသည်။

ထိုကဲ့သို့သောအဖြစ်အပျက်မျိုးမှာ ကိုယ်ပိုင်သုံးစွဲရန် ဖုန်းဝယ်ယူခဲ့သူ ကိုဇော်ထက်အောင်ဆိုသူမှာလည်း ကြုံတွေ့ခဲ့ရကြောင်း 7Day News သို့ပြောသည်။

အဆိုပါဖုန်းများ၏ မူရင်းဓာတ်ခဲအား ပြန်လည်ရောင်းချပါက ကျပ်တစ်သောင်းခန့်ရရှိပြီး နယ်စပ်၌ပြုလုပ်သောဘက်ထရီအတုများမှာ ကျပ်သုံးထောင်ခန့်သာဈေးရှိကြောင်းသိရသည်။

**စာ(၂၂)သို့**

## ဆက်သွယ်ရေးလုပ်ငန်းများ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းစုသို့လွှဲပြောင်းရန် မရှိဟုဆို

**နေလင်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ – ၈**

ပြည်ပအခြေစိုက် မီဒီယာများတွင် ယခုရက်ပိုင်းအတွင်း ဖော်ပြလျက်ရှိသည့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ တယ်လီဖုန်းဝန်ဆောင်မှုလုပ်ငန်းအားလုံးကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းစုတစ်စုသို့ လွှဲပြောင်းပေးအပ်မည်ဟူသော သတင်းအား ဆက်သွယ်ရေးမှ တာဝန်ရှိသူတစ်ဦးက ငြင်းဆိုလိုက်ပြီး လွှဲပြောင်းပေးအပ်ရန်အစီအစဉ် မရှိကြောင်း 7Day News သို့ပြောသည်။

အဆိုပါ ပြည်ပအခြေစိုက်သတင်းများတွင် မြန်မာ့ဆက်သွယ်ရေးနှင့် လတ်တလော နည်းပညာအကျိုးတူပူးပေါင်းလျက်ရှိသည့် ထူးကုမ္ပဏီပိုင် ELite Tech နှင့် Central Marketing တို့အား လွှဲပြောင်းမည်ဖြစ်ကြောင်း ဖော်ပြလျက်ရှိသည့်ကိစ္စနှင့်ပတ်သက်၍ ဆက်သွယ် ရေးဝန်ကြီးဌာနမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကယခုကဲ့သို့ဆိုသည်။

"ဒီသတင်းတွေက လုံးဝမှားပါတယ်။ ကျွန်တော်တို့ လောလောဆယ်မှာ ဒီသတင်းကြောင့် ဖုန်းတွေဆက်တိုက် ဝင်နေတယ်။ မြန်မာ့ဆက်သွယ်ရေးက ဖုန်းဝန်ဆောင်မှုတွေ၊ ဖုန်းလိုင်းချပေးတာတွေကို ဆက်သွယ်ရေးကပဲ တာဝန်ယူပြီးလုပ်နေတာပါ။ ပုဂ္ဂလိကကိုလွှဲပေးဖို့ ဆိုတာ ဥပဒေအရ လုံးဝလွှဲပေးလို့ကို မရပါဘူး" ဟု မြန်မာ့ဆက်သွယ်ရေးမှ အင်ဂျင်နီယာချုပ် ဗိုလ်မှူးဦးဇော်မင်းဦးက 7Day News သို့ဖြေကြားသည်။

ယင်းသို့သော သတင်းများသည် ၂၀၀၈ ခုနှစ်အတွင်း Central Marketing ကုမ္ပဏီမှ မြန်မာ့ဆက်သွယ်ရေး၏ကြိုတင်ငွေချေကတ်ဖုန်းများစတင်ရောင်းချခဲ့ပြီးနောက်ပိုင်း ပြည်တွင်းရှိ ဖုန်းဝန်ဆောင်မှုလုပ်ကိုင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများကြားတွင်လည်း ပျံ့နှံ့ခဲ့သည်။ယခုနှစ်တွင် စီဒီအမ်အေဖုန်း ဝန်ဆောင်မှုအချို့အား Elite Tech ကကြားခံဆောင်ရွက်ပေးနေသော အချိန်တွင်ယင်းသတင်းများ ထပ်မံထွက်ပေါ် လာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိဆက်သွယ်ရေးမှ ချထားပေးသည့် ဖုန်းလိုင်းများအတွက်လိုအပ်သည့် နည်းပညာပံ့ပိုးမှုများ၊ဖုန်းကတ်၊ စီဒီအမ်အေ 450 MHz ဖုန်းနှင့်ပတ်သက်သည့် ဝန်ဆောင်မှု အချို့အား Central Marketing နှင့် ELite tech ကုမ္ပဏီတို့က ကြားခံဆောင်ရွက်ပေးလျက်ရှိသည်။

ဖုန်းလိုင်းများ လျှောက်ထားခြင်း၊ ဖုန်းလိုင်းချထားပေးခြင်းနှင့် ဖုန်းဘီလ်ကိစ္စများ၊ မြန်မာ့ဆက်သွယ်ရေး၏ အများသုံးတယ်လီဖုန်း (PCO) ဝန်ဆောင်မှုများ၊ ဆက်သွယ်ရေးနှင့် ပတ်သက်သောလုပ်ငန်းများအား ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စီမံခန့်ခွဲမှုအောက်တွင်သာ ထားရှိသွားမည်ဖြစ်ကြောင်း သိရှိရသည်။

## မကွေးအက်ဖ်စီအမည်ရှိ ဗိုင်းရပ်စ် နယ်မြို့များတွင် ဆက်လက်ပျံ့နှံ့

**နေလင်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ – ၆**

ပြီးခဲ့သည့် ဇူလိုင်လဆန်းမှစတင်ပေါ်ထွက်ခဲ့သော မကွေးအက်ဖ်စီအမည်ရှိ ဖျက်အားပြင်းသည့် ဗိုင်းရပ်စ်သည် တစ်လတာအချိန်အတွင်း ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အစရှိသည့်ဒေသများသို့ပါ ဆက်လက်ပျံ့နှံ့လျက်ရှိပြီး ယင်းဗိုင်းရပ်စ်ကြောင့် လုပ်ငန်းများ၏ အရေးကြီးအချက်အလက်ပျက်စီးဆုံးရှုံးမှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။



အဓိကအားဖြင့် အွန်လိုင်းမှ စတင်ပျံ့နှံ့ခဲ့သောဗိုင်းရပ်စ်ကြောင့် ရန်ကုန်သာမက နယ်ဒေသများရှိ အင်တာနက်ဆိုင်များ၊ အစိုးရဌာနများ၊ ကွန်ပျူတာအများအပြားသုံးစွဲနေရသည့်စီးပွားရေးလုပ်ငန်းများတွင် အဆိုပါဗိုင်းရပ်စ်ကြောင့်ဆုံးရှုံးမှုကြီးမားစွာ ဖြစ်ပေါ်နေကြောင်း သိရသည်။

"အဲဒီဗိုင်းရပ်စ်ကို အရင်ပေါ်တဲ့အပျော့စားမျိုးပဲထင်ပြီး ပေါ့ပေါ့ပဲထားခဲ့တာ၊ တဖြည်းဖြည်းနဲ့ နောက်ပိုင်း ရုံးကစက် ၁၀ လုံးကို ကူးသွားတာ။ နောက်ဆုံး မနိုင်တော့ အပြင်က ဗိုင်းရပ်စ်သတ်ပေးတဲ့ကုမ္ပဏီတစ်ခုကိုခေါ်ပြီး ပြန်ပြင်ခိုင်းမှရတယ်။ စက်တွေပြန်ကောင်းသွားပေမယ့် ကုမ္ပဏီက အဝယ်စာရင်းတွေ၊ ပစ္စည်းအဝင်အထွက်တွေ၊ ဝန်ထမ်းလစာအချက်အလက်တွေရော ဘာတစ်ခုမှ ပြန်ရှာလို့မရတော့ဘူး"ဟု အဆိုပါ မကွေးအက်ဖ်စီဗိုင်းရပ်စ်နှင့်ပတ်သက်၍ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သော ဆောက်လုပ်ရေးပစ္စည်းတင်သွင်းသည့် ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

အလားတူ Virus Solution ဝန်ဆောင်မှုပေးနေသည့် အဖွဲ့တစ်ခုဖြစ်သည့် DMS မှ System ပညာရှင် ကိုသန်းဝင်းဇော်က "ဒီဗိုင်းရပ်စ်က သာမန်အသုံးပြုတတ်တဲ့သူတွေ ဘယ်လိုမှသတ်လို့မရဘူး။ ဝင်းဒိုးစ်ပြန်တင်လည်း ခဏပဲ။ ၁၅ မိနစ်လောက်နေတာနဲ့ ဒီကောင်ပြန်ဝင်တယ်။ ကျွန်တော်တို့အဖွဲ့ ဒီလထဲမှာပဲ ၁၅ နေရာလောက် အဖွဲ့လိုက်ဆင်းလုပ်ရတယ်။ အများဆုံးခံရတာက နက်ဝ့ါခ်ကြီးတဲ့လုပ်ငန်းတွေပဲ။ အကောင်းဆုံးကတော့ စက်ကိုကူးစက်ပြီဆိုရင် ကိုယ်တတ်သလောက်ဗိုင်းရပ်စ်ကာကွယ်ရေးဆော့ဖ်ဝဲတွေနဲ့ ခဏထိန်းထား၊ ဝင်းဒိုးစ် လိုင်စင်ဗားရှင်း ပြန်တင်။ အဲဒါမှမရရင် ပညာရှင်ခေါ်ပြီး အမြန်ဆုံးရှင်းသင့်တယ်"ဟု ဆိုသည်။

ယင်းဗိုင်းရပ်စ်သည် စက်အတွင်းသို့ စတင်ဝင်ရောက်သည်နှင့် Task Manager၊ Folder Option ပိတ်သွားခြင်း၊ ဝင်းဒိုးစ်၏ Start Menu နေရာတွင် Start အစား မကွေးအက်ဖ်စီအဖြစ် အလိုအလျောက်ပြောင်းလဲခြင်း၊ My Computer၊ Control Panel နေရာ စသည်တို့တွင် မကွေးအက်ဖ်စီလိုဂိုအဖြစ် ပြောင်းလဲသွားခြင်း စသည့်လက္ခဏာများအပြင် စက်အတွင်းထည့် သွင်းထားသည့် All Program မှ ဆော့ဖ်ဝဲများ၊ ပရိုဂရမ်များအားလုံး ပျောက်ဆုံးစေကြောင်း သိရသည်။

ယင်းမှာ ပြင်ပလက္ခဏာများဖြစ်ပြီး အဆိုးရွားဆုံးအခြေအနေမှာ ကွန်ပျူတာသုံးစွဲသူများ၏ အရေးကြီးအချက်အလက်များ သိမ်းဆည်းသည့် Disk(C:)၊ Disk (D:) စသည်တို့အတွင်းရှိ ဖိုင်များအားလုံးအား နေရာလွတ်မကျန်ပွားများစေသည်အထိဖြစ်ပေါ်စေသည်။


"အခုဒီကောင်က ထွက်လာသမျှဗိုင်းရပ်စ်တွေထဲမှာ အဆိုးဆုံးလို့ပြောရမယ်။ တချို့ဟာတွေ မနိုင်တဲ့အဆုံး ဝင်းဒိုးစ်ပြန်တင်၊ Repair ပြန်လုပ်၊ အဲဒါဆို အကောင်းအတိုင်းပြန်ရတယ်။ ဒီကောင်ကကျတော့ သုံးတဲ့လူရဲ့ဖိုင်တွေ၊ အချက်အလက်တွေအကုန်လုံးကိုဖျောက်ပစ်လိုက်တာ။ ကြည့်ရတာအပျော်တမ်းမဟုတ်ဘဲ သက်သက်ကို ဆိုးဆိုးရွားရွားဖြစ်အောင် တိုက်ခိုက်တာ"ဟု နည်းပညာအကြောင်းအရာများနှင့် ပတ်သက်၍ ဘလော့ဂ်များတွင် ရေးသားနေသူတစ်ဦးကပြောသည်။

မြန်မာနေရှင်နယ်လိဂ်မှ အသင်းအမည်နှင့် ယင်းအသင်းလိုဂိုကိုပါ အသုံးပြုတိုက်ခိုက်နေသောအဆိုပါ MGY Virus သည် စက်အတွင်း စတင်ဝင်ရောက်သည်နှင့် ပျက်စီးစေသည်မဟုတ်ဘဲ အချိန်ကြာသည်နှင့်အမျှ ဝင်ရောက်သည့်စက်သာမက ယင်းနှင့်ချိတ်ဆက်ထားသည့်စက်များအားလုံးကို ဒုက္ခပေးခြင်းဖြစ်သည်။

ယင်းဗိုင်းရပ်စ်မရှင်းလင်းတတ်သူများအနေဖြင့် ဝင်ရောက်လာပါက စက်အား ချက်ချင်းပိတ်ထားပြီး နားလည်သူများနှင့်ဖြေရှင်းရန်လိုအပ်ကြောင်း သိရသည်။







7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

## ဂူးဂဲလ်တီဗီဝန်ဆောင်မှုစတင်တော့မည်

**နယူးယောက်၊ စက်တင်ဘာ – ၈**

အင်တာနက်ကုမ္ပဏီကြီးဂူးဂဲလ်သည် နေအိမ်ရုပ်သံစက်များမှတစ်ဆင့် အင်တာနက်ရုပ်သံအစီအစဉ်များအား ကြည့်ရှုနိုင်သော တီဗီဝန်ဆောင်မှုကို လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း အမေရိကန်နိုင်ငံတွင်စတင်တော့မည်ဟု ကြေညာလိုက်သည်။ ကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်အဲရစ်ရှမစ်က ဘာလင်မြို့၌ကျင်းပသော IFA နည်းပညာပြပွဲတွင် ဂူးဂဲလ်တီဗီဝန်ဆောင်မှုသည် အမေရိကန်၌ ယခုဆောင်းတွင်းတွင်ရရှိမည်ဖြစ်ကာ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့်မူ လာမည့်နှစ်တွင်ရရှိမည်ဟုဆိုသည်။ ဂူးဂဲလ်၏ အဆိုပါဝန်ဆောင်မှုသည် ရုပ်သံစက်များအား အစဉ်အလာရုပ်သံထုတ်လွှင့်ရုံများမှ ထုတ်လွှင့်ချက်များအပါအဝင် အင်တာနက်ပေါ်မှရုပ်သံများကိုပါ ချိတ်ဆက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယခုအခါ ဆိုနီကုမ္ပဏီသည်လည်း ၎င်း၏ရုပ်သံစက်များတွင် ဂူးဂဲလ်တီဗီဝန်ဆောင်မှုကို ချိတ်ဆက်ထည့်သွင်းရန် သဘောတူညီချက်ရရှိထားပြီး ကိုရီးယားကုမ္ပဏီဆမ်ဆောင်းကလည်း ထိုသို့လုပ်ရန် စီစဉ်နေသည်ဟုဆိုသည်။ ဂူးဂဲလ်၏ ယခုအင်တာနက်ရုပ်သံဝန်ဆောင်မှုသည် ပရိသတ်များအတွက် အခမဲ့ကြည့်ရှုနိုင်မည့်အစီအစဉ်ဖြစ်ကာ Apple ကုမ္ပဏီမှထုတ်လုပ်ထားသော အင်တာနက်ရုပ်သံနှင့် ဗီဒီယိုများကို ကြည့်လိုသည့် အသုံးပြုသူများထံ အင်တာနက်ချိတ်ဆက်ပေးမည့် ၉၉ ပေါင်တန်ကြေးရှိသည့် Apple TV Device စက်ကဲ့သို့ အခကြေးငွေပေးစရာမလိုဟုသိရသည်။ *—Ref: Telegraph*







## အွန်လိုင်းမြန်မာရှော့ပင်းဝက်ဘ်ဆိုက်တွင် ကုန်ပစ္စည်းများ အခမဲ့စမ်းသပ်ရောင်းနိုင်မည်

**ယုဇနကိုကို**
**ရန်ကုန်၊ စက်တင်ဘာ – ၁၁**



အွန်လိုင်းပေါ်မှ ကုန်ပစ္စည်းအရောင်း အဝယ်များပြုလုပ်နိုင်မည့် အွန်လိုင်းမြန်မာရှော့ပင်း ဝက်ဘ်ဆိုက်ပေါ်တွင် မိမိတို့၏ ကုန်ပစ္စည်းများအား အခမဲ့စမ်းသပ်ရောင်းချနိုင်မည့်အစီအစဉ်တစ်ခုကို လာမည့်အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

အင်တာနက်အသုံးပြု၍ရနိုင်သည့်နေရာတိုင်းမှ အလွယ်တကူ အချိန်တိုအတွင်း ဈေးဝယ်နိုင်ရန်ရည်ရွယ်ချက်ဖြင့် အွန်လိုင်းမြန်မာရှော့ပင်းဝက်ဘ်ဆိုက်ကိုလွှင့်တင်ထားသည့် T-Link ကုမ္ပဏီမှ ပြုလုပ်ပေးမည့် ယင်းအစီအစဉ်တွင် မိမိတို့၏ကုန်ပစ္စည်းများကို အွန်လိုင်းပေါ်တွင်ရောင်းချလိုသော မည်သည့်စီးပွားရေးလုပ်ငန်းမဆို ပါဝင်နိုင်မည်ဖြစ်ပြီး ကြိုက်နှစ်သက်ရာကုန်ပစ္စည်းဆယ်မျိုးကို အခမဲ့ရောင်းချနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏မန်နေဂျင်းဒါရိုက်တာ ဦးထက်နိုင်လင်းကပြောသည်။

မကြာသေးမီအချိန်ကစတင်၍ အွန်လိုင်းပေါ်၌ လွှင့်တင်ခဲ့သည့် အွန်လိုင်းမြန်မာရှော့ပင်းဝက်ဘ်ဆိုက်တွင် ကုန်ပစ္စည်းများကို အခမဲ့စမ်းသပ်ရောင်းချမည့် လုပ်ငန်းများအနေဖြင့် ၎င်းတို့ ရောင်းချမည့်ကုန်ပစ္စည်း၏ ဈေးနှုန်းများ၊ ဓာတ်ပုံများကိုလည်း စိတ်ကြိုက်ပြောင်းလဲမှုပြုလုပ်နိုင်မည်ဖြစ်ကြောင်းသိရသည်။

T-Link ကုမ္ပဏီအနေဖြင့် ၎င်းတို့၏အွန်လိုင်းမှတစ်ဆင့် ဈေးရောင်းချနိုင်မည့် www.onlinemyanmarshopping.com တွင် အခမဲ့ရောင်းချပေးမည့် အထက်ပါအစီအစဉ်အား ၂၀၁၀ ခုနှစ် အောက်တိုဘာလမှစတင်၍ တစ်နှစ်တိတိပြုလုပ်ပေးသွားမည်ဖြစ်ပြီး ယင်းအတွက် လျှောက်လွှာများကိုမူ လာမည့်အောက်တိုဘာလကုန်အထိသာလက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

### စာ(၂၁)- စီဒီအမ်အေ 450 MHz ဖုန်းအိမ်အချို့ ဓာတ်ခဲအားမခံသည့်ပြဿနာများကြုံတွေ့နေရ မှ

ထိုကြောင့် ဈေးလျှော့ရောင်းချသူများမှာ ပုံမှန်ပေါက်ဈေးထက် ကျပ်တစ်သောင်းခန့် ဈေးလျှော့ကာ ဘက်ထရီအတုများထည့်၍ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ကိုမာဆန်ကပြောသည်။

ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးမှလွဲ၍ အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကျပ်ငါးသိန်းဖြင့် CDMA 450 MHz ဖုန်းများချထားပေးနေရာ ဝယ်ယူသူများပြားနေသည့် အခွင့်အရေးအားယူ၍ ထိုကဲ့သို့ပြုလုပ်ခြင်းဖြစ်သည်ဟုဖုန်းရောင်းချသူများကဆိုသည်။

ထို့ကြောင့် ဖုန်းအိမ်ဝယ်ယူသူများအနေဖြင့် အာမခံဖြင့် ရောင်းချပေးသောဆိုင်များတွင်သာ ဝယ်ယူခြင်းသည် ပိုမိုကောင်းမွန်ကြောင်း ဖုန်းတပ်ယူသုံးစွဲသူအချို့ဆိုသည်။

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010




# တရုတ်ကော်လာဖြူ ပုရွက်ဆိတ်များ

ဝင်းဇော်မင်း

ဝေါင် ယီလီဆိုတဲ့လူငယ်တစ်ယောက်ကို အမှတ်တမဲ့ကြည့်မယ်ဆိုရင် တရုတ်အစိုးရမူဝါဒများရဲ့ အောင်မြင်တဲ့ပြယုဂ်တစ်ခုလို့ထင်ရပါလိမ့်မယ်။ သူ့ရဲ့မိဘတွေက ဝေးလံလှတဲ့ ဂန်းဆုပြည်နယ်က သာမန်ဆင်းရဲသားလယ်သမားတွေပါ။ ဒါပေမဲ့ လက်ရှိမှာတော့ အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဝေါင်ယီလီဟာ ဝေါ်ဖိထုပ်ကြီးလို့ ခေါ်ကြတဲ့မြို့တော်ဘေဂျင်းမှာ ကွန်ပျူတာပရိုဂရမ်မာတစ်ယောက်ဖြစ်နေပါပြီ။

သူ့ရဲ့ဝင်ငွေက တစ်ပတ်ကို အမေရိကန်ဒေါ်လာ ၇၀ ကျော်တောင်ရတာဆိုတော့ တရုတ်နိုင်ငံရဲ့အနေအထားနဲ့ဆို မဆိုးဘူးပေါ့လေ။ နောက်ပြီး တရုတ်နိုင်ငံမှာက အလုပ်တစ်ခုရပြီဆိုရင် အဲဒီအလုပ်ကိုပဲတစ်စိုက်မတ်မတ်လုပ်ရတော့မှာပဲ။ ဘာကြောင့်လဲဆိုတော့ နောက်ထပ်အလုပ်တစ်ခုရှာဖို့ဆိုတာ လပေါင်းများစွာကြာနိုင်တယ်။ တကယ်တော့ ဝေါင်ယီလီဟာ မြို့တော်ဘေဂျင်းရဲ့ အစွန်အဖျားဆင်ခြေဖုံးနေရာလေးတစ်ခုဖြစ်တဲ့ တန်ကျလင်းဆိုတဲ့နေရာလေးမှာ နေထိုင်ရတာပါ။ အဲဒီမှာ ဝေါင်ယီလီနဲ့ သူ့ချစ်သူမိန်းကလေးဟာ ၁၀၀ စတုရန်းပေရှိတဲ့အခန်းကျဉ်းလေးကို တစ်လကို အမေရိကန်ဒေါ်လာ ၉၀ လောက်ပေးပြီး ငှားနေရပါတယ်။ ဝေါင်ယီလီက သူ့ရဲ့ခံစားချက်ကို ဒီလိုရင်ဖွင့်ပါတယ်။"ကျွန်တော်ကျောင်းမှာတုန်းက ကျွန်တော်ယုံကြည်တဲ့ဆိုရိုးစကားတစ်ခုရှိတယ်။ အဲဒါက Knowledge can help you turn over a new leaf တဲ့။ ဒါပေမဲ့ ကျွန်တော် အလုပ်စလုပ်ကတည်းက ဒီဆိုရိုးကို မယုံတစ်ဝက်၊ ယုံတစ်ဝက်ပဲ"

တရုတ်နိုင်ငံမှာက ဒီလိုအခြေအနေမျိုးကို ဝေါင်ယီလီတစ်ယောက်တည်းမှာပဲ တွေ့ရတာမဟုတ်ပါဘူး။ သူနဲ့ဘဝတူလူငယ်တွေ သန်းနဲ့ချီပြီးရှိနေပါတယ်။ ဒါကို underclass ကော်လာဖြူလူတန်းစားလွှာလို့ခေါ်ကြပြီး၊ ဒီလူတန်းစားအလွှာဟာ တစ်ရှိန်ထိုးကြီးထွားလာနေပါတယ်။ တက္ကသိုလ်ဘွဲ့ရများရဲ့ အလုပ်အကိုင်ဈေးကွက်ကြီးမားလာတာနဲ့အမျှ တရုတ်တက္ကသိုလ်တွေကလည်း ၁၉၉၀ ခုနှစ်နောက်ပိုင်းမှစပြီးယင်းတို့ရဲ့ကျောင်းသားလက်ခံတဲ့ပမာဏကို နှစ်ဆမြှင့်ပြီး ခေါ်ယူခဲ့ပါတယ်။ ဒီနှစ်မှာပဲ ခန့်မှန်းခြေကျောင်းသား၊ ကျောင်းသူ ၆ဒသမ ၃သန်းဟာ တရုတ်တက္ကသိုလ်တွေနဲ့နည်းပညာကျောင်းတွေကနေ ဘွဲ့ရရှိခဲ့ကြပါတယ်။ သူတို့ထဲက အများစုက တရုတ်နိုင်ငံရဲ့တိုးတက်မှုနောက်ကျနေတဲ့ နယ်မြို့တွေ၊ ကျေးရွာတွေကဖြစ်ကြပြီး သူတို့ဟာ ဒုတိယတန်း(သို့မဟုတ်)တတိယတန်းစားကျောင်းသားတွေမှာသာ ပညာသင်ယူခဲ့ကြတာပါ။ သူတို့အများစုမှာ အပြည့်အဝယုံကြည်ထားတဲ့အချက်တစ်ချက်ရှိပါတယ်။ အဲဒါကတော့ "သူတို့ဟာ ပညာရေးမှာကြိုးစားရင် ဒီထက်ပိုမိုကောင်းမွန်တဲ့ဘဝတွေကိုပိုင်ဆိုင်ရနိုင်တယ်"ဆိုတဲ့ အချက်ပါပဲ။တကယ့်လက်တွေ့မှာတော့ သူတို့ကျောင်းပြီးလို့ ဘေဂျင်း၊ ရှန်ဟိုင်းစတဲ့တရုတ်နိုင်ငံရဲ့ မက်ထရိုပိုလီမြို့ကြီးတွေမှာ အလုပ်ရှာတဲ့အခါမှာတော့ မှန်းချက်နဲ့နှမ်းထွက်မကိုက်မှန်းသိကြရတော့တာပါပဲ။

ဒီလူငယ်တွေက ပညာတတ်ပြီး စိတ်ဓာတ်တက်ကြွမှုရှိတယ်ဆိုပေမယ့် တချို့ကတော့ ပိုမိုကောင်းမွန်တဲ့ဘဝတွေပိုင်ဆိုင်ရစေရမယ်ဆိုတဲ့ အစိုးရရဲ့ကတိတွေကို ယုံကြည်မှုစတင်ပျက်ပြားနေကြပါပြီ။ ပညာရှင်တွေက ဒီလူငယ်တွေကို 'ပုရွက်ဆိတ်လေး'တွေလို့ ကင်ပွန်းတပ်ထားပါတယ်။ ပုရွက်ဆိတ်တွေဟာ အစာရှာဖွေတဲ့နေရာမှာ အင်မတန်တက်ကြွမှုရှိကြပေမယ့် သူတို့ဟာချောင်ကြိုချောင်ကြား၊ အမှိုက်သရိုက်တွေကြားမှာအသက်ရှင်နေထိုင်ကြရတယ်လေ။ကြိုးစားပေမယ့် အချည်းနှီးဖြစ်ဖို့ အလားအလာကလည်း များသား။ ဝေါင်ယီလီတို့လို လူငယ်တွေရဲ့ဘဝကလည်း ဒီပုရွက်ဆိတ်တွေရဲ့ဘဝနဲ့ ဘာထူးလို့လဲ။ ဒီတော့ သူတို့ကို The Ants (ပုရွက်ဆိတ်လေးတွေ) လို့ခေါ်တာ လွန်ရာကျမယ်မထင်ပါဘူး။

The People's University of China က လူမှုရေးသိပ္ပံပညာရှင်ပါမောက္ခ Zhou Xiaozheng က "ဒီပုရွက်ဆိတ်လေးတွေမှာ ရည်ရွယ်ချက်ကြီးကြီးမားမားတွေရှိကြပါတယ်။ ဒါပေမဲ့ အများစုကတော့ လက်တွေ့ပိုင်းမှာကျွမ်းကျင်မှုမရှိကြဘူး"လို့ ထင်မြင်ချက်ပေးပါတယ်။ ကော်လာဖြူပုရွက်ဆိတ်လေးတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘွဲ့တွေ၊ ရာထူးတွေရထားကြပေမယ့် ထိုက်သင့်တဲ့အကျိုးခံစားခွင့်တွေမရကြရှာဘူး။ ပညာတတ်ဥစ္စာမွဲလေးတွေပေ့ါ။ တကယ်တော့ ဒီအခြေအနေက စိုးရိမ်စရာကောင်းတဲ့အခြေအနေတစ်ခုပါ။ လတ်တလော တရုတ်နိုင်ငံရဲ့ စက်ရုံအလုပ်ရုံတွေမှာ ကော်လာပြာဝတ်သာမန်အလုပ်သမားတွေကြားမငြိမ်သက်မှုတွေက ဒီအချက်ကိုမီးမောင်းထိုးပြနေပါတယ်။ ဒီမငြိမ်သက်မှုတွေကနေ လုပ်ခလစာတိုးတောင်းရေးသာမက အလုပ်သမားကိုယ်စားလှယ်ကို ယင်းတို့ကိုယ်တိုင်ရွေးချယ်တင်မြှောက်ခွင့်အထိ တောင်းဆိုလာကြပါတယ်။ ဒီအချက်ဟာ တရုတ်အာဏာပိုင်တွေအတွက်တော့ အရေးကြီးတဲ့နိုင်ငံရေးစိန်ခေါ်မှုတစ်ရပ်ပါပဲ။

အမှန်တကယ်တော့ ဒီပုရွက်ဆိတ်လေးတွေကြား အစာမကြေမှုတွေများလာတာဟာ ပိုမိုစိုးရိမ်စရာကောင်းတဲ့ကိစ္စတစ်ရပ်ပါ။ ကော်လာပြာတွေရဲ့လှုပ်ရှားမှုတွေနောက်ပိုင်း သူတို့ရဲ့လုပ်ခလစာတွေ မကြာသေးမီ အချိန်ကမြင့်တက်လာခဲ့တယ်ဆိုပေမယ့် တရုတ်မှာက ဘွဲ့ရဝန်ထမ်းတွေများလွန်းတာကြောင့် ကော်လာဖြူတွေရဲ့လစာမှာတော့ မက်လုံးတစ်ခုမဟုတ်သေးပါ။ လစာဖြတ်တောက်ခံရတဲ့အပြင် အခြားမကျေနပ်ချက်တွေကလည်းရှိပါသေးတယ်။ တရုတ်အစိုးရရဲ့တရားဝင်ကိန်းဂဏန်းတွေအရ တက္ကသိုလ်ဘွဲ့ရ ၈၇ ရာခိုင်နှုန်းဟာ ကျောင်းပြီးလို့ မကြာခင်မှာပင် အလုပ်အကိုင်ရရှိကြတယ်လို့ ဆိုပါတယ်။ ဒါကို အခြားနည်းလမ်းတစ်ခုခုနဲ့ အဓိပ္ပာယ်ဖွင့်မယ်ဆိုရင်ဘွဲ့ရရှစ်ယောက်မှာ တစ်ယောက်ဟာအလုပ်လက်မဲ့ဖြစ်နေတယ်လို့အစိုးရက တရားဝင်ဝန်ခံတာပါ။ ဒ့ါအပြင်သူတို့ဟာ သူတို့စိတ်ဝင်စားတဲ့ အလုပ်အကိုင်ကိုရွေးချယ်ခွင့်မရှိကြပါဘူး။ မြို့တော်ဘေဂျင်းမှာရှိတဲ့ ပုရွက်ဆိတ်လေးတွေရဲ့ သုံးပုံတစ်ပုံဟာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေမှာ အရောင်းဝန်ထမ်းအဖြစ် လုပ်ကိုင်နေကြရပါတယ်။ နည်းပညာအင်ဂျင်နီယာအချို့တောင် မြို့တော်ဘေဂျင်းရဲ့ ကွန်ပျူတာလက်ကားအရောင်းဆိုင်ကြီးတွေမှာ အိမ်တိုင်ရာရောက်ကွန်ပျူတာလိုက်လံတပ်ဆင်ရောင်းချနေကြရပါတယ်။

မြို့တော်ဘေဂျင်းရဲ့ ဆင်ခြေဖုံးဒေသလေးဖြစ်တဲ့ တန်ကျလင်းမှာ အရင်ကဆို လူဦးရေသုံးထောင်လောက်သာ ရှိခဲ့ပေမယ့် လွန်ခဲ့တဲ့နှစ်အနည်းငယ်ကစပြီး လူဦးရေဟာ ငါးသောင်းလောက်အထိ အံ့သြစရာကောင်းလောက်အောင် များပြားလာခဲ့ပါတယ်။ သူတို့ထဲက အများစုဟာ အလုပ်အကိုင်မရှိတဲ့လူငယ်တွေပါ။ သူတို့ဟာ အမှိုက်သရိုက်တွေနဲ့ရှုပ်ပွနေတဲ့လမ်းကြိုလမ်းကြားတွေထဲက အခန်းတွေ အများကြီးဖွဲ့ထားတဲ့ စာကလေးအိမ်လို အခန်းကျဉ်းလေးတွေမှာ နေထိုင်နေကြရတာပါ။ မြို့တော်ဘေဂျင်းတစ်ခုထဲမှာတောင် ဒီလိုပုရွက်ဆိတ်လေးတွေရဲ့ အသိုက်အမြုံပေါင်း အနည်းဆုံး ဒါဇင်ဝက်လောက်ရှိနေပါတယ်။

ဒီအခြေအနေတွေအပေါ် မကျေနပ်မှုတွေဖြစ်လာပြီး မငြိမ်သက်မှုတွေဖြစ်လာဖို့ အလားအလာဟာ စက်ရုံအလုပ်သမားတွေထက်စာရင် ပိုပြီးတော့တောင်များသေးတယ်လို့ ပါမောက္ခ Zhou ကဆိုပါတယ်။ ဒီတက္ကသိုလ်ဘွဲ့ရတွေဟာ သာမန်ရွှေ့ပြောင်းအလုပ်သမားတွေထက်စာရင် ရည်မှန်းချက်ပိုကြီးတယ်လေ။ Zhou က "ပုရွက်ဆိတ်တွေက ပညာတတ်တယ်။ နိုင်ငံခြားဘာသာစကားတွေ ဘာတွေလည်းတတ်တယ်။ နောက်ပြီး အင်တာနက်လည်း သုံးတတ်တော့ အစိုးရအတွက် ခေါင်းကြီးစရာပေ့ါလေ"ဟု ဆိုလေရဲ့။ ပုရွက်ဆိတ်လေးတွေသာ သူတို့ရဲ့လက်ရှိအခြေအနေတွေကို မကျေနပ်တော့ဘဲနဲ့ အစိုးရ ဆန့်ကျင်မှုတွေကို လုပ်ဆောင်လာခဲ့ရင် ၁၉၈၉ ကတုန်းက လို တီယန်မင်ရင်ပြင်အရေးအခင်းလိုမျိုး ပြဿနာမျိုးနဲ့ကြုံလာရဖွယ်ရှိပါတယ်။

ဒါပေမဲ့ အခုချိန်ထိတော့ ပုရွက်ဆိတ်လေးတွေရဲ့ စည်းရုံးလှုပ်ရှားမှုတွေ ရှိဟန်မတူသေးပါဘူး။ ဒါပေမဲ့ ဒီလိုလုပ်ဆောင်ဖို့လိုအပ်တဲ့နည်းပညာကျွမ်းကျင်မှုတွေ၊ အခြေခံသဘောထားတွေနဲ့ ဘုံရည်မှန်းချက်တွေက သူတို့ဆီမှာ ရှိနေပြီးသားပါ။ တန်ကျလင်းက ပုရွက်ဆိတ်လေးတစ်ကောင်ဖြစ်တဲ့ဝေါင်းလီက "ကျွန်တော်ဒီနေရာမှာ လာနေတာ စစ်တပ်တစ်တပ်ထဲကိုဝင်လိုက်ရသလိုပဲ။ အနာဂတ်မှာ ဒီတန်ကျလင်းမှာနေသွားတဲ့ နောင်တော်တွေနဲ့ ကျွန်တော်အဆက်အသွယ်မပြတ်ဘဲရှိနေမှာပါ။ ကျွန်တော်တို့ အတွေ့အကြုံတွေ ဖလှယ်ခွင့်ရတယ်လေ" လို့ ဆိုပါတယ်။ ဒီလိုသဘောထားတွေက အာဏာပိုင်တွေအတွက် စဉ်းစားစရာဖြစ်နေပါပြီ။

ဘယ်လိုပဲဖြစ်ဖြစ် အခုချိန်အထိတော့ ပုရွက်ဆိတ်လေးတွေဟာ ကြီးမားချမ်းသာဖို့ ရည်ရွယ်ချက်တစ်ခုတည်းအတွက် ရုန်းကန်လှုပ်ရှားနေတာပါ။ သူတို့အများစုဟာ မြို့မှာဆင်းဆင်းရဲရဲနဲ့ဒုက္ခခံပြီးပညာရှာမယ်၊ ငွေစုမယ်။ ပြီးရင်မွေးရပ်ပြန်ပြီး၊ အဲဒီမှာ ရင်းနှီးမြှုပ်နှံမယ်။ပညာတွေကိုပြန်အသုံးချမယ်။ ဖြန့်ဝေမယ်။ ဒါပုရွက်ဆိတ်အများစုမက်တဲ့အိပ်မက်ပါ။ ဒါပေမဲ့ ဒီအိပ်မက်ရဲ့လမ်းကြောင်းပေါ်မှာ လျှောက်နေနိုင်တဲ့ပုရွက်ဆိတ်က တချို့တစ်ဝက်ပဲရှိပြီး ကျန်တဲ့သူတွေကတော့ တစ်လကို ဒေါ်လာ ၁၀၀ လောက်သာရတဲ့လုံခြုံရေးလိုအလုပ်မျိုး လုပ်နေရပြီး အိပ်မက်နဲ့အလှမ်းဝေးနေဆဲပါ။

ပုရွက်ဆိတ်တွေလည်း သူတို့ရဲ့သည်းခံစိတ်တွေ လျော့လာနိုင်ပါတယ်။ သူတို့တွေနေထိုင်နေကြရတဲ့နေရာတွေက ကျန်းမာရေးအတွက် မကောင်းသလို အခြား အခြေခံ လိုအပ်ချက်တွေလည်းရှိနေပါတယ်။

*စာ(၁၈) သို့*

အောင်ချမ်းမြေ
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း
(Open 6:00 am to 9:00 pm)
http://www.acmnursing training.com
Air Con
(I) 06:30 am to 08:30 am (IV) 04:30 pm to 06:30 pm
(II) 09:30 am to 11:30 am (V) 05:30 pm to 07:30 pm
(III) 01:30 pm to 03:30 pm
(I) 06:30 am to 08:30 am (IV) 04:30 pm to 06:30 pm
(II) 09:30 am to 11:30 am (V) 05:30 pm to 07:30 pm
(III) 01:30 pm to 03:30 pm
9:30 am to 03:30 pm

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

*ကျွန်မမှာ သမီးသုံးယောက်ရှိသည့်အနက် သမီးလတ်ဖြစ်သူသည် သိပ္ပံဂုဏ်ထူးတန်းဖြင့် ဘွဲ့တစ်ခု ရပြီးသည်နှင့် သတင်းစာထဲတွင်ပါရှိသော မဟာဘွဲ့တစ်ခု ထပ်တက်ရန် ဝန်ထမ်းသင်တန်းသားအလုပ်ကို သွားရောက်လျှောက်ခဲ့ပါသည်။ အဆိုပါအလုပ်ခေါ်သည်ကိုသူကသိရှိသည်မဟုတ်ပေ။ သူငယ်ချင်းများ လာရောက်ခေါ်ယူကြသဖြင့် အဖော်ကောင်း၍ ပါသွားခြင်းဖြစ်ပါသည်။ ထိုအလုပ်မှာ ကျောင်းနေစဉ်မှ ယခုအချိန်အထိတစ်နှစ်မျှစာမေးပွဲမကျရှုံးပေ။ သူတို့က အသက်ကိုတွက်စစ်ပြီး လျှောက်လွှာကို လက်ခံရာတွင် သမီးလတ်တစ်ယောက်သာ လစာကျပ် သုံးသောင်းကျော်ရသော ဝန်ထမ်းသင်တန်းသားအဖြစ် အရွေးချယ်ခံရပါသည်။*



# သမီးများ၊ ဘွဲ့များ၊ အလုပ်များ

**ခင်ပြုံး(မြန်မာစာ)**

သမီးလတ်က ရန်ကုန်မှ ဖြစ်သော်လည်း သင်တန်းသားအားလုံး အဆောင် နေကြရပါသည်။ အိမ်တွင်နေလျှင် စာမကျက်မည် စိုးရိမ်၍ ထင်ပါသည်။ အဆောင်တွင် အဆောင်မှူးအပြင် စာမေးရန်ဆရာမကိုပါ ခန့်ထားပေးပါသည်။ ယင်းဌာနအတွက် ထူးချွန်ထက်မြက်သော ပညာတတ်များ မွေးထုတ်ရန်ဖြစ်ပါသည်။ ရန်ကုန်မှ သင်တန်းသူများက မကြာခဏအိမ်သို့ ပြန်တတ်သဖြင့် နောင်နှစ်များတွင် သင်တန်းသားအားလုံး နယ်သို့ ပြောင်းရွှေ့ သွားရပါတော့သည်။ မိဘများမှာ မိမိတို့ သားသမီး ပညာတတ်ကြီးဖြစ်စေရန် အစစအဆင်ပြေစေရန် အိမ်မှနေ၍ လစဉ်ငွေပို့ပေးခဲ့ရပါသည်။ သင်တန်းမပြီးဆုံးမီ အိမ်ထောင်မပြုရန်၊ ခွင့်ပြုချက်မရဘဲ အလုပ်မှ ထွက်လျှင် လျော်ကြေးပေးရန်တို့ကို စာချုပ်လက်မှတ်ထိုးထားရပါသည်။ သမီးလတ်၏ ပညာရေးလမ်းကြောင်းကား ဓေ့စေ့တွေးကြည့်တော့မှ ဘုရင့်နောင် ဖောင်ဖျက်ကိန်းဖြစ်နေပါသည်။နောက်သို့ ပြန်ဆုတ်၍ မရတော့ပြီ။ ဘာပဲဖြစ်ဖြစ် ရှေ့သို့ ဆက်ရန်သာရှိတော့သည်။ ယခုအချိန်တွင် ပါရဂူဘွဲ့ရရှိပြီး နာမည်ရှေ့တွင် ဒေါက်တာတပ်ကာ တက္ကသိုလ် ဆရာမကြီး (လက်ထောက်ကထိက)ဖြစ်နေပါပြီ။ လစာများလည်း တိုး၍ အိမ်က မထောက်ပံ့ရတော့ပါ။ သူကသာ နှစ်လလျှင် တစ်ကြိမ် အမေအားငွေပို့ပေးပါသည်။ သမီးလတ်ကသင်ကြားရေးပိုင်း တာဝန်မဟုတ်ဘဲ စည်းကမ်းထိန်းသိမ်းရေးပိုင်းကို ကိုင်ရပါသည်။ စေ့စပ်သေချာသော အပျိုကြီးဖြစ်၍ တစ်သက်လုံး ပေ့ါပျက်ပျက်နေလာခဲ့သော အကျင့်ပျက်ဝန်ထမ်းတစ်စု၏ အုပ်စုဖွဲ့ပြီး စိတ်အနှောင့်အယှက်ပေးခြင်းကို ခံနေရပါသည်။ သမီးကို ရှေ့မှာထားပြီး သူတို့ရပ်ရွာသုံး စကားဝဲဝဲတို့ဖြင့် အတင်းချကြပါသည်။ သူတို့ဒေသသို့ ရောက်ပြီး မကြာမီပင် သမီးက သူတို့စကားအသုံးအနှုန်းများ နားလည်ပြီး တတ်သွားပါသည်။ ထိုအခါတွင်သူတို့ စကားမျိုးလိုက်ပြောမကြည့်နဲ့၊ ရန်ကုန် လေသံပျောက်သွားနိုင်သည်ဟု ပြောကြသည်တဲ့။ သမီးကို လူငယ်သော်လည်း ထက်မြက်သည်၊ စည်းကမ်းရှိသည်ဆိုကာ ခင်မင်သူများလည်း ရှိပါသည်။သကြ်န်ပိတ်ရက်ရှည်များတွင် ရန်ကုန်သို့ပြန်မလာဘဲ ထိုနေရာရှိ တရားရိပ်သာတွင် တရားဝင်လေ့ရှိသဖြင့် ဓမ္မမိတ်ဆွေများကလည်း ကူညီစောင့်ရှောက်ကြပါသည်။

သမီးလတ်သည် အလုပ်ကိစ္စများနှင့် ပတ်သက်ပြီး စိတ်ညစ်ရလွန်းသဖြင့် အမေရေ သမီးထွက်လာခဲ့တော့မယ်။ အမေ လျော်ကြေးပေးလိုက်ပါတော့ဟု ပြောပါသည်။ ကျွန်မက သမီးရေ ထွက်လာဖို့ စိတ်မကူးနဲ့တော့၊ လျော်ကြေးက သိန်းဂဏန်းကြီး၊ အမေလည်း မလျော်နိုင်ဘူး၊ စိတ်လိုက်မာန်ပါ ထွက်လိုက်လျှင်လည်း Black List ဖြစ်တော့မည်။ သမီးလတ်ရေ မိမိဘက်ကသာ မှန်ကန်ပါစေ၊ လူရှိရင် ပြဿနာရှိမှာပဲ။ မဖြေရှင်းနိုင်တဲ့ ပြဿနာဆိုတာ လောကမှာမရှိပါဘူး။ အမေ့သမီး ပီသစွာစိတ်ဓာတ်ကို ကြံ့ခိုင်အောင်ထားပြီး ကိုယ်ရွေးချယ်မိခဲ့တဲ့လမ်းကို အောင်မြင်ပြီးဆုံးအောင်သာ လျှောက်တော့ သမီးရေ. . .။

သမီးတာဝန်ကျတဲ့ နေရာက အစွန်အဖျားကြီးဆိုတော့ အမေ့အသက်အရွယ်၊ ကျန်းမာရေးအရ သမီးကို အနီးကပ်လာပြီး မစောင့်ရှောက်နိုင်ဘူး။ အခု စောင့်ရှောက်နိုင်တယ်ဆိုဦးတော့၊ တစ်သက်လုံးတော့ မဖြစ်နိုင်ဘူးဟု ဆုံးမစကားပြောကြားရပါတော့သည်။

ကိုရီးယား ဘာသာဘွဲ့ရ သမီးငယ်လေးအတွက် မိတ်ဆွေကြီးတစ်ဦးအားကျွန်မက အကူအညီတောင်းသည့်အခါ အစိုးရဌာနကြီးတစ်ခုတွင် အလုပ်ဝင်ရန် ပြောပေးပါသည်။ အားလုံးပြောဆိုပြီးတော့မှ သမီးငယ်ကသူ့အစ်မလတ်ကဲ့သို့ ပြန်ထွက်၍ မရမည်ကို စိုးရိမ်ပြီး "မီးမီး ကြောက်ကြောက်" ဆိုကာ မလုပ်တော့ပေ။ ဌာနမှလူကြီးများက ဘာမှမပြောသော်လည်း အဆိုပါဌာနမှစာရေးမက အမျိုးမျိုးပြောသည်ဆိုကာ သမီးအား ဖုန်းဆက်ပြီး ကောပါတော့သည်။

နောက်ဆုံးပိတ်မှ ခေါင်းဆောင်မင်းသမီး သမီးကြီး အကြောင်း ပြောပါတော့မည်။ သူက ယခုအသက် ၃၆ နှစ်၊ အလုပ်က ၁၉ ခုရှိသွားပါပြီ။ ယခုအထိ အလုပ်တွေကလည်း သူ့အားခန့်နေဆဲ၊ သူကလည်း ထွက်နေဆဲပါ။ သူ့မှာ အရွယ်ကောင်းစဉ်တုန်းကကဲ့သို့ ရွေးချယ်ခွင့်တော့ သိပ်မရှိတော့ပါ။ သားသမီး မရှိသော်လည်း အိမ်ထောင်ရှင်ဖြစ်သည့်အတွက် သားသမီးရှိလာလျှင် မကြာခဏ ခွင့်ယူမှာစိုး၍ဆိုကာ အချို့အလုပ်မခန့်ကြပေ။ အချို့ကလည်း အသက်ကြီး၊ အိမ်ထောင်ရှိပြီးဖြစ်သော်လည်း လုပ်ငန်းအတွေ့အကြုံရှိပြီးသားဖြစ်၍ ခန့်ကြပါသည်။

သမီးကြီးက အလုပ်တစ်ခုမှာ အကြာဆုံး ၂နှစ်ခန့်ဖြစ်ပြီး အချို့အလုပ်ကို ရက်ပိုင်း၊ အချို့မှာလပိုင်းသာလုပ်ခဲ့ပါသည်။ သူ၏ဆင်ခြေပေးချက်အရဆိုသော် အလုပ်ဌာနသည် နေအိမ်နှင့်တွဲမထားဘဲ ကုမ္ပဏီရုံးခန်းသီးသန့်ဆိုလျှင်ကောင်းပါသည်။ နေအိမ်နှင့် အလုပ်ရုံးခန်းတွဲထားလျှင် အဆိုပါဝန်ထမ်းများသည် အိမ်ဖော်မကျတကျအဖြစ် အိမ်မှုကိစ္စ အပြင်ကိစ္စများပါ ခိုင်းတတ်ကြသည်ဟု ပြောပါသည်။ အချို့အလုပ်များတွင် တယ်လီဖုန်းပျက်၊ ရေပိုက်ပျက်၍ အလုပ်သမားများ ပင်သွား၍ ရှာပေးရသည်။ မိမိရပ်ကွက်မဟုတ်၍ တွေ့သမျှလူကို အလုပ်သမားအကြောင်း မေးမြန်းစုံစမ်းရပါသည်။ သူဌေး၏ သားသမီးများကို ကျောင်းကြိုပေးရခြင်း၊ မွေးနေ့ကိတ်မုန့်များ မှာပေးရခြင်းများလည်း လုပ်ခဲ့ရပါသည်တဲ့။

ကုမ္ပဏီတစ်ခုမှာ ကွန်ဒိုတိုက်ခန်းအပေါ်ထပ်တွင် နေအိမ်၊ အောက်ခန်းတွင် ရုံးခန်းခွင့်ထားပါသည်။ သူတို့၏ တစ်နှစ်သားအရွယ်သားကလေးကို ကုမ္ပဏီဝန်ထမ်းမိန်းကလေးများအား အလုပ်ချိန်တွင် ထိန်းခိုင်းထားပြီး ကလေးထိန်းကိုမူ အိမ်အလုပ်များ လုပ်ခိုင်းထားပါသည်။ ထို့အပြင် သူဌေး၏ ဇနီးထမင်းစားမကောင်း၍ဆိုကာ ဒံပေါက်ထမင်းဝယ်ပေးပါဦး၊ ဟင်းထွက်ဝယ်ပေးပါဦးဆို၍ မိမိလမ်းစရိတ်စိုက်ကာ နေပူကြီးထဲ ထွက်ဝယ်ပေးရပါသည်။ မိသားစု စိတ်ဓာတ်ထားပြီး အမြင်မတော်လျှင် မိမိအိမ်ဟုသဘောထားကာ လုပ်ရမည်ဆိုကာ သူတို့စားပြီးသား ပန်းကန်များပင် ဆေးခိုင်းတတ်ကြပါသည်။

*စာ(၁၈) သို့*

ဝန်ထမ်းအလိုရှိသည်
Reporter
Data Collector
Accountant
Marketing Executive
Marketing Target
Admin Staff
DTP
Distribution
CV From

ဝန်ထမ်း အလိုရှိသည်
Cyber Cafe
Setting & Configuration
Address: Rm-403, Excel Tower, Yangon. Ph: 01 559377 Ext: 6225

LIANG SHE CO.,LTD
FUTURE NEW ENERGY DEVELOPMENT CO.,LTD



Solar Power

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.26 • SEPTEMBER 16, 2010



# မြူခိုးကြားက မဲပြားများ

ငြိမ်းငြိမ်းနိုင် ■

ဇင်ပြာဘောင်းဘီနှင့် ဖလံထည်အင်္ကျီအကွက်ကို အကျအနဝတ်ဆင်ထားသော ဦးကျော်စိုးက အသက် ၆၅ နှစ်အရွယ် လားဟူလူမျိုးတစ်ဦးဖြစ်သည်။

သူ့ဝတ်စားဆင်ယင်မှုက မြေပြန့်ဒေသက တောသူတောင်သားတွေ ပုံစံနှင့် ကွဲပြားနေသော်လည်း ကြမ်းတမ်းမာကျောနေသည့် သူ့ခြေထောက်နှင့် လက်တို့က တောင်ပေါ်ဒေသတောင်သူတစ်ဦး၏ဘဝကို ပေါ်လွင်နေစေသည်။

ရှမ်းပြည်နယ်တွင် အများစုနေထိုင်ကြသည့်လူဦးရေ လေးသောင်းနီးပါးရှိ လားဟူ**လူမျိုးစု** အနွယ်ဝင် လားဟူလူမျိုးတစ်ဦးဖြစ်သည်။

အထစ် ၁၀ ထစ်ကျော်သစ်သားလှေခါးထစ်များကို တစ်ထစ်ချင်းမှန်မှန်တက်လာရင်း အောင်မြင်လှသည့် သူ့အသံဖြင့်အိမ်ပေါ်ထပ်ဆီလှမ်းမျှော်နှုတ်ဆက်လိုက်ပုံက လန်းဆန်းတက်ကြွမှုအပြည့်ဖြင့်ဖြစ်သည်။

အမှန်က သည်မနက် သူဖြတ်သန်းလာရသည့် ခရီးက သူ့အသက်အရွယ်အတွက် အတော်ပင် နွမ်းနယ်နေစေလိမ့်မည်။ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင်အတွင်းက သိန္နီမြို့နယ်ရှိ နန်းကျူရွာကလေးမှနေ၍ ညီငယ်ရှိရာ လားရှိုးသို့လာရောက်ရန် ကားဂိတ်ရှိရာ လမ်းမကြီးအထိ သူတို့ရွာမှ တစ်နာရီကျော် ခြေလျင်လျှောက်ခဲ့ရသည်ဟု သူကဆိုပါသည်။

နန်းကျူရွာသည် လားရှိုးမြို့မှ မိုင် ၂၀ ကျော်သာ ဝေးသော်လည်း ယခုကဲ့သို့မိုးတွင်းအခါတွင် မြို့ပေါ်သို့ သွားလာရန် သူတို့အနီးအနားရွာက ရွာသူရွာသားအားလုံး လမ်းမကြီးပေါ်သို့ရောက်ရန် တစ်နာရီကျော် လမ်းလျှောက်ပြီးမှ ကားဖြင့် လိုရာခရီးသို့ဆက်ကြရသည်။ ထိုရွာသည် လားဟူလူမျိုးစု ၅,၀၀၀ ခန့် စုဝေးနေထိုင်ကြသည့် အိမ်ခြေ ၅၀ ကျော်ရှိ ရွာငယ်တစ်ရွာဖြစ်ပြီး တစ်ရွာလုံးမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။

ဦးကျော်စိုး၏ လူမျိုးစုအမည်မှာ ဦးကျာဆဲဖြစ်သော်လည်း အခြား လားဟူလူမျိုးများနည်းတူ ကျောင်းရောက်သည့်အခါ ခေါ်ရခက်သည့် လူမျိုးစုနာမည်မှ မြန်မာနာမည်ကို ပြောင်းလဲခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်း သူ့လူမျိုးစုအမည် ကျာဆဲကို ပို၍နှစ်ခြိုက်သည်ဟုဆို၏။

ယခု သူမြို့ပေါ်သို့ တက်လာခြင်းမှာ ၎င်း၏ ညီဖြစ်သူက လားဟူတိုင်းရင်းသား ပါတီတွင် အတွင်းရေးမှူးဖြစ်နေသည့်အတွက် ပါတီရုံးခန်းရှိ ညီငယ်နှင့် လာရောက်တွေ့ဆုံခြင်းဖြစ်သည်။

ဓမ္မဆရာဖြစ်သည့်အတွက် သူ့အသက် ၆၅ နှစ်ရှိပြီဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမှ မဲမပေးဘူးကြောင်းကို ဟာသနှော၍ ပြောပြရင်း တဟားဟားနှင့် ပွဲကျနေသည်။

"ကျွန်တော်က ဓမ္မဆရာဆိုတော့ ဟိုအဖွဲ့တွေနဲ့ တစ်အုပ်စုပေါ့။ ဒါကြောင့် မဲပေးလို့မရဘူးပေါ့"ဟုဆိုရင်း သူ့သွားဖွေးဖွေးများပေါ်သည်အထိ ရယ်မောသဘောကျနေတော့သည်။

သူတို့ရွာတွင် မြန်မာနိုင်ငံတစ်ဝန်းနှင့် နိုင်ငံရပ်ခြားမှသတင်းအဖြစ်အပျက်များကို ရေဒီယိုကတစ်ဆင့် နားထောင်ကြရသည်။

သို့သော်လည်း အများစုက မြန်မာစကားမတတ်ကြသည့်အတွက် ကျောင်းနေဖူးသူအချို့ကသာ နားထောင်နိုင်ကြသည်။

ထို့ကြောင့်ရေဒီယိုနားထောင်သော ဦးကျော်စိုးက ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာ အချို့ကို တီးမိခေါက်မိ ရှိနေခြင်းဖြစ်သည်။

ထို့အပြင်နိုင်ငံရေးပါတီတွင် သူ့ညီငယ် အလုပ်လုပ်နေသည့်အတွက် သူကတော့ ရွေးကောက်ပွဲနှင့် ပါတီတွေအကြောင်း သိုးသိုးသန့်သန့်သိထားသည်ဟု ဆိုသည်။

နိုင်ငံပိုင်သတင်းစာ မရောက်သော နန်းကျူရွာမှ ဦးကျော်စိုးတစ်ယောက် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ရေဒီယိုမှတစ်ဆင့်ပင် သိရှိခဲ့ရသည်။

ထို့ကြောင့် သူ့ရွာမှာတော့ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ဗဟုသုတမဆိုစလောက်ရှိသော ရှားရှားပါးပါး ပုဂ္ဂိုလ်တစ်ဦးဟု ဆိုလျှင်လည်း မမှားနိုင်။

အဘယ်ကြောင့်ဆိုသော် သူတို့ရွာလေးသို့ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများ လာရောက်ဟောပြောစည်းရုံးမှုများ တစ်စုံတစ်ရာမလုပ်သေးသောကြောင့်ပင်။

"အပေါ်ပိုင်းရှမ်းရွာတွေမှာ လာဟောတယ်ကြားတယ်။ အဲလောက်ပဲရွာကလူတွေသိတယ်" ဟု သူကဆိုသည်။

နိုင်ငံရေးနှင့် ရွေးကောက်ပွဲအပေါ် သူ့ခံစားချက်ကို မေးမြန်းကြည့်ရာ သူတို့ရွာတွင် ရွာသူကြီးက ရွာသူ၊ ရွာသားများနှင့် ဘယ်ကိစ္စမဆိုညှိညှိနှိုင်းနှိုင်း တိုင်ပင်ဆုံးဖြတ်လုပ်ကိုင်လေ့ရှိသည့် အတွက် သူတို့ ရွာနိုင်ငံရေးကတော့ ရွာသားတွေအတွက် အေးအေးချမ်းချမ်းတိုင်တိုင်ပင်ပင်ရှိနေရာ နိုင်ငံရေးရာကိစ္စများကို သူ့အနေဖြင့် ခပ်လှမ်းလှမ်းကပဲ နေပါသည်ဟု ဆိုသည်။

နိုင်ငံရေးနှင့် ဝေးပါသည်ဆိုသော သူနှင့် သူ့ကျေးရွာသူ ကျေးရွာသားတွေက လူမှုရေး ကိစ္စများတွင်တော့ မျက်စိပွင့်နားပွင့်ကာ တက်တက်ကြွကြွရှိနေပြန်သည်။

မူးယစ်ဆေးဝါးစွဲနေသူတွေကို ဆေးဖြတ်သည့် စခန်းတစ်ခု သူတို့ရွာတွင်ဖွင့်လှစ်ရန် စီစဉ်နေပြီး၊ ထိုစခန်းအတွက် သက်ဆိုင်ရာကျန်းမာရေးအဖွဲ့အစည်းများနှင့် မူးယစ်တိုက်ဖျက်ရေးအဖွဲ့အစည်းတို့က သူတို့ကို အကူအညီပေးသည်။

မူးယစ်ဆေးဖြတ် စခန်းတွင် သူက ဓမ္မဆရာတစ်ဦးအဖြစ် ပါဝင်ပြီး၊ ဆေးဖြတ်မည့် လူနာများအတွက် လိုအပ်သည်များကို ပြုစုပေးရန် တာဝန်ယူထားသည်။

ထိုဆေးဖြတ်စခန်းကို ကိုယ်ထူကိုယ်ထ ပုံစံဖြင့်လုပ်ဆောင်ရန် ပြင်ဆင်နေခြင်းပင်ဖြစ်၏။ ထိုကဲ့သို့ လူမှုရေး၊ ရပ်ရွာရေးတွင်သာ မဟုတ်၊ ပညာရေးအတွက်လည်း နန်းကျူရွာတွင် အခြေခံလောက်တော့ ကောင်းကောင်းပေးနိုင်သည်။

မူလတန်းကြိုကျောင်းနှင့် မူလတန်းကျောင်းတို့ရှိကာ အများစုမှာ အခြေခံပညာပြီးပါက တောင်ယာအလုပ်တွင်သာ ဝင်ရောက်လုပ်ကိုင်လေ့ရှိကြသည်။

အတန်းပညာ ရှစ်တန်းသာ အောင်ခဲ့သော်လည်း ဦးကျော်စိုးက သူ့သားသမီးကိုးယောက်ထဲက လေးယောက်ကို ပညာရေးဆက်နိုင်ရန် အိမ်အကူအလုပ်လုပ်ရင်း ပညာသင်ပေးသည့် ရန်ကုန်မြို့ရှိ ကရင်နှင့်မြန်မာမိသားစုဝင်အိမ်များသို့ စေလွှတ်ထားခဲ့ရ၏။

သူတို့ လားဟူရွာတွင် ပညာရေးဆက်စေလိုသည့် မိဘများက ရန်ကုန်သို့ သားသမီးများကို စေလွှတ်ကာပညာသင်စေကြရသည်မှာ အလေ့အထတစ်ခုပင်ဖြစ်နေသည်။

လားဟူလူမျိုးအများစုသည် တောင်သူဘဝဖြင့် ဆင်းရဲရုန်းကန်ကြရသော်လည်း ပညာရေးကိုမူ စိတ်ဝင်စားဦးစားပေးသော လူမျိုးစုတစ်ခုဖြစ်သည်ဟုလည်း သူ့ကလေးများအား မိသားစုနှင့် အဝေးသို့ပို့ကာ ပညာဆက်စေခြင်းက သက်သေထူပြောပြနေသည်။

အိမ်ခြေ ၅၀ ခန့်ရှိသော နန်းကျူရွာတွင် ရန်ကုန်ရှိ မြန်မာနှင့် ကရင်မိသားစုတို့ထံ၌ သွားရောက်နေထိုင်ရင်း ပညာသင်နေသည့် ကျောင်းသား လူငယ် ၁၀ ဦးခန့်ရှိသည်ဟုဆိုသည်။

ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲရုန်းကန်နေကြရသော နန်းကျူရွာတွင် မယုံနိုင်ဖွယ်ရာအကြောင်းတစ်ခုက လျှပ်စစ်မီး ၂၄ နာရီအပြည့်ရရှိနေခြင်းပင်။

"ကိုယ်ပိုင်ရေအားလျှပ်စစ်လေးရှိတော့ အဆင်ပြေတယ်။ မီတာခလည်း မပေးရပါဘူး။ မီးအလင်းပဲသုံးကြတယ်။ လျှပ်စစ်ပစ္စည်းကတော့ ဘယ်သူမှ မသုံးတတ်ဘူး။ နောက်ကျရင်တော့ သုံးကြမလားမသိဘူး"ဟု မြန်မာနိုင်ငံတစ်ဝန်းမကြာခဏလျှပ်စစ်မီးပြတ်တောက်မှုများ ရှိသော်လည်းသူတို့ရွာတွင် မီးအပြည့်ရပုံကို ဂုဏ်ယူဝင့်ကြွားစွာ ပြောပြနေသေးသည်။

လျှပ်စစ်ပစ္စည်းများ မသုံးသည့်အတွက် အနီးရှိ တောထဲမှ ထင်းများကိုသာ သုံးစွဲချက်ပြုတ်နေကြသည်ဟု ဆိုသည်။ ဦးကျော်စိုးက "အခု ပစ္စည်းတွေက မသုံးတတ်သေးလို့ တောနဲ့နီးတော့ ထင်းပဲသုံးနေတာ။ နောက်ကျရင်တော့ စဉ်းစားမိတယ်။ ဒီနားကတောတွေ အလကားဖြစ်သွားမလားမသိဘူး"ဟု ပြောရင်း ပွဲကျရယ်မောနေပြန်သည်။

သူ့ရွာ၏ အဆင်ပြေနေမှုများအပေါ် ကျေနပ်ပျော်ရွှင်နေပုံရသောဦးကျော်စိုးက လာမည့်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် သူ့မိသားစုအတွက်တော့ သူတို့ဘာသာ အဆင်ပြေသလို ပေးကြလိမ့်မည်ဟု ခပ်အေးအေးပင်ဆိုနေသည်။

ဦးကျော်စိုး၏ ဇနီးမှာ ကရင်လူမျိုးတစ်ဦးဖြစ်ပြီး သူတို့နှင့်အတူ ပညာရေးမဆက်တော့သည့် သားသမီးတို့က ရွာတွင် အတူနေထိုင်လျက်ရှိသည်။ သူ့တွင် မဲထည့်ခွင့်မရှိသော်လည်း ဇနီးသည်နဲ့ သားသမီးတွေကတော့ မဲထည့်ခွင့်ရှိနေသည့်အတွက် သူတို့ရော နိုင်ငံရေးပါတီများနှင့် ပတ်သက်ပြီး ဘယ်လောက်သိပါသလဲဟု မေးမြန်းရာ "အမျိုးသမီးကတော့ ထည့်ရမှာပေါ့။ သူကလည်းစိတ်မဝင်စားဘူး။ ထည့်ရင်လည်း ရွာသူကြီးကပြောရင် ဒါထည့်ဆိုထည့်လိုက်ကြမှာပေါ့" ဟု ပြန်လည်ဖြေကြားခဲ့သည်။

သူတို့ရွာသို့ မကြာမီ ရွေးကောက်ပွဲအတွက် ပါတီအချို့ လာရောက်ဟောပြောကြလိမ့်မည်ဟု မျှော်လင့်ရသည်။ ရွေးကောက်ပွဲတွင် သူတို့လူမျိုးစုပါ တီတစ်ခုဖြစ်သော လားဟူပါတီရှိသော်လည်း ထိုပါတီက သူတို့ဒေသတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်သည့်အတွက် ပြည်ခိုင်ဖြိုးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့ကိုသာ မဲပေးသူများက ရွေးချယ်မဲပေးရမည်ဖြစ်သည်။

ရွာသားများ၏ မဲပေးမှုအတွေ့အကြုံကို သူက "ရွာမှာကတော့ ဟိုတစ်ခါလိုပဲ ရွာသူကြီးနဲ့ ပြောပြီး ဒီလိုပဲ ပေးကြရမှာပေါ့။ ကျောင်းသားတွေလောက်က လွဲပြီး မြန်မာစကားလည်းမတတ်ကြဘူး။ နိုင်ငံရေးလည်း မသိကြပါဘူး"ဟု သူကဆိုသည်။

နိုင်ငံရေးနှင့် ပတ်သက်၍ သူ့ထင်မြင်ယူဆချက်များကို ပြောကြားရာတွင် ခပ်ပြုံးပြုံးနှင့် ရယ်မောစရာအဖြစ်သာ ပြောလေ့ရှိသော်လည်း သူ့ကျေးရွာ၌ ဆောင်ရွက်နေသော မူးယစ်ဖြတ်ဆေးစခန်းအကြောင်း၊ ရွာရှိ လူငယ်အမျိုးသားတွေ ပြည်သူ့စစ်ထဲဝင်ကာ ရပ်ရွာကာကွယ်ရေးဆောင်ရွက်ကြပုံအကြောင်း၊ ရွာလျှပ်စစ်မီး အချိန်ပြည့်ရပုံအကြောင်း၊ သူတို့ရွာသူကြီးက သူတို့နှင့်အတူတစ်သားတည်း ရှိနေသည့်အတွက် ရွာတွင် အဆင်ပြေကြရသည့်အကြောင်းတွေ ပြောပြချိန်မှာတော့ သူ့အသံက တဖြည်းဖြည်းမြင့်တက်လာသလို သူ့မျက်လုံးများကလည်း ရွှန်းလဲ့တောက်ပနေတော့သည်။

သူသည် ဥပဒေအရ မဲပေးခွင့်မရှိသူ တစ်ဦးဖြစ်၏။ သို့သော် သူတတ်နိုင်သောနေရာမှသူ့လူမျိုးစုတာဝန်၊ သူ့ရပ်ရွာတာဝန်၊ သူ့ဘာသာ၊ သာသနာအတွက် ထမ်းဆောင်နေရင်း လားဟူရွာလေးကို အားဖြည့်နေသူတစ်ဦးဟု ဆိုလျှင်လည်း မမှားနိုင်။

## မန္တလေးမြို့တော်ဝန် အောင်မြေသာစံမြို့နယ်ကိုယ်စားပြု ရွေးကောက်ပွဲဝင်မည်

**စိုင်းသာအောင်**

မန္တလေး၊ စက်တင်ဘာ- ၁၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိုယ်စားပြု၍ ၂၀၁၀ နိုဝင်ဘာ ၇ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မန္တလေးမြို့အောင်မြေသာစံမြို့နယ် တိုင်းဒေသကြီးအမှတ် (၂)နယ်မြေမှ ဝင်ရောက်အရွေးချယ်ခံမည်ဖြစ်ကြောင်းသိရသည်။

အောင်မြေသာစံမြို့နယ် တိုင်းဒေသကြီးအမှတ် (၁)နယ်မြေမှ မျက်စိအထူးကုသမားတော်ကြီးဒေါက်တာဝင်းလှိုင်က ဝင်ရောက်အရွေးချယ်ခံမည်ဖြစ်သည်။ ယင်းအပြင် အောင်မြေသာစံမြို့နယ် ပြည်သူ့လွှတ်တော်အတွက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုအသင်းချုပ်ဒုဥက္ကဋ္ဌ၊ မန္တလေးကုန်စည်ဒိုင်ဒုဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌဦးကိုကြီးက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အတွက် မန္တလေးဆေးတက္ကသိုလ်အငြိမ်းစားပါမောက္ခချုပ်ဒေါက်တာစိုးထွန်းကဝင်ရောက်ပါဝင်အရွေးခံမည်ဖြစ်သည်။

မန္တလေးခရိုင် (၇)မြို့နယ်တွင် တိုင်းဒေသကြီးကိုယ်စားလှယ် ၃၃ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၁ ဦး၊ အမျိုးသားလွှတ်တော် ၉ ဦး၊ စုစုပေါင်း ၇၃ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ



ရန်ကုန်မြို့တွင် အခြေစိုက်သော တိုင်းရင်းသားကိုယ်စားပြုပါတီတစ်ခုဖြစ်သော်လည်း ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းစသည့် ဒေသများတွင်ပါဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

ပါတီဥက္ကဋ္ဌမှာ ဦးစိုင်းအိုက်ပေါင်းဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဟုသိရသည်။

ပါတီဝင်အင်အား ၁၅၀၀ကျော်ရှိပြီး တစ်နိုင်ငံလုံးတွင် ကိုယ်စားလှယ်ဦးရေ ၁၅၇ဦးထိ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ရှမ်းပြည်နယ်ရှိ အမျိုးသားလွှတ်တော်တွင် ကိုယ်စားလှယ်၆ဦး၊ ပြည်သူ့လွှတ်တော်တွင် ၃၄ဦး၊ ရှမ်းပြည်နယ်လွှတ်တော်အတွက် ၇၄ဦးအထိ ဝင်ရောက်ယှဉ်ပြိုင်မည်ဟုသိရသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီကကိုယ်စားလှယ်ဦးရေ ၁၀၀ကျော်ဖြင့် အဓိကထားယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်တွင် အဓိကပြိုင်ဘက်ပါတီမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသာဖြစ်သည်ဟု ပါတီဗဟိုအလုပ်အမှုဆောင်ဦးစိုင်းထွန်းအေးကပြောကြားသည်။

တိုင်းရင်းသားလူမျိုးစုပါတီ အများအပြားစုဝေးရာ ဒေသဖြစ်သော ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အမာခံဒေသများဖြစ်သောဒေသအချို့တွင်မူ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုဟုသိရသည်။ ရှမ်းတိုင်းရင်းသားများ ကိုယ်စားပြုသည့်ပါတီတစ်ခုအဖြစ်တည်ရှိရန် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီကိုဖွဲ့စည်းခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ရှမ်းတိုင်းရင်းသားများသည် လူဦးရေအားဖြင့် ၄သန်းခန့်ရှိသော မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးစုတစ်ခုဖြစ်သည်။

## လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ


လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ အတွင်းရေးမှူး ဦးသက်ဝင်း။

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် အခြေစိုက်သော တိုင်းရင်းသားလူမျိုးစု ပါတီတစ်ခုဖြစ်သည်။ ရှမ်းပြည်နယ်တွင်နေထိုင်သော လူဦးရေလေးသောင်းခန့်ရှိသည့် လားဟူတိုင်းရင်းသားများကို ကိုယ်စားပြုထားသည့် နိုင်ငံရေးပါတီတစ်ခုလည်းဖြစ်သည်။

ပါတီဥက္ကဋ္ဌမှာ အမျိုးသားညီလာခံ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးကျာဟားရဲဖြစ်ပြီး မိုင်းပျဉ်းမြို့နယ်ပြည်သူ့လွှတ်တော်မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ တန့်ယန်း၊ မက်မန်း၊ မိုင်းပျဉ်း၊ မိုင်းတုံ၊ မိုင်းဆတ်၊ ကျိုင်းတုံမြို့နယ်များရှိ ပြည်နယ်လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များတွင် လွှတ်တော်ကိုယ်စားလှယ်၁၀ဦးဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်သည်ဟုသိရသည်။ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီသည်လူဦးရေနည်းပါးသောလူမျိုးစုပါတီတစ်ခုဖြစ်သော်လည်း ၁၉၈၉ခုနှစ်ကတည်းက ဖွဲ့စည်းထားသောပါတီအဟောင်းဖြစ်၍ ကိုယ်စားလှယ်ဦးရေများများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းဖြစ်သည်ဟု သိရသည်။

ပါတီ၏ မူဝါဒမှာ ဒေသဖွံ့ဖြိုးရန်သာပြုလုပ်လိုခြင်းဖြစ်ပြီး လားဟူလူမျိုးစုသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသာ လုပ်ကိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း ဆောင်ရွက်လိုခြင်းဖြစ်သည်ဟုသိရသည်။

လူနည်းစုတိုင်းရင်းသား ပါတီဖြစ်၍ ကြီးကျယ်သော လုပ်နိုင်စရာများမမျှော်မှန်းဘဲ နိုင်ငံခေါင်းဆောင်များနှင့် လက်တွဲပြီးလုပ်ဆောင်သွားရန်သာရည်မှန်းထားကြောင်းသိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်သော တိုင်းရင်းသားများအတွက် အခွင့်အရေးသည် လုံလောက်မှုရှိသည်ဟုယူဆပြီး အခြားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသရ တိုင်းရင်းသားများကဲ့သို့ သီးသန့်နယ်မြေလိုချင်သော်လည်း လားဟူတိုင်းရင်းသားများမှာ တစ်နေရာတည်းတွင် တစ်စုတစ်စည်း တည်းနေထိုင်ကြခြင်းမဟုတ်သောကြောင့် သီးသန့်ပြုလုပ်ရန် လွယ်ကူမည်မဟုတ်ဟု ပါတီအတွင်းရေးမှူးဦးသက်ဝင်းကပြောကြားသည်။ လားဟူတိုင်းရင်းသားအများစုမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ပြီး ဗုဒ္ဓဘာသာနှင့် နတ်ကိုး ကွယ်သူများလည်းရှိသည်ဟုသိရသည်။လားဟူလူမျိုးစုများတွင် ကိုယ်ပိုင်စာနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုရှိပြီး ရှမ်းပြည်နယ်ရှိနေရာအနှံ့အပြားတွင်နေထိုင်ကြသည်။

## ဝ ဒီမိုကရက်တစ်ပါတီ


ဆိုင်းဘုတ်မဖွင့်ရသေးသည့် ဝ ဒီမိုကရက်တစ်ပါတီရုံး

ဝဒီမိုကရက်တစ်ပါတီရုံးချုပ်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း လာရှိုးမြို့တွင် ရုံးစိုက်ကာ ဥက္ကဋ္ဌမှာ ဦးခွန်ထွန်းလူဖြစ်ပြီး ရှမ်းပြည်နယ်တွင်သာ အခြေစိုက်ယှဉ်ပြိုင်မည့် ဒေသတွင်း တိုင်းရင်းသားပါတီတစ်ခုဖြစ်သည်။

ယင်းပါတီက ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ဟိုပန်၊ ကွမ်းလုံ၊ တန့်ယန်း၊ မော်ဖမြို့နယ်လေးခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ဟိုပန်မြို့နယ်တွင် အမျိုးသားလွှတ်တော်အတွက် ဥက္ကဋ္ဌ ဦးခွန်ထွန်းလူက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ထိုမြို့နယ်လေးခုတွင် ပြည်နယ်လွှတ်တော်အတွက် နှစ်ဦးစီနှင့် ပြည်သူ့လွှတ်တော်အတွက် တစ်ဦးစီဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက် ကိုယ်စားလှယ်စုစုပေါင်း ၁၃ဦးဖြစ်သည်။ ဝဒီမိုကရက်တစ်ပါတီတွင် အမျိုးသားညီလာခံတက်ရောက်ခဲ့သည့် ကိုယ်စားလှယ် ၃ဦးပါဝင်သည်။ စက်တင်ဘာ ၁၀ရက်ကမှ ရုံးဖွင့်လှစ်လိုက်ဖြစ်ကာ ယှဉ်ပြိုင်ခြင်းဒေသများတွင် မဲဆွယ်စည်းရုံးမှုများ မကြာမီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

# ပါတီသံမညံသေးသည့် ရှမ်းမောမြေ

ငြိမ်းငြိမ်းနိုင်၊ အိဖြူလွင်


မဲပေးခွင့်ရှိသူ ဆယ်သိန်းခန့်ရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်းမြို့တော် လားရှိုးမြို့၏မြို့လယ်မြင်ကွင်း။ ဓာတ်ပုံ - ငြိမ်းငြိမ်းနိုင်

ဘောလုံးကွင်း တစ်ကွင်းစာကျော်ကျော် ကျယ်ဝန်းလှသည့် ခြံကြီးအတွင်းတွင် တည်ငြိမ်ခံ့ညားသည့်တစ်ထပ်တိုက်အဆောက်အအုံကြီးက ဟည်းနေသည်။

ထိုအဆောက်အအုံဘေးကပ်လျက်ရှိ ကားဂိုဒေါင်အတွင်း၌ နောက်ဆုံးပေါ် ဇိမ်ခံကားဖြူကြီးကိုလည်း ခြံအပြင်က ဖြတ်သွားဖြတ်လာတို့က အတိုင်းသားမြင်နိုင်သည်။

ခြံကြီးလက်ဝဲဘက်ထောင့်တွင်မူ ဂိုဒေါင်ပုံစံ ဆယ့်ငါးပေပတ်လည် တစ်ထပ်အုတ်တိုက်လေးကိုတွေ့ရသည်။ အုတ်တိုက်၏နံရံဘိလပ်မြေရောင်မှာ မကြာမီကမှ ဆောက်လုပ်ထားသည့် တိုက်သစ်ဖြစ်ကြောင်း သက်သေထူနေသလိုရှိ၏။

အုတ်တိုက်ခန်းငယ်၏ ပတ်ပတ်လည်တံခါးများက ပိတ်ထားသလို၊ ခြံစည်းရိုး တံခါးကိုလည်း စတီးလ်သော့ဖြင့်သေချာခတ်ထားသည်။ အုတ်တိုက်နှင့် ခြံစည်းရိုးကြား သစ်သားတိုင်ပေါ်က အရာတစ်ခုကို အနီရောင်ပိတ်စ တစ်စက အကျအနလွှမ်းခြုံထား၏။

တိုင်းရင်းသား မျိုးနွယ်စုမျိုးစုံရာ လက်နက်ကိုင်အဖွဲ့အစည်းများလည်းအများဆုံးအခြေစိုက်ရာ ဒေသတစ်ခုဖြစ်ခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ သိန္နီလမ်းမကြီးပေါ်က 'ဝ' ဒီမိုကရက်တစ်ပါတီရုံးခန်းကို ရွေးကောက်ပွဲကျင်းပရန် ၆၁ရက်အလို စက်တင်ဘာ၇ရက်က မြင်တွေ့ရခြင်းပင်။

လူဦးရေ သိန်းနှစ်ဆယ်ကျော်ရှိသည့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ယင်းပါတီအပြင် အခြားတိုင်းရင်းသားပါတီ ၉ခု အခြေစိုက်ကာ၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ကြလျက်ရှိသည်။

ရှမ်းမြောက်တွင် ထိုတိုင်းရင်းသားပါတီ၉ခုအပြင် နိုင်ငံအဝန်းဝင်ရောက်ယှဉ်ပြိုင်မည့် အခြားပါတီ ၃ ခုကလည်း ရှိနေသေးသည်။ ထို့ကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဒေသခံများအဖို့ ရွေးချယ်စရာပါတီအများအပြားရှိနေနိုင်သည်ဟု ယူဆရသော်လည်း အချို့မဲဆန္ဒနယ်များတွင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများကဲ့သို့ ရွေးချယ်စရာမရှိ။ ပြည်ခိုင်ဖြိုးတစ်ပါတီသာရှိမည့် အခြေအနေများနှင့်လည်း ကြုံတွေ့စရာရှိသည်။

ရှမ်းမြောက်တွင် ခရိုင် ၅ခုရှိရာ မြို့နယ် ၂၃မြို့နယ်ရှိပြီး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားညီညွတ်ရေးပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ 'ဝ' ဒီမိုကရက်တစ်ပါတီ၊ တအောင်း (ပလောင်)အမျိုးသားပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထိုဒေသတွင် ရှမ်း၊ ဗမာ၊ ကိုးကန့်၊ ဝ၊ ဓနု၊ ပလောင်၊ လီဆူး၊ လားဟူ၊ လီရှော၊ မြောင်ဇီး စသည့် တိုင်းရင်းသား လူမျိုးစုများစုပေါင်းနေထိုင်ကြသည်။

ရွေးကောက်ပွဲသည် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်သော်လည်း ထိုဒေသရှိ တိုင်းရင်းသားပါတီများ၏လှုပ်ရှားမှုက ရန်ကုန်အခြေစိုက်နိုင်ငံရေးပါတီများ၏ပုံစံနှင့် အတော်ကွာခြားနေသည်။

"မဲဆွယ်စည်းရုံးရေးလုပ်ဖို့ တင်ပြလာတာ ပြည်ခိုင်ဖြိုး၊ တစည နဲ့ ရှမ်းဒီမိုကရက်တစ်ပါတီ သုံးပါတီပဲရှိပါသေးတယ်။ ကျန်တဲ့ပါတီတွေက ဒီနေ့ထိ တင်ပြမလာသေးပါဘူး"ဟု ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးခရိုင် ကော်မရှင်ဥက္ကဋ္ဌကပြောသည်။

ဒေသခံအများစုက စီးပွားရေးကိုသာ အလေးပေးပြီး နိုင်ငံရေးပါတီများကလည်း တိုင်းရင်းသားအခွင့်အရေးအသွင်ကိုသာ ဆောင်သည့်အတွက် ထိုမြို့တွင် ပါတီနိုင်ငံရေးအသံဗလံက တိတ်ဆိတ်နေသည်ဟု နိုင်ငံရေးနီးစပ်သည့် မြို့ခံတို့ကဆိုသည်။

"ကျွန်တော်တို့မြို့က လူအများစုက နိုင်ငံရေးကို စိတ်မဝင်စားကြဘူးဗျ။ ကိုယ့်စီးပွားရေးပဲ လုပ်ကြတာများတယ်။ တရုတ်လူမျိုးတွေဖြစ်တာကြောင့်လည်းပါမယ်"ဟု လားရှိုးမြို့တွင် သုံးနှစ်သားအရွယ်ကပင် နေထိုင်ခဲ့သည်ဆိုသည့် အသက် ၄၃ နှစ်အရွယ် ကိုးကန့်တိုင်းရင်းသားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပါတီလှုပ်ရှားမှုအခြေအနေများနှင့်ပတ်သက်၍ လားရှိုးမြို့က တက္ကသိုလ်ဘွဲ့ရလူငယ်တစ်ဦးမှ "ပါတီရုံးတချို့ကို သွားရင်းလာရင်းတော့ ဆိုင်းဘုတ်တွေ့မိသလိုပဲ။ ဒီမှာ ဘယ်ပါတီတွေရှိလဲတော့ မသိဘူး။ ပေးဆိုရင်တော့လည်း ပေးရမှာပေါ့။ ဘယ်သူ့လဲတော့ မသိဘူး"ဟုဆိုသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းမြို့တော် လားရှိုးမြို့တွင်သာမဟုတ်။ ထိုဒေသတစ်ဝိုက်ရှိ ကျေးရွာများ၏ ဒေသခံတို့ကလည်း မဲပေးဖို့အတွက် မဆိုထားနှင့်၊ ရွေးကောက်ပွဲကျင်းပမည့်အချိန်နှင့်ရက်တို့ကိုပင် သေသေချာချာ မသိကြသေး။

လားရှိုးမြို့မှ မိုင် ၂၀ ခန့်အကွာ သိန္နီမြို့နယ် နန်းကျူရွာမှ အသက် ၆၅နှစ်အရွယ် ဓမ္မဆရာဦးကျော်စိုးက သူတို့ရွာဘက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတစ်ခုကတော့ ဟောပြောမှုများ ပြုလုပ်နေသည်ကိုကြားသိရပြီး၊ အခြားပါတီများကိုမူ မသိကြောင်းပြောဆိုသည်။

"ရွာက လူတွေလည်း သူ့အလုပ်သူလုပ်နေကြတာပဲ။ ဒါပေမဲ့ တခြားရွာတွေမှာ နိုင်ငံရေးပါတီတွေလာတယ်ကြားတော့ လူတွေနည်းနည်းတော့ နားစွင့်လာတာတော့ရှိတယ်။ ကျန်တာတော့ ဘာမှမသိကြဘူး"ဟု ၎င်း၏အမြင်ကို ပြောပြသည်။

လားရှိုးမြို့အခြေစိုက် နိုင်ငံရေးပါတီတစ်ခုဖြစ်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှအတွင်းရေးမှူးဦးသက်ဝင်းက "ကျွန်တော်တို့က နောက်ရက်တွေမှာတော့ ရွာတွေဆင်းပြီး ပြောဆိုဖို့ရှိပါတယ်။ အခုလောလောဆယ်တော့ ကိုယ်စားလှယ်လောင်းစာရင်းတင်ထားသူတွေ လူတွေ့

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

မေးတာလုပ်နေကြတယ်။ မီဒီယာတွေထဲမှာလည်း ဒီက တိုင်းရင်းသားပါတီတွေက သိပ်မပါကြဘူး။ လူတွေကလည်း မီဒီယာအကုန်ကလည်း လူတွေဆီ မရောက်နိုင်တော့ သိပ်မသိကြဘူး”ဟု ဆိုသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းသည် လူဦးရေ ခန့်မှန်းခြေ ၂၄ သိန်းရှိကာ မဲပေးခွင့်ရှိသည့်ဦးရေမှာ ၁၀သိန်းခန့်ရှိမည်ဟု မှန်းထားကြသည်။

ထိုဒေသတွင် တိုင်းရင်းသားပါတီများက ကိုယ်စားလှယ်လောင်းအရေအတွက်ဆယ်ဂဏန်းသာဝင်ရောက်ယှဉ်ပြိုင်နိုင်သော်လည်း ကျားဖြူပါတီဟုလူသိများသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ရှမ်းပြည်နယ်တစ်ခုလုံးတွင် ကိုယ်စားလှယ်လောင်း၁၀၀ကျော်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မဲဆန္ဒနယ် ၃၈ခုအနက် ၃၂ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ရန်ကုန်အခြေစိုက် နိုင်ငံရေးပါတီများက ပါတီတွင်းဟောပြောပွဲများ၊ သတင်းစာရှင်းလင်းပွဲများ၊ ထုတ်ပြန်ချက်များထုတ်ခြင်းဖြင့် ပါတီအချင်းချင်းလည်း ဝေဖန်ထောက်ပြပြောဆိုရေးသားမှုများကို မြင်တွေ့ကြရသော်လည်း

“ကျွန်တော်တို့ဆီမှာ ပါတီတွေက တစ်ခုနဲ့တစ်ခုတိုက်တိုက်ခိုက်ခိုက်လုပ်တာမျိုးတွေမရှိဘူး။ လူမျိုးရေးကို ဦးတည်ပြီးသွားကြတယ်”ဟု ‘ဝ’အမျိုးသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးလုပ်ပေါင်းက ပြောဆိုသည်။

ပါတီအနေဖြင့် မီဒီယာများနှင့် တစ်ကြိမ်မှ ပြောဆိုဖူးခြင်းမရှိသေးဘဲ ယခုမီဒီယာသို့ ပထမဆုံးအကြိမ်ပြောခြင်းပါဆိုသည့် ကိုးကန့်ဒီမိုကရက်တစ်ပါတီ ဒုဥက္ကဋ္ဌက “နောက်ရက်တွေမှာ မဲဆွယ်စည်းရုံးတာတွေလုပ်သွားဖို့ရှိပါတယ်။ ပြည်သူတွေကိုတော့ ဒေသဖွံ့ဖြိုးရေးကိစ္စတွေ ပြောပြီးစည်းရုံးရမှာပေါ့”ဟုဆိုသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ထားသောအဖွဲ့အစည်းပေါင်း ငါးခုခန့်ရှိပြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတစ်ခုလည်း ထိုဒေသတွင်ပါဝင်သည်။ ထို့အပြင် လာမည့်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အဖြစ် ထည့်သွင်းတွက်ချက်ထားခြင်းမရှိသည့် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသအတွင်းရှိ ၄မြို့နယ်တွင်မူ‘ဝ’လက်နက်ကိုင်အဖွဲ့များလည်းရှိနေသည်။

စာ(၂၈)သို့

## ဝ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ


ဝအမျိုးသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးလုပ်ပေါင်း။

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသည်။ ပါတီနာယကမှာ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစောဖိလစ်ဖြစ်ပြီး ဥက္ကဋ္ဌမှာ ဦးလုပ်ပေါင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ဝလူမျိုးဦးရေ ၇သိန်း၃သောင်းခန့်ရှိရာ ဝအမျိုးသားအများစုနေထိုင်ရာဒေသများဖြစ်သည့် တန့်ယန်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်နှင့်ဟိုပန်မြို့နယ်များတွင် လွှတ်တော်ကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်မည်ဟုသိရသည်။

ပါတီမှကိုယ်စားလှယ်၄ယောက်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဟိုပန်မြို့နယ်အမျိုးသားလွှတ်တော်အတွက် ပါတီအတွင်းရေးမှူး ဦးညီပလိပ်၊ ဟိုပန်မြို့နယ်ပြည်သူ့လွှတ်တော်အတွက် ပါတီဗဟိုကော်မတီဝင် ဦးဆိုင်နပ်၊ ကျိုင်းတုံမြို့နယ်ပြည်သူ့လွှတ်တော်အတွက် ဦးစောဖိလစ်၊ တန့်ယန်းမြို့နယ် ပြည်သူ့လွှတ်တော်အတွက် ဥက္ကဋ္ဌဦးလုပ်ပေါင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဝအမျိုးသားစည်းလုံးညီညွတ်ရေးပါတီသည် ၁၉၈၉ခုနှစ်တည်းက ဖွဲ့စည်းထားသော ဝဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အဆက်ဖြစ်ပြီး ဝလူမျိုးများ၏ အဓိကလိုအပ်ချက်ဖြစ်သော ဝ အမျိုးသားများ ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်မည်ဟု ပါတီဥက္ကဋ္ဌကပြောကြားသည်။

## ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ


ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးလော်ဆင်ကွမ်း

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ်တွင် ပါတီဌာနချုပ်ဖွင့်လှစ်ထားသည်။ ပါတီဥက္ကဋ္ဌမှာအမျိုးသားညီလာခံကိုယ်စားလှယ် ဦးလော်ဆင်ကွမ်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးရန်ကျင်းကန်(အမျိုးသားညီလာခံကိုယ်စားလှယ်)တို့ဖြစ်သည်ဟုသိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကိုးကန့်အမျိုးသား ဦးရေနှစ်သိန်းကျော်ခန့်ရှိပြီး ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ထားသည့် ကုန်းကြမ်းမြို့နယ်နှင့်လောက်ကိုင်မြို့နယ်တို့တွင် ပါတီအနေဖြင့်ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ဟုသိရသည်။ ပါတီ၏မူဝါဒနှင့်နိုင်ငံတော်၏စီမံချက်အရ ဝင်ရောက်ယှဉ်ပြိုင်ရန်မလိုအပ်ခြင်းဖြစ်ပြီး သိန္နီ၊ ကွမ်းလုံနှင့် လားရှိုးမြို့နယ်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဟုသိရသည်။

ယှဉ်ပြိုင်မည့်ကိုယ်စားလှယ် ၈ဦးရှိပြီး လားရှိုးမြို့နယ်အမျိုးသားလွှတ်တော်အတွက်ဥက္ကဋ္ဌ ဦးလော်ဆင်ကွမ်း၊ လားရှိုးပြည်သူ့လွှတ်တော်အတွက် ဦးဇော်ထွန်း၊ ကွမ်းလုံပြည်သူ့လွှတ်တော်အတွက် ဦးရန်ကျင်းကန်၊ သိန္နီပြည်သူ့လွှတ်တော်အတွက် ဦးမောရစ်၊ လားရှိုးမြို့နယ်ပြည်နယ်လွှတ်တော်အတွက် ဦးအောင်လှိုင်၊ သိန္နီမြို့နယ်ပြည်နယ်လွှတ်တော်အတွက် ဦးလောင်ဝူး၊ သိန္နီပြည်နယ်လွှတ်တော်အတွက် ဦးအောင်ပြုံး၊ ကွမ်းလုံပြည်နယ်လွှတ်တော်အတွက် ဦးစိုင်းကျော်ဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။ ကိုးကန့်လူမျိုးများသည် ရှမ်းပြည်နယ်ရှိ လူနည်းစုတိုင်းရင်းသားအနွယ်ဖြစ်သကဲ့သို့ အခြားသော တိုင်းရင်းသားများကဲ့သို့ ကိုးကန့်လူမျိုးစုရပိုင်ခွင့်နှင့် တာဝန်များအတွက် နိုင်ငံတော်နှင့် ပူးပေါင်းပြီးဆောင်ရွက်သွားမည်ဟုဆိုသည်။



7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# ဆန္ဒမဲပေးခြင်းများဆိုင်ရာ ပညာပေးအစီအစဉ်များ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်မည်

ကျော်သီဟ

ရန်ကုန်၊ စက်တင်ဘာ – ၁၁

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လူထု၏မဲဆန္ဒများကောက်ခံနိုင်ရန် မဲထည့်ပုံထည့်နည်းစနစ်တကျရှိစေရေးအတွက် နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ပညာပေးအစီအစဉ်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

ရွေးကောက်ပွဲတွင် အသုံးပြုမည့်မဲလက်မှတ်များတွင် ကိုယ်စားလှယ်လောင်းအမည်၊ နိုင်ငံရေးပါတီအမည်၊ ပါတီတံဆိပ်နှင့် ပြည်သူလူထု ဆန္ဒပြုရန်နေရာလွတ်တို့ပါဝင်မည်ဖြစ်ပြီး၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များနှင့် သက်ဆိုင်သော မဲလက်မှတ်လည်း အထက်ပါအတိုင်းပါဝင်မည်ဖြစ်သည်။

“မဲထည့်ပုံ၊ မဲထည့်နည်း စနစ်တကျရှိဖို့အတွက်လည်း ပညာပေးအစီအစဉ်တွေဆောင်ရွက်ဖို့လုပ်နေပါတယ်။ အထက်လူကြီးတွေရဲ့အစီအစဉ်အရ မကြာခင်မှာပဲ နိုင်ငံပိုင်ရုပ်မြင်သံကြားတွေမှာ ဆန္ဒမဲပေးပုံ ပညာပေးဇာတ်လမ်းတွေ တင်ဆက်သွားတော့မှာပါ။ ပြည်သူအားလုံး မဲဘယ်လိုထည့်ရမလဲ၊ ကိုယ်ထည့်တဲ့မဲက ဘယ်လိုအကျိုးပြုမလဲဆိုတာ သဘောပေါက်သွားမှာပါ”ဟု မဲရုံမှူးတစ်ဦးကဆိုသည်။

ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကာလတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းကိုမြေပြင်လူဦးရေစာရင်းကောက်ယူစစ်ဆေးမှုဖြင့် ဆောင်ရွက်လျက်ရှိပြီး၊ သတ်မှတ်ကာလရောက်ရှိပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းကို သက်ဆိုင်ရာရပ်ကွက်၊ကျေးရွာကော်မရှင်ရုံးများတွင် အများပြည်သူ မြင်သာအောင်ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။ မဲစာရင်း၌ မဲဆန္ဒရှင်တစ်ဦး၏အမည်သည် သက်ဆိုင်ရာမဲဆန္ဒနယ်မြေတွင်သာ ပါရှိမည်ဖြစ်သောကြောင့် မဲစာရင်းများတွင် မဲဆန္ဒရှင်အမည်များထပ်နေခြင်း၊ အကြိမ်ကြိမ်ပါနေခြင်း လုံးဝမရှိနိုင်ကြောင်းသိရသည်။

## ဒီမိုကရက်တစ်ပါတီနှင့် တစ်သီးပုဂ္ဂလဝင်ပြိုင်မည့်ကိုယ်စားလှယ်လောင်းရှစ်ဦး ပူးတွဲဆောင်ရွက်ရန်သဘောတူ

ငြိမ်းငြိမ်းနိုင်

ရန်ကုန်၊ စက်တင်ဘာ - ၁၁

ဒီမိုကရက်တစ်ပါတီ(မြန်မာ) နှင့် တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်း ရှစ်ဦးတို့ပူးတွဲဆောင်ရွက်ရန်သဘောတူလက်မှတ်ရေးထိုးလိုက်သည်။

တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ရှစ်ဦးသည်လည်း တစ်သီးပုဂ္ဂလအဖြစ်တစ်ဦးချင်း ရပ်တည်ခြင်းထက် ယခုကဲ့သို့ ရှစ်ဦးပူးပေါင်းကာ အဖွဲ့လိုက် စုပေါင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး၊ ဒီမိုကရက်တစ်ပါတီနှင့်လည်း ညှိနှိုင်းတိုင်ပင် လုပ်ဆောင်သွားမည်ဟု သဘောတူလိုက်ခြင်းဖြစ်သည်။


ဒေါ်ယုဇာမော်ထွန်း


ဒေါက်တာဖုန်းဝင်း

တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများတွင် နာဂစ်ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဖြင့် စတင်ခဲ့သည့် မင်္ဂလာမြန်မာမှ ဒါရိုက်တာနှစ်ဦးဖြစ်သော ဒေါက်တာဖုန်းဝင်းနှင့် ဇနီးဖြစ်သူ ဒေါ်ယုဇာမော်ထွန်းတို့က ကမာရွတ်နှင့် လှိုင်မြို့နယ်တို့တွင် တစ်သီးပုဂ္ဂလများဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ကိုယ်စားလှယ်လောင်း ဒေါက်တာဖုန်းဝင်းက “ကျွန်တော်တို့ နောက်ထပ် ဒီမိုကရေစီအင်အားစုပါတီတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ရှိပါတယ်။ ဘယ်ပါတီတွေဖြစ်မလဲဆိုတာကတော့ သူတို့နဲ့ စကားပြောကြည့်ရပါဦးမယ်”ဟု ဆိုသည်။

လူမှုရေးလုပ်ငန်းမှ ယခုကဲ့သို့ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ရခြင်းနှင့်ပတ်သက်၍ ဒေါ်ယုဇာမော်ထွန်းက “လူမှုရေးလုပ်ငန်းကလည်း ဖွံ့ဖြိုးတိုးတက်ရေးကိုလုပ်တာပါ။ အခုလည်း နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပါဝင်ဆောင်ရွက်တာပါ။ ကျွန်တော့် တစ်သီးပုဂ္ဂလခြောက်ဦးကလည်း ကျွန်မတို့နဲ့ပူးပေါင်းဖြစ်တယ်ဆိုတာက နဂိုကတည်းက နိုင်ငံရေးမိသားစုတွေမို့ပါပဲ”ဟု ပြောကြားသည်။ဒေါ်ယုဇာမော်ထွန်းသည် ဒီမိုကရက်တစ်ပါတီ(မြန်မာ)၏ ဒု-ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရင်း ကွယ်လွန်သွားသော နိုင်ငံရေးသမားဦးရဲထွန်း၏ သမီးဖြစ်သည်။ ကျန်ကိုယ်စားလှယ်လောင်းခြောက်ဦးမှာ ဗိုလ်တထောင်မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးဝင်းထိန်ဦး၊ ခရမ်းမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးသိန်းတန်၊ သဃ်န်းကျွန်းမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးသိန်းနိုင်၊ ရန်ကုန်တိုင်း အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေ အမှတ်(၆)တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးစန်းမြင့်၊ ရန်ကုန်တိုင်း အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေအမှတ်(၁)တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးကျော်ကျော်မင်း၊ တာမွေမြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဦးတင်ဆန်းတို့ဖြစ်သည်။

## ရန်ကုန်မြို့တော် ကွန်ကရစ်လမ်းခင်းခြင်းများအတွက် ကျပ်ဘီလီယံ ၂၀ကျော် သုံးစွဲမည်ဟုဆို

မြတ်စုမွန်

ရန်ကုန်၊ စက်တင်ဘာ-၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ရန်ကုန်မြို့ရှိလမ်းများ ကွန်ကရစ်ခင်းခြင်းအတွက် ယခုနှစ်အတွင်း ကျပ်ဘီလီယံ ၂၀ကျော် အကုန်ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန်က ပြည်တွင်းသတင်းဂျာနယ်များသို့ပြောသည်။

ရန်ကုန်မြို့တွင်း ၃၃ မြို့နယ် တွင်ကတ္တရာလမ်းများအား ကွန်ကရစ်လမ်းများအဖြစ် ပြုပြင်ပြောင်းလဲလျက်ရှိရာ ပြီးခဲ့သည့် ၂၀၀၉-၁၀ ဘဏ္ဍာရေးနှစ်အတွင်း ၄၀၇လမ်းပြီးစီးခဲ့ပြီး ကျပ် ၁၂ဘီလီယံသုံးစွဲခဲ့ကြောင်းသိရသည်။

“ဒီနှစ် ဘီလပ်မြေစက်ရုံကလည်း ပြီးပြီဆိုတော့ ကွန်ကရစ်လမ်းခင်းတာ အဆင့်မြှင့်နိုင်တယ်။ အခုကွန်ကရစ်လမ်းခင်းနေတာတွေအတွက် ၂၀ ဘီလီယံကျော်ဝန်းကျင်ကုန်မယ်။ လမ်းတံတားဌာနက ဘတ်ဂျက်နဲ့ကုန်ကျခံသွားမယ်”ဟု ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်းက ယင်း၏ရုံးခန်းတွင် ပြည်တွင်းသတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။ ရန်ကုန်မြို့တွင်းရှိ မြို့နယ် ၃၃မြို့နယ်တွင် ၂၀၁၀-၁၁ဘဏ္ဍာရေးနှစ်အတွက် ကွန်ကရစ်လမ်းပေါင်း ၈၅၂လမ်းခင်းသွားမည်ဖြစ်ပြီး ယခုလက်ရှိ ၂၅၃လမ်းပြီးစီးခဲ့ပြီဖြစ်ကာ ၅၉၉ လမ်းကို ဆက်လက်ပြုပြင်ခင်းကျင်းလျက်ရှိကြောင်းသိရသည်။ ထို့အပြင် လမ်းဘေးဝဲယာရှိပလက်ဖောင်းများနှင့် ပျက်စီးလျက်ရှိသော ကားမှတ်တိုင်များကိုလည်း ဆက်လက်ပြုပြင်တည်ဆောက်လျက်ရှိကြောင်းသိရသည်။

## စာ – ၂၇၊ ပါတီသံမည်သံသေးသည့် ရှမ်းမောမြေ မှ

စာ – ၂၇၊

နိုင်ငံတော်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား နယ်ခြားစောင့်တပ် အဖြစ်ဖွဲ့စည်းရန် စည်းရုံးဆောင်ရွက်လျက်ရှိသည်။ ရှမ်းမြောက်သည် နယ်မြေ ငြိမ်းချမ်းရေးရရှိရန် လွတ်လပ်ရေးရပြီး နှစ်ငါးဆယ်ခန့်အထိ စောင့်ဆိုင်းခဲ့ရသည့်ဒေသဖြစ်သည်။ ၂၀၀၅ ခုနှစ်နောက်ပိုင်းမှ နယ်မြေတည်ငြိမ်မှုပိုမိုရရှိကာ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုလည်း ရရှိလာသည့် ဒေသတစ်ခု ဖြစ်သည်ဟု ဒေသခံတို့ကမှတ်ယူထားကြသည်။

“၂၀၀၅ခုနှစ်မှ လက်နက်ကိုင်တွေ လက်နက်စွန့်လိုက်ကြတာပြီးသွားတယ်။ အဲဒီကျမှ ငြိမ်းချမ်းရေးကိုခံစားရတာ။ ခု၂၀၁၀ဆိုတော့ ငါးနှစ်တာကာလအတွင်း ခုအခြေအနေဖြစ်ဖို့ တော်တော်လေးကြိုးပမ်းခဲ့ရတာ”ဟု ကျောက်မဲဇာတိ လားရှိုးမြို့ခံရှမ်းအမျိုးသား အငြိမ်းစားကျောင်းဆရာတစ်ဦးက ပြောပြသည်။ ထိုဒေသတွင်အခြေစိုက်ပြီး ယှဉ်ပြိုင်ကြမည့်နိုင်ငံရေးပါတီများအနေဖြင့်မူ ပါတီနိုင်ငံရေးဆိုသည့် အသွင်သဏ္ဌာန်မျိုးထက် လူမျိုးစုတိုင်းရင်းသားတို့အတွက် နိုင်ငံရေးဇာတ်ခုံတွင် ပြောရေးဆိုခွင့်တစ်နေရာရာရရှိရေးကိုသာ ဦးတည်ကြောင်း ထိုဒေသက တိုင်းရင်းသားပါတီ တွေက တညီတညွတ်တည်းပြောဆိုကြသည်။ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများနှင့် ကွာခြားမှုမှာ နိုင်ငံရေးပါတီများပြားကာ ကိုယ်စားလှယ်လောင်းအရေအတွက် များများဝင်နိုင်သည့် ပါတီများဖြစ်သော်လည်း များပြားသည့် ထိုဒေသရှိ ပြည်သူလူထုက ရွေးကောက်ပွဲသံ၊ နိုင်ငံရေးသံ၊ မဲဆွယ်သံတို့နှင့် ခပ်ဝေးဝေးမှာပင်ရှိနေကြဆဲပင်ဖြစ်သည်။

## လွှတ်တော်ကိုယ်စားလှယ်များကို သက်ဆိုင်ရာကော်မရှင်များက လူတွေ့စစ်ဆေး

အိဖြူလွင်

ရန်ကုန်၊ စက်တင်ဘာ – ၇

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ပါတီအသီးသီးမှလွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းထားသူများအား သက်ဆိုင်ရာခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ လူတွေ့စစ်ဆေးခြင်းများကို စက်တင်ဘာ ၆ရက်မှ ၁၀ရက်အထိ ပြုလုပ်နေသည်ဟုသိရသည်။

ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် မြို့နယ်များ၏သက်ဆိုင်ရာ ခရိုင်ကော်မရှင်ရုံးများ၌သာ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်၍ ပါတီများမှ ကိုယ်စားလှယ်အားလုံးသည် မိမိတို့ဝင်ရောက်ယှဉ်ပြိုင်မည့်ဒေသများသို့ သွားရောက်စောင့်ဆိုင်းနေကြသည်ဟုသိရသည်။

လူတွေ့စစ်ဆေးမည့်နေ့ရက်၊ အချိန်နှင့်နေရာကို ပါတီမှ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းထားသူများထံသို့ကြေညာချက်နည်းဥပဒေ ၂၁(ခ)ဖြင့် အကြောင်းကြားစာများပေးပို့ထားသည်ဟုသိရသည်။

ကိုယ်စားလှယ်လောင်းများကို ခရိုင်ကော်မရှင်ရုံးများ၌ ခရိုင်ကော်မရှင်ဥက္ကဋ္ဌနှင့် အခြားတာဝန်ရှိသူများက စိစစ်စစ်ဆေးကြခြင်းဖြစ်၍ သက်ဆိုင်ရာနေ့ရက်၊ အချိန်အတိုင်း ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးများသို့ မှတ်ပုံတင်နှင့်တကွကြွရောက်ပါရန် အကြောင်းကြားထားကြောင်းသိရသည်။

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းနိုင်သည့်နေ့ရက်ကို ၂၀၁၀ပြည့်နှစ် ဩဂုတ်လ၁၆ရက်မှ ဩဂုတ်လ၃၀ရက်အထိ သတ်မှတ်ထားသည်။

တင်သွင်းထားသည့် ကိုယ်စားလှယ်လောင်းများအား စိစစ်မည့်နေ့ရက်ကို စက်တင်ဘာ ၆ရက်မှ ၁၀ရက်အထိသတ်မှတ်ထားပြီး ကော်မရှင်က စိစစ်ပြီးမှသာ အရွေးချယ်ခံယှဉ်ပြိုင်နိုင်သည့် ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်းကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ကြေညာမည့်ရက်ကိုမူ သတ်မှတ်ထားခြင်းမရှိသေးကြောင်းသိရသည်။

## ပြည်ခိုင်ဖြိုးပါတီက ရှမ်းမြောက်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှလွဲ၍ ကျန်မဲဆန္ဒနယ်များ၌ဝင်ရောက်ယှဉ်ပြိုင်မည်


ပြည်ခိုင်ဖြိုးပါတီ ပြည်နယ်အတွင်းရေးမှူး ဦးစိုင်နော်ခမ်းဦး

အိဖြူလွင်

လားရှိုး၊ စက်တင်ဘာ – ၈

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ရှမ်းပြည်နယ်မြောက်ပိုင်းမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ဝင်ရောက် ယှဉ်ပြိုင်မည်မဟုတ်ဘဲ ကျန်မဲဆန္ဒနယ်ဒေသများတွင်သာ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်ဟု ပြည်နယ်အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးမှ ပြောကြားသည်။

အဆိုပါဒေသတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(ရှမ်းပြည်နယ်မြောက်ပိုင်း)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၂ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဟု ပြောကြားခဲ့သည်။

ပြည်ခိုင်ဖြိုးပါတီအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စုစုပေါင်း မဲဆန္ဒနယ် ၃၈မြို့နယ်မှ မဲဆန္ဒနယ် ၃၂ခုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်ဟုသိရသည်။

ထိုဒေသတွင် ဝင်ရောက် ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်းအားလုံးသည် ဒေသခံတိုင်းရင်းသားလူမျိုးများသာဖြစ်သည်ဟု သိရသည်။

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010



CHICKEN SOUP

# မဖြစ်နိုင်ဘူးဆိုတာ ဘာမှမဟုတ်

**အိန်ဂျယ်လင်း**



ကောလိပ်ကျောင်းသားဘဝက ကျွန်တော်အတော် အားကစားလိုက်စားခဲ့သည်။ အားကစားတောင်မှ ဝါသနာပါရုံမဟုတ်၊ တကယ့် အားကစားသမားလိုအားကစားကိုလိုက်စားခဲ့တာဖြစ်သည်။ ကောလိပ်ကျောင်း ပထမသုံးနှစ်အတွင်း နိုင်ငံအဆင့်မာရသွန်ပြိုင်ပွဲများတွင် နှစ်စဉ်ပါဝင်ယှဉ်ပြိုင်ဖြစ်ခဲ့သည်။ နောက်ဆုံးနှစ်တွင်လည်း ဆက်ပြိုင်လိုလှသော်လည်းအခြေအနေအရ ပြိုင်ပွဲကိုလက်လွှတ်ခဲ့ရသည်။ ကောလိပ်ကျောင်း နောက်ဆုံးနှစ်များတွင် ကျွန်တော် တက်ရသောမြို့မှာ တက္ကသိုလ်မြို့ကလေးတစ်မြို့လိုဖြစ်နေသဖြင့် ပြီးပြည့်စုံသောကျောင်းသားဘဝနေ့ရက်များဟုပင်ဆိုနိုင်ပါသည်။ ကျွန်တော့်မှာအချိန်ပြည့်ကျောင်းသားဘဝကတစ်ခု၊ အချိန်ပိုင်းအလုပ်ကတစ်ခုနှင့်လှပပြီးစမတ်ကျသော အချိန်ပြည့်ချစ်သူလည်းတစ်ယောက်ရှိရာတွေးကြည့်ရုံနှင့်ပင် ကျွန်တော့်ဘဝဘယ်လောက်ဟန်ကျကြောင်းသိနိုင်လေသည်။

ဟိုတလောကလေးတင် ငယ်စဉ်ကတည်းကကျွန်တော့်၏အချစ်ဆုံးသူငယ်ချင်းဖြစ်ခဲ့သော ဘန်တစ်ယောက်ကျွန်တော့်ဆီလာလည်သည်။ တကယ်တော့ သူနှင့်ကျွန်တော်တို့၏ အရင်းနှီးဆုံးသူငယ်ချင်းဘဝမှာအခက်အခဲများစွာကိုဖြတ်သန်းပြီး တည်တံ့လာခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ ရန်ဖြစ်ကြတာတွေ၊ ကောင်မလေးကိစ္စတွေ၊ နွေရာသီကျောင်းပိတ်ရက်တွေ၊ ခရီးမိုင်ပေါင်းများစွာဝေးကွာမှုတွေကြားမှကြံ့ကြံ့ခံပြီးဖြစ်တည်နေခဲ့သော မိတ်ဆွေအဖြစ်ဟု ဆိုနိုင်သည်။ဒီညမှာတော့ကျွန်တော်တို့ဇာတိမြို့မှသူငယ်ချင်းတစ်ယောက်လာပြီး ကျွန်တော်တို့ကျောင်းပတ်ဝန်းကျင်အခြေအနေကိုလေ့လာဖို့ရောက်လာမည်။ကျွန်တော်သူ့ကိုဟိုဟိုသည်သည်လိုက်ပို့ပြီးကျောင်းအကြောင်းကို မိတ်ဆက်ရှင်းပြရမည်။ ပြီးလျှင်တော့ စနေ၊ တနင်္ဂနွေနှစ်ရက်စလုံးကို ကျွန်တော့်အသည်းတစ်ခြမ်းကိုခိုးယူထားသော ငယ်ရွယ်လှပသည့် ကျွန်တော့်ချစ်သူလေးအတွက်ပျော်ပျော်ကြီးပေးဆပ်တော့မည်ဟု မူလရည်ရွယ်ရင်းရှိသည်။

မကြာသေးခင်ကပဲ ကျွန်တော် အသက် ၂၁ နှစ် ပြည့်ခဲ့သည်။ မွေးနေ့ပွဲကို ကျွန်တော့်၏အရင်းနှီးဆုံးမိတ်ဆွေအနည်းငယ်နှင့် အဆောင်နောက်ဘက်ကွက်လပ်တွင် ကျင်းပခဲ့သည်။ ကျွန်တော်တို့ကျောင်းရှိသည့်မြို့ကလေးကကောလိပ်ကျောင်းမြို့ကလေးလိုဖြစ်နေသဖြင့် ကောလိပ်ကျောင်းကနေ ဘယ်သွားသွား လမ်းလျှောက်သွားလျှင် နာရီဝက်ဆိုရောက်ပြီ။ ဘားပဲသွားသွား၊ ရုပ်ရှင်ရုံ၊ ကလာပ်၊ စာအုပ်ဆိုင်၊ ဈေးဝယ်စင်တာအားလုံးအဆောင်နှင့် နာရီဝက် လမ်းလျှောက်ခရီးအတွင်းမှာပင် ရှိသည်။ ကျွန်တော် အကြိုက်ဆုံးအချက်ကတော့တစ်မြို့လုံးရှိ ကြိုက်သည့်ဘားကို နာရီဝက်အတွင်း လမ်းလျှောက်သွားလို့ရသည့် အချက်ပင်ဖြစ်သည်။ မဟုတ်လျှင် အပြန်ကားမောင်းဖို့ဘယ်သူ့ကိုတာဝန်ပေးရမည်ဟူသောအချက်က အမြဲတမ်းအငြင်းပွားခေါင်းစားစရာဖြစ်ရတတ်သည်။ ဒီညတော့ ကျွန်တော်တို့မြို့ကသူငယ်ချင်းကို ဘားတွေလိုက်ပို့လို့မရပေ။ သူကနှစ်ဆယ့်တစ်နှစ်ပြည့်ဖို့ လအတော်လိုသေးလို့ဘားတွေထဲကို တရားဝင်ဝင်လို့မရသေးပေ။ ထို့ကြောင့်သူ့ကို ပါတီတွေတစ်ခုပြီးတစ်ခုလိုက်ပို့ရုံသာရှိသည်။

အဲဒီညက ပါတီတွေသွားဖို့စိတ်ထဲမှာအာရုံအပြည့်ရောက်နေသဖြင့်ကျွန်တော့်အဆောင်အခန်းသော့ကို ဘယ်လိုသိမ်းလိုက်မှန်းသတိမထားမိပေ။ အရင်လိုပဲဘောင်းဘီအိတ်တစ်အိတ်အိတ်ထဲထည့်လိုက်မိသည်ဟုသာထင်ထားသည်။ ပါတီသုံးခုလောက်ပတ်တက်ပြီး ညအဆောင်ပြန်ရောက်တော့ဝိုင်တွေ၊ ဘီယာတွေအရှိန်နှင့်နှစ်ယောက်သားအတော်ကလေးမူးနေကြပြီဖြစ်သည်။ ထို့ကြောင့် အခန်းထဲဝင်ဖို့ကိစ္စတွင်ကျွန်တော်က လူစွမ်းကောင်းလုပ်ဖို့ဖြစ်လာသည်။ 'သူငယ်ချင်း၊ ဘာမှ စိတ်မပူနဲ့၊ ငါအဆောင်ခန်းမကြီးဘေးကနေ တွယ်တက်ပြီးဟိုသစ်ပင်ကြီးကနေတစ်ဆင့်ငါတို့အခန်းပြူတင်းပေါက်ကိုဖွင့်ပြီး အထဲကိုဝင်လိုက်မယ်။ ဒါဆိုအထဲကဖွင့်လို့ရပြီပေါ့'အခုတော့ ကျွန်တော် ဇာတ်လိုက်လုပ်ရမယ့်အခန်းကရောက်ပြီ။ ကျွန်တော့်သူငယ်ချင်းပွဲကြည့်ပရိသတ်ကို ကျွန်တော့်ရဲ့ စတန့်အစွမ်းကိုပြရပေမည်။

ကျွန်တော် အဆောင်ခန်းမကြီးဘေးကနေတွယ်တက်ဖို့စလုပ်တော့ မိုးရွာဖို့မိနစ်အနည်းငယ်လိုသေးသည်။ ထို့ကြောင့်ခန်းမဘေးမှနေ၍သစ်ပင်ပေါ်သို့ အလွယ်ကလေးရောက်သွားသည်။ ထိုအချိန်တွင် မိုးကစရွာခြင်းဖြစ်သည်။ ကျွန်တော်သစ်ကိုင်းပေါ်မှ ကျွန်တော့်အခန်းပြူတင်းပေါက်ဘောင်ပေါ်သို့ခြေကုပ်ယူဖို့လှမ်းလိုက်ချိန်တွင် တစ်ချက် ချော်ထွက်သွားသည်။ ကျွန်တော်လက်နှင့်မီးရာဖမ်းဆွဲဖို့ကြိုးစားသော်လည်း ချော်ထွက်သွားတာကို ကျွန်တော်နောက်ဆုံးမှတ်မိသည်။

သည်အဖြစ်အပျက်နှင့်ပတ်သက်ပြီး ကျွန်တော် တိုက်ရိုက်ပြန်ပြောနိုင်တာက တကယ့်ကိုဒါပဲဖြစ်သည်။ အဲဒီညကပဲ ဆေးရုံက ကျွန်တော့်ဦးနှောက်အလုပ်မလုပ်တော့ကြောင်းစမ်းသပ်သိရှိရသည်ဟုဆိုသည်။ ကျွန်တော်မိဘတွေကိုညတွင်းချင်းကျောင်းဆေးရုံကဖုန်းဆက်သည်ဟုဆိုသည်။ ခင်ဗျားတို့သား အရက်မူးပြီး ထိခိုက်ဒဏ်ရာရသဖြင့် ဆေးရုံသို့အမြန်လိုက်လာရန်ဟူ၍ဖြစ်သည်။ ကျွန်တော့် မိဘအသိုင်းအဝိုင်းတွေဆေးရုံရောက်တော့ကျွန်တော့်ဦးနှောက်သေဆုံးသွားပြီဖြစ်ကြောင်း ဆေးရုံက တရားဝင်အကြောင်းကြားခဲ့သည်။ ဒီလို ရုတ်တရက်အဖြစ်ဆိုးကြီးကို ဘယ်သူမှလက်မခံနိုင်ကြပေ။ သူတို့ကအရေးပေါ်အာရုံကြောခွဲစိတ်မှု လုပ်ပေးဖို့ဆေးရုံကို အတင်းအကျပ် အသနားခံတောင်းဆိုကြသည်။ ဆေးရုံက ဦးနှောက်ခွဲစိတ်ခြင်းသည် မည်သည့်နည်းနှင့်မျှ အောင်မြင်နိုင်စရာမရှိကြောင်းနှင့် အသက်ဆုံးရှုံးသွားဖို့က ၁၀၀ ရာနှုန်းနီးပါးဖြစ်ကြောင်းအကြိမ်ကြိမ် ရှင်းပြသော်လည်း ကျွန်တော့် မိဘနှစ်ပါးက ခြေသလုံးဖက်မတတ်အသည်းအသန်တောင်းပန်သည်ကတစ်ကြောင်း၊ ကျွန်တော့် အသက်အရွယ်နှင့်အခုလိုရုတ်တရက်ကြီး ဦးနှောက်သေသွားခြင်းကိုသူတို့ကိုယ်တိုင်လည်း လက်ခံရန်ခက်ခဲနေ၍လည်းကောင်းစွန့်စားခွဲစိတ်ကြည့်ရန် နှစ်ဦးနှစ်ဘက်သဘောတူခဲ့ကြသည်။ ထိုခွဲစိတ်မှုမှာ မည်သူမှ ထင်မှတ်မထားခဲ့သည့် အံ့သြဖွယ်အောင်မြင်မှုရခဲ့သည်။ တကယ်တော့အောင်မြင်မှုဟုပင်မဆိုနိုင်ပေ။ တစ်ခုခုမှ မလုပ်ပေးရလျှင် မိမိတို့ဘာသာစိတ်ဘဝင်မကျနိုင်သောကြောင့် လုပ်မိလုပ်ရာ လုပ်ခဲ့ခြင်းတစ်ခုသာဖြစ်လေသည်။ သို့သော် ထို့ကြောင့်ပင်ယခုကဲ့သို့ ဒီအကြောင်းတွေကို ကာယကံရှင် ကျွန်တော်ကိုယ်တိုင် ပြန်ပြောနိုင်ခြင်းဖြစ်သည်။ သို့သော် အခြားအကျိုးဆက်အနေဖြင့် ကိုမာဘဝနှင့် တစ်လခန့်၊ အတွင်းလူနာအဖြစ်ဆေးရုံတွင်လေးလခန့်နှင့် ပြန်လည် ထူထောင်ရေးဆေးရုံအမျိုးမျိုးတွင် ၂ နှစ်ခန့် ကုသမှုပေါင်းစုံကို ခံခဲ့ရသည်။

ပြီးခဲ့သည့်သုံးနှစ်အတွင်းဖြစ်သောအဖြစ်အပျက်များကကျွန်တော့်အတွက်တော့ ဖမ်းဆုပ်လက်ခံရခက်သောခြောက်အိပ်မက်ကြီးတစ်ခုလိုဖြစ်ခဲ့သည်။ ကျန်းမာသန်စွမ်းပြီးပျော်ရွှင်နေသောကောလိပ်ကျောင်းသား တစ်ယောက်ဘဝမှသေလူ၊အဆင့်ခြောက်ကိုမာ ရောဂါရှင် (ဆေးရုံကကော်ရိုနာ ဟုခေါ်)၊ ပြန်လည်ထူထောင်ရေးစခန်းများတွင် အကြာကြီးနေရသော နာတာရှည်နာလန်ထ၊ ထိုမှတစ်ဆင့် သာမန်ကောလိပ်ကျောင်းသားတစ်ယောက်ဘဝကိုပြန်ရောက်ဖို့ အများကြီးရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။ ကျွန်တော် ဘွဲ့ရပြီးတော့ လူငယ်စိတ်ပညာဆိုင်ရာ မဟာဘွဲ့တစ်ခုကို ထပ်ယူဖြစ်ခဲ့သည်။ ကျွန်တော့် အသက်မွေးဝမ်းကျောင်းကိုလည်း စိတ်ပိုင်းဆိုင်ရာနှင့် စိတ်ခွန်အားမြှင့်တင်ခြင်းဆိုင်ရာအတိုင်ပင်ခံတစ်ဦးအဖြစ် ရွေးချယ်လျှောက်လှမ်းခဲ့သည်။ ကျွန်တော့်ရည်ရွယ်ချက်က ငယ်ရွယ်သူကျောင်းသားလူငယ်များကိုမူးယစ်ဆေးလွှမ်းမိုးမှုအောက်တွင် ချမှတ်မိသောဆုံးဖြတ်ချက်များကြောင့် ဘယ်လောက်အထိအကျိုးဆက်ကြီးမားကြောင်း ဆွေးနွေးသင်ခန်းစာပေးသူတစ်ယောက်ဖြစ်အောင် လုပ်မည်ဟူသော ရည်ရွယ်ချက်ပင်ဖြစ်သည်။ ကိုမာကနေလွတ်မြောက်လာပြီးနောက်ကျွန်တော်ချက်ချင်းလူကောင်းဖြစ်လာခြင်းတော့မဟုတ်ကြောင်းဆိုခဲ့ပြီးဖြစ်သည်။ စစချင်းစကားပြောဖို့၊ လမ်းလျှောက်ဖို့ကအစ အသက်ရှူဖို့အထိ ပြင်ပအကူအညီမပါဘဲလုပ်လို့မရခဲ့ပေ။ နောက်ပြီးကျွန်တော့်ညာဘက်ခြေထောက်ကလည်း ဆာသွားခဲ့သေးသည်။ ဒါပေမဲ့ ဒါတွေအားလုံးကိုကျွန်တော်အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဖြတ်သန်းကျော်လွှားခဲ့သည်။

ကျွန်တော့်အတွက် တွန်းအားမှာ သေတာထက်ဆိုးသည့်ဘဝမှကံကောင်းထောက်မစွာရုန်းထွက်လာခဲ့ဖူးသည့်တွန်းအားပင်ဖြစ်သည်။ လုံးဝမဖြစ်နိုင်ဘူးဆိုသည့် အခြေအနေမှ ဘဝတစ်ခုပြန်စလာနိုင်ခဲ့သည့်အတွေ့အကြုံကကျွန်တော့်အတွက်အကောင်းဆုံးတွန်းအားတစ်ခု ဖြစ်ခဲ့သည်။

နောက်လေးနှစ်အကြာ မှတ်မှတ်ရရ ဧပြီလခြောက်ရက်နေ့တွင် ကျွန်တော်ယုံကြည်လက်ခံနေသော ဆောင်ပုဒ်အတိုင်း ကျွန်တော်သက်သေတစ်ခုပြနိုင်ခဲ့သည်။ ယခင်က ကျွန်တော်အလွန်ခုံမင်သော မာရသွန်ပြိုင်ပွဲကြီးတွင် အောင်မြင်စွာဝင်ရောက်ယှဉ်ပြိုင်ပြီးပန်းဝင်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ဆရာဝန်များအားလုံးတော့ ကျွန်တော့်ကိစ္စကို သူတို့ တစ်သက်တွင် တစ်ခါသာ ကြုံဖူးလို့ကြုံရသော ဖြစ်ရပ်ဆန်းတစ်ခုဟုပင်မှတ်ယူထားကြသည်။ လွန်ခဲ့သောလေးနှစ်ခန့်က ကျွန်တော် သေလူ၊ နောက်နှစ်တွင် ဘီးတပ်ကုလားထိုင်နှင့်၊ နောက်တစ်နှစ်ခွဲခန့်တွင် တုတ်အကူဖြင့် သွားသူ၊ နောက်ဆုံးတွင်တော့ မာရသွန် ၂၆ မိုင်ကို မရပ်မနားဘဲ ၇ နာရီ ၅၁ မိနစ်ခွဲဖြင့် ပန်းဝင်အောင် ပြေးနိုင်သူဖြစ်ခဲ့ပြန်သည်။

မဖြစ်နိုင်ဘူးဆိုတာ ဘာမှမဟုတ်ဘူးဆိုတာကျွန်တော့်ဆောင်ပုဒ်ဖြစ်သည်။ ဒီဆောင်ပုဒ်တွင် အကောင်းအဆိုးနှစ်ခြမ်းရှိသည်။ နှစ်ခြမ်းစလုံးကိုကျွန်တော်ကောင်းစွာယုံကြည်လက်ခံသည်။ ။

***Ref: 'Impossible is Nothing' by Scott Malonay***

## နိုင်ငံရေးအဆိုအမိန့်များ

မောင်ဝံသ

Communism doesn't work because people like to own stuff.

***- Frank Zappa***

ကွန်မြူနစ်ဝါဒ အလုပ်မဖြစ်တဲ့အကြောင်းကတော့ လူတွေဟာ ဥစ္စာပစ္စည်းပိုင်ဆိုင်ချင်ကြတာကိုး။

***- ဖရန့်ဇက်ပါး***

You can't be a real country unless you have a beer and an airline - it helps if you have some kind of a football team, or some nuclear weapons, but at the very least you need a beer.

***- Frank Zappa***

ခင်ဗျားတို့ဆီမှာ ဘီယာနဲ့ လေယာဉ်ကုမ္ပဏီတစ်ခု မရှိသေးသရွေ့ တကယ့်တိုင်းပြည်တစ်ပြည်လို့ မဆိုနိုင်သေးဘူး။ ဘောလုံးအသင်းကောင်းကောင်းတစ်ခု ဒါမှမဟုတ်နျူကလီးယားလက်နက် တချို့တလေရှိရင်လည်း မဆိုးဘူး။ ဒါပေမဲ့ ဘာပဲပြောပြောအနည်းဆုံးကတော့ ဘီယာကောင်းကောင်းရှိရမယ်ဗျ။

***- ဖရန့်ဇက်ပါး***

When in doubt, tell the truth.

***- Mark Twain***

သံသယဖြစ်နေပြီဆိုရင် အမှန်ကိုသာပြောပါလေ။

***- မာ့ခ်တွိန်း***

The way to have power is to take it.

***- William Marcy Tweed***

အာဏာကိုရအောင် လုပ်တဲ့နည်းကတော့ ယူလိုက်ဖို့ပဲ။

***- ဝီလျံမာစီတွိ(ဒ်)***

When I want to buy any politicians I always find the anti-monopolists the most purchasable. They don't come so high.

***- William H. Vanderbilt***

နိုင်ငံရေးသမားတွေကို ကျုပ်ဝယ်တော့မယ်ဆိုရင် လက်ဝါးကြီးအုပ်ဆန့်ကျင်ရေးသမားတွေဟာ ဝယ်ချင်စရာအကောင်းဆုံးဆိုတာတွေ့ရတယ်။ သူတို့က ဈေးသိပ်မတက်ဘူးလေ။

***- ဝီလျံအိပ်ချ်ဗန်ဒါဘစ်***

Many a small thing has been made large by the right kind of advertising.

***- Mark Twain***

အသေးအဖွဲလေးတွေဟာ ကြော်ငြာကောင်းတော့ အကြီးကြီးတွေဖြစ်သွားရော။

***- မာ့ခ်တွိန်း***

Get the facts first. You can distort them later.

***- Mark Twain***

အချက်အလက်အမှန်တွေကို ပထမဆုံးရအောင်ယူ။ နောက်တော့ ပုံဖျက်လို့ရတာပေါ့။

***- မာ့ခ်တွိန်း***

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# စာအုပ်ဆိုတာ အရင်းနှီးဆုံးသူစိမ်းလား

'Book For All' ဆိုသည့်ကြွေးကြော်သံကို 'စာအုပ်စာပေ လူ့မိတ်ဆွေ'ဟု ရန်ကုန်သစ်လုပ်ငန်းကော်ပိုရေးရှင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ဒုတိယမန်နေဂျာ (ရောင်းဝယ်ရေး) ဦးကိုကိုက ၁၉၇၂ ခုနှစ် (နိုင်ငံတကာစာအုပ်နှစ်) အစောပိုင်းတွင် လှလှပပဘာသာပြန်ပေးခဲ့သည်။ ယနေ့အထိ လူတိုင်းနီးပါးနှုတ်စွဲရွတ်ဆိုဖူးကြပါတယ်။ လူတိုင်းလူတိုင်းမှာ စာအုပ်တွေအပေါ် မိတ်ဆွေမှန်းသိနေကြသော်လည်း ယုံကြည်လေးစားစွာ ဆက်ဆံပေါင်းသင်းကြပါသလား။ ခေါင်းညိတ်၍ မရနိုင်ဟုယူဆမိပါသည်။

**အခရာ**



ကမ္ဘာရွာဟုတင်စားပြီး အင်တာနက်နည်းပညာများ ရေပန်းစားလာသည့်ယနေ့ခေတ်တွင် ကျွန်တော်တို့မိတ်ဆွေဟောင်းကြီးနှင့် အဆက်ပြတ်နေကြပြီလား။ အကြောင်းကြောင်းကြောင့် ဝေးနေခဲ့ကြလျှင်လည်း ကျွန်တော်တို့အနေနှင့် ပြန်လည်ဆုံစည်းဖို့တော့လိုပါသည်။ ကျွန်တော်တို့၏ အမှတ်တမဲ့နေလိုက်မှုအတွက် စာအုပ်များကို ပြန်လည်တောင်းပန်ဖို့မလိုသလို၊ စောဒကတက်မည့်မိတ်ဆွေမျိုးလည်းမဟုတ်ပါ။ ဒါသည်ပင် သဘောထားကြီးသည့်မိတ်ဆွေစစ်ဟုဆိုကြပါစို့။ ကျွန်တော်တို့အနေနှင့်မိတ်ဆွေဟောင်းစာအုပ်များအပေါ် အသစ်မြင်အဟောင်းမေ့မဖြစ်သင့်ဘဲ ရေရှည်ဆက်ဆံသင့်ပေသည်။ မည်သည့်အတွက်ကြောင့် ဆက်ဆံဖို့လိုအပ်ပါသနည်း။ နောက်မည်သို့ဆက်ဆံရပါမည်နည်း။

**စာအုပ်များအပေါ် သဘောထား**

စာဖတ်ခြင်းနှင့်ပတ်သက်၍ ဝါရင့်သတင်းစာဆရာကြီးတစ်ဦးက ယေဘုယျကောက်ချက်ဆွဲပြထားသည်မှာ သဘောကျလောက်ပါသည်။ ၁-စာဖတ်အလေ့၊ ၂-စာဖတ်ဝါသနာ၊ ၃-စာဖတ်အကျင့် ဟုသုံးပိုင်းခွဲထားသည်။ တစ်နည်းဆိုသော် အဖော်သဘော၊ အပျော်သဘောနှင့် အသုံးသဘောဟုဆိုလိုခြင်းဖြစ်သည်။ စာကို အဖော်သဘောဖတ်ရင်းမှ စာဖတ်အလေ့ကိုဖြစ်ပေါ်စေသည်။ အပျော်သဘောဖတ်ရင်း(သို့) စာဖတ်ရသည်ကိုပျော်လာရာမှ စာဖတ်ဝါသနာကိုဖြစ်ပေါ်စေသည်။ စာကို အစဉ်တစိုက်ဖတ်ကျင့်ရလာလျှင် အသုံးသဘောရလာပါလိမ့်မည်ဟုဆိုထားသည်။ မည်သို့ပင်ဆိုစေ စာဖတ်သူအနေဖြင့် စာအုပ်နှင့်သူ၏အကြား အပြန်အလှန်ဆက်ဆံရေး ဒီဂရီအနိမ့်၊ အမြင့်သည် အဓိကအချက်ပင်ဖြစ်ပါလိမ့်မည်။ ပထမဆုံးလိုအပ်ချက်မှာ စာအုပ်တွေကို ပစ်မထားဘဲ စာဖတ်ဖြစ်ဖို့ပင်။ ဤနေရာတွင် ကျွန်တော်တို့အတွက် မိတ်ဆွေအပေါင်းအသင်းကောင်းအရေးကြီးသလို စာအုပ်ကောင်းရွေးတတ်ဖို့လိုလာပါသည်။ သို့သော် ပြဿနာတော့ ကြီးကြီးမားမားမရှိလှပါ။ စာကိုရွေးချယ်ဖတ်တတ်ခြင်းနှင့်ပတ်သက်၍ ဆရာကြီးဦးအောင်သင်းက "ဖတ်သာဖတ်ပါ၊ ရွေးတတ်သွားပါလိမ့်မယ်"ဟုပြောဖူးသည်။ ပထမဆုံး စာအုပ်တွေက လူကိုရွေးပြီး၊ စာဖတ်သက်ရလာသည်နှင့် လူက စာအုပ်တွေကိုရွေးချယ်သွားပါလိမ့်မည်ဟုဆိုလိုခြင်းဖြစ်သည်။ သည့်အတွက် သတင်းစာဆရာကြီးကပင် "စာရေးဆရာက ကျန်ခဲ့ပြီး စာဖတ်သူက ကျော်သွားတာမျိုးပါ"ဟုဆိုထားသေးသည်။ မည်သို့ပင်ဆိုစေ စာဖတ်ခြင်းနှင့်ပတ်သက်၍ အယူအဆတွေ ကွဲလွဲစေဦးတော့ စာအုပ်တွေအပေါ် အားကိုးမျှော်လင့်ချက်တစ်စုံတစ်ရာတော့ မကင်းပေ။ ဤနေရာတွင် ပြင်သစ်စာရေးဆရာကြီးဖလောဘတ်၏ အယူအဆတစ်ခုကိုလည်းထောက်ပြပြောဆိုထားသေးသည်။ "စာကိုကလေးတစ်ယောက်လို ပျော်ရုံလည်းမဖတ်နဲ့။ အကြံကြီးသူတွေလို အသိအမြင်ကြွယ်ဝရေးသက်သက်လည်းမဖတ်နဲ့၊ လူ့ဘဝရှင်သန်နေထိုင်ရေးအတွက်ဖတ်"ဟူ၏။

**စာအုပ်များ၏တုံ့ပြန်မှု**

"စာဖတ်သူနှင့် စာမဖတ်သူ ဘယ်လိုကွာခြားသွားနိုင်ပါသလဲ" ဟုမေးလျှင် ဖြေစရာအဖြေတိတိကျကျပြောရနိုင်မည်မဟုတ်ပါ။ ဖြေစရာအဖြေပေါင်းမရေမတွက်နိုင်သောကြောင့်ပင်။ ကျွန်တော်တို့အနေနှင့် စာအုပ်တွေဆီမှယူချင်၊ ရချင်တာတွေ၊ မျှော်လင့်ချက်တွေ အရမ်းပြင်းထန်နေပါသလား။ သို့ဆိုလျှင် စာအုပ်တွေဆီမှာ ဘာတွေရှိပြီး၊ ကိုယ့်အတွက်ဘာတွေရနိုင်မည်၊ ရသင့်မည်၊ ရအောင်ယူမည်ဆိုသည့်အချက်မှာ အရေးကြီးလာပါသည်။ စစ်မှန်သည့်မိတ်ဆွေတွေဆီမှ စစ်မှန်သည့်တုံ့ပြန်မှုသည်ဘဝအတွက် အထောက်အကူပြုနိုင်မည်မှာသေချာပါသည်။ သို့သော်ကျွန်တော်တို့ဘက်မှ အသုံးချလိုမှုသက်သက်ကိုချည်းလောဘကြီးမနေသင့်ပါ။ ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဩဝါဒတွင် "ရချင်တဲ့စိတ်နဲ့မလုပ်နဲ့၊ လုပ်တတ်ရင်ရလိမ့်မယ်" ဟု နာယူမှတ်သားဖူးပါသည်။

အထက်တန်းကျသည့် လူ့အဖွဲ့အစည်းတွင် မိတ်ဆွေပေါင်းသင်းများအပေါ် မိမိဘက်မှ နားလည်မှုပေးနိုင်သမျှ ပေးကြစမြဲဖြစ်ပါသည်။ကိုယ့်ဘက်ကကောင်းသည်နှင့်သူ့ဘက်ကလည်းကောင်းလာပါလိမ့်မည်။ မျှော်လင့်ထားသလို ကောင်းမလာခဲ့လျှင်လည်း တစ်စုံတစ်ရာ ခံစားနေစရာမလိုဘဲ မိတ်ဆွေတုအဖြစ်သာ သတ်မှတ်ရုံသာရှိပါသည်။

ကျွန်တော်တို့အနေနှင့် စာအုပ်များ၏တုံ့ပြန်မှုကို အရမ်းမျှော်လင့်ထားကြသည်ကများပါသည်။ လက်ညှိုးညွှန်လိုက်သလို အရာရာကို အလွယ်တကူမြင်လွယ်၊ ရလွယ်ချင်ကြသည်။ မြေပုံလမ်းညွှန်တစ်ခုလို လိုရာကိုတိတိကျကျရောက်နိုင်ပါလျက် စိတ်ရှည်ဖွဲ့သန်ဖို့တော့ခက်နေကြပြန်သည်။ ရံဖန်ရံခါတွင် ကိုယ့်အလိုလောဘကြီးမှုကြောင့် တစ်ဖက်က ပေးနေသည်ကိုပင်မသိနိုင်သည့်အခြေအနေအထိ ရှိတတ်ပါသေးသည်။ စာအုပ်စာပေမှ ရရှိသည့်အသိပညာမှာ နှလုံးသားဆီယဉ်ယဉ်ကလေးနှောင်ရစ်ပြီး၊ ဦးနှောက်ဆီ ပါးပါးချင်းတွယ်ကပ်လာသည်ကိုတော့ ကျွန်တော်တို့ အံ့ဩဖွယ်ရာတွေ့ရမည်မှာမလွဲပါ။ တစ်ချိန်က အနောက်အာဖရိက ဂီနီနိုင်ငံမှ ကပ္ပလီမင်းသားမိုဒီပီဆိုသူသည် စာအုပ်များနှင့်ပတ်သက်၍ "စာအုပ်ပေါ်က အမှတ်အသားတွေဟာ ထောင်ချောက်မိနေတဲ့စကားလုံးတွေပါလား။ ဒီအမှတ်အသားတွေကို အဓိပ္ပာယ်ဖော်နိုင်ရင် နှောင်ကြိုးတည်းခံနေရတဲ့စကားလုံးတွေဟာ စကားသံတွေ၊ အတွေးတွေ ဖြစ်လာမှာပါကလား"ဟု သူရလာသည့်အသိတရားကို စာတစ်အုပ်တွင် ပြောဆိုဖွင့်ဟဖူးသည်။ တကယ်တမ်းဆိုလျှင် စာအုပ်စာပေမှရလာသည့် အသိတရားသည် အမှောင်ကိုလင်းစေသည်။ အရိုင်းကိုယဉ်စေသည်။ အကြမ်းကိုနုစေသည်။ အပူကိုအေးစေသည်။ သိသာလှပါသည်။ ယနေ့လို ပညာတတ်များလှသည့်ခေတ်ထဲမှာပင် လူတစ်ဦးနှင့်တစ်ဦးအကြား ယဉ်ကျေးမှု၊ ရင့်ကျက်မှု ခေါင်းပါးလာလျှင် ပထမဆုံးသုံးသပ်ချက်မှာ "စာမှမဖတ်တာ"ဟု ထွက်လာမြဲဖြစ်သည်။ ဤအချက်ကိုတော့ ကျွန်တော်တို့ခေါင်းညိတ်ရပါလိမ့်မည်။

လူတစ်ယောက် စာဖတ်လာပြီဆိုသည်နှင့် ထိုလူသည် အရင်ကလူမဟုတ်ဟုဆိုနိုင်ပါသည်။ စာဖတ်သူတိုင်း ထိပ်ဆုံးမှာရှိနေမည်မဟုတ်စေကာမူ ထိပ်ဆုံးမှာရှိနေသူတိုင်း စာဖတ်ခဲ့ကြမည်ကိုတော့ မေးစရာမလိုအောင် သေချာလှပါသည်။

**နည်းနည်းစိမ်းလာတဲ့ဆက်ဆံရေး**

ယနေ့ခေတ်အခြေအနေတွင် ကျွန်တော်တို့နှင့် မိတ်ဆွေစာရင်းဝင်လာသည့် အခြားသောမီဒီယာများမှာ စာအုပ်တွေထက် ဆွဲဆောင်မှုကောင်းကြသည်။ မိတ်သစ်တွေက ရှေ့ကိုအတင်းတိုးလာသည်။ ကျွန်တော့်တို့ဘက်မှလည်း ဆက်ဆံရေးကောင်းသူများကို ဦးစားပေးချင်ကြသည်။ သူတို့နှင့်ပင် အချိန်ပေးပြီးသာယာနေကြသည်ကများသည်။ တစ်နေကုန်အောင်ဖတ်ပြီးမှ လွမ်းရသည့်ဝတ္ထုတွေထက် နှစ်နာရီလောက်ကြည့်ရုံနှင့် မျက်ရည်ပေါက်ပေါက်ကျချင်ကြသည်။ တစ်ထိုင်လောက်တွေးပြီး ပြုံးရမည့်အရေးထက် တစ်ကွက်တည်းနှင့် ဝါးလုံးကွဲရယ်ချင်ကြသည်။ စာအုပ်ပေါင်းများစွာမှ ဗဟုသုတအတိုအထွာတွေအစားကွန်ပျူတာရှေ့မှာ တစ်ချက်လောက်ကလစ်ပြီး ကမ္ဘာကြီးအကြောင်း လျှပ်စီးလက်သလို တဖျပ်ဖျပ် လိုက်ငေးလိုက်ချင်ကြသည်။ တစ်နည်းအားဖြင့် အချိန်ကိုချုံ့ပစ်သည်ဟုဆိုကြသော်လည်း အာရုံများစွာကြားမှာ ဗျာများနေကြသည်လည်း ဖြစ်နိုင်ပါသည်။ တကယ်တမ်းတော့အပေါင်းအသင်းများ၏။ မိတ်ဆွေကားမရှိဖြစ်နေကြသည်။ စာအုပ်များနှင့် ကျွန်တော်တို့အကြား ဆက်ဆံရေးမှာ ပယောဂပေါင်းမြောက်မြားစွာကြားသွေးအေးလာရသည်။ အားလုံးခြုံကြည့်လျှင်တော့ကျွန်တော်တို့ဘက်မှ သူစိမ်းဆန်နေခြင်းဖြစ်ပါသည်။လူမှန်းသိတတ်စမှ ရင်းနှီးကျွမ်းဝင်လာသည့်မိတ်ဆွေအပေါ် အထင်မကြီးသလို၊ အားမကိုးသလို၊ မလေးစားသလိုဖြစ်နေသည်။ မိတ်ဆွေအကြောင်း ကောင်းမှန်းသိလျက်နှင့် မိတ်ဆွေကိုမပေါင်းဘဲ မေ့ထားကြတော့မည်လား။ လူထုဦးလှ၏ပုံပြင်လေးထဲမှ မျက်မမြင်အသင်းနှင့် စိတ္တဇဝေဒနာသည်အသင်း၏ ဘောလုံးပွဲလေးကိုဆင်ခြင်ကြည့်သင့်သည်။

*စာ(၁၈) သို့*

## JOKE

### ရန်ပွဲစနည်း(၂)

မိန်းမတစ်ယောက်ကိုယ့်ကိုယ်ကိုယ်မှန်ထဲကြည့်နေသည်။ မှန်ထဲတွင်မြင်နေရသော ပုံကိုသဘောမကျဖြစ်သွားသော မိန်းမကဂုင်း၏ယောကျ်ားအား ယခုလိုပြောလိုက်သည်။

"ကျွန်မအရမ်းစိတ်ပျက်တာပဲ။ ကျွန်မပုံက အသက်ကြီးအဝလွန်ပြီး ရုပ်ကလည်းဆိုးလိုက်တာ။ ဒီတော့ ရှင်ကျွန်မကိုချီးကျူးစကားလေး တစ်ခုခုတော့ ပြောသင့်တယ်" ဟု ဆိုလေသည်။

"အေး၊ မင်းအမြင်တော့ ကြည်လင်သားပဲကွ။ မင်းမျက်လုံးတော်တော်ကောင်းသေးတယ်" ဟု လင်ယောကျ်ားက ပြန်ပြောလိုက်ရာ လင်မယားနှစ်ယောက်ရန်ပွဲစပါလေတော့၏။

### အထူးစုံထောက်

လူ ၃ ဦး အထူးစုံထောက်သင်တန်းတက်နေကြသည်။ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦးဖြစ်သည်။ သင်တန်းပြီးဆုံးသည့်နေ့တွင် သင်တန်းဆရာက စားပွဲပေါ်တွင် သေနတ်တစ်လက်တင်၍ ပထမအမျိုးသားအား "ရော့ဒီမှာ သေနတ်။ နောက်ကအခန်းမှာ မင်းမိန်းမရှိတယ်။ သူ့ကိုသွားပစ်ချေ"ဟု ပြောလိုက်၏။ ပထမအမျိုးသားမှာချုံးပွဲချငိုလေရာ ဂုင်းအား အိမ်ပြန်ပို့လိုက်ပါတော့သည်။ နောက်အမျိုးသားအားလည်း ယင်းသို့ပင် စေခိုင်းရာ အမျိုးသားက အခန်းထဲဝင်သွားပြီး "ကျွန်တော်သူ့ကို မပစ်ရက်ဘူးဗျာ"ဟုပြောပြီးပြန်ထွက်လာ၍ ဂုင်းလည်းအိမ်ပြန်ရပါလေတော့၏။ နောက်ဆုံး အမျိုးသမီးအလှည့်ရောက်လာသောအခါ အမျိုးသမီးကအခန်းထဲတန်းဝင်သွားသည်။ အခန်းထဲမှဝုန်းဒိုင်းအသံများလည်း ထွက်လာ၏။ ခဏအကြာတွင် အမျိုးသမီးပြန်ထွက်လာရာ "သေနတ်က ကျည်ဆန်အတုတွေပဲပါတာပဲ။ ဒါနဲ့ ကျွန်မလည်းယောကျ်ားကို တွေ့ရာခုံနဲ့ကောက်ရိုက်ခဲ့တယ်" ဟု ပြောပါလေ၏။

အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး၊ သတင်းအယ်ဒီတာများ- အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ အကြီးတန်းသတင်းထောက်- မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ နိုင်ငံတကာသတင်းဘာသာပြန်- ရဲမင်း၊ ကျော်မျိုးဦး။ စာပြင်အယ်ဒီတာ- လှထွဋ်ဦး။ သတင်းထောက်များ- သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်၊ သန်းငွေ၊ အေးသူစံ။ နေပြည်တော်သတင်းထောက်- ထူးသန့်။ နယ်သတင်းထောက်များ- စိုင်းသာအောင်၊ မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ရဲပန်ဇင်း၊ ကျော်ထွန်း။ သုတေသန- အောင်အောင်။ စာမျက်နှာဖွဲ့စည်းမှု- ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ ကွန်ပျူတာစာစီ- စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ သရုပ်ဖော်- စိုးသော်တာ။ ဓာတ်ပုံသတင်းထောက်- အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ ပြင်ပဆက်သွယ်ရေး- သက်ပိုင်ငွေ။ လိုဂိုဒီဇိုင်း- ကျောက်ဆည်။ ဘဏ္ဍာရေး- ကလျာအောင်။ ကြော်ငြာတာဝန်ခံ- မိုးပပ၊ လင်းလင်းဦး။ ထုတ်ဝေသူ- ဦးမျိုးလှိုင်အောင်။ ပုံနှိပ်စက်- သုဝဏ္ဏသီရိပုံနှိပ်တိုက်။ ဖလင်- Sunn Colour Separation. စောင်ရေ- ၁,၀၀၀။ ရောင်းဈေး- ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

Hotline : 73032006

Business
7DAY NEWS JOURNAL
Vol.9, No.26 • SEPTEMBER 16, 2010

## ငွေလဲနှုန်းကျနေသဖြင့် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုမထိခိုက်စေရန် ဆွေးနွေးပွဲတစ်ခုကျင်းပရန်စီစဉ်

**သန်းငွေး**

**ရန်ကုန်၊ စက်တင်ဘာ – ၇**

ငါးမွေးမြူထုတ်လုပ်မှုတွင်တွက်ခြေမကိုက်သကဲ့သို့ ပြည်ပတင်ပို့သူအနေဖြင့်လည်း ငွေလဲနှုန်းကျဆင်းနေသောကြောင့် အဆိုပါပြဿနာကို စုပေါင်းအဖြေရှာသော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကျင်းပရန်စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

"ငါးကုန်တက်များပြီး၊ အရောင်းအဝယ်အေးတယ်။ အမြတ်ရဖို့နေနေသာသာ အရင်းရအောင်လုပ်ဖို့လိုနေပြီ"ဟု တွံတေးမြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းကျော်က ပြောကြားသည်။

ထိုသို့ဖြစ်ရသည်မှာ ပြီးခဲ့သောနွေရာသီကဲ့သို့ ငါးများသေဆုံးမှုဖြစ်သွားမှာစိုးရိမ်ကြပြီး ငါးများကိုကျွေးသော အစာမှအသားပြောင်းလဲနှုန်းအချိုးတန်ဖိုးလည်း မြင့်လာသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ငါးများကို အလျင်စလို ကန်ဖော်သူများလာကာ ကန်ဖော်မှုတိုက်ဆိုင်သောကြောင့် ငါးကုန်တက်များပြီး ဈေးနှုန်းကျဆင်းလာ၍ ငါးမွေးမြူသူများ မရှုံးရုံအခြေအနေဖြစ်နေကြကြောင်း ယင်းကရှင်းပြသည်။ **စာ(၃၂)သို့**

## ပြည်ပမှ တင်သွင်းမှုကြောင့် အသားတိုးကြက်သားပေါက်ဈေး သုံးဆယ့်ငါးရာနှုန်းကျော် ကျဆင်းနိုင်

**သန်းငွေး**

**ရန်ကုန်၊ စက်တင်ဘာ – ၇**

ပြည်ပမှ တင်သွင်းမည့် အသားတိုးကြက်ပေါက်များကြောင့် ပြည်တွင်းကြက်သားပေါက်တစ်ကောင် ဈေးနှုန်း ၃၅ ရာခိုင်နှုန်းကျော်ကျဆင်းနိုင်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ-၁ ဦးဝင်းစိန်က ပြောကြား သည်။

ကြက်ပေါက်တင်သွင်းသော ကုမ္ပဏီ ၈ ခုမှ ကြက်ပေါက်များ ပြည်ပမှ မကြာမီ ရောက်ရှိလာပါက ထိုကုမ္ပဏီရှိ စက်ရုံများက ဖြန့်ချိမည့် ရက်သားအရွယ် အရည်အသွေးကောင်း ကြက်သားပေါက်များ ဈေးကွက်အတွင်းရောက်ရှိလာလျှင် ယခုရောင်းနေသော ကြက်သားပေါက် အမြင့်ဆုံးဈေးနှုန်း ၇၈၀ ကျပ်မှ ၅၀၀ ကျပ်သို့ ဈေးလျှော့ရောင်းချဖွယ်ရှိကြောင်း ယင်းကပြောကြားသည်။

ကြက်သားပေါက် ဈေးနှုန်းကျဆင်းလာသဖြင့် မွေးမြူထုတ်လုပ်သူများမှာ ယခုမွေးမြူနေသော အသားတိုးကြက်များထက် မျိုးရိုးကောင်းပြီး မွေးမြူရက်သုံးပုံ တစ်ပုံလျှော့နည်းကာ ထုတ်လုပ်စရိတ်သက်သာလာမည်ဖြစ်ကြောင်း ဦးဝင်းစိန်ကပြောကြားသည်။

"ကြက်သားဈေးလည်း ဈေးကွက်မှာ ကျလာနိုင်တယ်။ အရင်ကထက် မျိုးကောင်းရင် ကြက်ပေါက်ကိုရက်သုံးဆယ်နဲ့ တစ်ပိဿာနှစ်ဆယ်ကျပ်သားထိ ရောင်း



တန်းဝင်လာနိုင်မယ်" ဟု အသားတိုး ကြက်သားမွေးမြူထုတ်လုပ်နေသူတစ်ဦးကလည်း ပြောကြားသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိကြက်၊ဘဲဒိုင်တွင် ယခုရက်များအတွင်း ကြက်ပိဿာချိန် ၄၀၀၀၀ နေ့စဉ်ပုံမှန်ဝင်နေသော်လည်း ထိုကာလများတွင်မူကြက်ပိဿာချိန် ၄၄,၀၀၀ ခန့် ကုန်တက်များလာနိုင်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

အသားတိုးကြက်အရှင် ခြံဖမ်းဈေးမှာလည်း ယခုရက်အတွင်း တစ်ပိဿာလျှင် ၂,၇၀၀ ကျပ်ရှိနေရာမှ ဈေးနှုန်းကျဆင်းလာမည်ဖြစ်သောကြောင့် ကြက်သားစားသုံးသူပြည်သူများ ယခုထက် ဈေးနှုန်းသက်သာစွာရနိုင်ဖွယ်ရှိကြောင်း ယင်းကသုံးသပ်ပြောကြားသည်။

ပြည်ပမှ မျိုးကြက်သားပေါက်နှင့် မျိုးကြက်ဥများ တင်သွင်းမှုကို ၂၀၀၆ ခုနှစ်မတိုင်မီက ယာယီပိတ်ပင်ထားသော်လည်း မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ညီညွတ်ပါက လေယာဉ်ဖြင့် တင်သွင်းခွင့်ကို စိစစ်ထောက်ခံပေးရန် စီစဉ်ခဲ့သည်။ **စာ(၃၂)သို့**



## ရင်းနှီးမြှုပ်နှံသူများ ရွှေဘက်လှည့်လာ

**သိမ့်သိမ့်စိုး**

**ဓာတ်ပုံ – အောင်အောင်**

"**ဒီနှစ်**ကုန်ပိုင်းကာလမှာ ရွှေကိုင်ထားတဲ့ အနေအထားဟာ ငွေထက် စိတ်ချရနိုင်လို့ ရွှေရောင်းအား(ဝယ်လိုအား)က ကောင်းလာနိုင်တယ်"ဟု ရန်ကုန်-မန္တလေး ဈေးကွက် နှစ်ခုလုံးတွင် လုပ်ကိုင်နေသော ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောလာသည်။

လက်ရှိကာလ၌လည်း ရွှေဈေးနှုန်းများ ကျဆင်းလာပြီး ဈေးကွက်ဝယ်လိုအား မြင့်တက်လာသကဲ့သို့ လာမည့်နိုဝင်ဘာ ၇ ရက်၌ ကျင်းပမည့် ရွေးကောက်ပွဲမတိုင်ခင်ကာလအထိ ဈေးကွက်ဝယ်လိုအားများ မြင့်တက်လာနိုင်သည်ဟု ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ရွှေဈေးက အခု ၆၄၀၀၀၀ ကျော်ရုံလေးပဲ ရှိတော့တာဆိုတော့ ရောင်းအားကောင်းလာတယ်။ ဒီနှစ်ရဲ့ အမြင့်ဆုံးဈေးနဲ့ စာရင် နှစ်သောင်းနီးပါး ကျလာတာကြောင့်လည်း ပါတယ်။ ဈေးကအရင်ဈေးအထိ ပြန်မတက်နိုင်လောက်တော့ဘူး။ ဒါကြောင့် ဒီဈေးက ကြိုက်ဈေးဆိုတော့ အဝယ်ပိုများလာနိုင်တယ်"ဟု ရန်ကုန်မြို့ ၁၅ လမ်းထိပ်ရှိ ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အိမ်ခြံမြေ၊ ကားတို့၌ ရင်းနှီးမြှုပ်နှံမှုထက် ဈေးနှုန်းအတက်အကျ ဒဏ်ကိုအများဆုံး ခံနိုင်ပြီး ငွေဖော်ရန်လွယ်ကူသော ရွှေဈေးကွက်သို့ လှည့်လာခြင်းကြောင့် ဈေးကွက်ဝယ်လိုအားကောင်းလာနိုင်သည်ဟု အောင်သမာဓိရွှေဆိုင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံ၏ ရွှေအရောင်းအဝယ်ကာလတစ်လျှောက်တွင် ယခုနှစ်သည် အမြင့်ဆုံးဈေးဖြစ်ကာ ဈေးကွက်ဝယ်လိုအား ကျဆင်းခဲ့သောနှစ် တစ်နှစ်လည်းဖြစ်ခဲ့ကြောင်း အထည်ဈေးကွက်ကို ဦးစားပေးလုပ်ကိုင်သော ရွှေဆိုင်ပိုင်ရှင်များက ပြောသည်။

ရွှေဈေးနှုန်းများသည် တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းမြင့်လာသည့်အလျောက် နှစ်စဉ် ဈေးနှုန်းကွာဟမှုသည် ရွှေတစ်ကျပ်သား၌ ကျပ် ၄၀၀၀၀-၅၀,၀၀၀ သာ အများဆုံးမြင့်လာလေ့ရှိသော်လည်း ယခုနှစ်သည် ပြီးခဲ့သည့်နှစ်ထက် ဈေးနှုန်းကျပ် တစ်သိန်းကျော်ထိ ကွာဟမှုရှိလာခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ပြည်တွင်းဈေးနှုန်းများ ကျပ်တစ်သိန်းကျော်ထိ ကွာခြားလာရခြင်းမှာ ကမ္ဘာ့ရွှေဈေးနှုန်းများနှစ်စဉ် ပေါက်ဈေးများထက်ဒေါ်လာ ၂၀ ကျော်ကွာခြားမှုရှိခဲ့၍ဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ထို့ကြောင့် ယခုနှစ်၏ ရွှေဈေးကွက်ဝယ်လိုအားမှာ နှစ်စဉ်ထက် ၃၀ ရာခိုင်နှုန်းဝန်းကျင်ထိ ကျဆင်းမှုရှိခဲ့ကြောင်း ရွှေဆိုင်များမှ စုံစမ်းသိရသည်။

"ဒီနှစ်မှာ စီးပွားရေးအနေအထားက ကျတယ်။ လူတွေလက်ထဲမှာ ငွေလည်ပတ်မှုနည်းသွားတာကြောင့်လည်းဝယ်လိုအားကျတာပါတယ်" ဟု လှည်းတန်းရှိ ရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

"ဈေးနှုန်းမြင့်တာကြောင့်လည်း ရောင်းအားနည်းတာပါတယ်။ ကုန်ပစ္စည်းဈေးနှုန်းတွေကတက်ပြီးလူတွေမှာဝင်ငွေနည်းသလို တခြားနေရာတွေမှာ သုံးရတာတွေကြောင့်လည်း ရောင်းအားကျတာပါတယ်" ဟု ရွှေကျင်ရွှေဆိုင်မှ ကိုဌေးက ပြောသည်။

ယခုနှစ်တွင် ရွှေထည်ဝယ်ယူမှုများမှာ အထည်ကြီးများထက် အလေးချိန်နည်းသည့် အထည်အသေးများကိုသာ ဝယ်ယူမှုပိုများလာခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ရွှေဝတ်ဆင်သည့်နေရာ၌ အများဆုံး ဝတ်ဆင်သော လက်ကောက်များတွင်ပင် ယခင်က ငါးမူးသား ၁၀ကွင်း ၁၅ ကွင်း ဝယ်ယူလေ့ရှိရာမှ ယခုအခါ တစ်ပဲသား၄ ကွင်း-၆ ကွင်းစသည်ဖြင့် အလေးချိန်လျှော့၍ဝယ်လာသည့်အပြင် ဝယ်ယူသည့် ပမာဏမှာလည်း လျှော့နည်းလာခဲ့ကြောင်း တာလီ ရွှေဆိုင်မှ ကိုတင်မောင်စိုးက ပြောသည်။ **စာ(၃၂)သို့**

### ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၁၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၈၈၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၄. ၁၆ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၇၆၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၆. ၂၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၃၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၆၄. ၈၅ | ဝမ် | (တောင်ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၀၉ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၄၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၃၇၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၃၇၃၄ | ဒေါ်လာ | (နယူးဇီလန်) |

### အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၂၄၆. ၅၀၀ |
| ရေနံစိမ်း | စည် | ၇၈. ၁၆ |
| ငွေ | ၁ အောင်စ | ၁၉. ၈၄၅ |
| ကြေးနီ | ပေါင် | ၃၄၀. ၆၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၈၈၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## စာ(၃၁) - ရင်းနှီးမြှုပ်နှံသူများ ရွှေဘက်လှည့်လာ မှ

ယခုနှစ် ရွှေဈေးနှုန်းသည် ဈေးစတင်ဖွင့်ချိန်မှစ၍ကျပ်ခြောက်သိန်းကျော်ဖြင့် စတင်ဖွင့်ခဲ့ပြီး တစ်နှစ်ပတ်လုံးအနေအထားအရ ဈေးမြင့်၍ ရောင်းအားကျသည်ဟုဆိုသော်လည်း မတ်လသည် ယခုနှစ်၏ ရောင်းအားအကောင်းဆုံးကာလတစ်ခုဖြစ်ခဲ့ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

အဆိုပါကာလသည် ကောက်ပဲသီးနှံအချို့ပေါ်ချိန်ဖြစ်သကဲ့သို့ နှစ်စဉ်အားဖြင့်လည်း ရောင်းအားကောင်းသော ကာလဖြစ်ကြောင်း သိရသည်။ ယင်းလတွင် ပြည်တွင်းရွှေဈေးနှုန်းမှာ ၅၉၀,၀၀၀ ကျပ်ကျော်ဖြင့် တစ်လလုံးရှိခဲ့ပြီး အမြင့်ဆုံးဈေးမှာ ၅၉၈,၅၀၀ ကျပ်ရှိခဲ့သည်။ ပုံမှန်အားဖြင့် သင်္ကြန်အပြီးကာလသည် ရွှေဈေးနှုန်းများမြင့်တက်လေ့ရှိခြင်းကြောင့်လည်း ဈေးတက်မှန်း၍ ဝယ်ယူမှုကြောင့် ယင်းလသည် ရောင်းအားကောင်းခဲ့ခြင်းဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဒီနှစ်က ဈေးတရိပ်ရိပ်တက်လာပြီး ပြန်မဆင်းတော့ဘူး။ အရင်နှစ်တွေနဲ့စာရင် အခုပုံစံက ဈေးနှုန်းအတက်အကျ ဖောက်ထိုးကျ၊ ဖောက်ထိုးဆင်းမရှိဘူး။ ထူးခြားတာက သုံးသောင်း-လေးသောင်း ထိုးတက်၊ ထိုးဆင်းမဖြစ်ဘူး" ဟု အောင်သမာဓိရွှေဆိုင်ပိုင်ရှင် ဦးအောင်က ပြောသည်။

ယင်းသို့ ဈေးနှုန်းအတက်အကျ နည်းရခြင်းမှာ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ လေရောင်းလေဝယ်(လေပတ်ကား) ဈေးကွက် မပြုလုပ်ရန် တားမြစ်လိုက်ခြင်းကြောင့်လည်း ဖြစ်သည်ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

"လေရောင်း၊ လေဝယ်အပေါ်မှာ ငွေရင်းငွေနှီးမလိုဘဲ လှိုင်းစီးပြီးလုပ်တဲ့ ဈေးကွက်ပျောက်သွားတယ်။ ဒါကြောင့် ကုန်သည်တချို့ အလုပ်မဖြစ်ဘူး။ ဒီအပေါ်မှာ လုပ်နေတဲ့ ကုန်သည် ၂၅ ရာခိုင်နှုန်းလောက်ရဲ့ ဝယ်လိုအား၊ ရောင်းလိုအားက ကျသွားတာပေါ့" ဟု ဦးအောင်က ပြောသည်။

ဈေးနှုန်းမြင့်တက်သော်လည်း ပုံမှန်အရောင်းအဝယ်ပြုလုပ်နေသော ဈေးကွက်၌ အထည်ဈေးကွက်နှင့် အပိုင်းဈေးကွက်နှစ်မျိုးလုံးတွင်ပါ ဈေးကွက်ရောင်းအား သိသာစွာကျဆင်းခြင်း မရှိခဲ့ကြောင်း ယင်းကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခုနှစ်သည် ဈေးနှုန်းမြင့်တက်လာခဲ့ပြီး စီးပွားရေးအနေအထားအရ ဝယ်ယူမှုနည်းလာသည့်အပေါ်တွင် ရွှေဆိုင်ပိုင်ရှင်များအနေဖြင့် ဝန်ဆောင်မှုပိုင်းကို ဝယ်ယူသူများ စိတ်ကြိုက်ဖြစ်လာရန် ကြိုးစားလုပ်ဆောင်မှုများ ပြုလုပ်လာရကြောင်းသိရသည်။

ယင်းသို့ လုပ်ဆောင်ရာတွင် လက်ဆောင်ပစ္စည်းများပေးခြင်း၊ ကြော်ငြာအား ကောင်းမွန်အောင် လုပ်ဆောင်ခြင်း၊ ရွှေရည်ပြည့်မီရန် အလေးထား ဆောင်ရွက်ခြင်း၊ အလျှော့တွက်နှင့် လက်ခများကို အတတ်နိုင်ဆုံး လျှော့ချသည့်နည်းများဖြင့် ဝယ်သူများကို ဆွဲဆောင်မှုပြုလုပ်နေရကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

ဈေးနှုန်းမြင့်လာသည့် အလျှောက် ဝယ်ယူသူများမှာလည်း ရွှေရည်ကောင်းမွန်ပြီး အလျှော့တွက်၊ လက်ခများပါသက်သာသည့်ဆိုင်များတွင် ပိုမိုရွေးချယ်ဝယ်ယူလာကြကြောင်း သိရသည်။

ဈေးနှုန်းမြင့်ပြီး စီးပွားရေးအနေအထားအရ ရွှေဝယ်လိုအားကျဆင်းလာသည့်အပြင် ယခုနောက်ပိုင်း၌ လူငယ်များအကြား၌ ဝယ်ယူသုံးစွဲစရာ ပစ္စည်းများဖြစ်သော လက်ပ်တော့စသည့် ကွန်ပျူတာပစ္စည်းများနှင့် မိုဘိုင်းဖုန်းများကိုလူငယ်များ စတိုင်တစ်ခုသဖွယ်သုံးစွဲလာခြင်းကြောင့်လည်းပါဝင်ကြောင်း သိရသည်။

ယခုနှစ်တွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း တစ်အောင်စလျှင် ၁၂၀၀ ဒေါ်လာဝန်းကျင်၌သာရှိပြီး အမြင့်ဆုံးမှာ ၁၂၆၃ ဒေါ်လာထိရှိခဲ့သည်။ နှစ်စဉ်အားဖြင့် ဒေါ်လာဈေးမှာတစ်ဒေါ်လာလျှင် ၁,၀၅၀ ကျပ်ကျော်၌သာ လည်ပတ်မှုများခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၀,၀၀၀ကျပ်အထိ ဈေးနှုန်းအမြင့်ဆုံးရောက်ခဲ့ပြီး ယခုရက်ပိုင်းတွင် ၆၄၀,၀၀၀ ကျပ်ကျော်အထိ ပြန်လည်ကျဆင်းခဲ့သည်။

ပြည်တွင်းရွှေဈေးနှုန်းများသည် တစ်နှစ်ပတ်လုံး၌ ကမ္ဘာ့ရွှေဈေးအပေါ်တွင်ရှိနေပြီး အများဆုံး ၂၀,၀၀၀ ကျပ်မြင့်နေခဲ့ကာ လက်ရှိကာလတွင် ၃,၀၀၀ ကျပ်ဝန်းကျင်အထိ ဈေးမြင့်နေသေးကြောင်း သိရသည်။

## စာ(၃၁) - ငွေလဲနှုန်းကျနေသဖြင့် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှုမထိခိုက်စေရန် ဆွေးနွေးပွဲတစ်ခုကျင်းပရန်စီစဉ် မှ

"ဘာကြောင့်လဲဆိုတော့ မွေးတဲ့စနစ်နဲ့ ကျွေးတဲ့စနစ်မမှန်လို့ အစားစရိတ်ပိုမြင့်လာတာလည်းပါတယ်"ဟု ငါးမွေးမြူရေးလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ၎င်း၏အမြင်ကို ပြောကြားသည်။

ထိုသို့ အစာစရိတ်မြင့်မားမှုကြောင့် ဆက်လက်မွေးမြူထားပါက စရိတ်တက်လာသည့်အပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ငါးသေဆုံးမှုမှာလည်း စိုးရိမ်ပြီး ယခုလိုဖြစ်ကြရကြောင်း ငါးမွေးမြူရေး ဆိုင်ရာပညာရှင်တစ်ဦးက ပြောကြားသည်။

"ဈေးကွက်က ကုန်နေပြီ၊ ဝယ်သူက ဈေးချတာမဟုတ်ဘူး။ အကြောင်းအမျိုးမျိုးကြောင့် ဈေးကျတာ၊ ငွေလဲနှုန်းကျတာကြောင့်လည်းပါတယ်"ဟု ရေထွက်ပစ္စည်း ပြည်ပတင်ပို့သူ ကုမ္ပဏီပိုင်ရှင်တစ်ဦးကလည်းပြောကြားသည်။

ပြည်ပတင်ပို့မှုမှ ရရှိသည့် ကန်တစ်ဒေါ်လာ၏ စံသတ်မှတ်လဲလှယ်နှုန်း တဖြည်းဖြည်း ကျဆင်းလာနေပြီး စက်တင်ဘာ ၈ရက်နေ့တွင် ၉၅၀ ကျပ်အထိရှိနေပြီဖြစ်ကြောင်း ယင်းကပြောကြားသည်။ ကန်တစ်ဒေါ်လာမှာလည်း ထိုနေ့တွင် ၉၄၀ ကျပ်သို့ ကျဆင်းလာကြောင်းသိရှိရသည်။

ထို့ကြောင့် ငါးမွေးသူ၊ ပြည်ပတင်ပို့သူ၊ ငါးပညာရှင်နှင့် စီးပွားရေးတွက်ခြေကိုက်မည့် ပုံသေနည်းများပါထုတ်ပေးရန် စီးပွားရေးပညာရှင်များလည်း အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြရန်လိုအပ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အကြံပေးဦးလှဝင်းကပြောကြားသည်။







## စာ(၃၁) - ပြည်ပမှ တင်သွင်းမှုကြောင့် အသားတိုးကြက်သားပေါက်ဈေး သုံးဆယ့်ငါးရာနှုန်းကျော် ကျဆင်းနိုင် မှ

၂၀၀၈ နှစ်စတွင် စတင်တင်သွင်းရန် စီစဉ်နေစဉ် နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ရပ်တန့်သွားပြီး မွေးမြူထားသော အသားတိုးကြက် ကောင်ရေ ၂၅၀,၀၀၀ ကျော်မှာလည်းသေဆုံးခဲ့ရသည်။

ယခု ၂၀၁၀ ဩဂုတ်လမှစ၍ ပြန်လည်တင်သွင်းခွင့်ပြုလိုက်သောကြောင့် ပြင်သစ်၊ ဂျာမဏီနှင့် ဩစတြေးလျနိုင်ငံများမှ ဘိုးဘွားနှင့်မိဘအဆင့်အသားတိုး ကြက်မျိုးရင်းကောင်များရောက်ရှိတော့မည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

"တစ်ခါတင်သွင်းပြီးရင် သုံးနှစ်လောက်ပဲ ကောင်းကောင်းအဆင့်မီတယ်။ အမေအသက်ကြီးလာတာနဲ့အမျှ ခံနိုင်ရည်ကျပြီး ဝင်လာတဲ့ရောဂါဒဏ်ကို မခံနိုင်ကြတော့ဘူး" ဟု အသားတိုးကြက်မွေးမြူထုတ်လုပ်ဖြန့်ချိရေး အသင်းမှ ကိုယ်တိုင်တင်သွင်း မွေးမြူဖြန့်ချိနေသူ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးက ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# 7DAY BOOK REVIEW

## ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ / ဒုတိယအုပ် (ရာပြည့်ဦးစိုးညွန့်)




အတ္ထုပ္ပတ္တိစာပေ၌ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အကြောင်းကို အခြားသူတစ်ဦးဦးက ရေးပါက ဘိုင်အိုဂရပ်ဖီဟုခေါ်ဆိုပြီး ကိုယ်တိုင်ရေးသားပါက အော်တိုဘိုင်အိုဂရပ်ဖီဟုသတ်မှတ်ကြရာ ယခုထွက်ရှိလာသည့် ရာပြည့်ဦးစိုးညွန့်၏မြန်မာစာရေးဆရာ ၁၀၀ (ဒုတိယအုပ်)သည် ဘိုင်အိုဂရပ်ဖီစာပေထဲ ထည့်သွင်းရမည်ဖြစ်ပါသည်။ လွန်ခဲ့သောငါးနှစ် ၂၀၀၅ ဇူလိုင်လကပထမအုပ်အဖြစ်ထွက်ရှိခဲ့ပြီး ယခု ဒုတိယအုပ်အဖြစ်ထွက်ရှိလာသော ၂၀ ရာစု မြန်မာစာရေးဆရာ ၁၀၀ တွင်စာဆိုမောင်သုတ(ဗိုလ်မှူးဘသောင်း) ၏ စာဆိုတော်များအတ္ထုပ္ပတ္တိထဲ၌ မပါဝင်ခဲ့သည့် 'ကျောက်စာဝန်တော်စိန်ခို'နှင့် 'ဦးကျော်ထွန်း'တို့လို ရှေးဟောင်းစာရေးဆရာကြီးများအပြင် မြန်မာပညာရှိ ဦးအောင်၊ အဝေးရောက်မင်းဦးအောင်ကြီး၊ ဝန်စာရေးဦးကြီး အစရှိသည့်လူပုဂ္ဂိုလ်များသာမက အရှင်စန္ဒမာလာလင်္ကာရ၊ တောင်ပေါက်ဆရာတော်၊ စတုတ္ထမြစ်ကွေ့ဆရာတော် ဦးပညာဝံသတို့ကဲ့သို့သော ရဟန်းပညာရှိများ၏အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖြည့်စွက်ပြုစုထားသည်။ ပထမအုပ်တွင် မပါရှိခဲ့သောစာပေရေးသားသူပုဂ္ဂိုလ် တစ်နည်းဆိုရသော် ၂၀၁၀ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သောစာရေးဆရာမာန်မြင့်လို ပုဂ္ဂိုလ်မျိုးကိုလည်းထည့်သွင်းထားသည်ကိုဖတ်ရှုရမည်ဖြစ်သည်။ အထူးစိတ်ဝင်စားဖွယ်ကောင်းသည်မှာ စာရေးဆရာတို့၏အတ္ထုပ္ပတ္တိသာမက ၎င်းတို့ရေးသားပြုစုခဲ့သော စာအုပ်စာတမ်းအသီးသီးတို့ကိုလည်း အတတ်နိုင်ဆုံးလက်လှမ်းမီသလောက် ဖော်ပြထားသည်ဖြစ်၍စာရေးဆရာများ၏စာစုစာရင်းအဖြစ်လည်း သိမြင်နိုင်ပါသည်။ သို့ရာတွင်လူပုဂ္ဂိုလ်တို့၏ထင်ရှားသောဘဝနောက်ခံကိုဖော်ပြရာ၌ယခုထက်ပို၍ ဖြည့်စွက်ပြုစုနိုင်ပါက စာဖတ်သူများနှင့်စာပေသုတေသီများအတွက် ပိုမိုပြည့်စုံသောကျမ်းတစ်စောင်သဖွယ် အားကိုးလေ့လာနိုင်မည်ဖြစ်ပါသည်။ ဥပမာ- တက္ကသိုလ်ဆုမြိုင်အကြောင်းကိုပြုစုရာ၌ တက္ကသိုလ်ဆုမြိုင်ဆိုသောပုဂ္ဂိုလ်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးတော်စပ်သည်ကိုဖော်ပြနိုင်ပါက ပိုမိုကောင်းမွန်သောအတ္ထုပ္ပတ္တိဖြစ်လာမည်ဟု ဆိုချင်ပါသည်။

စာအုပ်စီစဉ်ပြုစုသူ ရာပြည့်ဦးစိုးညွန့်က "မြန်မာပြည်သား စာရေးဆရာတစ်ယောက်၏ မြန်မာပြည်အတွက် သူကျွမ်းကျင်ရာစာပေရေးသားပြုစုခြင်းအလုပ်ဖြင့် ကျေးဇူးပြုသွားသည့် မည်သည့်စာရေးဆရာကိုမဆို ထည့်သွင်းမှတ်တမ်းတင်ဖို့ အားထုတ်ခြင်းသာဖြစ်ပါသည်။ ကြီးသည်ငယ်သည်မဟူ စာရေးဆရာတိုင်း၏ အတ္ထုပ္ပတ္တိအကျဉ်းကိုပြုစုတင်ပြဖို့ ကြိုးစားနေခြင်းသာဖြစ်ပါသည်"ဟု ရေးသားထားသည်။ ရာပြည့်စာအုပ်တိုက်မှ တန်ဖိုး ၃,၀၀၀ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## လက်ဝတ်တန်ဆာများများ ဝတ်တဲ့ဆရာဝန်ဆိုသတိထား

အင်္ဂလန်ရှိရှိုင်ရယ်ဟယ်လန်ရှိုင်းယားဆေးရုံမှသုတေသီများ၏ မကြာမီကပြုလုပ်သည့် လေ့လာမှုတစ်ခုအရ လက်ပတ်နာရီဝတ်ဆင်သော ဆေးရုံလုပ်သားများ၏ လက်ကောက်ဝတ်တွင် ဘက်တီးရီးယားများမှီတွယ်နေမှုမှာ အကြမ်းဖျင်းအကြိမ် ၁၀၀၀ အထက်ရှိကြောင်း လက်ပတ်နာရီမဝတ်ဘဲ လူနာစစ်ဆေးသူများနှင့် နှိုင်းယှဉ်ကြည့်ရာမှသိရှိခဲ့သည်။ ၎င်းပြင်ကျန်းမာရေးလုပ်သားများ၏ လည်စည်းများ၊ လက်စွပ်များနှင့် နားကြပ်ကိရိယာများသည် အန္တရာယ်ပေးနိုင်သော ရောဂါပိုးများခိုအောင်းရာနေရာများဖြစ်ပြီး လူနာများသို့ ရောဂါပိုးများပြန့်ပွားစေနိုင်ကြောင်း သိရသည်။

အင်္ဂလန်ကျန်းမာရေးဌာနက ၂၀၀၇ ခုနှစ်တွင် တံတောင်ဆစ်အောက်ပိုင်းတွင် မည်သည့်အရာမှ မဝတ်ဆင်ရဟူသည့် သတ်မှတ်ချက်ကို အကောင်အထည်ဖော်ခဲ့သည်။ ပြီးခဲ့သည့်ဇွန်လကလည်း အမေရိကန်ဆေးပညာအဖွဲ့အစည်းမှ အဖွဲ့ဝင်များက အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီး ဆက်လက်လေ့လာမှုများပြုလုပ်ခဲ့သည်။ လက်ဝတ်တန်ဆာများကြောင့် ရောဂါပိုးများကပ်ငြိနိုင်သည့် လေ့လာမှုကိုသိရှိထားပြီဖြစ်သဖြင့် လူနာများအနေဖြင့် ကိုယ့်ကိုလာကြည့်သည့် ဆရာဝန်နှင့် သူနာပြုများတွင် လက်ဝတ်တန်ဆာများများ ဝတ်ထားလေလေ၊ နောက်ဆုံးလူနာကြည့်ရှုပြီး လက်ဆေးခဲ့ပါသလားဟူသည့် မေးခွန်းမေးရန် တွန့်ဆုတ်မနေသင့်ပေ။

—Source: Reader's Digest

# တစ်ပတ်တာ ကံကြမ္မာ

**စက် တင် ဘာ ၁၆ ရက် မှ ၂၂ ရက် အထိ**



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အခက်အခဲအနှောင့်အယှက်များကင်းစင်၍ တိုးတက်ခြင်းသို့ဦးတည်မည်။ သူတစ်ပါးကိစ္စ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းများရှောင်ပါ။ မြေယာကိစ္စ၊ အမွေအနှစ်ကိစ္စ၊ ငွေကြေးကိစ္စအတွက် ပဋိပက္ခဖြစ်ရခြင်းများကြုံတွေ့မည်။ အတတ်ပညာကိုအခြေတည်၍ လုပ်ကိုင်ဆောင်ရွက်မှုများမှ အကျိုးကောင်းရရှိမည်။ ကာလအတန်ကြာရပ်တန့်ထားသည့်ကိစ္စများကို ပြန်လည်ဆောင်ရွက်ရမည်။ အလုပ်ပို၊ ကိစ္စပိုများကြုံမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများတွင် မိမိဦးဆောင်ပြောဆိုမှုများမှ ထူးခြားသောအကျိုးဆက်များ မိသားစုတွင်ဖြစ်ပေါ်မည်။ အရောင်းအဝယ်ကိစ္စများ သတိနှင့်ဆောင်ရွက်ပါ။ ငွေကြေးကိစ္စမှန်သမျှ သတိနှင့်အပေးအယူပြုပါ။ ပျိုရွယ်သူများအဖို့ မေတ္တာစန်းပွင့်၍ မေတ္တာရေးကံကောင်းမည်။ လုပ်ငန်းခွင်ရှိသူများ ဩဇာအာဏာကောင်းသောနေရာရှိပေအံ့။ လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။



### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

အထင်လွဲမှုများဖြေရှင်းရမည်။ ငွေကြေးအပေးအယူကိစ္စများကို သတိနှင့်ဆောင်ရွက်ပါ။ လက်လွန်ထားသောငွေကြေးများအတွက် စကားပြောဆိုမှုများအောင်မြင်မည်။ အရပ်ဝေးသို့ စွန့်စားသွားလာလုပ်ကိုင်မှုများမှ အကျိုးကောင်းရမည်။ ခြေ၊ လက်၊ အကြော စသည်တို့တွင် မတော်တဆထိခိုက်တတ်သည်။ မိမိအပါအဝင် မိသားစုတွင် လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ လုပ်ငန်းရှိသူတိုးတက်မည်။ ပညာကံကောင်းမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

အပြိုင်အတိုက်အခံကြားမှတိုးတက်မည်။ ရပ်တန့်ထားသောလုပ်ငန်းများကိုလည်း ပြန်လည်ဆောင်ရွက်နိုင်မည်။ စိတ်ကူးသစ်များနှင့်ရှေ့တိုးဆောင်ရွက်၍ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ ခရီးသွား၍အကျိုးရှိမည်။ လူမျိုးခြားနှင့်ပတ်သက်၍ အကျိုးပေးမည်။ စနေနံ၊ အင်္ဂါနံလုပ်ငန်းများလုပ်ကိုင်ရန်ကြုံမည်။ နိုင်ငံရပ်ခြားခရီးကိစ္စစီစဉ်သူများ ငွေအပေးအယူကိစ္စ ကူညီဆောင်ရွက်ပေးရမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အပြောင်းအလဲနှင့်တိုးတက်မည်။ ရည်ရွယ်ချက်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ လူမျိုးခြားနှင့် ဆက်သွယ်လုပ်ငန်းလုပ်ကိုင်အကျိုးပေးမည်။ အတတ်ပညာနှင့်ပတ်သက်သောကံကောင်းသည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်ပို၊ တာဝန်ပိုများကြုံမည်။ ပြတ်တောက်နေသောအဆက်အသွယ်များနှင့် ပြန်လည်ဆက်သွယ်မိမည်။ ဘာသာရေးကိစ္စများ ဆောင်ရွက်ရမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ကာလအတန်ကြာ ရပ်တန့်ထားသောလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ရမည်။ အပြိုင်အဆိုင်အတိုက်အခံများကိုကျော်လွှားနိုင်မည်။ စာရွက်စာတမ်း၊ ငွေကြေးကိစ္စ တာဝန်ယူအာမခံခြင်းများ တတ်အားသမျှရှောင်ပါ။ အိမ်ပြင်၊ အိမ်ဆောက်၊ အိမ်ရောင်း၊ အိမ်ပြောင်းကိစ္စများ စီစဉ်ရမည်။ ပေါ်ပေါက်လာသောအနေအထားများသည် မိမိအတွက် အကျိုးရှိစေမည်။ ခြံ၊ ကား အခန်းစသည့်တနင်္လာနံများအဝင်မတော်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ငွေမည်မျှဝင်စေ အကြောင်းအမျိုးမျိုးနှင့်ပြန်ထွက်မည်။ ဝင်ငွေကောင်းလေ စိတ်အနှောင့်အယှက်ဖြစ်လေဖြစ်မည်။ တနင်္ဂနွေ၊ ဗုဒ္ဓဟူးနေ့မွေးသူများ၏ စကားရှုပ်ထွေးမှုများကြောင့်စိတ်ညစ်ရမည်။ ကိုယ်ကလည်း သူတစ်ပါးကိုမဝေဖန်ပါနှင့်။ တစ်ပါးသူ၏ဝေဖန်စကားကိုလည်း လက်မခံပါနှင့်။ အင်္ဂါနံပစ္စည်းများအဝယ်မှားတတ်သည်။ ၎င်းပစ္စည်းများကိုလည်း မကြာခဏစစ်ဆေးပေးပါ။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အထူးကောင်းသောကာလဖြစ်သည်။ အတိုက်အခံများကြားမှ တိုးတက်မှုများဖန်တီးနိုင်မည်။ ငွေကြေးအခက်အခဲများပြေလည်အောင်ဖြေရှင်းနိုင်မည်။ အလှူအတန်းကိစ္စ၊ မင်္ဂလာကိစ္စများပါဝင်ဆောင်ရွက်ရမည်။ လူလွတ်များ အလွန်စန်းပွင့်မည်။ သားသမီးလိုလားသူများ သားသမီးရမည်။ ပြည်ပနှင့်ဆက်နွယ်သောလုပ်ငန်းများအဆင်ပြေမည်။ မြောက်အရပ်မှ ဧည့်သည်မိတ်ဆွေများကြောင့် အလုပ်တိုးတက်မည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အထူးကောင်းသောကာလဖြစ်သည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ရန်အတိုက်အခံများ ဖယ်ရှားနိုင်မည်။ ချက်ချင်းစိတ်ကူး၊ လက်ငင်းဆောင်ရွက်မှုများမှ အဆင်ပြေမှုရရှိမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ဆွေကောင်းအထောက်အကူရမည်။ ပေါ်ပေါက်လာသောအခြေအနေသစ်များကို အခိုင်အမာအသုံးပြုနိုင်မည်။ လုပ်ငန်းကိစ္စအတွက် ဆောင်ရွက်မှုမှန်သမျှအောင်မြင်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လုပ်ငန်းခွင်ရှိသူများ အလုပ်အဆင့်၊ ရာထူးအဆင့် ဝင်ငွေမှအစ တိုးတက်ခြင်းရှိမည်။ ကိုယ်ပိုင်လုပ်ငန်းစီးပွားလုပ်ကိုင်သူများ အလုပ်သစ်များချဲ့ထွင်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ ခြံမြေနေရာထိုင်ခင်းကိစ္စများအတွက် စကားပြောဆိုရမည်။ လက်လွှန်ထားသောငွေအချို့ပြန်ရမည်။ အရှေ့တောင်အရပ်သို့ ခရီးသွား၍ အကျိုးရှိမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

လက်လွှန်ထားသောငွေပြန်ရမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ လူမျိုးခြားအကျိုးပေးမည်။ ပညာသင်တန်းနှင့်ပတ်သက်သောကံအထူးကောင်းသည်။ မိသားစုတွင် အိုးအိမ်၊ နေရာထိုင်ခင်းကိစ္စပြင်ဆင်ပြောင်းလဲခြင်းများအဆင်ပြေမည်။ အရွယ်လွန်လူလွတ်များ စေ့စပ်ခြင်း၊ မင်္ဂလာပြုခြင်းများကြုံမည်။ မိမိအား ယှဉ်ပြိုင်လာသောသူများအားအနိုင်ရမည်။ ခရီးကိစ္စအဆင်ပြေမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မြှုပ်နှံထားသောငွေကြေးများမှ အကျိုးခံစားရမည်။ လုပ်ငန်းခွင်ရှိသူများ အလုပ်အဆင့်၊ ရာထူးအဆင့်တိုးတက်မည်။ လူငယ်များအဖို့ အနေအထိုင်မဆင်ခြင်ပါက မြောက်အရပ်မှ အမျိုးသမီးတစ်ဦးနှင့်ဆက်နွယ်ပြီး နာမည်ထိခိုက်တတ်သည်။ မြောက်အရပ်သို့ခရီးသွားက အနက်ရောင်ဝတ်ဆင်ခြင်းရှောင်ပါ။ မိဘအကြီးအကဲကျန်းမာရေးချူချာမည်။

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

## မက္ကဆီကို မူးယစ်စစ်ပွဲများမှာ သူပုန်ထခြင်းနှင့် ဆင်တူလာကြောင်း မစ္စကလင်တန်ပြောကြား

**ဝါရှင်တန်၊ စက်တင်ဘာ – ၉**

အကြမ်းဖက် သတ်ဖြတ်မှုများပြုလုပ်လာသော မက္ကဆီကိုမူးယစ်ဂိုဏ်းကြီးများ၏ အန္တရာယ်မှာ သူပုန်ထခြင်းများနှင့် ဆင်တူလာပြီး မက္ကဆီအစိုးရ၏ထိန်းချုပ်နိုင်စွမ်းကို စိန်ခေါ်လာကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမစ္စကလင်တန်ကပြောကြားလိုက်သည်။

ယင်းမှာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှစ၍ လူပေါင်း ၂၈,၀၀၀ အသက်ဆုံးရှုံးခဲ့ရပြီဖြစ်သော သွေးထွက်သံယိုမှုများအပေါ် အိုဘားမားအစိုးရ၏ သဘောထားပြောင်းလဲလာခြင်းကို ထင်ဟပ်နေခြင်းဖြစ်သည်။ မူးယစ်ဂိုဏ်းကြီးများအား ဖြိုခွင်းတိုက်ဖျက်ရေးအတွက် အမေရိကန်က ၎င်း၏အိမ်နီးချင်းနိုင်ငံအား အကူအညီပိုမိုပေးရန် စဉ်းစားနေစဉ်အတွင်း ယခုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

မက္ကဆီကိုတွင် ကြုံတွေ့နေရသောအကျပ်အတည်းများအား မစ္စကလင်တန်က ကိုလံဘီယာသူပုန်များနှင့် နှိုင်းယှဉ်ခဲ့ပြီး အင်အားအကောင်းဆုံးအချိန်တွင် ကိုလံဘီယာသူပုန်များသည် နိုင်ငံ၏ ဧရိယာ ၄၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့ကြောင်းသိရသည်။ အမေရိကန်၊ မက္ကဆီကိုနှင့် ဗဟိုအမေရိကနိုင်ငံများသည် Plan Colombia ကဲ့သို့ အစီအစဉ်တစ်ရပ်ပြုလုပ်ရန် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မစ္စကလင်တန်ကပြောကြားသည်။ ၎င်းအစီအစဉ်အရ ကိုလံဘီယာနိုင်ငံအား စစ်ဘက်အကူအညီ ကန်ဒေါ်လာဘီလီယံပေါင်းများစွာပေးအပ်ခဲ့ပြီး သူပုန်များအား အစိုးရက တွန်းလှန်တိုက်ခိုက်ခဲ့ရသည်။

*—Ref: LA Times*

TRADEMARK CAUTION

Notice is hereby given that TDK KABUSHIKI KAISHA (TDK CORPORATION), a Joint Stock Company, organized under the laws of Japan, of 13-1, 1-chome, Nihonbashi, Chuo-ku, Tokyo, Japan are the owners and sole proprietors of the following Trademarks:-

Reg.No. 4/649/1980

TDK

Reg.No. 4/650/1980

The said trademarks are used in respect of the description of goods following, that is to say:-

"Memory apparatus and their parts, including electronic computers, memory cores, memory planes and memory stacks, pulse transformers.

Magnetic tapes, magnetic sheets and their accessories, including magnetic recording tapes including audio tape, video tapes and tapes for computers and measuring instruments, reels for magnetic tapes, cassettes and cartridges for magnetic tapes.

Parts and accessories for electric and electronic implements, including invertor ballast, invertors and convertors, circulators, isolators and hexalators, ceramic electrostriction transducer, micro inductors and variable inductors, head cores for recorders, capacitors and assembled elements composed of capacitors, resistors and coils, choke coils, molded coils and horizonted linearity coils, thermistors, transformers, noise filters, line filters and band passfilters, ferrite magnetostrictive resonators, microwave absorber, delay lines, splitters for television communicating apparatus.

High frequency magnetic substances, including ferrite cores for radio and television sets, communication devices, microwave apparatus and memory stack apparatus, iron cores magnets.

Magnetic necklaces (plated magnets strung as necklaces and worn for therapeutic effect)

Any imitation of fraudulent use of the said trademarks will be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Diploma in Legal Aspects of Marine Affairs (U.K)
MYINT.Advocate@mptmail.net.mm
www.mipadvocate.com
Ph: 371990 16.9.2010



## ကမ္ဘာ့အကြီးဆုံးအာလူးကို အင်္ဂလန်သစ်သီးဝလံပြပွဲတွင် ပြသ

**လန်ဒန်၊ စက်တင်ဘာ – ၆**

အင်္ဂလန်နိုင်ငံ ဆွမ်းမားဆက်မြို့တွင်အပျော်တမ်း ဥယျာဉ်စိုက်ပျိုးသူတစ်ဦးသည် အလေးချိန် ၈ ပေါင် ၄ အောင်စ (၃ ဒသမ ၈ ကီလို) ရှိသည့် ကမ္ဘာ့အကြီးဆုံး အာလူးကြီးတစ်လုံးကို အောင်မြင်စွာစိုက်ပျိုးပြသနိုင်ခဲ့ကြောင်း သိရသည်။ နေ့သင်တမ်မြို့မှ ပီတာဂလိတ်ဖ်ဘရွတ်ဟုဆိုသူ အဆိုပါဥယျာဉ်မှူးသည် ကမ္ဘာ့စံချိန်တင်နိုင်မည့် ထိုအာလူးများကို စိုက်ပျိုးနိုင်ရန် ၁၀ နှစ်ကျော် ကြာကြိုးစားခဲ့ရကြောင်းသိရသည်။

၎င်း၏ ကမ္ဘာ့အကြီးဆုံးအာလူးကို ဆွမ်းမားဆက်ရှိ ဟင်းသီးဟင်းရွက်သစ်သီးဝလံပြိုင်ပွဲတွင် ပြသခဲ့ခြင်းဖြစ်သည်။ မစ္စတာဂလိတ်ဖ်ဘရွတ်၏ ၈ပေါင်ကျော်လေးသည့်အာလူးသည် ယခင်ကမ္ဘာ့စံချိန်ရထားသည့် အာလူးထက် ၉ အောင်စ (၂၅၅ ဂရမ်) ပိုကြီး၍ စံချိန်သစ်တင်နိုင်မည်ဟု ယုံကြည်နေသည်။ ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်ကလည်း လက်ဘနွန်လယ်သမားတစ်ဦးသည် အလေးချိန် ၂၄ ဒသမ ၉ပေါင် (၁၁ ဒသမ ၃ကီလို)ရှိသည့် အာလူးတစ်လုံးကို စိုက်ပျိုးခဲ့သည်ဆိုသော်လည်း မှတ်တမ်းစာအုပ်များထဲ ပါဝင်ခြင်းရှိ၊ မရှိကိုမူ မသိရပေ။

ထိုစဉ် ဂင်းနက်စ် ကမ္ဘာ့စံချိန်အဖွဲ့က အသိအမှတ်ပြုထားသည့် ကမ္ဘာ့အကြီးဆုံး အာလူးမှာ မူအလေးချိန် ၇ ပေါင် ၁၃ အောင်စ (၃ ဒသမ ၅ ကီလို) ရှိကြောင်း သိရသည်။ ယခုဆွမ်းမားဆက်ပြပွဲတွင် ဗြိတိန်မှ အပျော်တမ်းစိုက်ပျိုးရေးသမားတစ်ဦး စိုက်ပျိုးခဲ့သော အလေးချိန်ပေါင် ၁,၂၁၀ (၅၄၈ ဒသမ ၈ ကီလို) ရှိသည့် ဖရုံသီးကြီးကိုလည်း ပြသခဲ့သည်ဟု သိရသည်။

*—Ref: BBC*

## ဖေ့စ်ဘွတ်သုံးပြုသူ ကျောင်းသားများ စာမေးပွဲအဆင့် ပိုနိမ့်ကျလေ့ရှိ

**လန်ဒန်၊ စက်တင်ဘာ – ၇**

နယ်သာလန်နိုင်ငံ အိုးပင်းယူနီဗာစတီမှ စိတ်ပညာရှင် ပေါလ်ကတ်ရှနာနှင့် သုတေသီများသည် လူငယ်များ၏ လူမှုကွန်ရက်ဝက်ဘ်ဆိုက်ဖေ့စ်ဘွတ်အသုံးပြုမှုကို လေ့လာခဲ့ရာ၊ ဖေ့စ်ဘွတ်အသုံးပြုသူ ကျောင်းသားများသည် အသုံးမပြုသူများထက် စာမေးပွဲရလဒ်အဆင့်များ ပိုကျလေ့ရှိကြောင်း တွေ့ရှိခဲ့သည်။ ဖေ့စ်ဘွတ်ကို အသုံးပြုတတ်ကာ၊ စာ

TRADEMARK CAUTION

Freemen Asia Pacific Private Limited, a Company incorporated in Singapore at 10 Changi South Street 2, #04-00 Singapore 486596 is the Owner and Sole Proprietor of the following Trademark:-

prettyFIT


Reg: 4/6603/2010

In respect of : Int'l Class 18:"Backpacks; chain mesh purses, not of precious metals; handbags; evening bags; casual bags; pocket wallets; purses; pouches; belt pouches; school bags; shopping bags; travelling bags; work bags; sports bags, other than shaped to contain specific apparatus used in playing sports; belts made of leather, belts made of imitation leather; leather wallets; all included in Class 18."

In respect of : Int'l Class 25:"Footwear for ladies; shoes for ladies; sandals; all included in Class 25."

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(UK)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 16.9.2010



သင်ကြားရေးကိုလည်း တစ်ပြိုင်တည်းလုပ်ဆောင်နေသော ကျောင်းသားများသည် ဖေ့စ်ဘွတ်မသုံးသူ ကျောင်းသားများထက် အဆင့်ရရှိမှု ၂၀ ရာခိုင်နှုန်းအထိ နိမ့်ကျနေကြောင်း ပညာရှင်များကဆိုသည်။

ထို့ကြောင့် သုတေသီများက ယခုတွေ့ရှိချက်သည် ယခင်က လက်ခံထားကြသည့် သီအိုရီဖြစ်သည့် လူငယ်များ၏ ဦးနှောက်သည်ဒစ်ဂျစ်တယ် ပစ္စည်းများကို အလုပ်ပေါင်းစုံလုပ်၍ တစ်ပြိုင်တည်းသုံးစွဲရာတွင် ပိုကောင်းသည်ဟူသော အဆိုကို ပြောင်းပြန်လှန်လိုက်နိုင်ကြောင်း ပြောသည်။ လေ့လာမှုကို စာတမ်းရေးခဲ့သည့် ပါမောက္ခကတ်ရှနာက "ပြဿနာကတော့ လူတော်တော်များများဟာ ဖေ့စ်ဘွတ် သို့မဟုတ် အခြားလူမှုကွန်ရက်တွေ သုံးနေတုန်းမှာ သူတို့ရဲ့ အီးမေးလ်တွေ၊ မက်ဆေ့ချ်ရိုက်နေတာတွေက ကွန်ပျူတာပေါ်မှာ လည်ပတ်နေတယ်။ ဒီအချိန်မှာပဲ သူတို့က အ ခြားအလုပ်တွေကိုပါ လုပ်နေတယ်။ ဒါ့ကြောင့် အလုပ်တွေ လုပ်ဖို့အချိန်တွေ ပိုလိုအပ်လာပြီး၊ အမှားတွေ ပိုများလာတတ်ပါတယ်" ဟုပြောသည်။ ပါမောက္ခကတ်ရှနာနှင့်အဖွဲ့သည် အမေရိကန်တက္ကသိုလ်တစ်ခုမှ အသက် ၁၉ နှစ်နှင့် ၅၄ နှစ်အရွယ်ကြားဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား ၂၁၉ ဦးကို အခြေခံလေ့လာခဲ့ခြင်းဖြစ်သည်။ *—Ref: Dailymail*

# Commodity Watch

7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.8 (E 5500) Processor | 62,400 |
| Intel P4 Core 2 Duo 2.93 (E 7500) (775)Processor | 110,400 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775)Processor | 132,500 |
| Intel P4 Core i3 2.93 GHz (530) (1156)Processor | 107,500 |
| Intel P4 Core i7 2.8 Ghz (860)(1156)Processor | 288,000 |
| **Motherboard** | |
| MSI G31TM-P21(775) Motherboard | 49,900 |
| MSI G41 M-P33 (775) Motherboard | 60,500 |
| MSI P43- C51 (775) Motherboard | 79,700 |
| MSI P55A-GD55 (1156) Motherboard | 175,700 |
| ASUS P7H55D- M Pro (775) Motherboard | 116,200 |
| ASUS P7P55-LX (1156) Motherboard | 112,300 |
| ASUS P5P43 TD/USB3 (775) Motherboard | 103,700 |
| ASUS P5G41T-MLX (775) Motherboard | 60,500 |
| Gigabyte H57M-USB3 (1156) Motherboard | 133,400 |
| Gigabyte H55M-USB3 (1156) Motherboard | 123,800 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 24,000 |
| 2 GB DDR2 (800) Kingston Memory | 40,300 |
| 2 GB DDR3 (1333) Kingston Memory | 43,200 |
| **Harddisk** | |
| 320 GB Seagate SATA | 43,200 |
| 500GB Seagate SATA | 50,900 |
| **PCI Express Card** | |
| MS R5570-MD 1GB DDR3 1GB PCI Express Card | 95,000 |
| MSI N 220GT-MD1GB OC/D3 1GB PCI Express Card | 80,600 |
| MSI R5750-PM-2D 1GB PCI Express Card | 150,700 |
| ASUS EAH 5450 1GB PCI Express Card | 68,200 |
| ASUS EAH 5750 Formula 1GB PCI Express Card | 161,300 |
| ASUS EAH 4350 512 MB PCI Express Card | 43,200 |
| Gigabyte Geforce 250-1GI 1GB PCI Express Card | 139,200 |
| Gigabyte Geforce 240D3-1GDDR31GB PCI Express Card | 105,600 |
| **Memory Stick** | |
| Memory Stick Kingston 2GB | 9,000 |
| Memory Stick Kingston 8GB | 18,500 |
| Memory Stick Kingston 16GB | 31,500 |
| Memory Stick SanDisk 2GB | 9,500 |
| Memory Stick SanDisk 8GB | 18,500 |
| Memory Stick Toshiba 8GB | 20,000 |
| Memory Stick Toshiba 16GB | 36,000 |
| Memory Stick HP 8GB | 20,000 |
| Memory Stick Imation 8GB | 18,500 |
| Memory Stick Adata 4GB | 12,500 |
| **UPS** | |
| SVC (600VA) | 29,300 |
| Power Pro (650VA) | 36,500 |
| Allways (650VA) | 33,000 |
| STAR (650 VA) | 30,700 |
| STAR (650 VA) LCD Display | 36,500 |
| Orient (650 VA) | 36,500 |
| Orient (1.2KVA) | 63,400 |
| **DVD Writer** | |
| Sony (SATA) | 30,700 |
| ASUS (SATA) | 31,700 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 210,000 |

Technoland ဆိုင်မှ စက်တင်ဘာ (၁၁) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Dual Core 2.3Ghz 1GB DDR2,320GB HDD,14.0" | 465,000 |
| Intel Corei3 2.27Ghz 2GB DDR3,320GB HDD,14.0" | 534,000 |
| **Apple** | |
| Intel Core2Duo 2.26Ghz 2GB DDR3,250GB HDD,13.3" | 980,000 |
| **Asus** | |
| Intel Core2Duo 2.1Ghz 2GB DDR3,320 GB HDD,14.0" | 658,000 |
| **Dell** | |
| Intel Corei5 2.4Ghz 2GB DDR3,320GB HDD,14.0" | 990,000 |
| **Fujitsu** | |
| Intel Corei3 2.27Ghz 4GB DDR3,500GB HDD,15.6" | 871,600 |
| **MSI** | |
| Intel Corei3 2.13Ghz 2GB DDR3,320GB HDD,14.0" | 668,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 235,000 |
| LG(LCD) | 22LH15R | 230,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

**မှတ်ချက်–** အထက်ပါဈေးနှုန်းများမှာစက်တင်ဘာ(၁၀)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (Blue Lion) | တစ်အိတ် | ၄,၉၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်- ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၁၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.3mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.312mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle (0.34mm) | ၁ ပေ | ၁,၀၂၀ |
| ကာလာစတီးအမိုးပြား 4 angle (0.346mm) | ၁ ပေ | ၁,၁၀၀ |
| ကာလာစတီးအမိုးပြား 4 angle (0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား (ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၇၀၀ |
| ရိုးရိုးသွပ်မိုးပြား (ဆင် 6/7/8) | ၁ ပေနှုန်း | ၃၅၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၉၅၀ |

**အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၁၀)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀-၁၃,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၃၀၀-၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀-၂,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| ငရုတ်သီး(ပိန်း) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၄၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |

**ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ စက်တင်ဘာ(၁၁) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၂၅၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၈၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၇၅၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၇၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၁၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၃၅၀-၄၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၃,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၇၀၀- ၁,၈၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၁,၆၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၇၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၂,၃၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၀၀၀-၁၆,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀-၃,၅၀၀ |
| ငါးတန်(မွေးမြူရေး) | ၁ ပိဿာ | ၁,၅၀၀-၂,၂၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၈,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၅,၀၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၄၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၂၀၀-၁,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၀,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၅၀၀ |

**စက်တင်ဘာ(၁၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။**

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | ၄က | ၁၇၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၃ဂ | ၂၇၀-၂၆၀ |
| စူဇူကီး ဝက်ဂွန် R+ | | စတိ | ၂၇၀-၂၆၀ |
| စူဇူကီး R- (2 Way) | - | ၃ဂ | ၁၄၀ |
| ဟိုင်းလပ်ဆစ် | - | ၄ဂ | ၆၈၀ |
| စူပါဆလွန်း | ၉၀ | ၄ဂ | ၃၄၀ |
| မတ်ခ်တူး(ဒီဇယ်) | ၉၄(လေလံ) | ၄ဂ | ၆၀၀ |
| တိုယိုတာဗင်ဖင်ကောက်(ဒီဇယ်) | ၂၀၀၀ | ၄ဂ | ၅၀၀-၅၅၀ |
| တိုယိုတာလီမိတက် | ၉၀ | ၄ဂ | ၃၅၀-၃၇၀ |
| ပါဂျဲရို စက်မှု(၂) | | ၄ဂ | ၄၅၀-၅၀၀ |

**စက်တင်ဘာ(၁၁)ရက်ကရန်ကုန်မြို့ရှိကားပွဲစားတန်းများတွင်ဖြစ်ပေနေသောမော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများအပြောင်းအလဲရှိနိုင်သည်။**

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Sep(5) | Sep(6) | Sep(7) | Sep(8) | Sep(9) | Sep(10) | Sep(11) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ | ၂,၈၀၀ |
| Octane ဒီဇယ် | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ | ၂,၉၀၀ |
| Premier ဒီဇယ် | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ | ၃,၀၀၀ |

Environment
7 DAY NEWS JOURNAL
Vol.9, No.26 · SEPTEMBER 16, 2010

# စီးပွားရေးလုပ်ငန်းအချို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆိုင်သော ဈေးကွက်မြှင့်တင်မှုများ ပိုမိုပြုလုပ်လာ


ချင်းတွင်းသူ

**ရန်ကုန်-စက်တင်ဘာ ၁၁**

စီးပွားရေးလုပ်ငန်းအချို့၏ ဈေးကွက်အရောင်းမြှင့်တင်မှုများပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ ထည့်သွင်းကာပြုလုပ်လာကြကြောင်း ကြော်ငြာလုပ်ငန်းများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ကိုင်နေသူအချို့က ပြောကြားသည်။

"အခုနောက်ပိုင်းအလှကုန်ကြော်ငြာတွေ၊ ပရိုမိုးရှင်းတွေလုပ်တဲ့အခါမှာတောင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ဆက်စပ်တဲ့အကြောင်းအရာတွေထည့်ဖော်ပြလာတာတွေ့ရတယ်"ဟုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်လျှက်ရှိပြီး စီးပွားရေးလုပ်ငန်းများကိုစောင့်ကြည့်လေ့လာလေ့ရှိသူတစ်ဦးကပြောသည်။

ယခုနောက်ပိုင်းဂျာနယ်၊မဂ္ဂဇင်းကြော်ငြာများတွင်ထည့်သွင်းသောကြော်ငြာများတွင်သာမက အရောင်းမြှင့်တင်သည့်အနေနှင့် ပြုလုပ်သောဈေးကွက်မြှင့်တင်ရေးပွဲများကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင်ပါဝင်ရန်လှုံ့ဆော်သည့်အကြောင်းအရာများပါပြုလုပ်လာသည်။ ဂျာနယ်နှင့် မဂ္ဂဇင်းစာမျက်နှာများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူထုပညာပေးစာသားများပါပြီး ကာတွန်းအော်ပီကျယ်၏လက်ရာများဖြင့် နေဗီယာ Nivea အလှကုန်က ကြော်ငြာခဲ့ပြီး Kanebo အလှကုန်ကလည်း ကမ္ဘာမြေကိုထိန်းသိမ်းစို့ အဓိပ္ပာယ်ရသော Save our Earth အရောင်းမြှင့်တင်ပွဲတစ်ခုကိုဩဂုတ်လကုန်ပိုင်းကပြုလုပ်ခဲ့ကြောင်းသိရသည်။




*ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)*

'အခုလိုစီးပွားရေးလုပ်ငန်းတွေကပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အာရုံစိုက်လာတာကောင်းပါတယ်။ အခုထိတော့ကျွန်တော့်ကိုလာအပ်တာ နေဗီယာတစ်ခုပဲရှိသေးတယ်'ဟု ကာတွန်းဆရာအော်ပီကျယ်က ဧရာဝတီကိုကယ်တင်ပါ အနုပညာပြပွဲတွင် တွေ့ဆုံစဉ်က ပြောကြားခဲ့သည်။ အီလက်ထရွန်းနစ်ပစ္စည်း ဈေးကွက်တွင်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသားပေးသော ပစ္စည်းများကို ပိုမိုတင်သွင်းလာပြီး စွမ်းအင်ချွေတာသောပစ္စည်းများကိုလည်း လူစိတ်ဝင်စားမှုမှာ ယခုနှစ်အပိုင်းအခြားတွင်ပိုမိုလာကြောင်း အီလက်ထရွန်းနစ်ဈေးကွက်မှ စုံစမ်းသိရသည်။

# မျောက်လွှဲကျော်များနေထိုင်ကျက်စားရာ ဒေသထက်ဝက်ကျော်တွင် ဂေဟစနစ်ယိုယွင်းနေ

အိဖြူမွန်

**ရန်ကုန်၊ စက်တင်ဘာ- ၁၀**



မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် မျောက်လွှဲကျော်များကို ပြည်နယ်နှင့်တိုင်း ဒေသကြီးငါးခုရှိ နေရာဒေသ ၂၅ နေရာတွင် လေ့လာသုတေသနပြုရာ ၁၇ နေရာသည် ယင်းမျိုးစိတ်တို့ကျက်စားရာဂေဟဗေဒစနစ်ယိုယွင်းပျက်စီးနေသည်ကိုတွေ့ရှိရကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း(BANCA)မှ သတင်းရရှိသည်။

ယင်းတို့လေ့လာခြင်းများအရ မျောက်လွှဲကျော်များ ကျက်စားသည့်နေရာဒေသများတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ သစ်ထုတ်လုပ်ခြင်းတို့ကြောင့် ယိုယွင်းပျက်စီးနေခြင်းဖြစ်ကြောင်း ထို့အပြင် မျောက်လွှဲကျော်များ ရှားပါးနေရခြင်း၏ ဒုတိယအချက်မှာအမဲလိုက်ခြင်းများကြောင့်ဖြစ်ကြောင်း ယင်းအသင်း၏ သုတေသနပြုချက်မှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် မျော်လွှဲကျော်သုံးမျိုးကျက်စားပြီး မျက်ခုံးဖြူမျောက်လွှဲကျော်၊ မျောက်လွှဲကျော်လက်ဖြူနှင့်မျောက်လွှဲကျော်ကြီးတို့ဖြစ်သည်။ မျောက်လွှဲကျော်များကို ရခိုင်ပြည်နယ်တောင်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စုစုပေါင်းနေရာ ဒေသ ၂၅ နေရာခွဲ၍ လေ့လာခဲ့ခြင်းဖြစ်သည်။


လေ့လာသုတေသနပြုမှုကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA) အသင်းနှင့် ဗြိတိန်နိုင်ငံအခြေစိုက် Fauna Flora International (FFI) နှင့် အမေရိကန်နိုင်ငံ အခြေစိုက် People Resources and Conservation (PRCF) တို့ ပူးပေါင်း၍ စက်တင်ဘာ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ဧပြီလအထိ နှစ်နှစ်နီးပါးလေ့လာသုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မျောက်လွှဲကျော်များ လေ့လာသုတေသနပြုခြင်းနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၂၅ ရက်ကရန်ကုန်တွင်ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ(၁၉၉၄)အရ မြန်မာနိုင်ငံတွင် တွေ့ရှိရသောမျောက်လွှဲကျော်မျိုးစိတ် ၃ မျိုးကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များအဖြစ် သတ်မှတ်ကာကွယ်ထားသည်။ မြန်မာနိုင်ငံတွင် တွေ့ရှိရသော မျောက်လွှဲကျော်မျိုးစိတ် ၃ မျိုးသည် မျိုးဆက်ပျက်သုန်းလုဆဲ သဘာဝသစ်ပင်ပန်းမာန်နှင့် တောရိုင်းတိရစ္ဆာန်များနိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (CITES)တွင် အဆင့်(၁)စာရင်းတွင် ထည့်သွင်းသတ်မှတ်ခြင်းခံရသည့်မျိုးစိတ်လည်းဖြစ်သည်။

# ကမ္ဘာ့အရှားပါးဆုံးပန်း နှစ် ၂၀၀ အတွင်း ပထမဆုံးအကြိမ်ပွင့်

**လန်ဒန်၊ စက်တင်ဘာ - ၈**

ကမ္ဘာ့အရှားပါးဆုံးဖြစ်ပြီး ယခုအခါတောနက်များထဲတွင် မျိုးသုဉ်းပျောက်ကွယ်နေပြီဖြစ်သော ဖရန်ကလင်သစ်ပင်ဟုခေါ်သည့် ဖရန်ကလင်နီယာအလာတာမဟာ ဆိုသည့်ပန်းပင်သည် ဗြိတိန်နိုင်ငံ ကွန်းဝဲလ်နယ် ထရူရိုမြို့အနီးရှိ ဥယျာဉ်တစ်ခုတွင် ထူးထူးခြားခြား စတင်ပွင့်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဖရန်ကလင်သစ်ပင်ကို ၁၇၆၅ ခုနှစ် (၁၈ ရာစု) တွင် အမေရိကန်ရုက္ခဗေဒပညာရှင်ဂျွန်ဘာ့ထရမ်နှင့် ဝီလီယံဘာထရမ်တို့ကရှာတွေ့ခဲ့ခြင်းဖြစ်ကာ



၎င်းတို့မိတ်ဆွေအမေရိကန်သမ္မတဘင်ဂျမင်ဖရန်ကလင်ကို အစွဲပြု၍ အမည်ပေးခဲ့သည်။ သစ်ပင်သည် ၁၈၀၀ ပြည့်နှစ်များနောက်ပိုင်းတွင်မျိုးသုဉ်းပျောက်ကွယ်သွားခဲ့သည်။ သို့သော် ကမ္ဘာ့နေရာသုံးလေးခုတွင်မူ ယင်းသစ်ပင်ကို တွေ့ရှိရ၍ ဗြိတိန်ပညာရှင်များက စိုက်ပျိုးထားခဲ့သည်။ ဖရန်ကလင်သစ်ပင်သည် လက်ဖက်မျိုးနွယ်ဝင်အပင်ဖြစ်ပြီး ခွက်ပုံစံဖြစ်ကာ မွှေးပျံ့သည့် အဖြူရောင်ပန်းပွင့်များပွင့်လေ့ရှိသည်။ ထိုသစ်ပင်သည် ၁၉ ရာစုက ပျောက်ဆုံးမျိုးသုဉ်းခဲ့ပြီး ယခုကဲ့သို့ ပန်းပွင့်ခြင်းမှာ နှစ် ၂၀၀ အတွင်း ပထမဆုံးဖြစ်လာသည်။ယခုအခါကွန်းဝဲလ်ရှိ ဥယျာဉ်တွင် ဖရန်ကလင်သစ်ပင်မှပန်းသုံးပွင့် ပွင့်ထားပြီး လာမည့်နှစ်တွင် ဆယ်ပွင့်ထပ်ပွင့်ရန်မျှော်လင့်ထားကြောင်းသိရသည်။

*—Ref: Telegraph*






# Tourism

7 DAY NEWS JOURNAL

Vol.9, No.26 · SEPTEMBER 16, 2010


မိုးကာလပေမယ့် နှင်းငွေ့တွေဝေနေသည့် တောင်တန်းအထပ်ထပ်ကို ဖြတ်ကျော်ပြီးနောက် ရည်ရွယ်ရာခရီးဆုံး တောင်ပေါ်မြို့လေးကို မြင်တွေ့ရပေပြီ။ အရောင်အသွေးစုံလှသည့် သုံးဘီးဆိုင်ကယ်များ၊ မြို့ကိုဖြတ်၍မြောက်မှတောင်သို့ ဥဒဟိုသွားနေကြသည့် ၁၀ ဘီးကားဟု အလွယ်ခေါ်ကြသော ကုန်တင်ယာဉ်ကြီးများနှင့် ရာသီတိုင်းတွင် တောင်ခိုးတွေဝေနေသည့်ရှုခွင်းတွေက ရှမ်းပြည်နယ်မြောက်ပိုင်း၏မြို့တော် လားရှိုးမြို့၏ ဝိသေသများဟုဆိုကမမှားနိုင်။

# တောင်ခိုးတွေကြားက လားရှိုးမြို့

ငြိမ်းငြိမ်းနိုင်၊ အိဖြူလွင်



*လားရှိုးမြို့ညနေခင်းအလှ၊ တောင်ခိုးဝေနေသည့် တောင်တန်းများနှင့် လူနေအိမ်များ။ ဓာတ်ပုံ– ငြိမ်းငြိမ်းနိုင်*

လားရှိုးမြို့သည် တရုတ်နိုင်ငံနှင့်နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ထားရာ မူဆယ်မြို့မှ မြန်မာနိုင်ငံမြေပြန့်မြို့သို့ အဆင်းလမ်းပေါ်တွင်ရှိနေသော လမ်းမြို့ဖြစ်၍ တစ်မြို့လုံးသည် ကုန်သွယ်စီးပွားရေးအလုပ်ကိုသာဦးစားပေးလုပ်သော မြို့ဖြစ်သည်။

ထိုမြို့လေးသို့ အလည်လာသော ဧည့်သည်များအတွက် ဟိုတယ်များ၊ တည်းခိုခန်းများက ရွေးစရာပေါသလို ဈေးနှုန်းလည်း သင့်တင့်သည်။ အဆင့်မြင့်ဟိုတယ်နှင့် တည်းခိုခန်းများတော့ မဟုတ်။ အလယ်အလတ်တန်းစားများသာဖြစ် သော်လည်း ဧည့်အလာများသော မြို့ဖြစ်၍ လက်ညှိုးထိုးမလွဲအောင်ပင် တည်းခိုခန်းများ ပေါများလှသည်။

မြို့ထဲတွင် သွားလာရေးအတွက်ဆန်နီပစ်ကပ်ကားများ၊စူပါရှဘင်ကားများကိုစင်းလုံးငှား၍ရနိုင်သကဲ့သို့ ခရီးတိုသွားချင်သူများအတွက် ဈေးသက်သာပြီး ဟိုနားသည်နားခရီးကြုံကို ၂၀၀ ကျပ်သာပေးရသည့် သုံးဘီးဆိုင်ကယ်များအလွန်ပေါသည်။ သုံးဘီးဆိုင်ကယ်များ၏ အဆင်ပြေမှုက မြို့သို့တစ်ခေါက်မှမရောက်ဖူးသည့် ဧည့်သည်ပင် အဆင်ပြေလောက်အောင် လမ်းပေါ်မှာ လူရပ်နေလျှင် ၎င်းတို့က ရပ်ပေးလိမ့်မည်။ သွားလိုသည့် နေရာကိုပြော၍ တက်လိုက်သွားရုံပင်။ သုံးဘီးပေါ်တွင် အခြားခရီးသည်များ ပါလာ၍ ကိုယ်နှင့်ခရီးမကြုံ လမ်းမသင့်လည်း ကိစ္စမရှိ။ ကားမောင်းသူက အနီးဆုံး ခရီးသည်၏ နေရာကို အရင်လိုက်ပို့ပေးလိမ့်မည်။ ဘယ်ခရီးသည်က အရင်တက်တာပါဟု အချင်းချင်း ငြင်းခုန်နေစရာမလို။ စကားကုန်သက်သာပုံကမြို့ ရန်ကုန်နှင့်တော့ကွာလှပါသည်။ မြို့ပတ်ဝန်းကျင်သွားလာရေးအတွက် စိတ်ပူစရာလုံးဝမလိုဘဲ အလွယ်တကူကားငှားနိုင်ပြီး၊ ခရီးသည်တင်ကားများကလည်း အချိန်မရွေး မူဆယ်၊ လောက်ကိုင်အထိရှိသည်။

မြို့၏နေရာအနှံ့အပြားတွင် ပီစီအိုဖုန်းများရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခုလုံးတွင်အသုံးပြုနိုင်သော စီဒီအမ်အေဖုန်းများသုံးလာနိုင်ခြင်းသည်လည်း ဆက်သွယ်ရေးကို ပို၍အဆင်ပြေစေသည်။အင်တာနက်ဆက်သွယ်မှုအတွက် တစ်မြို့လုံးတွင် အင်တာနက်ဆိုင်များနေရာအနှံ့အပြား၌ရှိနေပြီး ဆိုင်အတွင်းအပြင်အပြင်အဆင်နှင့် ဆိုင်ပေါ်များမှုမှာ နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ရန်ကုန်မြို့ကဲ့သို့ပင်ရှိသည်။

> ဧည့်သည်လာလျှင် ခေါ်သွားတတ်သည့် မြို့၏စည်ကားသော နေရာတစ်ခုက အလင်းပေါက်ဟုဆိုသော ညလုံးပေါက်ဖွင့်သည့် လက်ဖက်ရည်ဆိုင်များသာဖြစ်သည်။

စီးပွားရေးကိုသာ အဓိကထားသောမြို့ဖြစ်၍ မြို့ထဲတွင် လည်ပတ်စရာနေရာနည်းပါးပြီး မြို့ထဲရှိရန်အောင်မြင်ဘုရား၊ မန်ဆူဘုရား၊ သာသနာတော် ၂၅၀၀ စေတီ၊ ရေကန်တောင် ဘုရား၊ ဟွေးမူဆည်နှင့် ရေပူစမ်းတို့သည်အပန်းဖြေအလည်အပတ်သွားချင်သူများ၊ တောင်ပေါ်ရှုခင်းကို ကြည့်ချင်သူများအတွက် သွားသင့်သောနေရာများဖြစ်သည်။ လားရှိုးမြို့အပြင်ဘက်နားထွက်ကာ ရှုခင်းကြည့်ရင်း ဓာတ်ပုံကောင်းကောင်းရိုက်ဖို့ ဟွေးမူဆည်သို့သွားပါက လမ်းရှိ တောင်များ၊ စိုက်ခင်းများနှင့် ရှုခင်းအလှအပကိုတဝကြီးခံစားနိုင်ပေသည်။

မြို့၏ အဓိကစီးပွားရေးတစ်ရပ်သည် ကယ်ရီ(ပစ္စည်းသယ်ယူပို့ဆောင်ရေး)လုပ်ငန်းဖြစ်၍ အခြားစီးပွားရေးလုပ်ငန်းမှာ ပြောင်းစိုက်ခြင်းသာဖြစ်သည်။ မြို့ခံလူအများစုမှာ စီးပွားရေးကိုသာ ဦးစားပေးနေကြ၍ မြို့ထဲတွင် အပန်းဖြေစရာ စင်တင်တေးဂီတရှိသောစားသောက်ဆိုင်နှင့် အနားယူအပန်းဖြေစရာနေရာ နည်းပါးသည်။ မြို့ခံများ ဧည့်သည်လာလျှင် ခေါ်သွားတတ်သည့် မြို့၏စည်ကားသောနေရာတစ်ခုကတော့ သူတို့အခေါ် အလင်းပေါက်ဆိုသော ညလုံးပေါက်ဖွင့်သည့် လက်ဖက်ရည်ဆိုင်များသာ ဖြစ်သည်။ လားရှိုးတက္ကသိုလ် တစ်ဝိုက်တွင် လူငယ်များဆိုင်ကယ်များနှင့် စည်ကားသည့်ဆိုင်များက နာမည်အရပင် မှတ်မှတ်ရရရှိနေစရာကောင်းပါသည်။

လူငယ်ချစ်သူစုံတွဲများအတွက် ကြည်နူးစရာကောင်းသည့် ဖန်စီဆန်ဆန် ဆိုင်အတွင်းအပြင်အဆင်နှင့်ဆိုင်များကတော့ မြို့၏ အကျယ်အဝန်းနှင့် စာလျှင်မရှိသလောက်ပင် နည်းပါးပါသည်။

ဆန်စပါးစိုက်ပျိုးမှု နည်းပါးသော ဒေသဖြစ်ကာ အောက်ပိုင်းဒေသမှပြန်လည်ဝယ်ယူနေရသောကြောင့် ထမင်းဆိုင်များတွင် ဧည့်မထဆန်များသာ အများဆုံးတွေ့ရသည်။ စီးပွားရေးကောင်းသောမြို့ဖြစ်၍ စားသောက်ဆိုင်များမှာ အနည်းငယ် ဈေးကြီးသည်ဟု ဆိုရမည်။ ရှမ်းစာ၊ တရုတ်စာကြိုက်သူများအတွက် ဆိုင်ပေါသည့်အတွက် အဆင်ပြေပြီး မြန်မာထမင်းဟင်းသာ နှစ်သက်သူများအတွက်မူဆိုင်ရှားကာ ဈေးကလည်း ကျန်မြို့များနှင့်ယှဉ်လျှင် ဈေးမြင့်သည်ဟု ဆိုနိုင်သည်။

ဈေးဝယ်ထွက်ရန်အတွက်တော့ အခြားမြို့များမှာလို ဆိုင်ကြီးများပေါပေါများများ မတွေ့ရဘဲ လားရှိုးမြို့မဈေးအတွင်း၌သာ ဝယ်ယူနိုင်သည်။ သို့သော် ဈေးအတွင်းဆိုင်ခန်းများကဈေးဆိုသဖြင့် ဆစ်တတ်သူ အမျိုးသမီးများနှင့်သာ သင့်လျော်သော ဈေးဖြစ်သည်။ ညပိုင်းတွင်သာဖွင့်သောညဈေးသည်အဝတ်အထည်များရောင်းချသောဈေးအလွန်ချိုကာ ခရီးသွားများအတွက် ဈေးဝယ်ထွက်ရန်အလွန်အဆင်ပြေနိုင်သည့် ဈေးဖြစ်သည်။ ဖိနပ်နှင့် အနွေးထည်များဝယ်၍ကောင်းသောမြို့လည်းဖြစ်သည်။စီးပွားရေးကိစ္စအတွက်သွားသွား၊ အလည်အပတ်ပင်သွား၊ လမ်းကြုံ၍ပဲဝင်လည် မြို့လေး၏ ရှုခင်းနှင့် ဆွဲဆောင်နိုင်မှုများကတော့ လာရောက်သည့် ဧည့်သည်ကို စိတ်ကျေနပ်မှု အပြည့်အဝ ပေးစေနိုင်မည်သာဖြစ်သည်။

ယခုအခါရန်ကုန်-လားရှိုး တိုက်ရိုက်ကားများလည်းရှိနေပြီး မောင်းချိန်မှာ ၁၈ နာရီနှင့်၁၉နာရီကြားကြာမြင့်သည်။ ယာဉ်စီးခမှာလည်း တစ်ကြောင်းစာအတွက် လက်မှတ်တစ်စောင်လျှင် ကျပ်တစ်သောင်းခွဲခန့်ဖြစ်သည်။

## ပုသိမ်-ချောင်းသာ လမ်းပိုင်းအချို့ ပျက်ဆီးနေခြင်းကြောင့် သွားလာရေး ကြန့်ကြာနေ

**အောင်သူရ**

ရန်ကုန်၊ စက်တင်ဘာ-၈

ပုသိမ်မြို့မှ ၃၅ မိုင်သာကွာဝေးသော ချောင်းသာကမ်းခြေသို့ ၂ နာရီကျော် မောင်းနှင်ခဲ့ရကြောင်း ယခုလဆန်းတွင် သွားရောက်ခဲ့သူများက ပြောသည်။

“ပုသိမ်တံတားကနေ ကျောက်ချောင်းကြီးတံတား အထိကချိုင့်တွေကြီးပဲ၊ မောင်းလို့ကိုမရဘူး” ဟု ကိုယ်ပိုင်ကားဖြင့် သွားရောက်ခဲ့သူတစ်ဦးက ပြောသည်။

ထိုပုသိမ်တံတားမှ ကျောက်ချောင်းကြီးတံတားလမ်းပိုင်းမှာ မြေသားလမ်းဖြစ်ပြီး ၇ မိုင်ခန့်ကွာဝေးသည်။ အဆိုပါလမ်းမှာ မိုးရွာသွန်းမှုကြောင့် ချိုင့်များဖြစ်ပေါ်နေခြင်းဖြစ်သည်ဟုသုံးသပ်ကြသည်။

ထို့အပြင် ဆိပ်ကြီးနှင့် ဥတိုကြားလမ်းပိုင်းမှာလည်း အနည်းငယ်ပျက်စီးနေပြီဖြစ်ကြောင်း သိရ သည်။

“ပုံမှန်ထွက်တဲ့ လိုင်းကားတွေတောင် ပုသိမ်တံတားကနေ ကျောက်ချောင်းကြီးတံတား ကြားလမ်းမကောင်းလို့ ခဏခဏ ပျက်တယ်” ဟု ချောင်းသာဒေသခံတစ်ဦးက ပြောသည်။

ပုံမှန်အားဖြင့် ချောင်းသာကမ်းခြေသို့ ပုသိမ်မြို့မှ တစ်နာခွဲခန့်သာမောင်းနှင်ရပြီး အဆိုပါလမ်းအား ယခုနှစ်ဆန်းပိုင်းမှစ၍ Sky ကုမ္ပဏီက BOT စနစ်ဖြင့် တာဝန်ယူထားကြောင်း သိရှိရသည်။

## ရန်ကုန်နှင့် မြို့ကြီးငါးမြို့သို့ အဲမန္တလေးက တိုက်ရိုက်ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ- ၈**

အသစ်ရောက်ရှိလာသော လေယာဉ်ဖြင့်လာမည့်ခရီးသွားရာသီတွင် ရန်ကုန်မြို့မှမြို့ကြီးငါးမြို့သို့ နေ့စဉ်တိုက်ရိုက်ပျံသန်းမည်ဖြစ်ကြောင်း အဲမန္တလေးလေကြောင်းလိုင်းမှ တာဝန်ရှိသူက 7Day News သို့ ပြောသည်။ ရန်ကုန်မြို့မှ တိုက်ရိုက်ပျံသန်းမည့် ခရီးစဉ်များမှာ ရန်ကုန်- ညောင်ဦး၊ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ဟဲဟိုး၊ ရန်ကုန်-သံတွဲနှင့် ရန်ကုန်-စစ်တွေ (တစ်ပတ်ငါးရက်) ဖြစ်သည်ဟု သိရသည်။ ယခင်က အဲမန္တလေးလေကြောင်းလိုင်းသည် အဆိုပါ ခရီးစဉ်များအားကျွန်းပတ်ပုံစံဖြင့်တစ်မြို့ပြီးတစ်မြို့ပြေးဆွဲခဲ့သည်။

အဲမန္တလေးလေကြောင်းလိုင်းသည် ယခုနှစ်တွင်ပြောင်းလဲမှုများပြုလုပ်နေပြီး လေယာဉ်ဆေးအရောင် အပါအဝင်အတွင်းပိုင်းထိုင်ခုံများကိုပါ ပြုပြင်ထားကြောင်းသိရသည်။ ယခင်ပျံသန်းနေသော ATR- 72 လေယာဉ်တွင်ထိုင်ခုံ၇၀ရှိသော်လည်း ဩဂုတ်လ ၂၈ရက်ကရောက်ရှိလာသော ATR- 72လေယာဉ်တွင် ထိုင်ခုံ ၆၆ခုသာထားရှိပြီး သားရေထိုင်ခုံများဖြစ်သည်ဟု သိရသည်။ အဲမန္တလေးလေကြောင်း လိုင်းသည်ပြည်တွင်းခရီးစဉ်များအား ဩဂုတ်လဆန်းမှစတင်ရပ်နားထားပြီးလာမည့်ခရီးသွားရာသီချိန်တွင်လေယာဉ်နှစ်စင်းဖြင့်ပျံသန်းမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

The Cartoon Logo













7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# စင်ကာပူတွင် အမြဲနေထိုင်ခွင့်ရသူများ နိုင်ငံသားခံယူရန် အစိုးရတိုက်တွန်း



**စင်ကာပူ၊ စက်တင်ဘာ - ၆**

စင်ကာပူနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူ(PR)များအား နိုင်ငံသားခံယူရန် တိုက်တွန်းအားပေးရေး စင်ကာပူအစိုးရက ပြင်ဆင်နေကြောင်း သိရသည်။

အမြဲတမ်းနေထိုင်ခွင့် ရရှိထားသူ အချို့အား နိုင်ငံသားများဖြစ်လာရန် ချဉ်းကပ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံသား မခံယူပါက ၎င်းတို့၏ အမြဲတမ်းနေထိုင်ခွင့်ကို သက်တမ်းအသစ် တိုးပေးမည်မဟုတ်ကြောင်း စင်ကာပူစီနီယာဝန်ကြီးဂိုချုပ်တောင်က ပြောကြားခဲ့သည်ဟု စင်ကာပူစီအင်အေသတင်းကဖော်ပြသည်။

ဝန်ကြီးချုပ်၏ အမျိုးသားနေ့တိုက်တွန်းချက် အပေါ်ထင်မြင်ချက်များ စုဆောင်းရန် မရိမ်းပရေဒ့်တွင် နေထိုင်သူ ၂၀၀ဦးနှင့် ပြုလုပ်သည့် အပြန်အလှန်ဆွေးနွေးပွဲတွင် လူဝင်မှုကြီးကြပ်ရေး အကြောင်းကိုလည်း ဆွေးနွေးရင်း စီနီယာဝန်ကြီးက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ သို့သော် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဂိုချုပ်တောင်က အသေးစိတ်အချက်အလက်များကိုမူ မပြောကြားခဲ့ပေ။

"ရှေ့လျှောက် ကျွန်တော်တို့ကသူတို့ ( PR ရရှိထားသူများ) ကို စင်ကာပူနိုင်ငံသား ခံယူဖို့ ချဉ်းကပ်ပါမယ်။ နိုင်ငံသား မခံယူရင်တော့ သူတို့ရဲ့ ပီအာရ်ကို သက်တမ်းတိုး မပေးတော့ဘူး။ အဲဒါပိုကောင်းပါတယ်" ဟု ဂိုချုပ်တောင်က ပြောကြားသည်။

လောလောဆယ်တွင် စင်ကာပူနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရထားသူ ငါးသိန်းရှိကြောင်း ၎င်းတို့ထဲမှရွေးချယ်၍ ငါးသောင်းခန့်ကို နိုင်ငံသားအဖြစ် ခံယူရန် ပြောနိုင်မည်ဟု မျှော်လင့်ကြောင်း၊ အခြားကျန်ရှိသူများအား ပီအာရ်များအဖြစ် ဆက်လက်ထားရှိ၍ နိုင်ငံ၏ စီးပွားရေးတွင် ပါဝင်ကူညီစေမည်ဖြစ်ကြောင်း စင်ကာပူစီနီယာဝန်ကြီးက ဆက်လက်ပြောကြားသည်။

—*Ref: CNA*

# ရေကြောင်း နယ်နိမိတ်အစည်းအဝေးများပြုလုပ်ရန် မလေးရှားနှင့် အင်ဒိုနီးရှားသဘောတူ



**ကိုတာကင်နာဘာလူး၊ စက်တင်ဘာ - ၇**

အငြင်းပွားနေသော ရေကြောင်းနယ်နိမိတ် ဆွေးနွေးမှုများကို အရှိန်မြှင့်တင်ရန် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့က သဘောတူညီခဲ့ကြောင်းသိရသည်။ လုပ်ငန်းအစီအစဉ်များနှင့် အခြားစည်းမျဉ်း၊ စည်းကမ်းများကို ပြောင်းလဲရန်လည်း နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။



နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ၎င်းတို့၏ ကွဲပြားခြားနားမှုများကို ဖယ်ရှားပစ်ရေးအတွက် အရှေ့မလေးရှား ဆာဘားပြည်နယ်တွင် တွေ့ဆုံခဲ့ကြပြီးနှစ်နိုင်ငံ ရေကြောင်းနယ်နိမိတ် အငြင်းပွားမှုများအတွက် တာရှည်ခံသော ဖြေရှင်းနည်းရရှိရန် အရှိန်ရလာပြီဖြစ်သည်။

မလက္ကာရေလက်ကြား၊ တောင်ပိုင်းစီးပွားရေးအထူးဇုန်၊ စင်ကာပူရေလက်ကြား၊ ဆူလာဝဆီပင်လယ်နှင့် တောင်တရုတ်ပင်လယ်ဒေသများအတွက် နယ်နိမိတ်သတ်မှတ်ရေးများကို အဓိကထားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ်လအတွင်း မလေးရှားနိုင်ငံတောင်ပိုင်း၌ အငြင်းပွားနေသောရေပြင်တွင် မလေးရှားငါးဖမ်းသမား ၇ ဦးအား အင်ဒိုနီးရှားအရာရှိများက ထိန်းသိမ်း၍ အင်ဒိုနီးရှားနိုင်ငံသို့ခေါ်ဆောင်သွားစဉ် မလေးရှားရေကြောင်း အာဏာပိုင်များက ကြားမှဖြတ်၍ ပြန်လည်ခေါ်ယူကာ အင်ဒိုနီးရှား အရာရှိ ၃ ဦးကိုပါ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထို့အတွက် အင်ဒိုနီးရှားရှိ မလေးရှားသံရုံးတွင် ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည်။

ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ နောက်ပိုင်းတွင် အင်ဒိုနီးရှားရေကြောင်းအရာရှိများအား လက်ထိပ်ခတ်မည်မဟုတ်ဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီး အာနီဖာအာမန်က ပြောကြားပြီး အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီးမာတီကလည်းမလေးရှား သံရုံးတွင် ဆန္ဒပြမှုများ ထပ်မံမဖြစ်ပေါ်စေရန် ပြောကြားခဲ့သည်။

—*Ref: CNA*

# တရုတ်ဘီလီယံနာတစ်ဦးက ကွယ်လွန်လျှင် ပိုင်ဆိုင်သမျှ လှူဒါန်းမည်ဟု ကြေညာပြန်



**ဘေဂျင်း၊ စက်တင်ဘာ - ၇**

တရုတ်ပြည်၏ နာမည်ကြီးစီးပွားရေးလုပ်ငန်းရှင်၊ လူမှုအကျိုးပြုအလှူရှင်တစ်ဦးဖြစ်သည့် ဘီလျံနာ ချင်ကွမ်ပြောင်သည် ၎င်းသေဆုံးသွားပြီးနောက် မိမိပိုင်ဆိုင်မှုဥစ္စာနေအားလုံးကို လှူဒါန်းသွားမည်ဖြစ်ကြောင်း ၎င်း၏ကုမ္ပဏီဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည့် ဘီလ်ဂိတ်နှင့် ဝါရင်းဘတ်ဖတ်တို့ထံ အိတ်ဖွင့်ပေးစာတွင် အတည်ပြုပြောကြားလိုက်သည်။

အမေရိကန်ဘီလျံနာများဖြစ်ကြသည့် ဘီလ်ဂိတ်နှင့် ဝါရင်းဘတ်ဖတ်တို့သည် မကြာမီကာလအတွင်း တရုတ်ပြည်သို့ အလည်လာရောက်ကာ တရုတ်ဘီလျံနာများကိုလည်း လူမှုအကျိုးပြုလုပ်ငန်းများတွင် လှူဒါန်းကြရန်နှိုးဆော်သွားမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းစုဟွမ်ပုပြန်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်ရေးကုမ္ပဏီ၏ဥက္ကဋ္ဌ မစ္စတာချင်က ၎င်းသည်လည်း မိမိပိုင်ဆိုင်သမျှ တရုတ်ယွမ်ငွေ ငါးဘီလီယံ (ဒေါ်လာ ၇၃၅ သန်း)ကို ကွယ်လွန်ခဲ့ပါက လှူဒါန်းသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ မိုက်ကရိုဆော့ဖ်ကွန်ပျူတာကုမ္ပဏီကိုတည်ထောင်သူ ဘီလ်ဂိတ်နှင့် ရင်းနှီးမြှုပ်နှံမှု သူဌေးကြီးဝါရင်းဘတ်ဖတ်တို့သည် "စည်းစိမ်ဥစ္စာလှူဒါန်းဝေမျှရေး Giving Pledge လှုပ်ရှားနိုးဆော်မှုကို ပြီးခဲ့သည့် ဇွန်လကစတင်၍ လုပ်ဆောင်ခဲ့ပြီး၊ လက်ရှိအချိန်အထိမူ အမေရိကန်ဘီလီယံနာ ၄၀ ကဝင်းတို့ စည်းစိမ်ဥစ္စာ၏ အနည်းဆုံးထက်ဝက်ခန့်ကို လှူဒါန်းသွားကြရန် ကတိပြုထားကြသည်။ ထို့ကြောင့် ဘီလ်ဂိတ်နှင့် ဘတ်ဖတ်တို့သည် အလှူငွေဒေါ်လာ ၁၂၅ ဘီလီယံအထိရရှိရန်ဆွဲဆောင်နိုင်ခဲ့သည်ဟုသိရသည်။

တရုတ်ပြည်တွင် အလှူဒါနရက်ရောမှုနှင့် ရဲစွမ်းသတ္တိရှိမှုတို့ကြောင့် ထင်ရှားသူ ဘီလီယံနာချင်သည် တရုတ်လူမှုလုပ်သားများအသင်းက ထုတ်ပြန်သည့် ၂၀၁၀ အတွက် တရုတ်ပြည်၏ အလှူရှင်များစာရင်းတွင် ထိပ်ဆုံးနေရာရခဲ့သည်။ ချင်သည် တရုတ်ပြည်၏ ပထမဆုံးသော အင်န်ဂျီအိုကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ကို ၂၀၀၈ ခုနှစ် စီချွမ်ငလျင်လှုပ်ပြီး နောက်ဖွဲ့စည်းခဲ့ပြီး၊ ဧပြီလကလည်း ယူရှုနယ်တွင် ငလျင်လှုပ်ပြီးနောက် ကယ်ဆယ်ရေးအသင်းများစေလွှတ်နိုင်ရန်စီစဉ်ပေးခဲ့သည်။ ၎င်းသည် ယခုအချိန်အထိ ယွမ်ငွေ ၁ ဒသမ ၃၄ ဘီလီယံခန့်ကို လူမှုအကျိုးပြုလုပ်ငန်းများအတွက် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

—*Ref: Xinhua*

# တောင်ကိုရီးယားအဘွားအိုတစ်ဦး ယာဉ်မောင်းလိုင်စင် အကြိမ် ၉၆၀ မြောက်ဖြေဆိုပြီးနောက် အောင်မြင်

**ရှန်ဟိုင်း၊ စက်တင်ဘာ - ၆**

တောင်ကိုရီးယားနိုင်ငံမှ အသက် ၆၉ နှစ်အရွယ် ချာဆာဆွန်ဆိုသူ အဘွားအိုသည် ယာဉ်မောင်းလိုင်စင် စာမေးပွဲကို အကြိမ် ၉၆၀ ဖြေဆိုပြီးနောက် အောင်မြင်သွားခဲ့၍ နိုင်ငံကျော်ပုဂ္ဂိုလ်တစ်ဦးဖြစ်လာကြောင်းသိရသည်။

ချာဆာဆွန်း၏ မျိုးရိုးအမည်မှာလည်း ကိုရီးယားဘာသာဖြင့် 'ယာဉ်' ဟုအဓိပ္ပာယ်ရပြီး သူမသည် ယခုအခါ ယာဉ်မောင်းလိုင်စင်ရရှိခဲ့မှုကြောင့် ကိုရီးယားရှိ အကြီးဆုံးကားထုတ်လုပ်ရေး ကုမ္ပဏီ ဟွန်ဒိုင်း၏ ကြော်ငြာရှင်တစ်ဦးဖြစ်လာကြောင်း သိရသည်။ အဘွားအိုသည် ၂၀၀၅ ခုနှစ် ဧပြီလမှစ၍တစ်နေ့တစ်ကြိမ်ဖြင့် တစ်ပတ်ငါးကြိမ်လိုင်စင်ဖြေဆိုခဲ့ပြီး နောက်ပိုင်းတွင် တစ်ပတ်နှစ်ကြိမ်နှုန်းဖြင့်ဖြေခဲ့သည်။ ဂျီယွန်ဘတ်ကားမောင်းသင်တန်းကျောင်းမှ နည်းပြပတ်ဆူယွန်ကလည်း လိုင်စင်ရပြီးနောက် အဘွားအိုချာဆာဆွန်းကို ပန်းစည်းများဖြင့် ဂုဏ်ပြုခဲ့သည်။

—*Ref: Telegraph*

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# အားလုံးစုံညီမဲပေးကြမည်

မောင်မိုးရှင်း

### မကြာမီ

ပြည်သူအများ မျှော်လင့်စောင့်စားနေကြတဲ့ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်မှာ ရောက်ရှိလာပါတော့မယ်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲရုံကိုသွားပြီး လွတ်လပ်စွာမဲပေးနိုင်ကြတော့မှာပါ။

"မဲရုံသွားပြီး မဲမထည့်နဲ့"တဲ့။ ပြည်ပအသံလွှင့်ဌာနတချို့က လှုံ့ဆော်တားဆီးနေလေရဲ့။

ဆန္ဒမဲပေးပိုင်ခွင့်ရှိခြင်းဆိုတဲ့ အခွင့်အရေးကို နှစ်ပေါင်းမည်မျှကြာအောင် စောင့်ဆိုင်းခဲ့ရသလဲဆိုတာ အဲဒီလူတွေ မသိလို့လား။ ဆန္ဒမဲပေးပြီး ဒီမိုကရေစနစ်ရဲ့အုတ်မြစ်တွေ ခိုင်မာလာမှာကို မလိုလားလို့လား။ မြန်မာပြည်သူတွေဟာ ဆန္ဒမဲပေးရလောက်အောင် လူ့အရည်အချင်းမရှိကြသေးပါဘူးလို့ အထင်သေးလို့ စွတ်အော်နေတာလား။

### ပြည်သူ့ဝန်တာ

မဲဆန္ဒပေးတယ်ဆိုတာ နိုင်ငံသူ၊ နိုင်ငံသားတစ်ဦးရဲ့ အခြေခံတာဝန်တစ်ရပ်ပဲ။ ဒါကိုတောင်မှ "ရှောင်လွှဲပါ။ မပါဝင်ပါနဲ့" ဆိုပြီး တားမြစ်လှုံ့ဆော်နေကြသူတို့ရဲ့ ယုတ်မာကောက်ကျစ်တဲ့ ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီ ဆန့်ကျင်ရေးပါလား။ တကယ်တော့ မြန်မာပြည်သားဘယ်သူမဆို လွတ်လပ်ခွင့်အပြည့်အဝရှိတယ်။ ဘယ်သူ့ရဲ့လွှမ်းမိုးမှုမှ ခံယူစရာမလိုဘူး။ ဆန္ဒမဲပေးချင်လည်းရတယ်။ မပေးချင်လည်း နေလို့ရတယ်။ တရားဝင်မဲပေးခွင့်ရှိပါလျက် မပေးဘဲနေပြီး နိုင်ငံမှာဆက်နေရင်တော့ သူများစိုက်တဲ့အသီးပဲ ခူးစားချင်ပြီး မိမိကိုယ်တိုင် တစ်စုံတစ်ရာ ဘာဆိုဘာမှ ပါဝင်စိုက်ပျိုးခြင်းမရှိတဲ့ အချောင်သမားသက်သက်၊ တာဝန်မသိတတ်တဲ့ လူစားမျိုးပဲဖြစ်သွားမှာပေ့ါ။ ဒီမိုကရေစီနိုင်ငံနဲ့ သင့်တော်ပါဦးမလား။ ရှက်စရာကောင်းလောက်အောင် အသိဉာဏ်နိမ့်ရာရောက်သွားမယ်။ တိုင်းပြည်နိုင်ငံထူထောင်ရေးမှာ အုပ်ချုပ်သူကချည်း တာဝန်ယူထားတဲ့စနစ်ကနေပြီး ပြည်သူပြည်သားအားလုံးက ပါဝင်ဆုံးဖြတ်စဉ်းစားရွေးချယ်ရတဲ့ ဒီမိုကရေစီခေတ်သစ်ရောက်လာပြီလေ။ ရပိုင်ခွင့်တွေ ရလာမယ်။ အလားတူ တာဝန်တွေလည်း ယူလာရပေလိမ့်မယ်။ ဆန္ဒမဲပေးတယ်ဆိုတာ ဒီနိုင်ငံတော်အတွက် မိမိဖြစ်စေချင်တဲ့ဆန္ဒကို လွတ်လပ်ပွင့်လင်းစွာ ဖော်ပြရတဲ့ နိုင်ငံသားတာဝန်တစ်ရပ်ပါ။ မဲပေးသင့်တာပေ့ါ။ ပေးရမှာပေ့ါ။

### လွတ်လပ်စွာ

"ဒါဖြင့်ဘယ်သူ့ကို ဆန္ဒမဲပေးရမှာလဲ?"

ကိုယ်ကြိုက်ရာပေး

ကိုယ်ဆန္ဒရှိရာ ရွေးချယ်ပြီး (✔) အမှန်လေးခြစ်ရေးရုံပါပဲ။ ဘယ်သူ့ကိုပေးပေး လွတ်လပ်စွာ ဆုံးဖြတ်ခွင့် အပြည့်အဝရှိတယ်။ မိမိ ဘယ်သူ့ကို မဲပေးသလဲဆိုတာကို ဘယ်သူမှ သိခွင့်မရှိဘူး။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းအပြည့်အဝရှိအောင် မဲရုံတွေမှာ လျှို့ဝှက်မဲပေးစနစ်လုပ်ပေးထားတယ်။ စိတ်ချ။ ဘယ်သူမှ မသိစေရ။

လွှတ်တော်ကိုယ်စားလှယ်လောင်း ဘယ်ပုဂ္ဂိုလ်ဟာ၊ ဘယ်ပါတီဟာ ဒို့တိုင်းပြည်၊ ဒို့လူမျိုးအကျိုးကိုကောင်းအောင်၊ တိုးတက်အောင် တကယ်ဆောင်ရွက်နိုင်မှာလဲ?"။

ဒီအချက်ကို အခြေခံ စဉ်းစားပါလေ။

ဆွေမျိုးတော်လို့လည်း မပေးလေနဲ့။ တစ်ရွာတည်းသားမို့လို့လည်း မပေးလေနဲ့။ သူများတကာက ပေးပါလို့ မဲဆွယ်တာနဲ့လည်း ဆန္ဒမဲ မပေးလိုက်နဲ့။ သိအောင်လေ့လာ။

ကိုယ်တိုင်သေသေချာချာ စဉ်းစားရွေးချယ်ပြီး ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ကိုယ်နေတဲ့ မဲဆန္ဒနယ်မြေအလိုက် အမတ်လောင်းတွေ ဘယ်သူလဲဆိုတာ သိရပါတော့မယ်။

### ရွေးချယ်ပါ

"ကျုပ်တစ်ယောက် မဲမပေးဘဲနေတာဘာဖြစ်မှာလဲ။ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူး"လို့ ပြောတဲ့သူတွေလည်း တွေ့ဖူးပါလိမ့်မယ်။ ဒီမိုကရေစီဆိုတာ လူတစ်ဦးချင်းစီရဲ့ စုပေါင်းအား၊ ပြည်သူပြည်သားတွေရဲ့ စွမ်းအားနဲ့ ထူထောင်တည်ဆောက်ရတဲ့စနစ်ပါ။ အားလုံးရဲ့ကိုယ်စီတာဝန်။

### ပုံပြင်

ဟိုးရှေးက မဖွံ့ဖြိုး၊ မတိုးတက်သေးတဲ့ လူမျိုးတစ်စုရဲ့ မွေးမြူရေးရွာလေးတစ်ရွာရှိသတဲ့။ ဆင်းရဲချို့တဲ့ တဲ့ရွာကလေး။ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲစတဲ့ တိရစ္ဆာန်တွေ မွေးမြူစားသောက်ကြတဲ့ ရွာသူရွာသားတွေ စုပေါင်းနေထိုင်ကြပါသတဲ့။

တစ်နေ့မှာ ရွာလူကြီးက ရွာလယ်မှာ စဉ့်အိုးကြီးချထားပြီး ရွာသူရွာသားအားလုံးကို ဒီလိုပြောသတဲ့။

"ဒို့တစ်တွေ နတ်ဖြန်ကျရင် စုပေါင်းပျော်ပွဲတစ်ခု ကျင်းပကြရအောင်၊ စားစရာတွေ ကိုယ်စီချက်ပြုတ်တာပေ့ါ။ အိမ်တစ်အိမ်ကို နို့တစ်ကွတ်(တစ်ပုလင်းစာ) ဟောဒီရွာလယ်က စဉ့်အိုးကြီးမှာလာပြီး ထည့်ကြပါ။ ညနေကစပြီး နွားနို့တွေ လာထည့်ကြပါ။ ညမှလာထည့်လည်း ရတယ်။ နတ်ဖြန်မှ နို့တွေကိုကျိုပြီး စားသောက်ကြမယ်"

အဲဒီနေ့ နေဝင်ရီတရောကစပြီး ရွာလယ်က စဉ့်အိုးကြီးထဲကို ရွာသူရွာသားတွေ ပုလင်းကိုယ်စီနဲ့ လာထည့်ကြပါတယ်။ ညအမှောင်ထဲမှာလည်း တစ်အိမ်တစ်ပုလင်းစီ လာထည့်ကြသတဲ့။

နံနက်ခင်း အလင်းရောင်လာတော့ အဲဒီနွားနို့စဉ့်အိုးကြီးကို ဖွင့်ကြည့်တဲ့အခါ နွားနို့မဟုတ်ဘဲ ရေတွေချည်းပဲ ဖြစ်နေပါလေရောတဲ့။ အားလုံးဟာ ရေ။ ဟုတ်တယ်။

### တာဝန်မဲ့မှု

"တခြားအိမ်တွေက နွားနို့စစ်တွေ ထည့်ကြမှာပဲလေ။ ငါကတော့ အချောင်ခိုပြီး ရေပဲထည့်လိုက်မယ်။ မှောင်နဲ့မည်းမည်းထဲ ဘယ်သူမှလည်း မြင်တာမဟုတ်ပါဘူး" လို့ အိမ်တိုင်းအိမ်တိုင်း အဲသလိုတွန့်တိုစေးနှဲပြီး တာဝန်ပျက်ကွက်ခဲ့တဲ့အတွက် ရွာလယ်ကစဉ့်အိုးဟာ ရေတွေချည်းပဲ ဖြစ်နေတော့တာပေ့ါ။

ဘာမှမထည့်တော့ ဘာမှမရဘူးပေ့ါ။

ရွာလူကြီးကပြောသတဲ့။

"ငါတို့ရွာလေးဟာ ဆင်းရဲနွမ်းပါးတယ်။ ဒို့ရွာရဲ့ အရှေ့ဘက်က ရွာလည်း ချမ်းသာနေကြတယ်။ ဒို့ရွာရဲ့ အနောက်ဘက်ကရွာတွေလည်း ချမ်းသာနေပါပြီ။ ဒို့ရွာကလူတွေဟာ မွဲတေနေတာဘာကြောင့်လဲ။ ကနေ့ ငါတို့ သိရပြီ။ စေတနာမွဲလို့ ကံမွဲနေတာ။ အများအတွက် မိမိက ကျတဲ့တာဝန်ကို ပါဝင်ယူချင်တယ်ဆိုတဲ့ စိတ်စေတနာ နည်းပါးနိမ့်ကျနေခဲ့ကြလို့ ငါတို့ရွာက မွဲနေတာပဲ။ နောက်နောင် ဒီလိုရေသာမခိုကြနဲ့" လို့ ဆုံးဖြတ်တိုင်ပင်ပြီး အများအတွက်ကို တစ်ယောက်ချင်းစီကတာဝန်သိသိ ပါဝင်ထမ်းဆောင်သွားကြတဲ့အခါ မကြာခင်မှာ ဆင်းရဲသားရွာကလေးဟာ စည်းလုံးညီညာမှုစွမ်းအားနဲ့ တိုးတက်ကြီးပွားချမ်းသာသွားသတဲ့လေ။ ပုံပြင်လေးတစ်ပုဒ်ပါ။

### သင်ခန်းစာ

ကဲ တစ်ဦးချင်းစီမှာ အများအကျိုးသယ်ပိုးချင်တဲ့ စိတ်ကောင်းစေတနာရှိကြပါမှ အဲဒီလူ့အဖွဲ့အစည်းက တိုးတက်အောင်မြင်နိုင်တာ။ တစ်ဦးချင်းစုပေါင်းတဲ့ စေတနာစွမ်းအားဟာ အဆပေါင်းများစွာ ကြီးမားပါတယ်။ မဲရုံကိုသွားတယ်၊ မဲပေးတယ်ဆိုတာ ဘာမှ ပင်ပန်းတဲ့အလုပ်မဟုတ်ပါဘူး။ လွယ်လွယ်လေးပါပဲ။ ဒါပေမယ့် ပြည်သူ သန်းပေါင်းများစွာ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ မဖြစ်မနေ တာဝန်ကျေကျေ မဲပေးကြတယ်ဆိုတဲ့ ဦးရေကိန်းဂဏန်းဟာ ပြည်သူလူထုရဲ့ နိုင်ငံရေး နိုးကြားမှု၊ နိုင်ငံရေးအသိအမြင် မြင့်မားမှု ပြကိန်းတစ်ခုပါပဲ။

### နိုင်ငံရဲ့ဂုဏ်သိက္ခာ

မြန်မာနိုင်ငံမှာ ပြည်သူလူထုဟာ နိုင်ငံရေးအသိ ဒီလောက်တောင် နိုးကြားပါကလားဆိုတာ နိုင်ငံတကာအားလုံးသို့ ဂုဏ်ယူစရာ ပြသနိုင်တဲ့ကိန်းဂဏန်းပါပဲ။

ချစ်တဲ့နိုင်ငံတွေက ချီးကျူးသြဘာပေးကြမယ်။

မုန်းတဲ့နိုင်ငံတွေက လန့်သွားကြမယ်။

တိုးတက်စေချင်တဲ့ နိုင်ငံတွေက ဝမ်းသာကြမယ်။

ဒုက္ခရောက်စေချင်တဲ့ နိုင်ငံကလူတွေ မှိုင်သွားမယ်။

ဒါကြောင့် ဆန္ဒမဲပေးပါ။ မဖြစ်မနေမဲပေးပါ။ သမိုင်းရေးခွင့်ရတဲ့ လေးနက်တဲ့ ကိုယ်စီတာဝန်တစ်ခုပါ။

အပြစ်အများ - သတိထား

မဲပေးတာကို တားမြစ်နှောင့်ယှက်ခဲ့ရင် ဥပဒေအရ ထောင်ဒဏ် တစ်နှစ်ဖြစ်စေ၊ ငွေဒဏ် ကျပ်တစ်သိန်းဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ အပြစ်ဒဏ်ကျခံရနိုင်ပါတယ်။ အဝေးလေလှိုင်းသံမှ လေပုပ်ထုတ်လွှင့်ရေးက ပြောဆိုနေတာတွေကိုတော့ သင့်မသင့် ချင့်ချိန်ပြီး ဆင်ခြင်ပေ့ါ။ အလွယ်တကူ နားမယောင်လေနဲ့။

### မဲပေးမယ်

ဦးစွာပထမ မဲစာရင်းကို ကြိုတင်သွားကြည့်ပါ။ လူမြင်သာတဲ့နေရာမှာ ကပ်ထားပါလိမ့်မယ်။ ကိုယ့်ရဲ့ မဲစာရင်းအမှတ်စဉ်ကို မှတ်ထားရင် ပိုအဆင်ပြေလိမ့်မယ်။ မဲဆန္ဒရှင် ၅၀၀-၁၀၀၀ ရှိတဲ့ စာရင်းစာအုပ်ထဲမှာ ကျွန်တော်/ကျွန်မ အမှတ်စဉ် ဘယ်လောက်က မဲဆန္ဒရှင် ဘယ်သူဘယ်ဝါပါလို့ မဲရုံမှူး၊ ဒုတိယမဲရုံမှူးတွေကို မဲပေးတဲ့နေ့ မဲရုံမှာ ပြောနိုင်လျှင် ရှာရတာလွယ်ကူမြန်ဆန်စေလိမ့်မယ်။ မြန်အောင်၊ မှန်အောင် ကူညီသင့်ပါတယ်။

ဆန္ဒမဲပေးရမယ့် မဲဆန္ဒရှင်စာရင်းကပ်ထားတာကို ကြိုပြီးသွားကြည့်တဲ့အခါ ကိုယ့်အမည်မပါသေးရင် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးသွားသွားပြီး သတင်းပို့ပါ။ အကျိုးအကြောင်း ပြောပြပါ။ ဆန္ဒမဲပေးခွင့်ရှိသူမှန်လျှင် မဲစာရင်းထည့်ပေးပါလိမ့်မယ်။ စိတ်ချ။ (နှစ်ခါတော့ မဲမပေးရဘူး၊ နှစ်နေရာတော့ မပေးရဘူး၊ တစ်ဦးဟာ တစ်ကြိမ်ပဲ ပေးခွင့်ရှိပါတယ်။)

### ဆန္ဒမဲ

၇-၁၁-၂၀၁၀ တနင်္ဂနွေနေ့ ၁၃၇၂ ခု တန်ဆောင်မုန်းလဆန်း ၁ ရက် ရောက်လာပြီဆိုပါဆို့။

(၁)မဲရုံကိုသွား၊ မဲလက်မှတ်ထုတ်ယူ၊ ဆန္ဒမဲပေးရုံပါပဲ။ ပထမမဲလက်မှတ်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းရွေးပြီး တစ်ယောက်အမည်ကို အမှန်ခြစ် ခြစ်ပေးရမယ်။ ဒါပဲ။ ပြီးပြီ။ (ကြက်ခြေခတ် စသည့် ဘာမှမလုပ်နဲ့ အခြား ခြစ်တာ၊ ရေးတာ ပါသွားရင် ပယ်မဲဖြစ်သွားမယ်။)

ကိုယ်စားလှယ်လောင်းအမည်နဲ့ ပါတီတံဆိပ်တွေ မဲကပ်ပြားမှာ ဖော်ပြထားလိမ့်မယ်။

ကိုယ်ကြိုက်တဲ့သူကို လျှို့ဝှက်မဲပေးရုံထဲမှာ လွတ်လွတ်လပ်လပ်ရွေးချယ်ဆုံးဖြတ်ပြီး(✔) အမှန်ခြစ်တစ်ခု ခြစ်ပေးရုံလေးပါပဲ။ ဒါဆိုပြီးပြီ။ မဲပုံးအစိမ်းထဲ ထည့်ခဲ့။

(၂)နောက်မဲလက်မှတ်တစ်ခု ထပ်ထုတ်ရဦးမယ်။ မိမိတို့ မြို့နယ်ကနေ အမျိုးသားလွှတ်တော်ကို တက်ရမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ဆန္ဒပြုပေးရမှာ ဖြစ်တယ်။ ယှဉ်ပြိုင်သူ ၃ ဦး၊ ၄ ဦး (သို့မဟုတ်) ၅ ဦးတို့ရဲ့ အမည်တွေ မဲကတ်ပြားမှာ ပါပြီးသား။

တစ်ခုပဲ မိမိဆန္ဒမဲပေးလိုသူရဲ့ ကွက်လပ်မှာ (✔) ခြစ်ပါ။ လျှို့ဝှက်ဆန္ဒမဲပေးခန်းလေးထဲမှာ လွတ်လွတ်လပ် ပေးရုံပဲ။ လွယ်ပါတယ်။ ပြီးရင် အပြာရောင်မဲပုံးထဲ ထည့်ခဲ့ပါ။

(၃)တတိယမဲလက်မှတ်တစ်ခု ထပ်ထုတ်လိုက်ဦး။ ဒါကတော့ မိမိတို့ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးလွှတ်တော်အစိုးရအဖွဲ့အတွက် ရွေးကောက်တင်မြှောက်ဖို့ပဲ။ ကိုယ်စားလှယ်လောင်း ၂ ဦး၊ ၃ ဦးရဲ့ အမည်ပါလိမ့်မယ်။ ဆန္ဒမဲပေးချင်သူအမည်နဲ့ တစ်တန်းတည်း ကွက်လပ်မှာ (✔) ခြစ်ပါ။ ခရမ်းရောင်မဲပုံးထဲ ထည့်ရမယ်။

### တိုင်းရင်းသားကိုယ်စားလှယ်

(၄)ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးမှာ ကရင်တိုင်းရင်းသား ကိုယ်စားလှယ်အတွက် ကရင်လူမျိုးဖြစ်ရင် မိမိက ဆန္ဒမဲ ပေးပိုင်ခွင့်ရှိနေပြန်ပါသေးတယ်။ ဆန္ဒမဲကတ်ပြားထုတ်ယူပါ။ ကိုယ်စားလှယ်လောင်းတွေအနက်မှ တစ်ဦးဦးကို အမှန်ခြစ်(✔)ခြစ်ပြီး စတုတ္ထမဲပုံးထဲထည့်လိုက်ပါ။

(၅)ရန်ကုန်တိုင်းဒေသကြီးမှာ ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်အတွက် ရခိုင်လူမျိုးဖြစ်နေလျှင် ဆန္ဒမဲပေးပိုင်ခွင့်ရှိပေသေးဗျာ။ ဆန္ဒမဲထုတ်ယူပြီး မိမိနှစ်သက်သူကို(✔)ခြစ်လိုက်ပါ။ ပဥ္စမမဲပုံးထဲ ထည့်ခဲ့ရပါမယ်။

ကရင်လူမျိုးဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မဲပုံး ၄ ပုံးထည့်ရမယ်။ ရခိုင်လူမျိုးဟာလည်း မဲ ၄ ပုံးထည့်ရမယ်။ ကရင်လည်းမဟုတ် ရခိုင်လည်းမဟုတ်တဲ့ အခြားတိုင်းရင်းသားလူမျိုးများကတော့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်အတွက် ကိုယ်စားလှယ် ၃ သုံးနေရာအတွက် မဲပုံး ၃ ပုံး(အစိမ်း၊ အပြာ၊ ခရမ်းရောင်) ထည့်ပြီးရင် ပြီးပါပြီ။ ရှင်းရှင်းလွယ်လွယ်လေးပါ။

### ဦးရေမတူပါ

ပြည်သူ့လွှတ်တော် (အစိမ်းရောင်မဲပုံး)ကို ထည့်ဖို့ရာ ကိုယ်စားလှယ်လောင်းရွေးချယ်ရာမှာ မြို့နယ်တစ်မြို့နယ်နှင့် တစ်မြို့နယ် ကိုယ်စားလှယ်လောင်းဦးရေမတူကြပါ။ နယ်မြေကို သူတို့ဆန္ဒအရ ရွေးချယ်ထားခဲ့ကြတာပဲလေ။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြိုင်ဘက်မရှိ ကိုယ်စားလှယ်လောင်းအမည် တစ်ဦးတစ်ယောက်တည်းသာ တင်သွင်းတဲ့နေရာရယ်လို့ မဲဆန္ဒနယ်မရှိခဲ့ပါ။ အားလုံးဟာ ပြိုင်ရမှာချည်းပဲ။

တစ်မြို့နယ်လျှင် ကိုယ်စားလှယ်တစ်ယောက်နှုန်းရတဲ့ ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒပေးရွေးချယ်ရတဲ့ ကိုယ်စားလှယ်လောင်းဦးရေက (နမူနာဖော်ပြရရင်) အောက်ပါအတိုင်းရှိကြပါတယ်။

### နမူနာ

(၁)ကိုကိုးကျွန်းမြို့နယ်၌ ယှဉ်ပြိုင်သူကိုယ်စားလှယ် ၂ ဦး
(၂)ရန်ကင်းမြို့နယ်၌ ယှဉ်ပြိုင်သူကိုယ်စားလှယ် ၃ ဦး
(၃)ဒေါပုံမြို့နယ်၌ ယှဉ်ပြိုင်သူကိုယ်စားလှယ် ၄ ဦး
(၄)တောင်ဥက္ကလာပမြို့နယ်၌ ယှဉ်ပြိုင်သူကိုယ်စားလှယ် ၅ ဦး
(၅)ကမာရွတ်မြို့နယ်၌ ယှဉ်ပြိုင်သူကိုယ်စားလှယ် ၆ ဦး
(၆)ကျောက်တံတားမြို့နယ်၌ ယှဉ်ပြိုင်သူကိုယ်စားလှယ် ၇ ဦး
(၇)လှိုင်သာယာမြို့နယ်၌ ယှဉ်ပြိုင်သူကိုယ်စားလှယ် ၈ ဦး

ယှဉ်ပြိုင်အရွေးခံသူ ၉ ဦးရှိတဲ့ မြို့နယ်တော့ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တွေထဲမှာ မရှိပါ။

### ဘယ်လိုသုံးသပ်ရွေးချယ်မဲပေးမလဲ

မဲပေးဖို့ သုံးသပ်ရွေးချယ်ရာမှာ တကယ်တော့ လူပုဂ္ဂိုလ်ကိုလည်းကြည့်ဖို့လိုပါတယ်။ ပါတီကိုလည်း ကြည့်ဖို့လိုပါတယ်။ လူပုဂ္ဂိုလ်ကလည်း တော်ဖို့၊ ကောင်းဖို့လိုပါတယ်။ ပါတီကလည်း မူဝါဒမှန်ကန်ကောင်းမွန်ခိုင်မာပြီး တိုင်းပြည်နဲ့လူမျိုးအကျိုး တကယ်ထမ်းဆောင်နိုင်မယ့် ပါတီဖြစ်ဖို့ ယုံကြည်စိတ်ချရနိုင်တဲ့ ပါတီဖြစ်ဖို့ လိုပါတယ်။ အသင့်တော်ဆုံးအကောင်းဆုံးကို လွတ်လွတ်လပ်လပ် သုံးသပ်ရွေးချယ်မဲပေးဖို့ပါပဲ။

### ခေတ်သစ်ဆီသို့

ပြည်ထောင်စု ဒီမိုကရေစီထွေထွေရွေးကောက်ပွဲဟာ ၂၀၁၀ နိုဝင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) ရက်ရာဇာအချိန်အခါ မင်္ဂလာနေ့ထူးမှာ နံနက် ၆ နာရီတိတိမှ ညနေ ၄ နာရီအတွင်း ပြည်သူများ လွတ်လပ်စွာ၊ မျှတစွာ (Free and Fair) ဆန္ဒမဲပေးပိုင်ခွင့် ရရှိလာကြပါတော့မယ်။ (မဲရုံပရဝုဏ်အတွင်း ၄ နာရီမပိတ်ခင်ရောက်နှင့်နေပြီးသူများ အချိန်ကျော်လွန်ပေမယ့် ပေးခွင့်ပြုထားပါတယ်။) မဲရုံစောစောသိမ်းနိုင်ဖို့ ရပ်ကွက်အလိုက် မဲစာရင်းစောစောရေတွက်အဖြေထွက်လာအောင် နံနက်စောစောလာပြီး မဲပေးကြမယ်လို့ မျှော်လင့်ပါတယ်။ (မဲစာရင်းပါသူအားလုံး မဲပေးပြီးပါက ညနေ ၄ နာရီအချိန်ထိ စောင့်စရာမလိုဘဲ မဲရုံသိမ်းလို့ရပါတယ်။)

ပြည်သူပြည်သားတစ်ဦးချင်းစီရဲ့ ထက်သန်တက်ကြွတဲ့လှုပ်ရှားမှုနဲ့ ခေတ်သစ်တစ်ခုသို့ ကူးပြောင်းပါတော့မယ်။

## နောက်ကျောဖုံး - တရုတ်ငါးဖမ်းသင်္ဘောသား ၁၄ ဦး ဂျပန်လွှတ်ပေး မှ




ငါးဖမ်းလှေ မာလိန်မှူးအား ပုံမှန်တရားစွဲဆိုမှု ပြုမည်မပြုမည်ကို ဆုံးဖြတ်နိုင်၍ ၎င်းအား စက်တင်ဘာ ၁၉ ရက်အထိ ထိန်းသိမ်းထားခွင့်ကို ဂျပန်တရားရုံးတစ်ရုံးက ထုတ်ပြန်ထားသည်။

ယခုကိစ္စကြောင့် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးကို ပျက်စီးစေနိုင်ကြောင်း တရုတ်နိုင်ငံက ပြောကြားသည်။ အရှေ့တရုတ်ပင်လယ်၌ အငြင်းပွားနေသော ပင်လယ်ရေအောက် အရင်းအမြစ်ပို့ချပစ္စည်းများကိစ္စကို ဂျပန်နိုင်ငံနှင့် ဆွေးနွေးရန် အစောပိုင်းအစီအစဉ်ကိုလည်း ရွှေ့ဆိုင်းလိုက်ကြောင်း ဘေဂျင်းက စက်တင်ဘာ ၁၀ ရက်တွင် ပြောကြားခဲ့သည်။ ယင်းမှာ ၎င်းဒေသတွင် ဓာတ်ငွေ့ရှာဖွေရေးနှင့် နှစ်နိုင်ငံကြား ဒုတိယအကြိမ် ဆွေးနွေးမှုဖြစ်သည်။

ငါးဖမ်းလှေကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံရှိ ဂျပန်သံအမတ်ကြီးအား တရုတ်နိုင်ငံတော်ကောင်စီဝင် ဒိုင်ဘင်ဂေါ်င်းက ခေါ်ယူတွေ့ဆုံခဲ့ကြောင်းသိရသည်။ ယင်းမှာ ဂျပန်သံအမတ်ကြီးကို စတုတ္ထအကြိမ် ဆင့်ခေါ်မှုလည်းဖြစ်ကြောင်းအေပီသတင်းက ဖော်ပြသည်။ —AP

7 DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

နိုင်ငံ၏ သမ္မတဖြစ်လာ၍ ၎င်း၏ ပထမဦးဆုံး ဒီပလိုမာကိုရရှိခဲ့ပြီဖြစ်ကြောင်း ဘရာဇီးသမ္မတလူဝစ်အင်နာစီယာလူလာဒါဆေးလ်ဗားက ၂၀၀၃ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ချိန်က စိတ်လှုပ်ရှားစွာ ကြေညာခဲ့သည်။

အတန်းပညာလေးတန်းသာအောင်၍ ဘရာဇီးနိုင်ငံ၏ ပညာတတ်မြောက်မှု အနည်းဆုံး သမ္မတတစ်ဦးဖြစ်သော မစ္စတာဒါဆေးလ်ဗားသည် မကြာမီမှာပင် ဘရာဇီးနိုင်ငံ၏ ချစ်ခင်နှစ်သက်မှုအခံရဆုံး လူတစ်ဦးဖြစ်လာခဲ့ပြီး နိုင်ငံသား သန်းပေါင်းများစွာအား အဆုံးစွန်ဆုံး ဆင်းရဲကျပ်တည်းမှုမှ ဆွဲထုတ်ခဲ့သည်။ ဘရာဇီးနိုင်ငံ၏ စီးပွားရေးအား တည်ငြိမ်အောင်စွမ်းဆောင်နိုင်ခဲ့သည့်အပြင်ဘရာဇီးတွင်ရော နိုင်ငံခြားမှာပါဒဏ္ဍာရီသူရဲကောင်းနီးပါးရပ်တည်မှုကို ရယူနိုင်ခဲ့သည်။

မစ္စတာဒါဆေးလ်ဗားက ၎င်း၏ နိမ့်ကျသော အစပြုမှုများကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်သော်လည်း ဘရာဇီးနိုင်ငံကမူ ယင်းသို့ ကျော်လွှားနိုင်ရန် ရုန်းကန်နေရဆဲဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးအား အရှိန်မြှင့်တင်၍ ကမ္ဘာပေါ်တွင်အင်အားအကြီးဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်ထူထောင်ရေး ဘရာဇီးနိုင်ငံ၏ ကြိုးပမ်းမှုတွင် အခြားဘရာဇီး ရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် နှိုင်းယှဉ်လျှင် ပညာရေးသည် အကြီးမားဆုံး အတားအဆီးဖြစ်နိုင်ပါသည်။ အသစ်ရရှိထားသော ကိုယ်ချပ်ဝတ်စုံသစ်တွင် အားနည်းချက်ကြီးတစ်ရပ်ကို လှစ်ဟပြသနေခြင်းဖြစ်သည်။

“ကံမကောင်း အကြောင်းမလှစွာပင် တစ်ကမ္ဘာလုံး ပြိုင်ဆိုင်နေသောခေတ်၌ ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်လမ်းများ ရှာဖွေရာတွင် လက်ရှိပညာရေးအခြေအနေကြောင့် ဘရာဇီးနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၏ နောက်တွင်ကျန်ရစ်ခဲ့ဖွယ်ရှိပါသည်” ဟု ၂၀၀၈ ခုနှစ် အစီရင်ခံစာတွင် ကမ္ဘာ့ဘဏ်က ကောက်ချက်ချခဲ့ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ဘရာဇီးနိုင်ငံမှ ကျောင်းသားများသည် နိုင်ငံတကာ စာမေးပွဲများ ဝင်ရောက်ဖြေဆိုမှုတိုင်းတွင်အနိမ့်ဆုံး အမှတ်များသာ ရရှိခဲ့သည်။ စာဖတ်ခြင်း၊ သိပ္ပံ၊ သင်္ချာဘာသာရပ်စသည့် အခြေခံစွမ်းရည်စာမေးပွဲများမှာပင် ဒေသတွင်း လက်တင်အမေရိကန်နိုင်ငံများဖြစ်သော ချီလီ၊ ဥရုဂွေးနှင့် မက္ကဆီကိုနိုင်ငံတို့၏နောက်မှ အမြဲ လိုက်နေခဲ့သည်။

နိုင်ငံတကာ ကျောင်းသားများအကဲဖြတ်ရေး အစီအစဉ်အရ ၂၀၀၆ ခုနှစ်တွင် ပြုလုပ်သည့် စာ



# ကျားဖြစ်ရန် သွေးထားသောဓားများလိုအပ်နေသည့်နိုင်ငံ

ကြည်နေဝင်းမင်း

ဖတ်စွမ်းရည်ပြိုင်ပွဲတွင် ၅၆ နိုင်ငံ ယှဉ်ပြိုင်ရာ၌ ဘရာဇီးနိုင်ငံမှ ၁၅ နှစ်သားအရွယ် ကျောင်းသားများသည် အဆင့် ၄၆ နေရာသာ ရရှိခဲ့သည်။ ကျောင်းသားထက်ဝက်ကျော်မှာ အောက်ဆုံးအဆင့် ရမှတ်များရရှိခဲ့သည်။ သင်္ချာ၊ သိပ္ပံဘာသာရပ်များတွင် ပို၍ပင် ဆိုးဝါးနေပါသေးသည်။ “ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ရှက်သင့်တယ်။ ဒါက ဘာအဓိပ္ပာယ်လဲဆိုတော့ ဘရာဇီးရဲ့ ၁၅ နှစ်အရွယ်ကျောင်းသားတွေဟာ ဒိန်းမတ်တို့၊ ဖင်လန်တို့လို နိုင်ငံမျိုးတွေက ၉ နှစ်၊ ၁၀ နှစ်သားအရွယ်ကျောင်းသားလေးတွေရဲ့ စွမ်းရည်လောက်ပဲရှိတယ်ဆိုတဲ့ သဘောပဲ” ဘရာဇီးနိုင်ငံ၏ ပညာရေးတိုးတက်စေရန် ဆာအိုပိုလိုတွင်အခြေစိုက်ထားသော လီမန်းဖောင်ဒေးရှင်း၏ အမှုဆောင်ဒါရိုက်တာ အီယာနိုဘက်ကက်ပောဇီက ပြောကြားခြင်းဖြစ်ပါသည်။

ဘရာဇီးနိုင်ငံ ရင်ဆိုင်နေရသော ပြဿနာမှာ အမှန်တကယ်ကိုခက်ခဲပါသည်။ မစ္စတာဒါဆေးလ်ဗား ၇ နှစ်သားအထိ နေထိုင်ခဲ့သောနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ဆီးတက်စ်မြို့တွင် လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ စာမတတ်ကြပေ။ ယင်းမှာ အမျိုးသားပျမ်းမျှနှုန်း၏ သုံးဆရှိပါသည်။ ယနေ့အချိန်အခါမှာပင် မိဘများက ကလေးများအားကျောင်းပို့ရေး တစ်ခုတည်းသောအကြောင်းအရင်းမှာ မစ္စတာဒါဆေးလ်ဗားလက်ထက်တွင် အကြီးအကျယ်တိုးချဲ့ခဲ့သော မိသားစုထောက်ပံ့ရေး အစီအစဉ်ကြောင့်ဟု ကျောင်းဆရာများက ပြောပြသည်။ ၎င်းအစီအစဉ်အရ ကလေးများအား ကျောင်းထားပါက မိသားစုတစ်စုလျှင် ကန်ဒေါ်လာ ၁၁၅ ထောက်ပံ့ကြေးရရှိပါသည်။

“ဘာအခွင့်အရေးမှ မရှိတဲ့ဥစ္စာ ဘာလို့စာသင်နေဦးမှာလဲ” ဟုအချို့မိဘများက မေးခွန်းထုတ်ကြကြောင်း ကျေးလက်ကျောင်းတစ်ကျောင်းမှ ဆရာမဖြစ်သူ အန်နာကောလာကပြောပြသည်။

သမ္မတဖြစ်လာချိန်မှာပင် မစ္စတာဒါဆေးလ်ဗား၏ ကိုယ်ပိုင်ပညာရေး အစီအစဉ်များမှာအထနှေးခဲ့ပါသည်။ ပညာရေးဝန်ကြီးနှစ်ဦးအား ထုတ်ပယ်ခဲ့ပြီးမှ ၂၀၀၅ ခုနှစ်တွင် အတည်တကျဝန်ကြီးတစ်ဦး ခန့်အပ်နိုင်ခဲ့သည်။ ထို့နောက်တွင်လည်း အစိုးရ၏ ပညာရေး အစီအစဉ်မှာ ၂၀၀၇ ခုနှစ်အထိ မစတင်နိုင်သေးပေ။ ထိုအချိန်တွင် မစ္စတာဆေးလ်ဗားသမ္မတဖြစ်လာပြီး လေးနှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။

ယခုအခါ သမ္မတသက်တမ်းနောက်ဆုံးနှစ်ထဲသို့ ဝင်ရောက်လာပြီး သမိုင်းတွင် ၎င်း၏နေရာအကြောင်းပြောနေကြစဉ် မစ္စတာဆေးလ်ဗားသည် ပညာရေးကိစ္စကို အရှုံးအမူးဖြစ်လာကြောင်း ၎င်း၏ပညာရေးဝန်ကြီး ဖာနန်ဒိုဟက်ဒက်ကပြောပါသည်။ (ဘရာဇီးနိုင်ငံ၏အခြေခံဥပဒေအရ မစ္စတာဒါဆေးလ်ဗားမှာ နောက်တစ်ကြိမ်ရွေးကောက်ပွဲဝင်ခွင့်မရှိပေ။) ယင်းကို ၎င်းမွေးဖွားခဲ့ရာ မြို့ငယ်သို့ မကြာခင်က ရောက်ရှိလာသောအချိန်တွင် ထင်ထင်ရှားရှား တွေ့မြင်ရပါသည်။

“ကလေးတိုင်းကို ကျွန်တော် သင်ခဲ့ရတာထက် အများကြီး၊ အများကြီးပိုပြီး စာသင်စေချင်တယ်။ သူတို့အားလုံးကို တက္ကသိုလ်က ဒီပလိုမာတွေ ရစေချင်တယ်။ အသက်မွေးဝမ်းကျောင်း ဒီပလိုမာတွေရစေချင်တယ်” ဟုကျောင်းသားများအား လက်ပ်တော့ကွန်ပျူတာများပေးမည့် အစီအစဉ်ကို ကြေညာရင်း မစ္စတာဒါဆေးလ်ဗားကပြောသည်။

အရေးတကြီးရှိမှုမှာ ထိုထက်ပိုပြီး ရှင်းလင်းစရာမရှိပါ။ ဘရာဇီးနိုင်ငံသည် ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် ၎င်းကိုယ်၎င်း တည်ဆောက်ထားပြီး ဖြစ်ပါသည်။ ကုန်ပစ္စည်း ထုတ်လုပ်မှုနှင့် ပြည်တွင်းစားသုံးမှု အကြီးအကျယ် ဖွံ့ဖြိုးလာမှုကို အခွင့်ကောင်းယူ၍ ကမ္ဘာပေါ်တွင် အကြီးမားဆုံး စီးပွားရေးနိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ပါပြီ။ ကြီးမားသော ရေနံသိုက်များအသစ်ထပ်မံ ရှာဖွေတွေ့ရှိခြင်းနှင့် တရုတ်နိုင်ငံသို့ စားနပ်ရိက္ခာနှင့် ကုန်ကြမ်းပစ္စည်းများ ထောက်ပံ့ခြင်းတွင်လည်း အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်နေရာ ဘရာဇီးနိုင်ငံသည် ရှေ့သို့ ပို၍တိုးထွက်ရန် အသင့်အနေအထားဖြစ်နေပါသည်။

သို့သော် နိုင်ငံ၏ ပညာရေးလိုအပ်ချက်များက ဘရာဇီးနိုင်ငံသားအများအပြားအား ဘေးသို့ရောက်ရှိသွားစေခဲ့သည်။ အကြမ်းအားဖြင့် ယခုနှစ်အတွင်း ဘရာဇီးနိုင်ငံ၌ လုပ်သားအင်အား



လိုအပ်ချက် ၂၅ သန်းရှိသည်။ သို့သော်အလုပ်သမား ၂၂ ရာခိုင်နှုန်းမှာ အလုပ်သမားဈေးကွက်၏ လိုအပ်ချက်များအတွက် အရည်အချင်းမပြည့်မီကြောင်း မတ်လတွင်တင်ပြခဲ့သည့် အစိုးရအစီရင်ခံစာတစ်စောင်၌ ဖော်ပြခဲ့ပါသည်။

အချို့မြို့များတွင် အလုပ်ပေးနိုင်သော်လည်း အလုပ်သမားငှားရမ်းရန် အခက်အခဲရှိကြောင်း ၎င်းအစီရင်ခံစာအား ပြုစုခဲ့သည့် ဘရာဇီး နိုင်ငံ၏ လက်တွေ့အသုံးချစီးပွားရေး သုတေသန အင်စတီကျူ့ဒ်၏ ဥက္ကဋ္ဌမာဆီယိုပေါ့ချ်မန်းကပြောပါသည်။ သို့သော် ဘရာဇီးနိုင်ငံ၏ ပညာရေးမှာ အလျင်အမြန်တိုးတက်လာနေပြီ ဖြစ်ကြောင်း ပညာရေးဝန်ကြီး ဒေါက်တာဟက်ဒက်က ပြောကြားပြီး ဆုံးရှုံးခဲ့သောအချိန်များအတွက် အမီလိုက်နိုင်ရန် ဘရာဇီးနိုင်ငံက ကြိုးစားနေပြီဖြစ်ကြောင်း ပြောပါသည်။ မစ္စတာဒါဆေးလ်ဗား အစိုးရလက်ထက်တွင် အသက်မွေးပညာသင်ကျောင်းပေါင်း ၁၈၀ ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခင်က နှစ်ပေါင်း ၉၃ နှစ်အတွင်း ယင်းသို့သော ကျောင်းများ ၁၄၀ ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့် နှိုင်းယှဉ်လျှင် မနည်းမနောတိုးတက်မှုဖြစ်ပါသည်။

သို့သော် တစ်ဖက်တွင်လည်း မစ္စတာဒါဆေးလ်ဗားသည် ၎င်း၏ ပညာရည်နိမ့်ပါးမှုကို အသုံးချကာ ဘရာဇီးနိုင်ငံအား ကြာမြင့်စွာ အုပ်ချုပ်ခဲ့သော ပညာတတ် ရေပေါ်ဆီများကို တိုက်ခိုက်၍ လူကြိုက်များမှု လမ်းကြောင်းလိုက်တတ်ခြင်းမှာ အထောက်အကူမဖြစ်ကြောင်း ၎င်းအား ဝေဖန်တိုက်ခိုက်သူများက ထောက်ပြကြသည်။

အချို့ဘရာဇီး ကုမ္ပဏီများကလည်း ပညာရေးစနစ်အမှီလိုက်လာခြင်းကို စောင့်ဆိုင်းနေမည့်အစား ၎င်းတို့ကိုယ်တိုင် အရေးယူဆောင်ရွက်နေကြပြီး ၎င်းတို့အလုပ်တွင် ခန့်အပ်မည့် လုပ်သားများအား အခြေခံရေးတတ်ဖတ်တတ်စွမ်းရည်နှင့် သင်္ချာအခြေခံများကို သင်ကြားပေးနေကြသည်။ “တရုတ်၊ အိန္ဒိယ၊ ရုရှားတို့နဲ့ နှိုင်းယှဉ်ရင် ပညာရေးဟာ ဘရာဇီးအတွက် တကယ့်ကို တစ်ပန်းရှုံးနေတာပါပဲ” လုပ်သားများကို အခြေခံစွမ်းရည် များ သင်ကြားပေးနေသော Odebrecht ဆောက်လုပ်ရေးကုမ္ပဏီ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး ဒါရိုက်တာ ပေါ်လိုဟင်ရစ်ကွာရက်စ်မာက အခြားကမ္ဘာ့အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံများကို ရည်ညွှန်း၍ပြောဆိုပါသည်။

*—Ref: NY Times*

Entertainment
7 DAY NEWS JOURNAL
Vol.9, No.26 · SEPTEMBER 16, 2010



# ဂျပန်ဂီတရေစီးမှာထိပ်တန်းစာရင်းဝင်လာတဲ့ Girls' Generation

ဆိုးလ် - စက်တင်ဘာ ၁၀

အမျိုးသမီးငယ် ၉ ဦးဖြင့် ဖွဲ့စည်းထားသော တောင်ကိုရီးယားဂီတအဖွဲ့ဖြစ်သည့် Girls Generationသည် ၎င်းတို့၏ပွဲဦးထွက်တေးစီးရီးဖြင့်ဂျပန်နိုင်ငံ၏ဂီတလောကတွင်ထိပ်တန်းစာရင်းဝင်လာကြောင်းဆိုးလ်မှလာသော သတင်းများအရသိရသည်။

သူတို့အဖွဲ့၏ပွဲဦးထွက်တေးစီးရီးGenieကို စက်တင်ဘာလစရက်နေ့ ကဂျပန်တွင်ဖြန့်ချိခဲ့ရာဂျပန်နိုင်ငံ၏အရောင်းရဆုံးတေးစီးရီးဇယား၏နေရာတော်တော်များများနံပတ်တစ်နေရာတွင်ရပ်တည်ခဲ့ကြောင်း သူတို့၏အေဂျင်စီမှတာဝန်ရှိသူကပြောသည်။ ၎င်းတို့၏ထိုပွဲဦးထွက်တေးစီးရီးအယ်ဘမ်ကိုတောင်ကိုရီးယားနိုင်ငံတွင်မူ ၂၀၀၇ခုနှစ်ကတည်းကဖြန့်ချိခဲ့ခြင်းဖြစ်ပြီး ထိုတေးစီးရီးသည်အာရှဒေသရှိ တရုတ်၊ရှန်ဟိုင်းနှင့်ထိုင်းနိုင်ငံတို့တွင်နယ်လှည့်ဖျော်ဖြေပွဲများပြုလုပ်ကာ အောင်မြင်မှုရထားသောတေးစီးရီးဖြစ်သည်။ ယင်းတို့အဖွဲ့သည်လတ်တလောလော့အိန်ဂျလစ်နယ်လှည့်ဖျော်ဖြေရေးကိုပြုလုပ်ခဲ့ပြီး မကြာမီရှန်ဟိုင်းတွင်ဖျော်ဖြေပွဲတစ်ရပ်ပြုလုပ်ရန်ပြင်ဆင်နေကြသည်။ Ref; Hancinema

## နှစ်ကုန်မှာ အယ်လ်ဘမ်သစ်ထွက်မယ့် ရီဟာန်းနာ

လော့စ်အိန်ဂျလိစ်၊ စက်တင်ဘာ - ၈

အမေရိကန်အဆိုတော် ရီဟာန်းနာသည် သူမ၏ အယ်လ်ဘမ်သစ်ကို ယခုနှစ်ကုန်ပိုင်းတွင်ဖြန့်ချိသွားတော့မည်ဖြစ်ကြောင်း သိရသည်။ Loud ဟုအမည်ပေးထားသည့် ယင်းအယ်လ်ဘမ်သစ် ကိုရီဟာန်းနာသည် နိုဝင်ဘာလတွင်း၌ပင် ဖြန့်ချိသွားမည်ဖြစ်သော်လည်း နေ့စွဲအတိအကျမသတ်မှတ်ရသေးဟု ဆိုသည်။ သို့သော် ယင်းအယ်လ်ဘမ်မှ only girl (In the World) သီချင်းကိုမူ အွန်လိုင်းပေါ်တွင် အစမ်းလွှင့်ပြထားကြောင်းသိရသည်။ အဆိုတော်ရီဟာန်းနားကလည်း အယ်လ်ဘမ်သစ်နှင့်ပတ်သက်၍ "၂၀၀၈ ခုနှစ်တုန်းက ထွက်တဲ့ Good Girl Gone Bad လိုပုံစံမျိုးကိုတော့ ကျွန်မပြန်မလုပ်ချင်တော့ပါဘူး။ ခြေလှမ်းအသစ်တွေပဲ စလှမ်းချင်ပါတယ်"ဟုပြောသည်။ ရီဟာန်းနာသည် ၂၀၀၉ ခုနှစ်က ထုတ်ခဲ့သော Rated R အယ်လ်ဘမ်ပုံစံကို လွမ်းဆွတ်မိသော်လည်း ယခုအယ်လ်ဘမ်သစ်၏ ပုံစံနှင့်နှိုင်းယှဉ်စရာမရှိကြောင်းဆိုထားသည်။



—Ref: Showbizspy

အိမ်ထောင်ရေးအချစ်ရေးသတင်းတွေထွက်ပေါ်ပြီးမကြာခင်မှာ မိဘနဲ့သားသမီးဆက်ဆံရေးအဖုအထစ်လေးတချို့ရှိလာခဲ့တဲ့ ရုပ်ရှင်သရုပ်ဆောင်မျိုးစန္ဒီကျော်နဲ့ သူမရဲ့ခင်ပွန်း ဖြိုးကျော်ကျော်မြတ်(ခ) ကျော်မြတ်တို့ကို ဒီတစ်ပတ်တွေ့ဆုံဖြစ်ပါတယ်။ ကျော်မြတ်ဟာ ၂၀၀၁ ခုနှစ်လောက်ကတည်းက ဟစ်ဟော့ပ်ရဲ့ အန်ဒါဂရောင်းလောကမှာ **Crab** ဆိုတဲ့အဖွဲ့နာမည်နဲ့လှုပ်ရှားခဲ့ဖူးသူဖြစ်ပြီး သူတို့အဖွဲ့နဲ့ အစ္စဏီတို့ရေးသားသီဆိုထားတဲ့'ရင်မှာအရင်အတိုင်း' သီချင်းဟာ လူငယ်တွေအကြားအတော်လေးရေပန်းစားအောင်မြင်နေတဲ့ သီချင်းဖြစ်နေပါပြီ။ ဂီတနဲ့ရုပ်ရှင်ပေါင်းစပ်မှုနှစ်ခုကြားက ဖြစ်တည်မှုလေးကို ခံစားကြည့်ကြပါဦး။

## 'အဖျက်အဆီးတွေ အတိုက်အခိုက်တွေကြားထဲက ချစ်ခဲ့ရတာဆိုတော့ ဘယ်လိုအခက်အခဲပဲဖြစ်ဖြစ် လက်တွဲကြမှာဆိုတာ ပြောစရာမလိုအောင်သိကြတယ်'

မျိုးစန္ဒီကျော်၊ ကျော်မြတ်တို့နှင့်တွေ့ဆုံခြင်း

■အေးသူ





**အစ်မနဲ့ကိုကျော်မြတ်တို့ ဘယ်လို စတင်ဆုံစည်းဖြစ်ခဲ့ကြပါသလဲ။**

အစ်မတို့နှစ်ယောက်က နယ်ရိုးသွားရတဲ့ ခရီးစဉ်အရှည်ကြီးမှာ တွေ့ခဲ့ကြတာပါ။ ခရီးသွားဖို့ စုရပ်မှာအစ်မ တစ်ယောက်တည်း နောက်ကျနေတာ။ အထုပ်အပိုးတွေနဲ့ ရှုပ်ယှက်ခတ်ပြီး ကားပေါ်တတ်တဲ့အချိန်မှာ သူ့ကိုတွေ့တော့ စိတ်ထဲမြင်ဖူးသလိုပဲလို့ ထင်ပြီး လူမှားပြီးနှုတ်ဆက်မိတာ။ သွားရင်းလာရင်းနဲ့မှသူနဲ့ကိုယ် ရင်းနှီးသွားကြတယ်။

**ချစ်သူဘဝအမှတ်တရအဖြစ်အပျက်တွေကို ပြောပြပါဆိုရင် ဘာများပြောစရာရှိပါသလဲ။**

ချစ်သူမဖြစ်ခင်ကတည်းက အခက်အခဲတွေ၊ အတိုက်အခိုက်တွေအများကြီးပဲ။ အစ်မကိုသူ့အကြောင်းမဟုတ်တာ တွေလာပြောတယ်။ သူ့ကိုလည်း အစ်မအကြောင်းမဟုတ်တာတွေသွားပြောတယ်။ ထူးထူးခြားခြားအနေနဲ့ မင်းကင်းမြို့မှာ ရှိုးပြီးသွားတဲ့အချိန် ည ၂နာရီလောက်ကြီး တည်းတဲ့ အဆောင်ရှေ့မှာထိုင်ပြီး တစ်ယောက်အကြောင်းတစ်ယောက် ပြောဖြစ်ကြတဲ့ အချိန်လေးကတော့ အမှတ်တရပါ။

**လက်ရှိ ကြုံတွေ့နေရတဲ့ ချစ်သူလက်တွဲဖော်နဲ့ပတ်သက်လို့ မင်းသမီးတစ်ယောက်အနေနဲ့ကျေနပ်မှုရှိပါသလား။**

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ယုံကြည်မှုရှိလို့ ကိုယ့် ရဲ့ အချစ်နဲ့အိမ်ထောင်ရေးအပေါ် အပြည့်အဝကိုယုံကြည်ပါတယ်။

**ကိုကျော်မြတ်ကဂီတသမား။ အစ်မက ရုပ်ရှင်သမားဆိုတော့ တစ်ယောက်အလုပ်အပေါ်တစ်ယောက် ဘယ်လို အကြံပေးမှုမျိုးတွေရှိတတ်ကြလဲ။။**

စာ(၄၅)သို့



"မြစ်"ဗီဒီယိုကားမှ ဇာတ်ဝင်ခန်းတစ်ခု။
ဓာတ်ပုံ - ဆာတိုရီ

## အာရှရုပ်ရှင်ပွဲတော်သို့ မြန်မာဇာတ်ကား "မြစ်" သွားရောက်ပြသမည်

အေးသူ

ရန်ကုန်၊ စက်တင်ဘာ ၁၁

အမေရိကန်နိုင်ငံတွင် ပြုလုပ်မည့် အာရှရုပ်ရှင်ပွဲတော် (Aisa film festival of Minnesota)သို့ မြန်မာနိုင်ငံမှ 'မြစ်' ဗီဒီယိုဇာတ်ကားသွားရောက်ပြသရန်စီစဉ်နေကြောင်း အဆိုပါဇာတ်ကားရိုက်ကူးသူ ဒါရိုက်တာရီဇော်ကပြောသည်။

"ဒီပွဲတော်လုပ်ဖို့စီစဉ်တဲ့ Netmma အဖွဲ့က ဆာတိုရီက ထုတ်တဲ့ဇာတ်ကားတွေရဲ့အရည်အသွေးကိုကြိုက်လို့ ကမ်းလှမ်းတဲ့အခါမှာ ကျွန်တော်တို့ဆီမှာ ၂ကားရှိတယ်။ တစ်ကားက ဆင်ဆာအဆင်မပြေသေးတော့ ကျန်တဲ့ 'မြစ်'ဇာတ်ကားကိုပဲ အချောသတ်ပြီး လှမ်းပို့ဖို့စီစဉ်နေတာပါ။ သူတို့လိုချင်တာက တစ်ကားလုံးကို ကိုယ်ပိုင်ဖန်တီးထားတာမျိုး၊ ဘယ်ကားကိုမှ မှီငြမ်းထားတာမျိုးမဟုတ်တာဆိုတော့ 'မြစ်'က အဲဒီအချက်တွေနဲ့ကိုက်ညီပါတယ်။ ဆာတိုရီကနေ ပြည်ပရုပ်ရှင်ပွဲတော်ကိုပြတာ ဒါပထမဆုံးပေါ့" ဟု ၎င်းကပြောပြသည်။

'မြစ်' ဇာတ်ကားသည် မကွေးမြို့ရှိသောင်ပြင်ထွန်းသောရှုခင်းရှုကွက်များတွင် အများဆုံး ရိုက်ကူးထားပြီး ရဲတိုက်၊ ဝသုန်၊ စိုးမြတ်သူဇာနှင့် ချစ်သုဝေတို့ ပါဝင်သည်။ အချစ်နှင့်မေတ္တာဖွဲ့ဇာတ်လမ်းဖြစ်ပြီး ကြာမြင့်ချိန် တစ်နာရီနှင့် ၅၇မိနစ်ခန့်ဖြစ်သည်။ ဗီဒီယိုဇာတ်ကားဖြစ်သော်လည်းရုပ်ရှင် ပွဲတော်တွင် ပြသရန်စီစဉ်ဖြစ်ခြင်းကို "ကမ်းလှမ်းတဲ့သူတွေက ဗီဒီယိုမှန်းသိပါတယ်။ ကျွန်တော်တို့ကတော့ ဒီဗီဒီပြောင်းပေးလိုက်ရမှာပေါ့။ ရုပ်ရှင်ပွဲတော်ဝင်ဖို့ အရည်အချင်းလည်းမရှိပါဘူး။ ဒါပေမဲ့ ကမ်းလှမ်းလာတော့ ဝမ်းသာပြီး စမ်းသပ်ကြည့်တဲ့သဘောပါပဲ။ အားနည်းချက်တွေနဲ့ပဲအတွေ့အကြုံရအောင်ဝင်ကြည့် တဲ့သဘောပါ" ဟု ဒါရိုက်တာရီဇော်က ထပ်မံပြောပြသည်။

7 DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## ပါကစ္စတန်ရေဘေး ဒုက္ခသည်များနှင့် အန်ဂျလီနာဂျိုလီ တွေ့



ဂျလိုဇိုင် (ပါကစ္စတန်)၊
စက်တင်ဘာ - ၇

အမေရိကန် ရုပ်ရှင်စတား အန်ဂျလီနာဂျိုလီသည် မကြာသေးမီက ရေဘေးဒဏ်ခံစားခဲ့ရသော ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းမှ ပြည်သူများကို သွား ရောက်တွေ့ဆုံပြီး နိုင်ငံတကာ အကူအညီများ ဆက်လက်ပေးအပ်သွားကြရန် ကမ္ဘာ့နိုင်ငံများသို့ ပန်ကြားလိုက်ကြောင်း သိရသည်။

ယခုအခါ ပါကစ္စတန် ရေဘေးအတွက်ငွေကြေး အကူအညီများမှာ နည်းပါးနေဆဲဖြစ်ပြီး ဂျိုလီ၏ ကုလသမဂ္ဂ နှလုံးလှသံတမန်အဖြစ်လာရောက်သော ဤခရီးစဉ်က ကမ္ဘာ့နိုင်ငံများနှင့် လူပုဂ္ဂိုလ်များအား အလှူငွေများ ပိုမိုလှူဒါန်းနိုင်အောင် ဆွဲဆောင်နိုင်လိမ့်မည်ဟု တာဝန်ရှိသူများက မျှော်လင့်နေသည်။

အသက် ၃၅ နှစ်အရွယ် မင်းသမီးက ဂျလိုဇိုင်ဒေသရှိ ဒုက္ခသည်စခန်းတွင် ရေဘေးဒုက္ခသည်များနှင့် တွေ့ဆုံပြီးနောက် "ပါကစ္စတန်မှာ အကူအညီလိုနေတဲ့ လူတွေအားလုံးကို တစ်ခုခုအကူအညီပေးနိုင်ဖို့ ကျွန်မမျှော်လင့်ပါတယ်" ဟုပြောသည်။ ဂျိုလီသည် ဒုက္ခသည်များကို တွေ့ဆုံရာတွင် ပါကစ္စတန်မွတ်ဆလင်အမျိုးသမီးများဝတ်လေ့ရှိသည့်ခေါင်းဆောင်းနှင့်ခြုံလွှာအင်္ကျီရှည်ကို ဝတ်ဆင်ခဲ့သည်။ ကုလသမဂ္ဂသည် ပြီးခဲ့သည့်ဩဂုတ် ၁၁ရက်က ပါကစ္စတန်ရေဘေးအတွက်အရေးပေါ် အကူအညီ ကန်ဒေါ်လာသန်း ၄၆၀လိုသည်ဟု ခန့်မှန်းခဲ့သော်လည်း ယခုအချိန်အထိ နိုင်ငံတကာ ရန်ပုံငွေမှာ ကန်ဒေါ်လာ ၂၉၄ သန်းသာရသေးကြောင်း သိရသည်။ —Ref: AP

## ဈေးဝယ်စင်တာနှင့်တွဲလျက် ဂျန်းရှင်းစီနီပလက်ရုပ်ရှင်နှစ်ရုံဖွင့်မည်


ဓာတ်ပုံ - အေးသူ

အေးသူ

ရန်ကုန်၊ စက်တင်ဘာ - ၁၁

ဂျန်းရှင်းစီနီပလက် (Junction Cineplex) ရုပ်ရှင်ရုံနှစ်ရုံကို ယခုလ ၁၈ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အကြိုရုပ်ရှင်ပြသခြင်းအဖြစ် ယခုလ၁၁ရက်က အဆိုပါရုပ်ရှင်ရုံတည်ရှိရာ Junction မော်တင်စင်တာလေးထပ်တွင် Avatar ဇာတ်ကားကို ပြသခဲ့သည်။

"ပွဲချိန်ကတော့ တခြားရုံတွေလို ငါးချိန်ပြမှာပါ။ ပရိုဂျက်တာရဲ့ အကျယ်အဝန်းကတော့ နိုင်ငံခြားဇာတ်ကားဆိုရင် မြင်ကွင်းအပြည့်အဝနဲ့ပြမှာဖြစ်ပြီး မြန်မာကားဆိုရင်တော့ Scope တစ်မျိုးနဲ့ပြမှာပါ။ ဒီလ ၁၈ရက်နေ့စပြီးဖွင့်မှာပါ"ဟု ယင်းရုပ်ရှင်ရုံကို တည်ဆောက်ပြသသည့် ရွှေတောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရုပ်ရှင်ရုံတစ်ရုံလျှင် ထိုင်ခုံ ၂၂၀ ပါဝင်ပြီး ရုံနှစ်ရုံအတွက် လူဦးရေပေါင်း ၄၆၀ ဝင်ဆံ့ကြည့်ရှုနိုင်ပြီး ရုပ်ရှင်အရည်အသွေးအတွက် Strong Brand ပရိုဂျက်တာ၊ ဒေါ်ဘီဒစ်ဂျစ်တယ်အသံစနစ်နှင့် Accoustic စနစ်တို့ကို အသုံးပြုထားခြင်းကြောင့် အသံပတ်လည်ပြေးစနစ်ကို အပြည့်အဝ ခံစားနိုင်ကြောင်း သိရသည်။ ရုပ်ရှင်ရုံဖွင့်ပွဲတွင် မြန်မာဇာတ်ကား 'ဂွတ်ရှယ်သမက်'ဖြင့် စတင်ပြသမည်ဟုသိရပြီး လက်မှတ်များဝေငှရန်အစီစဉ်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

မြန်မာနိုင်ငံတွင် ပထမဆုံး ရှော့ပင်း စင်တာနှင့်တွဲ၍ ရုပ်ရှင်ရုံနှစ်ရုံပါရှိခြင်းဖြစ်ပြီး ထိုင်ခုံဈေးနှုန်းများကို ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀ နှင့် ၆၅၀၀ (နှစ်ယောက်ခုံ) သတ်မှတ်ထားသည်။ မိမိထိုင်ခုံကို ကွန်ပျူတာစကရင်တွင် ရွေးချယ်ဝယ်ယူနိုင်ပြီး နိုင်ငံခြားဇာတ်ကားနှင့် မြန်မာဇာတ်ကားသစ်တစ်ကားစီ ပြသမည်ဟု ဆိုသည်။



## စာ – ၄၃၊ မျိုးစန္ဒီကျော်၊ ကျော်မြတ်တို့နှင့်တွေ့ဆုံခြင်း မှ

အစ်မအလုပ်နဲ့ပတ်သက်ပြီး သူအကြံပေးတာပိုများတယ်။ အစ်မက သူ့သီချင်းကိုနားပဲ နားထောင်တတ်တယ်။ သိပ်နားမလည်ဘူး။ အဝတ်အစားဆိုရင် ဘယ်လိုစတိုင်လ်နဲ့ ဘယ်လိုပုံစံက ပိုမိုက်တယ်ဆိုတာမျိုး သူအမြဲပြောတယ်။ အိုက်တင်ဆိုလည်း ဘယ်လိုဆိုပိုကောင်းတယ်လို့ ပြောပြတယ်။ အစ်မဘာလုပ်လုပ် သူကသဘောကျတယ်။

**အသက်အရွယ်ကွာဟမှုကိုအစ်မတို့အိမ်ထောင်ရေးမှာ ဘယ်လိုညှိနှိုင်းပြီး ရှေ့ဆက်သွားကြမှာပါလဲ။**

တကယ်တမ်းအစ်မက သူ့ထက်ကြီးပေမယ့် သူက လူကြီးအရမ်းဆန်တယ်။ အစ်မက ကိုယ်လုပ်စရာရှိတာလုပ်မယ်။ ပျော်ပျော်နေတယ်။ သူကျတော့ အိမ်မှာလည်း လူကြီးတစ်ယောက်လို ဦးဆောင်တယ်။ အစ်မကိုလည်း လူကြီးတစ်ယောက်လိုပဲဆက်ဆံတယ်။

**အစ်မတို့နှစ်ယောက်လက်ထပ်ပြီးပြီဆိုတဲ့သတင်းတွေ ထွက်နေတော့ ကာယကံရှင်အနေနဲ့ ဘာများ ပြောလိုပါသလဲ။**

အစ်မတို့သဘောက သူသဘောတက်မယ်။ ရှေ့နှစ်ပြန်လာရင် လူကြီးစုံရာနဲ့တင့်တင့်တယ်တယ်လက်ထပ်မယ်ပေ့ါ။ အစ်မတို့နှစ်ယောက်လုံးနဲ့ရင်းနှီးတဲ့မိတ်ဆွေသူငယ်ချင်းတွေအားလုံးလည်း ဒါကိုသိကြတယ်။ ဒါပေမဲ့ မထင်မှတ်ဘဲ အစ်မအိမ်က အပြောင်းအလဲတွေဖြစ်သွားခဲ့တော့ ဒီနှစ်ထဲမှာပဲ ချက်ချင်းကြီးယူလိုက်ရသလိုဖြစ်သွားတော့တာပေ့ါ။

**မင်္ဂလာဆောင်ရက်ကိုရောဘယ်နေ့လို့သတ်မှတ်ထားပါသလဲ။**

ဒီဇင်ဘာလ ဒါမှမဟုတ် ၂၀၁၁ခုနှစ်၊ တစ်လပိုင်းဖြစ်ဖို့များတယ်။ ဆီဒိုးနားဖြစ်ဖို့များတယ်။ မြန်မာဆန်ဆန်ပုံစံမျိုးပဲလုပ်ဖြစ်မှာပါ။ ပွဲကတော့ အများကြီးမလုပ်ဖြစ်တော့ဘူး။ အစ်မဘက်ကမစုံမလင်နဲ့ဆိုတော့ ကိုယ်က မြန်မာမိန်းကလေးတစ်ယောက်ဖြစ်လို့သာ တင့်တင့်တယ်တယ် ခမ်းခမ်းနားနားလေးလုပ်ဖြစ်မှာ။ တစ်ပွဲတည်းနဲ့အကုန်လုံးစုံစေ့အောင် စီစဉ်သွားမှာပါ။

**မင်းသမီးတစ်ယောက်ရဲ့မင်္ဂလာပွဲဖြစ်လို့ အစ်မရဲ့ရင်ခုန်စိတ်ကူးလေးကို သိချင်ပါတယ်။**

အစ်မပွဲကျရင်တော့ ရှေ့ကဆောင်သွားကြတဲ့မင်းသမီးတွေရဲ့ မင်္ဂလာပွဲနဲ့ မတူတဲ့ ထူးခြားမှုလေးတွေဖြစ်လာမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အစ်မတို့နှစ်ယောက်က မထင်မှတ်တဲ့အလှည့်အပြောင်းတွေ၊ ကံကြမ္မာတွေ၊အဖြစ်အပျက်တွေနဲ့ယူရတာကိုး။ ဒါပေမဲ့ ပျော်စရာကောင်းတဲ့ပွဲလေးဖြစ်အောင် တော့စီစဉ်မှာပါ။

**မိဘတွေနဲ့အစ်မတို့ပြန်ပြီးညှိနှိုင်းနေတယ်ဆိုတာကရော အခြေအနေဘယ်လိုရှိပါသလဲ။**

မိဘကိုစော်ကားတဲ့အထဲမှာ နဂိုတည်းက အစ်မမပါဘူး။ မိဘကို တစ်သက်လုံးလုပ်ကျွေးခဲ့တဲ့သမီးပဲ။ မိဘမကြိုက်တာလုပ်ခဲ့တာလည်းမရှိဘူး။ အမှန်တရားဆိုတာတော့တစ်နေ့ပေါ်လာမှာပါ။ အစ်မဘက်က မဟုတ်တာလုပ်ဖို့လည်းမရှိဘူး။

**အစ်မမိဘတွေရဲ့သဘောထားကြောင့် အစ်မခင်ပွန်းနဲ့နားလည်မှု ဘယ်လိုညှိနှိုင်းခဲ့ရပါသလဲ။**

နဂိုတည်းက အဖျက်အဆီးတွေ အတိုက်အခိုက်တွေကြားထဲကချစ်ခဲ့ရတာဆိုတော့ ဘယ်လိုအခက်အခဲပဲဖြစ်ဖြစ် လက်တွဲကြမှာဆိုတာ ပြောစရာမလိုအောင်သိကြတယ်။ သူက အစ်မကိုနားလည်ပေးရတာအများကြီးပေ့ါ။ သူ့ဘက်က ညှိစရာမလိုဘူး။ အားလုံးက အစ်မကိုချစ်ကြတယ်။ ဒီဘက်ကမိဘတွေက နားလည်ပြီးလက်ခံပေးတဲ့အတွက် ဝမ်းသာဝမ်းနည်းပေ့ါ။ ဒီဘက်မိသားစုကအစ်မကို ချွေးမလိုဆက်ဆံတာမဟုတ်ဘူး။

**နယ်ကိုသွားကြတော့ နယ်ပရိသတ်ကအစ်မတို့နှစ်ယောက်ကို ဘယ်လိုတုံ့ပြန်ဆက်ဆံကြပါသလဲ။**

နယ်ကပရိသတ်က အရင်ကထက် ပိုအားပေးတယ်။ တချို့က အစ်မအကြောင်းကိုသိလို့ ကရုဏာသက်ပြီးဝိုင်းအားပေးကြတယ်။ နယ်က ပိုပွင့်လင်းတော့ မေးတာမြန်းတာကအစ ဒဲ့တွေပြောတာ။ သားသမီးအဖြစ်ပြန်မွေးစားမယ်တောင် လူကြီးတွေကပြောကြတယ်။ (မျိုးစန္ဒီကျော်က မေးခွန်းတွေကို ဖြေကြားအပြီးမှာ အနားမှာရှိတဲ့သူမခင်ပွန်းကိုကျော်မြတ်ကိုလည်း ဆက်လက်မေးမြန်းဖြစ်ပါတယ်။)

**ကျော်မြတ်**

**အစ်မကိုစတွေ့တော့ ကိုကျော်မြတ်ရဲ့ရင်ထဲမှာဘယ်လိုခံစားမိလဲ။**

ကျွန်တော်တို့ရိုးဆိုဖို့ခရီးသွားတဲ့ ကားပေါ်ကိုသူက နောက်ကျပြီး ဝရုန်းသုန်းကားစတက်လာတာကိုတွေ့ပြီးသတိထားမိတယ်။ လူမှားပြီး ရုတ်တရက်ကြီး စကားလာပြောတော့ ကျွန်တော်က သူ့ကို တစ်ချိန်လုံးကြည့်နေတော့ အံ့အားသင့်သွားတာပေ့ါ။ စတွေ့တွေ့ချင်းမှာ အမည်မဖော်တတ်ပေမယ့် နောက်ပိုင်း သူ့နားမှာနေရတဲ့ခံစားချက်လေးကိုစွဲလမ်းလာတယ်။ နောက်မှတဖြည်းဖြည်း အချစ်လို့ပုံဖော်တတ်လာတာပါ။

**မင်းသမီးတစ်ယောက်ကိုချစ်ဖို့ အစ်ကိုဘာတွေစဉ်းစားခဲ့လဲ။**

သူ့ကိုမင်းသမီးဆိုတာ တစ်ခါတလေမေ့နေတယ်။ မင်းသမီးကို ချစ်မိမယ်လို့လည်းမထင်ဘူး။ ဒါပေမဲ့ ကျွန်တော်သူ့ကိုကလေးလေးတစ်ယောက်လိုချစ်တာပါ။

**အစ်မမိဘတွေရဲ့သဘောထားကြောင့် ကိုကျော်မြတ်စိတ်ကို ဘယ်လိုပြန်ဖြေပါသလဲ။**

ကျွန်တော်စိတ်ကိုဖြေတာထက်ဖြစ်ချိန်တန်လို့ဖြစ်တာလို့ပဲ ခံယူပါတယ်။ ဒီအချိန်မှာ ကျွန်တော့်ထက်သူက ပိုခံစားရမှာလေ။ ကျွန်တော့်အတွက်လို့ ခံစားနေရင် သူ့ကိုအားပေးနှစ်သိမ့်ဖို့အချိန်မရှိဘဲနေလိမ့်မယ်။ ကိုယ့်အတွက် မတွေးပါဘူး။ သူ့အတွက်ပဲခံစားပေးပါတယ်။ သူ့ကိုတင့်တောင်တင့်တယ်ထားနိုင်အောင်၊ သူလိုသမျှ အတိုင်းအဆမရှိ သူ့ကို ဖြည့်ဆည်းပေးမှာပါ။

## အနုပညာသတင်းတိုများ

**အေးသူ**

■တေးရေးအောင်နိုင်စန်းစီစဉ်ပြီး မမီးမီးထုတ်လုပ်မည့် 'ကွင်းဘေးနားက စောင့်နေမယ်။ ဝါကာဝါကာ' တေးစုတွင် ဘရိတ်ကီ၊ အောင်ခန့်၊ ချောစုခင်၊ ဖြူဖြူကျော်သိန်း၊ ဇမ်နူး၊ မစ်ကီကိုးလ်၊ ချမ်းချမ်း၊ အေသင်ချိုဆွေ၊ အောင်သီဟ၊ စစ်သွေး၊ ရတနာမိုင်၊ အိုင်ရင်း၊ သက်မှူးခင်၊ ချောငယ်ငယ်ဟိန်းတို့ပါဝင်သီဆိုထားပြီး နိုက်တင်ဂေးလ် တီးဝိုင်းဖြင့် တီးခတ်ထားသည်။ မကြာမီ ရတနာမြိုင်ထုတ်လုပ်ရေးမှ ဖြန့်ချိမည်ဟုသိရသည်။

■ကိုအောင်မင်းသိမ်း အလွမ်းပြေအမှတ်တရအဖြစ် မကွယ်လွန်ခင် နောက်ဆုံးအချိန်တွင် ပန်းချီရေးဖော်သူငယ်ချင်းများနှင့်အတူ အပျော် ခရီးထွက်ရင်းရိုက်ကူးခဲ့သည့် ဇာတ်လမ်းတိုလေးကို စက်တင်ဘာ ၁၁ ရက်နေ့က New Treasure ပန်းချီပြခန်းတွင် ပြသခဲ့သည်။

■Mr & Ms Best Model ပြိုင်ပွဲကို ယခုလ ၁၉ရက်နေ့တွင် ဒဂုံစင်တာ ရှော့ပင်းမောလ်၌ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

■ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် နဒီဝင့်နိုင်သည် ၂၄ နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် စက်တင်ဘာလ ၇ရက်နေ့က မျက်မမြင်ကျောင်း(ခဝဲခြံ)၊ မသန်စွမ်းပြုစုရေးဌာန (ကျိုက်ဝိုင်း) နှင့် မိဘမဲ့ကျောင်း (ကြို့စက်ကုန်း၊ ရှစ်မိုင်)တို့တွင် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

## "အားလုံးအတွက် ဂီတည" ရှိုးတွင် ပလေးဘွိုင်းအဆိုတော်ကြီးများပါဝင်ဖျော်ဖြေမည်

**အေးသူ**

ရန်ကုန်၊ စက်တင်ဘာ ၁၀

'အားလုံးအတွက် သီချင်းည' **(Musical night for all)** စတိတ်ရှိုးတွင် ပလေးဘွိုင်းတီးဝိုင်းမှ အဆိုတော်ကြီးများနှင့် ယနေ့ ခေတ်ပေါ်အဆိုတော်များဖျော်ဖြေကြမည်ဖြစ်ပြီး ယခုလ ၁၇ရက်နေ့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူကပြောသည်။

ဖျော်ဖြေပွဲတွင် **The Goldies** တီးဝိုင်း၊ **Plus Three** တီးဝိုင်းတို့၏တီးခတ်မှုနှင့်အတူ အဆိုတော်ပလေးဘွိုင်းသန်းနိုင်၊ ဘိုဘိုဟန်၊ ကံကော်တောမျိုးအောင်၊ စိုးပိုင်၊ ဗစ်တာခင်ညို၊ စိုင်းဆိုင်မောဝ်၊ ခိုင်ထူး၊ ခင်မောင်တိုး၊ ခင်မောင်ထူး၊ ဇော်ဝင်းရှိန်၊ ချစ်ကောင်း၊ ဘိုဖြူ၊ အယ်လ်လွန်းဝါ၊ နွဲ့ယဉ်ဝင်း၊ ဆုန်သင်းပါရ်၊ ခင်ဘုဏ်း၊ ချမ်းချမ်းနှင့် နေနေတို့ ဖျော်ဖြေကြမည်ဖြစ်သည်။

"ဒီပွဲက လူကြီးတွေရော၊ လူငယ်တွေရော ပရိသတ်တွေစုံမယ့်ပွဲဖြစ်လို့ ပွဲရဲ့ခေါင်းစဉ်ကိုလည်း Musical Night for all လို့ နာမည်ပေးထားတာပါ။ အဆိုတော်တွေများတော့ အပုဒ်ရေနည်းမှာပေ့ါ။ အဓိကက အရည်အသွေးကိုဦးစားပေးတဲ့သဘောပါ။ ရိုက်ကူးရေးလည်းပါပါတယ်။ အခွေပြန်ထုတ်ဖို့လည်းရှိပါတယ်"ဟု ပွဲစီစဉ်သူ ဦးပီးပေါ်က ပြောသည်။

လက်မှတ်ဈေးနှုန်းများကို ကျပ်တစ်သောင်းခွဲ၊ တစ်သောင်းနှစ်ထောင်၊ တစ်သောင်းနှင့်ငါးထောင်သတ်မှတ်ထားပြီး စက်တင်ဘာလ၁၇ရက်နေ့ ညနေ ၆နာရီခွဲတွင် စတင်ဖျော်ဖြေမည်ဟုသိရသည်။

## အဆိုတော်အဟောင်းအသစ်တို့ပါဝင်သည့် "ဝင်လာမစဲတသဲသဲ"စီးရီးနှစ်ခွေတွဲထွက်မည်

အေးသူ

ရန်ကုန်၊

စက်တင်ဘာ ၁၁

အဆိုတော်အဟောင်းအသစ်များစွာပါဝင်သော 'ဝင်လာမစဲတသဲသဲ' စီးရီးနှစ်ခွေတွဲကို စက်တင်ဘာလ ၁၈ရက်နေ့တွင် ထွဋ်မှုခေါင်တေးထုတ်လုပ်ရေးမှ ဗီစီဒီထွက်ရှိမည်ဖြစ်ကြောင်း ယခုလ၉ ရက်နေ့က စီးတီးစတားတွင်ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် တေးစီးရီးစီစဉ်သူက ပြောကြားသည်။

ယခုစီးရီး ခေါင်းစီးသီချင်း 'ဝင်လာမစဲတသဲသဲ' ကိုဟဲလေးက ရေးသားသီဆိုထားပြီး အယ်လွန်းဝါ၊ ဖိုးကာ၊ ဆွေဟိန်း၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်းတို့နှင့်အတူ မျိုးဆက်သစ်လူငယ်အဆိုရှင်များဖြစ်သည့် မိုးထက်ပိုင်၊ အားဇင်၊ The Sky၊ လပြည့်၊ ဒီယွန်းလေး၊ နော်ဒေါရစ်၊ ဟိဏ်းသစ်၊ နွေးနွေးကို၊ ထက်ထက်ဆုလှိုင်၊ စောအယ်လ်၊ ညီလင်းထွန်း၊ ဝတီ၊ စွဲလန်းဖြူ၊ ခိုင်ရွှေဝါ၊ မွန်မွန်ကြည်ဖြူ၊ ဒီရေတိုး၊ လျှံဟိန်း၊ ဂျူလိုင်၊ ထူးမော်နှင့် မြတ်သဲအိမ်တို့ ပါဝင်သီဆိုထားကြသည်။

"ဒီအခွေက ဂီတမျိုးဆက်သစ်တွေကိုလက်ဆင့်ကမ်း ခေါ်ဆောင်လာတဲ့အခွေလို့ ပြောလို့ရပါတယ်။ အခက်အခဲပေါင်းများစွာထဲကနေ ထွက်လာနိုင်ပါပြီ။ ဂီတကိုရူးသွပ်ခုံမင်တဲ့သူတွေ အများစုပါတဲ့ ဒီအခွေလေးကို ဈေးကွက်မှာ စိတ်ဝင်စားမယ်လို့ မျှော်လင့်ပါတယ်"ဟု စီးရီးမိတ်ဆက်ပွဲတွင် စာနယ်ဇင်းဆရာ ဦးအောင်လျှံဝိုင်းက ပြောကြားခဲ့သည်။

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The American | Focus Features | ၁၆,၃၂၀,၅၇၅ | ၁ |
| ၂။ | Machete | 20th Century Fox | ၁၁,၄၁၆,၁၆၄ | ၁ |
| ၃။ | Takers | Sony Pic: | ၃၇,၃၂၇,၅၅၇ | ၂ |
| ၄။ | The Last Exorcism | Lionsgate | ၃၂,၁၁၄,၃၆၀ | ၂ |
| ၅။ | Going the Distance | Warner Bros Pic: | ၆,၈၈၄,၉၆၄ | ၁ |
| ၆။ | The Expendables | Lionsgate | ၉၂,၁၈၇,၉၀၃ | ၄ |
| ၇။ | The Other Guys | Sony Pic: | ၁၀၆,၇၅၄,၁၀၀ | ၅ |
| ၈။ | Eat Pray Love | Sony Pic: | ၆၈,၉၀၄,၇၉၂ | ၅ |
| ၉။ | Inception | Warner Bros Pic | ၂၇၇,၁၄၅,၅၀၃ | ၈ |
| ၁၀။ | Nanny McPhee Returns | N/A | ၂၂,၃၉၉,၉၀၀ | ၃ |

## Movie Review

### Wall Street: Money Never Sleeps

သက်တမ်းရှည်ထောင်နန်းစံခဲ့ရသော ဂေါ်ဒွန်တစ်ယောက် ထောင်မှ ထွက်လာသောအခါ သူတစ်ချိန်က စိုးမိုးခဲ့သော ဘဏ္ဍာရေးဈေးကွက်များရှိရာ Wall Street နှင့် မဆိုင်သလို နေနေရသည်။ အဆက်ပြတ်နေသော သမီးကို ပြန်လည်ဆက်သွယ်ရာမှ သမီး၏ချစ်သူ ဂျက်ကော့နှင့် ဆုံတွေ့သွားသည်။ ဂေါ်ဒွန်ကို လေးစားလက်စရှိသောဂျက်ကော့ကလည်း အဖေတစ်ယောက်လို ဂေါ်ဒွန်ကို မှတ်ယူပြီး ဂေါ်ဒွန်ညွှန်ပြရာ လမ်းကြောင်းအတိုင်း လျှောက်လမ်းခဲ့ရာ ဂေါ်ဒွန်တွင် သူ့



နာမည်ကို အဖတ်ဆယ်လိုသော ရည်ရွယ်ချက်အပြင် အခြားရည်ရွယ်ချက်များရှိနေသည်ကို ဂျက်ကော့တစ်ယောက် အချိန်မီသိမြင်မည်လားဆိုသည်မှာ. .။

Wall Street ဘဏ္ဍာရေးဈေးကွက်လောဘသားများ အကြောင်း ရိုက်ကူးထားသော ဇာတ်ကားအား ပထမတစ်ကြိမ် ၁၉၈၇ ခုနှစ်တွင် ရိုက်ကူးခဲ့ရာ Michael Douglas အကယ်ဒမီဆုရရှိခဲ့သည်။ ယခုယင်းဇာတ်ကား အဆက်တွင်လည်း Michael Douglas နှင့်အတူ Shia LaBeouf Carey Mullingan တို့ ပါဝင်ထားသည်။ ဒါရိုက်တာမှာ Oliver Stone ဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်တွင် 20th Century က ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.9, No.26 • SEPTEMBER 16, 2010

## ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင်ကစားနည်းထည့်သွင်းကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ – ၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်မည့် ၂၀၁၃ ခုနှစ်၊ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင် အားကစားနည်းအားထည့်သွင်းကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင်လွင်ကပြောသည်။

"မြန်မာနိုင်ငံမှာ ပြုလုပ်မယ့် ၂၀၁၃ ဆီးဂိမ်းမှာ စစ်တုရင်အားကစားနည်းကို ထည့်သွင်းကျင်းပမှာပါ။ ထိုအတူပဲ မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်းကိုလည်း ထည့်သွင်း ကျင်းပနိုင်ဖို့ စီစဉ်နေပါတယ်။ မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်းနဲ့ ကိုးဆယ်ရာခိုင်နှုန်းလောက် တူညီတဲ့ အိမ်နီးချင်းနိုင်ငံတွေကလည်း ကန့်ကွက်တာမရှိပါဘူး။ အခြားသက်ဆိုင်ရာနိုင်ငံတွေကလည်း ထောက်ခံကြမယ့် အနေအထားရှိပါတယ်" ဟု ဦးမောင်မောင်လွင်က ပြောသည်။

မြန်မာနိုင်ငံတွင် ရိုးရာစစ်တုရင် အားကစာနည်းပြိုင်ပွဲအား မကျင်းပဖြစ်သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်ပြီး၊ မြန်မာ့ရိုးရာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲအား ၂၀၀၈ ခုနှစ်မှ စတင်ကာ ပြန်လည်ကျင်းပနိုင်ခဲ့သည်။ ယခုနှစ်တွင်လည်း စက်တင်ဘာ ၂၇ ရက်မှ စတင်ကျင်းပမည့် ပြည်နယ်နှင့်တိုင်းစစ်တုရင်ပြိုင်ပွဲနှင့် တစ်ဆက်တည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာစစ်တုရင်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ထို့အပြင် မြန်မာ့ရိုးရာစစ်တုရင်အားကစားနည်းအား လူငယ်များကြားတွင် ပိုမိုပျံ့နှံ့စေရန်အတွက် ပြိုင်ပွဲများကို တိုးချဲ့ကျင်းပသွားမည် ဖြစ်ပြီး လူသစ်တန်း၊ လူငယ်ပြိုင်ပွဲများကျင်းပကာ မျိုးဆက်သစ်ကစားသမားများကို ရှာဖွေသွားမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။



ဓာတ်ပုံ – ဗိုလ်ဗိုလ်ဝင်း

## ရန်ကုန်ယူနိုက်တက်ရှုံးရခြင်းမှာ မိမိ၏အားနည်းချက်ကြောင့်သာဖြစ်သည်ဟု နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းကဆို

**ဗိုလ်ဗိုလ်ဝင်း**

ရန်ကုန်၊ စက်တင်ဘာ-၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖလား MFF Max Cement Cup ရှုံးထွက်ပြိုင်ပွဲတွင် ဆောက်သမ်းမြန်မာအသင်းအား ရှုံးနိမ့်ခဲ့ရခြင်းမှာ မိမိ၏အားနည်းချက်ကြောင့်သာဖြစ်ကြောင်း ရန်ကုန်ယူနိုက်တက်အသင်း၏ နည်းပြချုပ်ဦးမျိုးလှိုင်ဝင်းက ပွဲအပြီးတွင် ပြောကြားခဲ့သည်။

"နည်းပြဆရာအားလုံးကတော့ အောင်မြင်တဲ့အသင်းကို ဖန်တီးချင်ကြတာပါပဲ။ ဒီနေ့ပွဲမှာ ရှုံးရတာဟာ နည်းပြချုပ်တာဝန်ယူထားတဲ့ ကျွန်တော်ညံ့လို့ပါ။ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ အခုလို ချန်ပီယံဆုတစ်ခုကို လက်လွှတ်လိုက်ရတဲ့အတွက်လည်း တော်တော်စိတ်မကောင်းဖြစ်ပါတယ်။ အခုလို နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရတဲ့အတွက် ပရိသတ်တွေကို အနူးအညွတ် တောင်းပန်ပါတယ်" ဟု ဆောက်သမ်းမြန်မာအသင်းအား ရှုံးနိမ့်ခဲ့သည့် ပွဲပြီးသတင်းစာ ရှင်းလင်းပွဲတွင် ဦးမျိုးလှိုင်ဝင်းက ပြောကြားသည်။ ထို့အပြင် ဝင်းအနေဖြင့် နည်းစနစ်ဒါရိုက်တာ အဲရစ်ဝီလျံနှင့် တိုင်ပင်၍ အကောင်းဆုံးဟု ယူဆရသည့် အသင်းကို ပွဲထွက်စေခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။



ဓာတ်ပုံ – အောင်အောင်

သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော အဆိုပါပွဲစဉ်တွင် ရန်ကုန်အသင်းသည် ဆောက်သမ်းမြန်မာအသင်းအား ပွဲအစ ၇ မိနစ်တွင် ဦးဆောင်ဂိုးပေးလိုက်ရပြီးနောက် ချေပဂိုး ပြန်လည်ရရှိရန် တိုက်စစ်မြှင့်တင် ကစားခဲ့သော်လည်း ပထမပိုင်းတွင် ချာလက်စ်အိုဘီနှင့် အောင်စည်သူအတွဲ အလုပ်မဖြစ်ခဲ့သလို၊ ဒုတိယပိုင်း၌ ကျော်သူရနှင့် လီယိုနာဒိုကို ပွဲထုတ်ခဲ့သော်လည်း ချေပဂိုးပြန်လည်မရရှိခဲ့ပေ။ ဆောက်သမ်းမြန်မာအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးအား ပထမဂိုးသွင်းယူခဲ့သည့် ပရင့်ကပင် ဒုတိယပိုင်းမိနစ် ၉၀ တွင် သွင်းယူခဲ့သည်။

ဆောက်သမ်းမြန်မာအသင်းသည် အဆိုပါပွဲစဉ်အနိုင်ရရှိခဲ့သည့်အတွက် ကွာတားဖိုင်နယ်အဆင့်တွင် မကွေးအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အောင်ဆန်းကွင်း၌ ကစားခဲ့သည့် အခြားပွဲစဉ်တွင် ကမ္ဘောဇအသင်းက ရက္ခပူရအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်၌ ကာကွယ်ရေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာလိဂ်အမှတ်ပေးပြိုင်ပွဲများ သုံးပတ်ခန့် ရပ်နားထားမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ – ၈**

AFC President's Cup 2010 ပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်များကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သောကြောင့် မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲများကို ပွဲစဉ် ၁၆ အပြီးတွင် သုံးပတ်ခန့်ရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

AFC President's Cup ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များအား ယခုလ ၂၄ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံကိုယ်စားပြုရတနာပုံအသင်းသည် အကြိုဗိုလ်လုပွဲတွင် တာဂျစ် ကစ္စတန်ကလပ်ဗာကက်ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားအကြိုဗိုလ်လုပွဲစဉ်တွင် ဒိုဒွိုင်းဒိုင်နမိုအသင်း(ကာဂျစ်စတန်)နှင့် အိုင်တီတီယူ(တာ့ခ်မင်နစ္စတန်)တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် စက်တင်ဘာ ၁၃ ရက်တွင် ပြီးဆုံးမည့် အမ်အင်န်အယ်လ်ပြိုင်ပွဲကို ပွဲစဉ် ၁၆ အပြီးတွင် ခေတ္တရပ်နားထားမည်ဖြစ်ပြီး ပွဲစဉ် ၁၇ အား အောက်တိုဘာ ၂ ရက်မှ စတင်၍ ပြန်လည်ကျင်းပသွားမည်ဟု သိရသည်။ ထို့အပြင် အပတ်စဉ်ဗုဒ္ဓဟူးနေ့များတွင် ကျင်းပလျက်ရှိသည့် MFF Max Cement ရှုံးထွက်ဖလားပြိုင်ပွဲကိုလည်း ယခုလ ၁၅ ရက်ပွဲစဉ်အပြီးတွင် ခေတ္တရပ်နားထားမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၂၉ ရက်တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။



# AFC အကြိုဗိုလ်လုပွဲသို့ မန္တလေးမှ ရတနာပုံပရိသတ် အားပေးနိုင်ရန် ရထားစင်းလုံးငှားစီစဉ်ပေးမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ – ၁၀**

ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် ရတနာပုံအသင်း၏ AFC President's Cup အကြိုဗိုလ်လုပွဲစဉ်ကို မန္တလေးမြို့မှ ပရိသတ်များ လိုက်ပါကြည့်ရှုနိုင်ရန် ရထားတစ်စီး စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက 7Day News သို့ပြောသည်။

"မန္တလေးက ပရိသတ်တွေ လိုက်ပါကြည့်ရှုနိုင်အောင် ရန်ကုန်-မန္တလေးအမြန်ရထားတစ်စီး (အသွားအပြန်)စင်းလုံးငှားပေးမှာပါ။ ပရိသတ်နှစ်ထောင်လောက် လိုက်ပါနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ရတနာပုံအသင်းဗိုလ်လုပွဲတက်ရင်လည်း ဗိုလ်လုပွဲအတွက် ရထားတစ်စီးစီစဉ်ပေးဦးမှာပါ"ဟု ဒေါက်တာစိုင်းဆမ်ထွန်းက ပြောသည်။



ဓာတ်ပုံ – အောင်အောင်

ရထားပေါ်တွင် လိုက်ပါလာသည့် ပရိသတ်များ အတွက် အစားအသောက်များ၊ ဘောလုံးပွဲဝင်ခွင့်လက်မှတ်များကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ရတနာပုံအသင်းပိုင်ရှင်က ပြောသည်။

"ဒီပြိုင်ပွဲမှာ ရတနာပုံအသင်း ဗိုလ်စွဲရင် ဆရာ့အနေနဲ့ ထိုက်ထိုက်တန်တန်ဆုချီးမြှင့်သွားမှာပါ။ ဒါပေမဲ့ ဘယ်လောက်ချီးမြှင့်မယ်ဆိုတာကတော့ လောလောဆယ်မသိသေးပါဘူး။ ရတနာပုံအသင်းအကျီတွေကိုလည်း ပရိသတ်တွေကို အခမဲ့ဝေငှသွားဖို့ စီစဉ်သွားမှာပါ"ဟု ဒေါက်တာစိုင်းဆမ်ထွန်းက ပြောသည်။

ရတနာပုံအသင်းသည် AFC President's Cup 2010 ပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲအဖြစ် တာဂျစ်ကစ္စတန်ကလပ် ဗာကက်ရှ်အသင်းနှင့် စက်တင်ဘာလ ၂၄ ရက်ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး၊ ယင်းနေ့ ည ၇ နာရီတွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဒိုဗွိုင်ဒိုင်နမိုအသင်း(ကာဂျစ်စတန်)နှင့် အိုင်တီတီယူ(တာ့ခ်မင်နစ္စတန်)တို့ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါအကြိုဗိုလ်လုပွဲ ပွဲစဉ် ၂ ခုမှ အနိုင်ရရှိသော အသင်းနှစ်သင်းသည် စက်တင်ဘာ ၂၆ ရက်ညနေ ၃ နာရီခွဲတွင် ဗိုလ်လုပွဲအဖြစ် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# ရခိုင်ပြည်နယ်ကိုယ်စားပြု ရက္ခပူရယူနိုက်တက် ဘောလုံးအသင်း မိတ်ဆက်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ – ၈**

ရခိုင်ပြည်နယ် ကိုယ်စားပြု ရက္ခပူရယူနိုက်တက်ဘောလုံးအသင်း မိတ်ဆက်ပွဲအား စစ်တွေမြို့၊ ဝေသာလီအားကစားကွင်း၌ ယခုလကုန်ပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အသင်းပိုင်ရှင် ဦးလှကျော်ဝင်းက ပြောသည်။

"ကျွန်တော်တို့အသင်းကို ရခိုင်ပြည်နယ်က ဘောလုံးသမားလေးတွေနဲ့ မြန်မာပြည်အနှံ့က ကစားသမားလေးတွေနဲ့ ဖွဲ့စည်းသွားမှာပါ။ လက်ရှိအသင်းမှာ ကစားသမား ၃၂ ယောက်ရှိပါတယ်။ အပြင်ကနေ လေ့ကျင့်ခန်းလာဆင်းနေတဲ့သူတွေလည်း ရှိပါတယ်။ စစ်တွေမြို့က ဝေသာလီကွင်းကို အိမ်ကွင်းလုပ်ဖို့အတွက် တရားဝင်လွှဲပြောင်းယူဖို့လည်း အစီအစဉ်ရှိပါတယ်။ စက်တင်ဘာ ၂၉ ရက်မှာ အသင်းမိတ်ဆက်ပွဲကို အဲဒီကွင်းမှာ ပြုလုပ်သွားမှာဖြစ်ပါတယ်"ဟု မိုးချယ်ရီခရီးသွားလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှကျော်ဝင်းက ပြောသည်။

ရက္ခပူရ ယူနိုက်တက်အသင်းသည် ရခိုင်ယူနိုက်တက်ကို အမည်ပြောင်းထားသည့်အသင်းဖြစ်ပြီး၊ ယင်းတို့ အသင်းအနေဖြင့် ၂၀၁၁ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိ



ရန် ဘောလုံးအဖွဲ့ချုပ်ထံသို့ အဆိုပြုလွှာ တင်သွင်းထားကြောင်း၊ ၂၀၁၁ ပြိုင်ပွဲမတိုင်မီ အချိန်ခြောက်လခန့်တွင် အသင်းအားပို မိုတောင့်တင်းရန် ပြင်ဆင်သွားမည်ဖြစ်ပြီး ပြည်ပကစားသမားခေါ်ယူရန်အတွက်ကိုမူ ပြိုင်ပွဲကာလနီးမှသာ ဆုံးဖြတ်သွားရန်ရှိကြောင်းယင်းက ဆက်လက်ပြောသည်။

ရက္ခပူရ ယူနိုက်တက်အသင်းအား ယခုနှစ် ဖေဖော်ဝါရီက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရပြီး၊ ပြီးခဲ့သည့် အပျော်တမ်း လိဂ်ပြိုင်ပွဲတွင် အဆင့် ၅ ရရှိခဲ့သဖြင့် MFF Cup ရှုံးထွက်ဖလား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ အဆိုပါအသင်းကို အဓိက စပွန်ဆာအဖြစ် Golden Gate ကုမ္ပဏီကစပွန်ဆာပေးထားပြီး စပွန်ဆာစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယခုလ ၇ရက်က ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

# နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ လေးပွဲသို့ မြန်မာကစားသမားများ သွားရောက်ယှဉ်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ – ၈**

မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ လေးပွဲသို့ မြန်မာဂေါက်သီးရိုက်ကစားသမားများ သွားရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုလ ၂၁ ရက်မှ ၂၄ ရက်အထိ ကွာလာလမ်ပူမြို့၊ Seri Selangor ဂေါက်ကလပ်တွင် ကျင်းပပြုလုပ်မည့် Etiqa Asean Cup 2010 ပြိုင်ပွဲသို့ နေဗလဝင်းမြင့်နှင့် မျိုးဝင်းအောင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး၊ အသင်းနည်းပြအဖြစ် ဦးစိုးကျော်နိုင်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကွာလာလမ်ပူမြို့၊ Royal Selangor ဂေါက်ကလပ်တွင် ကျင်းပပြုလုပ်မည့် အကြိမ်(၅၀)မြောက် အရှေ့တောင်အာရှနိုင်ငံလက်ရွေးစင် အပျော်တမ်းအသင်းများပြိုင်ပွဲ (Putra Cup) သို့ နေဗလဝင်းမြင့်၊ မျိုးဝင်းအောင်၊ စိုးမိုးဝင်း၊ မောင်မောင်ဦးတို့ကလည်းကောင်း၊ 4th Lion City Cup အသက် ၁၈ နှစ်အောက်ပြိုင်ပွဲသို့ ရဲထက်အောင်၊ စွမ်းသီဟအောင်၊ စည်သူရဲရင့်၊ ဝေယံလင်းတို့လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲ ဖြစ်သည့် 2nd Santi Cup တွင် ယဉ်မေမျိုး၊ ခင်သူသူနှင့် မေဦးခိုင်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး၊ အထက်ပါပြိုင်ပွဲ သုံးခုအား စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာဂေါက်သီးရိုက်အဖွဲ့အား အသင်းအုပ်ချုပ်အဖြစ် ဦးမျိုးထွန်း၊ အသင်းနည်းပြများအဖြစ် ဦးချမ်းဟန်နှင့် ဦးကိုကိုလေးတို့က တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Marketing Executive
Marketing
Sales Person
Store Supervisor
Store

AGD BANK
Asia Green Development Bank Limited.

Espace Avenir Executive Serviced Apartment

7DAY NEWS JOURNAL
Vol.9, No.24 • SEPTEMBER 2, 2010

# အိမ်ကွင်းမှာ လီဗာပူးကိုအနိုင်ကစားမယ့် မန်ယူ၊ အနိုင်သုံးမှတ်အပြည့်ယူမယ့် ချယ်လ်ဆီး အပါအဝင်

## ပရီးမီးယားလိဂ်ပွဲစဉ် ၅ ပွဲကြိုသုံးသပ်ချက်

ကိုထိုက်



အရှိန်မြင့်လာနေပြီဖြစ်တဲ့ ပရီးမီးယားလိဂ်ရဲ့ ပွဲစဉ် ၅ ကိုတော့ ဒီတစ်ပတ် စနေ၊ တနင်္ဂနွေတို့မှာ ယှဉ်ပြိုင်ကစားကြတော့မှာပါ။ ဒီတစ်ပတ်ပွဲစဉ် ၅ မှာတော့ အာဆင်နယ်၊ လီဗာပူး၊ မန်စီးတီးတို့ အဝေးကွင်းပွဲတွေ ကစားရမှာဖြစ်ပြီး မန်ယူ-လီဗာပူးထိပ်တိုက်တွေ့ဆုံမှုကတော့ ပွဲစဉ် အားလုံးထဲမှာ စိတ်ဝင်စားစရာအကောင်းဆုံးပွဲဖြစ်လာမှာပါ။ မန်စီးတီးကလည်း ဘာလော့တယ်လီဒဏ်ရာရသွားတဲ့အတွက် တီဗက်ဇ်ဦးဆောင်တဲ့ တိုက်စစ်နဲ့ ဝီဂန်ကို အဝေးကွင်းပွဲ ရင်ဆိုင်ရမှာပါ။ ကျန်အသင်းကြီးတွေဖြစ်တဲ့ ဗီလာ၊ အဲဗာတန်၊ စပါး၊ ချယ်ဆီးတို့ကတော့ အိမ်ကွင်းပွဲတွေကစားရမှာမို့ အခြေအနေကောင်းနိုင်ပြီး ဇယားမှာ ရပ်တည်မှု အပြောင်းအလဲတွေသိပ်မြင်တွေ့ရမှာ မဟုတ်ပါဘူး။

**စက်တင်ဘာ ၁၈ (စနေ)**

**စတုတ်စီးတီး - ဝက်စ်ဟမ်း**

**(ညနေ ၆း၁၅ နာရီ)**

**ယမန်နှစ် ရလဒ် ၂ - ၁**

စတုတ်ဟာ ယမန်နှစ်ကတော့ အိမ်ကွင်း၊ အဝေးကွင်းပွဲစဉ်နှစ်ခုစလုံးမှာ ဝက်စ်ဟမ်းကို အနိုင်ယူထားခဲ့ပါတယ်။ ဒါပေမဲ့ ဒီနှစ်ဘောလုံးရာသီရဲ့ အဖွင့်သုံးပွဲစလုံးမှာတော့ စတုတ်ဟာ ဝုလ်၊ စပါး၊ ချယ်လ်ဆီးတို့ကို ရှုံးနိမ့်ထားပြီးဇယားအောက်ခြေရောက်နေပါတယ်။ ဒီလိုပဲ ဝက်စ်ဟမ်းကလည်း ပြီးခဲ့တဲ့သုံးပွဲလုံး ရှုံးထားတာမို့ ဒီပွဲဟာ အကြိတ်အနယ်ကစားပြီးအမှတ်ယူရမယ့်ပွဲပါပဲ။ မှတ်တမ်းတွေအရ ဝက်စ်ဟမ်းရလဒ်ပိုကောင်းပေမယ့် အိမ်ရှင်စတုတ်တို့ သရေ သို့မဟုတ် ကပ်နိုင်ချေရှိနေပါတယ်။

**ဗီလာ - ဘော်လ်တန်**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် ၅ - ၁**

ယမန်နှစ်က ဗီလာတို့အိမ်ကွင်းမှာ အနိုင်ပြတ်သားခဲ့ပေမယ့် ဘော်လ်တန်ရဲ့ကွင်းမှာတော့ ၁-၀ ဂိုးနဲ့သာ ကပ်နိုင်ခဲ့ရတယ်။ ဗီလာဟာ ဘော်လ်တန်နဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်စလုံးမှာလေးကြိမ်နိုင်ပြီး၊ တစ်ကြိမ်ပဲ သရေကျထားတယ်။ ဒီရာသီအိမ်ကွင်းရလဒ်ကောင်းနေတဲ့ အိမ်ရှင်ဗီလာကို ရွေးသင့်တဲ့ပွဲပါ။ ဗီလာတို့ အနည်းဆုံး နှစ်ဂိုးလောက် ရနိုင်ခြေရှိပြီး ဘော်လ်တန်အလွန်ဆုံးရရင် သရေပွဲလောက်ပါပဲ။

**ဘလက်ဘန်း - ဖူလ်ဟမ်**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် ၂ - ၀**

ဘလက်ဘန်းတို့ ယမန်နှစ်က အိမ်ကွင်းမှာတော့ ဖူလ်ဟမ်ကို အနိုင်ရခဲ့ပါတယ်။ ဒါပေမဲ့ ဒီရာသီအဖွင့်သုံးပွဲမှာတော့ အိမ်ကွင်းနှစ်ပွဲကစားရာမှာ အဲဗာတန်နဲ့ တစ်ပွဲသာ ဘလက်ဘန်းတို့နိုင်ထားပါတယ်။ ဖူလ်ဟမ်ကလည်း မန်ယူ၊ ဘော်လ်တန်၊ ဘလက်ပူးသုံးသင်းစလုံးနဲ့ သရေပွဲတွေရင်ဆိုင်ထားရတာမို့ ဒီပွဲကို ခြေကုန်ထုတ်နိုင်တယ်။ ဧည့်သည်ဖူလ်ဟမ်ကို ကြိုက်မိပါတယ်။ ဖူလ်ဟမ်ရဂိုး နည်းနိုင်ပြီး နှစ်သင်းစလုံးဂိုးပေါင်း နည်းမယ့်ပွဲမျိုးပါ။

**အဲဗာတန် - နယူးကာဆယ်**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - မရှိ**

ပြီးခဲ့တဲ့ ၂၀၀၈-၀၉ ရာသီက နှစ်ကျော့စလုံး သရေပွဲတွေ ရင်ဆိုင်ခဲ့ရတာမို့ ဒီနှစ်မှာတော့ အနိုင်ပြတ်သားအောင် နှစ်သင်းစလုံး ကြိုးစားဖွယ်ရှိပါတယ်။ အဲဗာတန်ဟာ နယူးကာဆယ်နဲ့ နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်မှာ နှစ်ကြိမ်နိုင်၊ နှစ်ကြိမ်သရေကျထားဖူးတယ်။ အဲဗာတန်ရဲ့ လတ်တလောဒဏ်ရာရ ကစားသမားစာရင်းမှာလည်း ဖီးလ်နဗီးလ်၊ အနီချီဘီ၊ အီယတ်ဘီနီတို့ ပါဝင်နေတယ်။ ရာသီအဖွင့်မှာ ထင်သလောက်ခြေစွမ်းမပြနိုင်သေးပေမယ့် အိမ်ရှင်အဲဗာတန်တို့ အနည်းဆုံး သရေရအောင် ကစားသွားနိုင်ဖွယ်ရှိပါတယ်။ ဂိုးနည်းမယ့်ပွဲပါပဲ။

**စပါး - ဝုလ် (ည ၈း၃၀ နာရီ)**

**ယမန်နှစ် ရလဒ် ၀ - ၁**

ဝုလ်ဟာ ယမန်နှစ်က နှစ်ကျော့စလုံးမှာ စပါးကို နိုင်ထားခဲ့ပါတယ်။ ဒါ့အပြင် ဒီရာသီအဖွင့်သုံးပွဲစလုံးမှာလည်း ဝုလ်တို့ ရှုံးပွဲမရှိသေးဘဲ ခြေစွမ်းမာကျောနေတယ်။ ဒါပေမဲ့ ဒီဖိုး၊ ခရော့ချ်၊ မိုဒရစ်တို့ရဲ့ အိမ်ရှင်စပါးဟာ အဖွင့်ဂိုးရဖို့တိုက်စစ်ဖွင့်ကစားကာ ဂိုးရရင်လည်း အနိုင်ကို ထိန်းပြီး ခံစစ်အပြည့် ကစားရဖွယ်ရှိတယ်။ စပါးတို့မမျှော်လင့်ဘဲ နှစ်ဂိုးအသာထိလည်းရသွားနိုင်ပါတယ်။

**ဝက်စ်ဘရွန်း - ဘာမင်ဂမ်**

**(ည ၈း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ရှင် ဝက်စ်ဘရွန်းတို့ အဖွင့်သုံးပွဲမှာ ဆန်းဒါးလန်းကို အိမ်ကွင်းမှာအနိုင်ရထားပြီး ချယ်ဆီး၊ လီဗာပူးစတဲ့ အသင်းကြီးတွေကိုတော့ ရှုံးနိမ့်ထားပါတယ်။ ဘာမင်ဂမ် ကတော့ အဝေးကွင်းနှစ်ပွဲကစားအပြီး နှစ်ပွဲစလုံး သရေရထားကာ၊ အဝေးကွင်းရလဒ်ကောင်းမွန်နေပါတယ်။ ဝက်စ်ဘရွန်းတို့အနည်းဆုံး သရေတစ်မှတ်ရဖို့လိုအပ်နေပြီး ဖိကစားမှာပါ။ ဒါပေမဲ့ ဧည့်သည်ဘာမင်ဂမ်တို့ နိုင်ချေ ၆၀ ရာခိုင်နှုန်း ရှိနေပြီး သရေသို့မဟုတ် ဘာမင်ဂမ်အနိုင်ရလဒ်ဆီကို ပွဲက ဦးတည်နေပါတယ်။

**ဆန်းဒါးလန်း - အာဆင်နယ်**

**(ည ၁၁း၀၀ နာရီ)**

**ယမန်နှစ်ရလဒ် ၁ - ၀**

ဒီနှစ်သင်းလုံးနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ဂိုးပြတ်နိုင်ပွဲတစ်ပွဲပဲရှိပါတယ်။ ဒါ့အပြင် ဆန်းဒါးလန်းဟာ နောက်ဆုံး အိမ်ကွင်းနှစ်ပွဲမှာ အာဆင်နယ်ကို တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ရထားတယ်။ ပြီးခဲ့တဲ့ ရာသီအဖွင့်သုံးပွဲမှာ ကစားခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲမှာလည်း ဆန်းဒါးလန်းတို့ တစ်ပွဲနိုင် တစ်ပွဲသရေရလဒ်ရထားပါသေးတယ်။ အိမ်ကွင်းမာကျောတဲ့ ဆန်းဒါးလန်းတို့ကို အာဆင်နယ်တို့နိုင်ရင်တောင် ဂိုးပြတ်မှာမဟုတ်ပါဘူး။ သရေဆိုရင်လည်း အံ့ဩစရာမရှိတဲ့ပွဲပါ။

**စက်တင်ဘာ ၁၉ (တနင်္ဂနွေ)**

**မန်ယူ - လီဗာပူး**

**(ည ၇း၀၀ နာရီ)**

**ယမန်နှစ်ရလဒ် ၂ - ၁**

မန်ယူမှာ ဖာဒီနန်၊ ဟားဂရေ့၊ ရွန်းနီ၊ အန်ဒါဆင်တို့ပွဲထွက်ဖို့မသေချာသေးသလို၊ လီဗာပူးမှာလည်း အားထားရတဲ့ ဒ့ါကော့ ပါဝင်ဖို့ မသေချာသေးပါဘူး။ မန်ယူဟာ ဒီအိမ်ကွင်းပွဲအတွက် အသေအချာပြင်ဆင်ကစားမှာဖြစ်ပြီး အိမ်ကွင်းမှာ ဒီရာသီနှစ်ပွဲစလုံးနိုင်ထားတဲ့အတွက် ယုံကြည်မှုမြင့်မားနေပါတယ်။ လီဗာပူးကတော့ တောရက်စ်၊ ဂျရတ်တို့ရဲ့ ဦးဆောင်မှုနဲ့ပွဲထွက်လာနိုင်ဖွယ်ရှိပြီး အမြင့်ဆုံးသရေရအောင် ထိန်းကစားမှာပါ။ အိမ်ရှင်မန်ယူတို့ အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်ချေရှိပါတယ်။

**ဝီဂန် - မန်စီးတီး**

**(ည ၁၀း၃၀ နာရီ)**

**ယမန်နှစ် ရလဒ် ၁ - ၁**

ဝီဂန်တို့ ချယ်ဆီး၊ ဘလက်ပူးတို့ကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် စပါးကိုတော့ မထင်မှတ်ဘဲအဝေးကွင်း အနိုင်ပွဲရခဲ့ပါတယ်။ မန်စီးတီးကတော့ ဘာလော့တယ်လီ မပါဝင်ပေမယ့် တီဗက်ဇ်၊ အဒီဘာယော၊ ဂျန်တိုရေး၊ ရိုလ်ဖီးလစ်တို့ ရှိနေတဲ့တိုက်စစ်အင်အားက ဝီဂန်ကို ဒုက္ခပေးနိုင်ဖွယ်ရှိပါတယ်။ ဧည့်သည်မန်စီးတီးတို့ ၃-၁ သို့မဟုတ် ၂-၁ ဂိုးလောက်နဲ့ နိုင်သွားနိုင်ပါတယ်။

**ချယ်ဆီး - ဘလက်ပူး**

**(ည ၉း၃၀ နာရီ)**

**ယမန်နှစ်ရလဒ် - မရှိ**

ချယ်ဆီးတို့ ဇယားကို ဦးဆောင်ဖို့ အိမ်ကွင်းမှာ အနိုင်ကစားမယ့်ပွဲပါပဲ။ ဘလက်ပူးနောက်တန်းဟာ သုံးပွဲမှာ ပေးဂိုး ၆ ဂိုးအထိရှိခဲ့ပြီး မာလူဒါ၊ လမ်းပတ်၊ ရာမီရက်စ်တို့ရဲ့ ချယ်ဆီးအလယ်တန်းကို ထိန်းချုပ်ဖို့မလွယ် လှပါဘူး။ ချယ်ဆီးတို့ နှစ်ဂိုးလောက်ရနိုင်ချေရှိပါတယ်။



7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

# ရဝမ်ဒါသမ္မတ ပေါလ်ကာဂါမီ ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို



**ကီဂါလီ၊ စက်တင်ဘာ – ၇**

လက်ရှိ ရဝမ်ဒါနိုင်ငံသမ္မတပေါလ်ကာဂါမီသည် ဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျန်ဆိုခဲ့ပြီး နိုင်ငံတကာမှ ၎င်းအား ဝေဖန်သူများကိုလည်း ပြန်လည်တိုက်ခိုက်ပြောဆိုကာ အာဖရိကသည် ပြင်ပကမ္ဘာကြီး၏ သင်ခန်းစာများ မလိုအပ်ကြောင်း ပြောကြားသည်။

အနောက်နိုင်ငံများကမိမိတို့ ကောင်းမွန်ရာ လုပ်သည်ကို ဝေဖန်ကြပြီး ၎င်းတို့လုပ်သည့် အဆိုးများအတွက်မူ မိမိတို့မှာ တာဝန်ရှိသည်ဟု ပြောကြားနေကြကြောင်း မြို့တော် ကီဂါလီအားကစားကွင်းကြီး၌ လူပေါင်းလေးသောင်းခန့် တက်ရောက်သည့် အခမ်းအနားတွင်ရဝမ်ဒါသမ္မတက ပြောကြားသည်။

အာဖရိကတိုက်သားများသည် မိမိတို့၏ ကံကြမ္မာကို မိမိတို့ဘာသာဖန်တီးနိုင်ကြောင်း၊ မိမိတို့အား အမြဲတမ်းပေးနေသည့် သင်ခန်းစာများ မလိုအပ်ကြောင်း မစ္စတာကာဂါလီကပြောကြားပြီး အပြတ်အသတ်အနိုင်ရရှိခဲ့သည့် ရွေးကောက်ပွဲမတိုင်မီတွင် အတိုက်အခံများအား ရက်ရက်စက်စက်ဖြို့ခွင်းခဲ့သည်ဆိုသော အနောက်နိုင်ငံများ၊ လူ့အခွင့်အရေး အုပ်စုများနှင့် ဝေဖန်ပြောကြားချက်များကို ၎င်းကပြန်လည်တိုက်ခိုက်ပြောဆိုသည်။

"ကျွန်တော်တို့ ဘာသာဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ပါတယ်။ စားနပ်ရိက္ခာ ဖူလုံအောင် လုပ်နိုင်ပါတယ်။ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင်လုပ်ပြီး အခြေခံအဆောက်အအုံတွေကို တည်ဆောက်ပါမယ်" ဟုအသက် ၅၂ အရွယ်ရှိ သူပုန်ဟောင်းက ပြောကြားကြောင်း အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။ တိုင်းပြည်အား ခေတ်မီတိုးတက်အောင်ပြုလုပ်ခြင်းအတွက် စီးပွားရေးပညာရှင်များ၏ ချီးကျူးပြောဆိုမှု ရရှိခဲ့သော မစ္စတာကာဂါမီသည်ဩဂုတ်လ ၉ ရက် ရွေးကောက်ပွဲတွင် ၉၃ ရာခိုင်နှုန်းမဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

—Ref: AFP

# မက္ကဆီကိုတွင် မိုးအဆက်မပြတ် ရွာသွန်း၍ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်

**ဗီလာဟာမိုဆာ၊ စက်တင်ဘာ – ၈**

မက္ကဆီကိုနိုင်ငံတောင်ပိုင်းတွင် ရက်သတ္တပတ်ပေါင်းများစွာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူထောင်ပေါင်းများစွာသည် ၎င်းတို့၏နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရပြီး နောက်ထပ် မိုးရွာသွန်းမှုများလည်း ရှိဦးမည်ဟု ခန့်မှန်းချက်များလည်း ပေါ်ထွက်နေသည်။

ရေများပြည့်လာသောဆည်ကြီးလေးခုမှ ရေများကို လွှတ်ပေးခဲ့ရသောကြောင့်လည်း အခြေအနေမှာ ပိုဆိုးသွားခဲ့ပြီး မက္ကဆီကိုနိုင်ငံရှိ မြစ်ကြောင်းအများအပြားတွင် ရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

မက္ကဆီကိုနိုင်ငံတောင်ဘက်ပိုင်းအကျဆုံး ပြည်နယ် လေးပြည်နယ်တွင် ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီး အန္တရာယ်ရှိသောအခြေအနေများကြောင့် ဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ကြရန် အစိုးရကပန်ကြားခဲ့သော်လည်း နှစ်စဉ်ရေကြီးမှုကြုံတွေ့နေကျဖြစ်သောလူအများအပြားက ပြောင်းရွှေ့ရန်ငြင်းဆန်ခဲ့ကြကြောင်း သိရသည်။



၂၀၀၇ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သောရေကြီးမှုများကြောင့် အိမ်ပေါင်းတစ်သန်းရေနစ်မြုပ်ခဲ့ပြီး လူ ၃၃ ဦး အသက်ဆုံးရှုံးခဲ့ရသည်။ သို့ သော် ယခုနှစ်အခြေအနေမှာ ၂၀၀၇ ကထက် အခြေအနေပိုဆိုးနိုင်ကြောင်း တာဘက်စကိုပြည်နယ်အုပ်ချုပ်ရေးမှူးက မက္ကဆီကိုသမ္မတကယ်ဒါဂွန်အားပြောကြားသည်။ ယမန်နှစ်များနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်တွင် မိုးရေချိန်နှစ်ဆပိုမိုရွာသွန်းခဲ့ပြီး လာမည့်နိုဝင်ဘာလအထိ မိုးရာသီကုန်ဆုံးမည်မဟုတ်သေးကြောင်းသိရသည်။

—Ref: AP

# စီးပွားရေးကဏ္ဍ အိုဘားမား ကိုင်တွယ်ပုံညံ့ဖျင်းကြောင်း အမေရိကန်လူမျိုးထက်ဝက်ကျော် ယုံကြည်

**ဝါရှင်တန်၊ စက်တင်ဘာ – ၈**


ဝါရှင်တန်ပို့စ်သတင်းစာနှင့် အေဘီစီရုပ်သံတို့ ပူးပေါင်းကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်းအရ အမေရိကန်လူမျိုးထက်ဝက်ကျော်သည် သမ္မတအိုဘားမား၏ စီးပွားရေးကဏ္ဍကိုင်တွယ်ပုံသည်ညံ့ဖျင်းကြောင်း ယုံကြည်ကြသည်ဟု သိရသည်။

စစ်တမ်းတွင်ဖြေဆိုခဲ့သည့် အမေရိကန်ပြည်သူ ၅၇ ရာခိုင်နှုန်းက မစ္စတာအိုဘားမား၏ စီးပွားရေးကဏ္ဍကိုင်တွယ်ပုံသည်ညံ့ဖျင်းသည်ဟုဆိုပြီး ၅၂ ရာခိုင်နှုန်းကမူ အိုဘားမားသည် စီးပွားရေးတိုးတက်အောင် ကောင်းကောင်းမလုပ်နိုင်ဟု ဖြေဆိုခဲ့ကြသည်။

မေးမြန်းခံရသူ ၃၂ ရာခိုင်နှုန်းက ရီပက်ဘလေကန်ပါတီ၏ စီးပွားရေးစီမံကိန်းများသည် အလုပ်ဖြစ်မည်ဟု ထင်မြင်ကြပြီး လူကြိုက်များမှုနှုန်းတွင်မူ ဒီမိုကရက်များက ၅၃ ရာခိုင်နှုန်းရကာ ရီပက်ဘလေကန်များက ၄၀ ရာခိုင်နှုန်းသာရခဲ့သည်။ စစ်တမ်းတွင် အမေရိကန်သမ္မတအိုဘားမားသည် ၎င်း၏ ၂၀၀၈ ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း ရရှိခဲ့သည့် လူထု၏နိုင်ငံရေးထောက်ခံမှုများမှာ ကျဆုံးသွားခဲ့ပြီဖြစ်ကြောင်း ဖော်ပြသည်။

—Ref: Telegraph

# ဗြိတိန်ရှိ ဒီလှိုင်းမှ လျှပ်စစ်စွမ်းအင် ထုတ်ယူသည့် ကမ္ဘာ့အကြီးမားဆုံးစက်ရုံ စတင်လည်ပတ်တော့မည်



**လန်ဒန်၊ စက်တင်ဘာ – ၆**

မကြာသေးမီက ဗြိတိန်နိုင်ငံ ကွန်းဝဲလ်ကမ်းရိုးတန်းအပြင်ဘက် ပင် လယ်ကြမ်းပြင်တွင် အလွန်ကြီးမားသောလျှပ်စစ်ခလုတ်ကြီးတစ်ခု တပ်ဆင်ပြီးနောက် ကမ္ဘာ့အကြီးဆုံး ဒီလှိုင်းမှ လျှပ်စစ်စွမ်းအင်ထုတ်ယူနိုင်သည့်စက်ရုံသည် စတင်လည်ပတ်နိုင်တော့မည်ဖြစ်သည်။ ပေါင် ၄၂ သန်းတန်ဖိုးရှိသည့် Wave Hub ဟုခေါ်သည့် လှိုင်းစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်ယူမည့်စက်သည် ကွန်းဝဲလ်ကမ်းရိုးတန်းအနီးရှိ ပင်လယ်ကြမ်းပြင်တွင်တည်ရှိနေပြီး စက်နှင့်ချိတ်ဆက်မည့် ကေဘယ်လ်ကြိုးများလည်း ရေအောက်သို့ ချပေးခဲ့ပြီးဖြစ်သည်။

Wave Hub စက်ကိုအောင်မြင်စွာ တပ်ဆင်နိုင်ခဲ့၍ ဗြိတိန်သိပ္ပံဝန်ကြီး ဒေးဗစ်ဝီးလတ်ကလည်း "wave hub ကိုပင်လယ်ကြမ်းပြင်မှာ ချထားနိုင်ပြီလို့သိရတာ သတင်းကောင်းပါပဲ။ ဒီပရောဂျက်ဟာ ဒီလှိုင်းစွမ်းအင်ထုတ်လုပ်ရေးကဏ္ဍမှာ ဗြိတိန်ရဲ့ရှေ့တန်းနေရာကို ဖော်ပြပေးပါလိမ့်မယ်။ ဗြိတိန်ဟာ လက်ရှိမှာလည်း ကမ္ဘာ့ဒီလှိုင်းနဲ့ ပင်လယ်ဒီရေအတက်အကျကိုအခြေခံပြီး လျှပ်စစ်ထုတ်ယူရေးနည်းပညာ စုစုပေါင်းရဲ့ ၂၅ ရာခိုင်နှုန်းကို တီထွင်နိုင်ခဲ့ပါတယ်"ဟု ဆိုသည်။

—Ref: Dailymail



7DAY NEWS JOURNAL
Vol.9, No.24 · SEPTEMBER 2, 2010

## လူသိများသော အာဖဂန်ဂျာနယ်လစ်တစ်ဦး နေအိမ်ရှေ့တွင် အသတ်ခံရ

**ကဘူးလ်၊ စက်တင်ဘာ – ၈**

ထင်ရှားလူသိများသော အာဖဂန်နစ္စတန်ဂျာနယ်လစ်တစ်ဦးသည် ၎င်း၏အိမ်ရှေ့တွင် ဓားဒဏ်ရာများနှင့်သေဆုံးနေကြောင်း တွေ့ရှိပြီးနောက် ယင်းကိစ္စကို အာဖဂန်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်းသိရှိရသည်။ အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်းကလည်း ဂျာနယ်လစ်ဆာရက်ဟာမစ်နျူရီ အသတ်ခံရခြင်းအတွက် အပြည့်အဝ စုံစမ်းစစ်ဆေးရန် တာဝန်ရှိသူများအား ညွှန်ကြားချက် ထုတ်ပြန်ထားသည်။

နျူရီသည် တစ်ချိန်က နိုင်ငံပိုင် တယ်လီဗေးရှင်း၏ အစီအစဉ်မှူးတစ်ဦးဖြစ်သလို သတင်းစာအယ်ဒီတာတစ်ဦးလည်းဖြစ်သည်။ လောလောဆယ်တွင် ၎င်းသည် ပွင့်သစ်စဂျာနယ်လစ်များကို သင်ကြားပြသသူ ဆရာတစ်ဦးဖြစ်ပြီး အမှီအခိုကင်း ဂျာနယ်လစ်များ၏ ခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ သတင်းထောက်များသည် အစိုးရ၊ ဒေသခံနိုင်ငံရေးသမားများနှင့် တာလီဘန်များထံမှ ဖိအားများနှင့်အမြဲတစေ ရင်ဆိုင်နေရပြီး ၎င်းတို့အားလုံးက အကောင်းမမြင်သောသတင်းတင်ပြခြင်းကို မလိုလားကြကြောင်း သိရသည်။ ဆယ်နှစ်အတွင်း အာဖဂန်ဂျာနယ်လစ် အနည်းဆုံးအယောက် ၂၀ အသတ်ခံခဲ့ရပြီး ၂၀၀ ခန့်မှာ ကိုယ်ထိလက်ရောက်ပြုမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

*—Ref: AP*

## အီရန်အပေါ် ပိတ်ဆို့တားဆီးမှုများပြုလုပ်ရန် တောင်ကိုရီးယား ရည်ရွယ်

**ဆိုးလ်၊ စက်တင်ဘာ – ၉**

တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေး ပိတ်ဆို့တားဆီးမှုများ အတွက်အီရန် ကုမ္ပဏီပေါင်း ၁၂၆ ခုအား စာရင်းပြုစုထားကြောင်း ယင်းစာရင်းတွင် အဓိကဘဏ်လုပ်ငန်းကြီး တစ်ခုလည်း ပါဝင်ကြောင်း သိရသည်။ ပိတ်ဆို့တားဆီးမှုများသည် နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့် စွမ်းအင်ဆိုင်ရာ ဆက်ဆံရေးများကို ထိခိုက်နိုင်ကြောင်း အီရန်က သတိပေးထားချိန်မှာပင် ယခုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံ၏ အရေးယူဆောင်ရွက်မှုများတွင် တောင်ကိုရီးယားမှ အီရန်သို့ ကုန်ပစ္စည်း တင်ပို့ရာ၌ ငွေကြေးလွှဲပြောင်းမှု ၇၀ ရာခိုင်နှုန်းကို ကိုင်တွယ်သော မာလတ်ဘဏ်အပေါ် တင်းကျပ်မှုများလည်း ပါဝင်သည်။ ၎င်းဘဏ်သည် အီရန်၏ နျူကလီးယားဖုံးကျည်နှင့် ကာကွယ်ရေးနှင့်ပတ်သက်၍ကန်ဒေါ်လာသန်းပေါင်းများစွာ ငွေကြေးလွှဲပြောင်းမှုများ ပြုလုပ်ပေးနေသည်ဟု အမေရိကန်က စွပ်စွဲပြောကြားထားသည်။

ယခုအခါ မာလတ်ဘဏ်၏ တောင်ကိုရီးယားလက်ခွဲဘဏ်သည်ငွေကြေးလွှဲပြောင်းမှုများ ပြု လုပ်ရာတွင် တောင်ကိုရီးယား ဗဟိုဘဏ်၏ ခွင့်ပြုချက်ကို ရယူရတော့မည် ဖြစ်သည်။ တောင်ကိုရီးယားသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ခဲ့သော ပိတ်ဆို့တားဆီးမှုများတွင် ပါဝင်ဆောင်ရွက်ရန် ဖိအားပေးခြင်း ခံနေရသည်။ တစ်ဖက်တွင် တောင်ကိုရီးယားသည် အရှေ့အလယ်ပိုင်း၌ ၎င်း၏အကြီးမားဆုံးဈေးကွက်အီရန်နှင့်လည်း ကုန်သွယ်ရေးနှင့် စွမ်းအင်လုပ်ငန်းချိတ်ဆက်နေမှုကို ကာကွယ်ရေးဆန္ဒကလည်းရှိနေရာ ဖိအားနှင့်ဆန္ဒကြားတွင် ထိန်းညှိလုပ်ကိုင်နေရသည်။



*—Ref: NY Times*

## နျူကလီးယားစစ်ဆေးမှုကို နှောင့်နှေးအောင် အီရန်ပြုလုပ်နေကြောင်း အိုင်အေအီးအေပြောကြား



**နယူးယောက်၊ စက်တင်ဘာ – ၈**

အတွေ့အကြုံရင့် ကုလသမဂ္ဂစစ်ဆေးရေးမှူးများအား နိုင်ငံတွင်းသို့ဝင်ရောက်ခွင့်ပြုရန် ငြင်းဆန်နေခြင်းဖြင့် ၎င်း၏ အငြင်းပွားဖွယ်ရာ နျူကလီးယားကိစ္စ စုံစမ်းစစ်ဆေးမှုများကို နှောင့်နှေးအောင် အီရန်နိုင်ငံက ပြုလုပ်နေကြောင်း ကုလသမဂ္ဂ အဏုမြူအေဂျင်စီ (IAEA)ကပြောကြားသည်။

အီရန်၏ နျူကလီးယား လောင်စာနှင့် စက်ရုံများအကြောင်း ကောင်းကောင်းသိသော စစ်ဆေးရေးမှူးများ ခန့်အပ်တာဝန်ပေးခြင်းကို အီရန်က အကြိမ်ကြိမ်ကန့်ကွက်နေခြင်းသည် စစ်ဆေးရေးလုပ်ငန်းစဉ်ကို အတားအဆီးဖြစ်စေကြောင်း အေအက်ဖ်ပီသတင်းဌာနကရရှိခဲ့သည်ဟု ကန့်သတ်အစီရင်ခံစာအသစ်တွင် ဖော်ပြထားသည်။

ထို့အတွက် အီရန်နိုင်ငံတွင် သွက်လက်ထိရောက်သော လုံခြုံရေးအစီအမံများ အကောင်အထည်ဖော်ရေး အေဂျင်စီ၏ စွမ်းရည်ကို လမ်းလွှဲစေကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

အသိပေးကြေညာခြင်း မရှိသောနျူကလီးယား စမ်းသပ်မှုများအီရန်နိုင်ငံက ပြုလုပ်ခဲ့ကြောင်း စစ်ဆေးရေးမှူးနှစ်ဦးက သတင်းပေးခဲ့ပြီးနောက် ၎င်းအတွေ့အကြုံရင့် စစ်ဆေးရေးမှူးနှစ်ဦးအား အီရန်၏ နျူကလီးယား ဆောင်ရွက်ချက်များကို စုံစမ်းစစ်ဆေးခွင့်ပေးရန် အီရန်နိုင်ငံက ပယ်ချခဲ့သည်။ ၎င်းသတင်းပေးပို့မှုများမှာ တိကျမှုမရှိဟုလည်း အီရန်ကဆိုသည်။

သို့သော် အဏုမြူအေဂျင်စီကမူ ၎င်းတို့၏ သိပ္ပံပညာရှင်များအပေါ် အပြည့်အဝ ယုံကြည်စိတ်ချမှုရှိခဲ့ကြောင်းပြောကြားခဲ့သည်။

*—Ref: AFP*



## ငါးဖမ်းလှေ ထိန်းသိမ်းထားခြင်းအတွက် တရုတ်မီဒီယာများက ဂျပန်အား သတိပေး

**ဘေဂျင်း၊ စက်တင်ဘာ – ၉**



ငါးဖမ်းလှေမာလိန်မှူးအား ထိန်းသိမ်းထားခြင်းအတွက် ဒေါသများမြင့်တက်လာကြောင်းနှင့် ယင်းအတွက် တရုတ်မီဒီယာများက ဂျပန်နိုင်ငံအား သတိပေးထားကြောင်းသိရသည်။ အရှေ့တရုတ်ပင်လယ်ရှိ အငြင်းပွားနေသောကျွန်းငယ်များအနီးတွင် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့လှေနှစ်စီးနှင့် တိုက်မိခဲ့သော တရုတ်လှေ၏ မာလိန်မှူးကို ဂျပန်က ထိန်းသိမ်းထားလိုက်ပြီးနောက် ယင်းကိစ္စကို တရုတ်နိုင်ငံက ကန့်ကွက်ကြောင်း ပြောကြားထားပြီးဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တိုကျိုကလည်း ဘေဂျင်းသို့ ကန့်ကွက်မှုများ တင်သွင်းထားပြီး ဂျပန်ထိပ်တန်း အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက အေးဆေးတည်ငြိမ်မှုအတွက် တိုက်တွန်းထားသည်။

ငါးဖမ်းလှေမာလိန်မှူးအား ဆက်လက်ထိန်းသိမ်းထားခြင်းနှင့်ပတ်သက်ပြီး ဂျပန်သံအမတ်ကြီးအား ဒုတိယအကြိမ်ဆင့်ခေါ်၍ ကန့်ကွက်ခဲ့ကြောင်း ချိုင်းနားဒေးလ်လီးသတင်းကဖော်ပြပြီး ဂျပန်သံရုံးရှေ့တွင်လည်း ဆန္ဒပြကန့်ကွက်မှုများရှိခဲ့ကြောင်း သတင်းက ဆက်လက်ဖော်ပြသည်။ ဂျပန်နီကေးစီးပွားရေးနေ့စဉ်ကလည်း ယခုကိစ္စကို ခိုင်ခိုင်မာမာကိုင်တွယ်ရေးအတွက် တိုက်တွန်းထားပြီး မပြတ်မသားလုပ်ဆောင်ပါက နောင်တွင်လည်း ယခုအဖြစ်အပျက်မျိုး ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးထားသည်။

တရုတ်နိုင်ငံသည် ၂၀၀၉ ခု နှစ်မှစ၍ ဂျပန်နိုင်ငံ၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်လာပြီးနှစ်နိုင်ငံကြားကုန်သွယ်မှုမှာ ယန်း ၁၂ ဒသမ ၆ ထရီလီယံသို့ ရောက်ရှိခဲ့ကြောင်းသိရသည်။

*—Ref: Reuters, China Daily*

## တရုတ်-အမေရိကန် ဆက်ဆံရေးတိုးတက်နေဟု တရုတ်သမ္မတဟူကျင်တောင်ပြောကြား

**ဘေဂျင်း၊ စက်တင်ဘာ – ၈**

ဘေဂျင်းတွင် ဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ၎င်းတို့၏ တစ်ခါတစ်ရံ ကြမ်းတမ်းသော ဆက်ဆံရေးသည် ပို၍အားကောင်း ခိုင်မာလာကြောင်း တရုတ်နှင့် အမေရိကန်နိုင်ငံတို့က ပြောကြားကြပြီး စီးပွားရေးနှင့် လုံခြုံရေးတင်းမာမှုများကြောင့် အဖုအထစ်ဖြစ်ခဲ့ရသော ဆက်ဆံရေးအပေါ် နှစ်ဖက်စလုံးက အကောင်းမြင်ဖြင့် ဖော်ပြခဲ့ကြောင်း ရိုက်တာသတင်းကဖော်ပြသည်။

တရုတ်သမ္မတ ဟူကျင်တောင်နှင့် အိမ်ဖြူတော်အကြံပေး နှစ်ဦးဖြစ်သူ အမျိုးသားလက်ထောက်အကြံပေးတွန်ဒိုနီလွန်နှင့် အမျိုးသားစီးပွားရေး ကောင်စီဒါရိုက်တာလယ်ရီ ဆန်းမားစ်တို့အကြား တွေ့ဆုံဆွေးနွေးမှုရှိခဲ့ပြီးနောက် ယင်းသို့ ကမ္ဘာ့အကြီးဆုံးစီးပွားရေးနိုင်ငံကြီးများကြား ရင်းနှီးသော ခံစားမှု ဖြစ်ပေါ်လာခြင်းဟု သိရသည်။

၂၀၁၀ တစ်နှစ်တာလုံးတွင် အင်တာနက်ပေါ်လစီကိစ္စ၊ တိဗက်၊ တရုတ်(တိုင်ပေ)သို့ အမေရိကန်က လက်နက်ရောင်းချမှု၊ တရုတ်ငွေကြေးနှင့် တောင်တရုတ်ပင်လယ်တွင် နယ်နိမိတ်အငြင်းပွားမှုကိစ္စရပ်များက အမေရိကန်-တရုတ်ဆက်ဆံရေးတွင် အထစ်အငေါ့များဖြစ်ပေါ်ခဲ့သည်။ တရုတ်နှင့်ကုန်သွယ်ရာတွင် အမေရိကန်ဘက်မှ ၂၀၀၉ ခုနှစ်က လိုငွေပြမှု ၂၂၆ ဒသမ ၉ ဘီလီယံ (ကန်ဒေါ်လာ)ရှိခဲ့ခြင်းကြောင့်လည်း ကုန်သွယ်ရေးအငြင်းပွားမှုများအား မီးထိုးပေးသလိုဖြစ်ခဲ့သည်။

အမေရိကန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင် နှစ်ဖက်သဘောထားကွာဟမှုများကို တရုတ်သမ္မတဟူကျင်တောင်က လျှော့ပေါ့ပြောဆိုခဲ့သည်။ စီးပွားရေးရာ တရုတ်ထိပ်တန်းအရာရှိကြီးများ၊ သံတမန်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သော အမေရိကန် ထိပ်တန်းကိုယ်စားလှယ်များအား တွေ့ဆုံချိန်တွင် တရုတ်သမ္မတဟူကျင်တောင်က ဆွေးနွေးပွဲများ အဆင်ပြေချောမွေ့ခဲ့သည်ဟုကြားသိရကြောင်း၊ ၎င်းတို့၏ အလည်အပတ်ခရီးသည် နှစ်ဖက်ဆက်သွယ်ရေးနှင့်ယုံကြည်မှုကို ပိုမိုတိုးတက်လာစေလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်ဟုသိရသည်။

သမ္မတအိုဘားမား တာဝန်ထမ်းဆောင်ချိန်မှစ၍ နှစ်ဖက်စလုံး၏ ကြိုးပမ်းမှုများကြောင့် တရုတ်-အမေရိကန် ဆက်ဆံရေးတိုးတက်ခိုင်မာလာခဲ့သည်ဟု သမ္မတဟူကျင်တောင်က ပြောကြားသည်။

*—Ref: Reuters*

## ကွန်ဂိုနိုင်ငံတွင် အစုလိုက်အပြုံလိုက်မုဒိမ်းမှုကျူးလွန်သူများအပေါ် ပိတ်ဆို့တားဆီးမှုပြုလုပ်ရန် ကုလတိုက်တွန်း

**ကုလသမဂ္ဂ၊ စက်တင်ဘာ – ၈**



ကွန်ဂိုနိုင်ငံတွင် အုပ်စုလိုက် မုဒိမ်းမှုများ ကျူးလွန်ရန် စည်းရုံးခဲ့သောသူပုန်ခေါင်းဆောင်အပေါ် ပိတ်ဆို့တားဆီးမှုများ ပြုလုပ်ရန် စဉ်းစားသင့်ကြောင်း ကုလသမဂ္ဂထိပ်တန်းအရာရှိကြီး နှစ်ဦးက ကုလသမဂ္ဂလုံခြုံရေးကောင်စီအား တိုက်တွန်းပြောကြားခဲ့သည်။

ကွန်ဂိုနိုင်ငံ အရှေ့ပိုင်း တောင်ကီဗူးနှင့် မြောက်ကီဗူးခရိုင်ဒေသများတွင် ဇူလိုင်လနှင့် ဩဂုတ်လ အတွင်း ကလေးသူငယ်များအပါအဝင် လူ ၅၀၀ ကျော် မုဒိမ်းကျင့်ခံခဲ့ရပြီး ယင်းတို့ထဲမှ ဆယ်မှုကို ကွန်ဂိုအစိုးရ၏ တပ်ဖွဲ့များက ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

ယင်းမုဒိမ်းမှုများကို ရဝမ်ဒါ ဟူတူမျိုးနွယ် FDLR ခေါင်းဆောင်များက စည်းရုံးမှုများ ပြုလုပ်၍ ကျူးလွန်ခြင်းဖြစ်နိုင်ကြောင်း ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ (MONUSCO) ၏မားဂေါ့ဝေါလ်စ်ထရွန်ကပြောကြားသည်။

ယင်းသို့ ခေါင်းဆောင်ပိုင်းနှင့်ဆက်စပ်နေကြောင်း တွေ့ရှိရပါက FDRL ခေါင်းဆောင်ပိုင်းအားပစ်မှတ်ထား၍ တားဆီးပိတ်ဆို့မှုများချမှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက စဉ်းစားသင့်ကြောင်း မစ္စတာကာရေးကပြောကြားသည်။

၁၉၉၈ မှ ၂၀၀၂ ခုနှစ်ထိကြာမြင့်ခဲ့သော ကွန်ဂိုပြည်တွင်းစစ်ကြောင့် လူပေါင်းငါးသန်းသေဆုံးခဲ့ရသည်။ သဘာဝတွင်းထွက်ပစ္စည်းများကြွယ်ဝသော နိုင်ငံအရှေ့ပိုင်းတွင် ရဝမ်ဒါမျိုးနွယ်ဟူတူသူပုန်များ သောင်းကျန်းနေပြီး မြောက်ပိုင်း၌ ULRA သူပုန်များ ထကြွနေကြောင်းသိရသည်။

*—Ref: Reuters*

## ဘရာဇီး ရွေးကောက်ပွဲတွင် သမ္မတက ရွေးချယ်ထားသူ အနိုင်ရရန် ရေပန်းစားနေ

**ဘရာဇီးလီးယား၊**
**စက်တင်ဘာ – ၇**



ဘရာဇီးနိုင်ငံတွင် အောက်တိုဘာ ၃ ရက်၌ပြုလုပ်မည့် ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ လူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗားရွေးချယ်ထားသော စွမ်းအင်ဝန်ကြီးဟောင်း မစ္စဒီမာရူးဆက်ဖ်သည် ရွေးကောက်ပွဲတွင် သမ္မတအဖြစ် ရွေးချယ်ခံရရန် အလားအလာကောင်းနေကြောင်း သိရသည်။

အစိုးရအဖွဲ့၏ အရာရှိချုပ်ဟောင်းလည်း ဖြစ်သူ မစ္စရူးဆက်ဖ် (၆၆နှစ်)သည် မကြာသေးမီအချိန်ထိဘရာဇီးတွင် လူသိနည်းနေသေးသော်လည်း မကြာခင်က ပြုလုပ်ခဲ့သည့် လူထုစစ်တမ်းများတွင်မူ သမ္မတလူလာကဲ့သို့ပင် လူကြိုက်များမှု နှုန်းမြင့်တက်လာကြောင်း သိရသည်။

လေးလအတွင်းမှာပင် ဗဟိုလက်ဝဲယိမ်း မစ္စရူးဆက်ဖ်အား မဲပေးရန်ရည်ရွယ်သည်ဟု ပြောကြားသည့်နှုန်းမှာ ၃၀ ရာခိုင်နှုန်းမှ ၅၁ ရာခိုင်နှုန်း ရှိလာကြောင်းသိရသည်။ ၅၀ ရာခိုင်နှုန်းကျော်သာ အနိုင်ရရှိပါက ရွေးကောက်ပွဲတွင် ဒုတိယအချီမဲပေးရန်လိုမည်မဟုတ်ပေ။

လက်ရှိအာဏာရပါတီမှ ရွေးကောက်ပွဲဝင်မည့်သူ မစ္စရူးဆက်ဖ်၏လူကြိုက်များမှု လွယ်လွယ်ကူကူမြင့်တက်လာခြင်းကို အတိုက်အခံများက စိုးရိမ်ပူပန်နေပြီး သမ္မတလူလာတည်ထောင်ခဲ့သော အလုပ်သမားပါတီသည် အတိုက်အခံခေါင်းဆောင် ဟိုဆေးဆယ်ရာအပေါ် အခွန်ထမ်းဆောင်မှုနှင့် ဥပဒေချိုးဖောက်သဖြင့် စုံစမ်းမှုများရှိခဲ့ကြောင်း စွပ်စွဲပြောကြားသည်။ “ဒါဟာရွေးကောက်ပွဲနိုင်တာ၊ ရှုံးတာနဲ့မဆိုင်ပါဘူး။ ဒီမိုကရေစီကို ကာကွယ်တာနဲ့ပတ်သက်တာပါ”ဟု ယင်းကိစ္စနှင့်စပ်လျဉ်း၍ အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သူ ဆာဂျီယိုဂူအဲရာက ပြောကြားသည်။

*—Ref: DPA*

7DAY NEWS JOURNAL

# International

Vol.9, No.26 · SEPTEMBER 16, 2010

## တူရကီအခြေခံဥပဒေပြုပြင်ပြောင်းလဲမှု မဲခွဲအတည်ပြု





**အန်ကာရာ၊ စက်တင်ဘာ – ၁၃**

အစိုးရကထောက်ခံသော အခြေခံဥပဒေ အချက်အချို့အား ပြုပြင်ပြောင်းလဲရေးအတွက် စက်တင်ဘာ ၁၂ ရက်ကပြုလုပ်ခဲ့သည့် သဘောထားခံယူပွဲတွင် မဲဆန္ဒရှင် ၅၈ ရာခိုင်နှုန်းက အတည်ပြုခဲ့ကြောင်း တူရကီဝန်ကြီးချုပ်ရီကက်တေရစ်အာဒိုဂန်ကကြေညာခဲ့ရာ လက်ရှိအာဏာရ တရားမျှတရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ (AKP)သည် ပြုပြင်ပြောင်းလဲမှုနှင့် ၎င်း၏လှုံ့ဆော်မှုများအပေါ် အမျိုးသားစမ်းသပ်မှုကို အောင်မြင်ခဲ့ပြီဖြစ်သည်။

"ဒီနေ့ဟာ ကျွန်တော်တို့အတွက် ဒီမိုကရက်တစ်ပွဲတော်ပါပဲ"ဟု အစ္စတန်ဘူလ်မြို့၌ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ၎င်းအားထောက်ခံသူများကို တူရကီဝန်ကြီးချုပ်က ပြောကြားသည်။

"မဲပေးပိုင်မှုအခွင့်အရေးကို အသုံးချပြီး ကျွန်တော်တို့နိုင်ငံဟာ အခြေခံဥပဒေပြုပြင်ပြောင်းလဲမှုတွေကို ထောက်ခံခဲ့ပါတယ်။ ဒါဟာ တိုင်းပြည်အတွက်ကောင်းတယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်"ဟု ဝန်ကြီးချုပ်အာဒိုဂန်က ပြောကြားသည်။

တူရကီနိုင်ငံသည် အခြေခံဥပဒေအသစ်အတွက် စတင်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကပြောကြားပြီး ယနေ့ဆန္ဒခံယူမှုသည် သေးငယ်သောခြေလှမ်းဖြစ်ကြောင်း၊ စက်တင်ဘာ ၁၃ ရက်နေ့မှစ၍ အခြေခံဥပဒေအသစ်ရေးဆွဲရေး စတင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်ကပြောကြားသည်။

—*Ref: Xinhua*

## တရုတ်ငါးဖမ်းသင်္ဘောသား ၁၄ ဦး ဂျပန်လွှတ်ပေး

**တိုကျို၊ စက်တင်ဘာ – ၁၃**

ယခင်ရက်သတ္တပတ်က ဂျပန်နိုင်ငံမှ ကင်းလှည့်လှေနှစ်စီးနှင့် တိုက်မိခဲ့သော တရုတ်ငါးဖမ်းလှေပေါ်ပါ သင်္ဘောသား ၁၄ ဦးအား ဂျပန်နိုင်ငံက လွှတ်ပေးလိုက်သည်။ သို့သော် တရုတ်နိုင်ငံကို ဒေါသဖြစ်စေခဲ့သောဖြစ်ရပ်မှ ငါးဖမ်းလှေမာလိန်မှူးအား ဂျပန်အာဏာပိုင်များက ဆက်လက်ထိန်းသိမ်းထားကြောင်း သိရသည်။


တာဝန်ရှိသူများက မေးမြန်းပြောဆိုမှုများပြုလုပ်ပြီးနောက် ဂျပန်ကျွန်းငယ်တွင် ထိန်းသိမ်းထားသော သင်္ဘောသားများကို တရုတ်သီးသန့်လေယာဉ်ဖြင့် ပြန်လည်ခေါ်ယူထွက်ခွာသွားပြီဖြစ်ကြောင်း လေယာဉ်ခရီးစဉ်အား စီစဉ်ပေးခဲ့သော ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကပြောကြားသည်။

ငါးဖမ်းလှေမာလိန်မှူး ဇန်ကီရှန်းအပါအဝင် သင်္ဘောသားအားလုံးကိုလွှတ်ပေးရန် တရုတ်နိုင်ငံက တောင်းဆိုထားသည်။ သင်္ဘောသားများမှာ ဝတ္တရားနှောင့်ယှက်မှုဖြင့် အငြင်းပွားနေသော တောင်ပိုင်းကျွန်းငယ်များအနီးတွင် စက်တင်ဘာ ၇ ရက်က ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

**စာ(၄၁)သို့**



## ဗြိတိသျှတပ်ဖွဲ့များ ဘိန်းဖြူသယ်ယူခဲ့သည်ဆိုခြင်းကို စုံစမ်းစစ်ဆေးနေ



**လန်ဒန်၊ စက်တင်ဘာ – ၁၃**

ဗြိတိသျှစစ်သားများသည် အာဖဂန်နစ္စတန်နိုင်ငံမှ ဘိန်းဖြူများ တရားမဝင်သယ်ယူခဲ့ဖွယ်ရှိသည်ဟူသော ပြောဆိုမှုများကို စစ်ဘက်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။ တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်မှ ဘိန်းဖြူများသယ်ယူရာတွင် စစ်ဘက်လေယာဉ်များ အသုံးပြုနေကြောင်း 'အကောင်အထည်မပြနိုင်သော'ပြောဆိုမှုများကိုသတိပြုမိကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာနကပြောကြားသည်။

ဘက်စ်ရှင်နှင့် ကန်ဒါဟာ စစ်အခြေစိုက်စခန်းလေဆိပ်များတွင် တာဝန်ချထားသောတပ်ဖွဲ့ဝင်များအပေါ် အဓိကထား၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်းသိရသည်။ ယခုကိစ္စနှိမ်နင်းရေးအတွက် ယင်းအခြေစိုက်စခန်းများတွင် လုံခြုံရေးကိုပိုမိုတင်းကျပ်လိုက်ပြီး အနံ့ခံခွေးများလည်း ပိုမိုအသုံးပြုလျက်ရှိသည်။ ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက "စွပ်စွဲချက်များကို သတိပြုမိပါကြောင်း၊ စွပ်စွဲချက်များမှာ အကောင်အထည်မပြနိုင်သော်လည်း ယင်းသို့သောသတင်းများကို အလေးအနက်ထားကြောင်း၊ အာဖဂန်နစ္စတန်မှာရော၊ ဗြိတိန်နိုင်ငံ၌ပါ ၎င်းတို့၏လုပ်ငန်းစဉ်များကို တင်းကျပ်လိုက်ပြီဖြစ်ကြောင်း၊ ယင်းအစီအစဉ်များတွင် အနံ့ခံခွေးများ ပိုမိုအသုံးပြုခြင်းလည်းပါဝင်ကြောင်း" ပြောကြားသည်။

—*Ref: BBC*

## သမ္မတကတော် မီရှယ်အိုဘားမား အိမ်ဖြူတော်၏ ပထမဆုံးကပွဲကို ဦးဆောင် ကျင်းပ

**ဝါရှင်တန်၊ စက်တင်ဘာ – ၈**

အမေရိကန်သမ္မတကတော် မီရှယ်အိုဘားမားသည် အိမ်ဖြူတော်၏ပထမဆုံးသောကပွဲကို ဦးဆောင်ကျင်းပခဲ့ကြောင်းသိရသည်။ မီရှယ်အိုဘားမားသည် ထိုပွဲကို ကျောင်းအိပ်ကျောင်းစားတက်နေရာမှ အိမ်ပြန်လာသော သမီးငယ်ဆာရာနှင့် မာလီယာ၊ မိခင်ကြီး မာရီယန်ရော်ဘင်ဆင်တို့နှင့်အတူ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

သမ္မတကတော်သည် ယင်းအိမ်ဖြူတော်ကပွဲတွင် ဘရော့ဒ်ဝေးဇာတ်ရုံမှ နာမည်ကျော်အကသမားဒေတန်တာဗာရတ်စ်၊ အိုင်လေကူမွဏီ၏ အနုပညာဒါရိုက်တာ နာမည်ကျော်အကပညာရှင် ဂျူးဒစ်ဂျမ်မစ်ဆင်တို့အပြင် အကမယ်မိန်းကလေးများစွာကို ထည့်သွင်းကပြစေခဲ့သည်။ သမ္မတမိသားစုသည် ယခင်ကလည်း အိမ်ဖြူတော်တွင် လက်တင်ဂီတ၊ ရော့ခ်၊ ဂျက်ဇ်၊ ကျေးလက်ဂီတ၊ ဂန္တဝင်နှင့် ဘရော့ဒ်ဝေးပြဇာတ်ပွဲများကို ပြုလုပ်ခဲ့ဖူးသော်လည်း ယခုကဲ့သို့အကအဖွဲ့များကို ဖိတ်ခေါ်ကျင်းပခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ သမ္မတ၏ အနုပညာနှင့် ဘာသာ၊ စာပေယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူ တစ်ဦးကလည်း အိမ်ဖြူတော်တွင် နောက်ပိုင်း၌ ယခုကဲ့သို့ပွဲများထပ်မံစီစဉ်သွားမည်ဟုဆိုသည်။

—*Ref: AP*

